www.burmeseclassic.com

# လမင်းဝိုဝို




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

မေလှိုက်ပါကွယ်


စာမူခွင့်ပြုချက်အမှတ် - [illegible]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [illegible]

၂၀၀၉ ခုနှစ် ဇန်နဝါရီလ

ပထမအကြိမ်

တန်ဖိုး [illegible]

အုပ်ရေ [illegible]

ထုတ်ဝေသူ ... [illegible]

ပုံနှိပ်သူ ... ဦးကျော်လှိုင်([illegible]) [illegible] OFFSET

အမှတ်([illegible]) ([illegible])လမ်း [illegible]


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို

## မေ့လိုက်ပါကွယ်

BURMESE CLASSIC

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ⊰ ၁ ⊱

ရုတ်တရက် မိုးကခပ်ဖွဲဖွဲ ရွာချလာ၍ ဒေါ်သက်နှင်းဇော်က ကားသော့ကို တစ်ထစ်ဖွင့်ပြီး ဝိုက်ပါဖွင့်ကာ မှန်ပေါ်မှ ရေစက်များကို သုတ်ချလိုက်သည်။ ရေစက်တွေ စီးကျသွားတော့ မြင်ကွင်းက ပြန်ကြည်လင်လာသည်။ ဒေါ်သက်နှင်းဇော့် မျက်ဝန်းများက ရှေ့နားက အဆောက်အအုံကြီးရဲ့ ရှေ့မျက်နှာစာ လှေကားထစ်ကျယ်ကြီးများဆီ ပြန်ရောက်သွားပါသည်။

မျက်နှာစာ ပေခြောက်ဆယ် အပြည့်ခင်းထားတဲ့ လှေကားထစ်ကြီးများဟာ အလျားလိုက် ရှည်ရှည်စင်းစင်း အနက်ရောင်ကျောက်ပြားနဲ့ တစ်ထစ်၊ အဖြူရောင်ကျောက်ပြားနဲ့တစ်ထစ်၊ အနက်အဖြူကျားက ခပ်ပြေပြေ မြင့်တက်သွားတဲ့ ရှစ်ထစ်သော လှေကားထစ်များရဲ့ တစ်နေရာမှာ ထိုင်နေတဲ့ကောင်မလေး တစ်ယောက်ကို စူးစိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဆောက်အအုံကြီးဟာ ခင်ပွန်းဖြစ်သူ ဦးမင်းသိဟန်ရဲ့ ရုံးခန်းတည်ရှိရာ အဆောက်အအုံပင်။ သူ့ကုမ္ပဏီရုံးခန်းဟာ အောက်ဆုံးထပ်မှာပဲ တည်ရှိသည်။ အောက်ဆုံးထပ်ဆိုပေမယ့် မြေပြင်နှင့် တစ်ညီတည်း မဟုတ်ဘဲ လှေကားထစ်ရှစ်ထစ်စာ မြင့်ထားကာ အောက်ဘက်ထဲမှာတော့ အန်ဒါဂရောင်းဒ်ကားပါကင်ရှိသည်။

"သား"

"... ..."

ဒေါ်သက်နှင်းဖော်က နောက်ခန်းထဲမှာရှိနေတဲ့ သားဖြစ်သူကို လှမ်း၍ အသံပြုလိုက်သည်။ ထူးသံ ထွက်မလာ။

"သား ... ကိုသဲ"

သားလုပ်သူက မထူးပါ။ ဒေါ်သက်နှင်းဖော်က ဘက်ကြည့်မှန်ကို နေရာပြင်ကာ လှမ်းကြည့်လိုက်တော့ နောက်ခန်းထဲက သားဖြစ်သူရဲ့ နားနှစ်ဖက်မှာ MP4 ရဲ့ နားကြပ်တို့တပ်ထားတာ တွေ့ရသည်။ ခေါ်သံ ဘယ်ကြားတော့မလဲ။ ထို့ကြောင့် ကိုယ်ကိုပါလှည့်ကာ ...

"သား ... ကိုသဲ"

သားက မေးတစ်ချက်ဆတ်သည်။ ဒေါ်သက်နှင်းဖော်က သူ့ရဲ့ဘေးမှန်တံခါးကို လက်ဟန်နှင့်ပြရင်း ...

"မှန်တင်လိုက်မယ်နော်"





"အင်း"

မိုးဖွဲဖွဲကျလာသော်လည်း အပြင်ကို ငေးမောနေတဲ့ သားတော်မောင်ကြောင့် နောက်ဖက်မှန်တင်ဖို့အရေးကို ခွင့်တောင်းနေရပါသေးသည်။ အင်း၊ ဆိုတဲ့ ခွင့်ပြုချက်ရမှပဲ ရှေ့ဘက်က ပါဝါဝင်းဒိုးခလုတ်ကိုနှိပ်ကာ ကားနောက်ခန်းမှန်ကို တင်ရသည်။ မပြောဘဲတင်ရင် ဗူးဗူးဝါးဝါး လုပ်နေဦးမည်။

တစ်ဆက်တည်းမှာပဲ ကားအဲကွန်းကိုလည်း နှိပ်ဖွင့်လိုက်ရပါသည်။ တော်ကြာ လှောင်တယ် မွန်းတယ် လာဦးမည်။ သားလူပျိုတစ်ယောက်ရှိတာ အင်မတန် စိတ်ရှုပ်ရ သည်းခံရပါသည်။ သူတို့အရွယ် လူငယ်လေးတွေဟာ မိဘလုပ်သမျှ ဘာကိုမှ သဘောမတွေ့တတ်။ အမြဲတမ်းပဲ ကွန်ပလိန်း တစ်ခုခုလုပ်ဖို့ ကြိုတင်ပြင်ဆင်ထားသည်။

ရစ်မည်။ ဂျီကျမည်။ ကြေးထူမည်။ မျက်နှာကို သာမယာ ပုပ်သိုးထားမည်။ မိဘနားလည်း တော်ရုံနှင့်မကပ်တော့။ အခန်းတံခါးကို လော့ဂ်ချပြီး ဘာလုပ်လို့ လုပ်နေမှန်းမသိမည်။ အမေကို စိတ်မရှည်။ အဖေနှင့် မျက်နှာကြောမတည့်။ ဒါတွေဟာ သားဆယ့်ငါးနှစ်သားလောက်ကစပြီး ဖြစ်ပျက်လာတဲ့ အခြေအနေ အပြောင်းအလဲတွေ။ ခုတော့ ဒါတွေကို ငါးနှစ်လောက် ခံပြီးကာ ဒီအပြုအမူတွေနှင့် adapt လုပ်လာပြီ ပြောရမလား



www.burmeseclassic.com

www.burmeseclassic.com



Used to ဖြစ်လာပြီပဲ ပြောရမလား။ ရိုးလာ ဟုန်လာပြီလေ။ နေတတ်ပြီ။ လက်ခံတတ်ပြီ။

ဒီပုံစံတွေ ပြောင်းလဲလာကာစကတော့ မနေတတ် မထိုင်တတ် လက်မခံနိုင် ဖြစ်ရသည်။ ကိုယ်က တစ်ဦးတည်းသော သားကို ဖက်ကာ ပိုက်ကာ အချိန်မရွေး မွှေးရှိုက်ချင်နေတဲ့ အမေမျိုး။ ငယ်ငယ်က အမေ့ရင်ခွင်ထဲ တိုးကပ်ဝင်အိပ်ကာ အမေက ဆံပင်လေးသပ်ပေးမှ ငိုက်မြည်းမျက်တောင်စင်းကျသွားတတ်တဲ့ သားကို ညအိပ်ရာဝင် သူ့ခုတင်ပေါ် ဘေးကပ်လဲလျောင်းရင်း ဆံစလေးတွေ ပွတ်သပ်ပေး ကျောကုတ်ပေးရတာ ဝတ္တရားတစ်ခု။

အခုတော့ ဆယ့်ငါးနှစ်ကျော်ကတည်းက သူ့အခန်းထဲ အမေက တံခါးမရှိ ဓားမရှိဝင်လျှင် မကြိုက်ချင်ကာ မျက်နှာပုပ်သိုးသိုးနှင့် ...

"မေမေ ... ဘာလုပ်မလို့လဲ"

ဒီလို ဆီးမေးတတ်တဲ့ သားကြောင့် ရင်နာဝမ်းနည်းခဲ့ရသေးသည်။ လုပ်စရာကိစ္စတစ်ခုခုရှိမှ သူ့အခန်းထဲ ဝင်ခွင့်ရတော့မည်ကဲ့သို့ပင်။ ပြောင်းလဲကာစကတော့ ဝမ်းအနည်းကြီးနည်းရသားပင်။ လေးငါးနှစ် ကျော်လာတော့လည်း နေသားကျပြီပေါ့။

ခင်ပွန်းသည်ကလည်း ...





"သားယောကျ်ားလေးလေကွာ၊ ထားလိုက်စမ်းပါ၊ သူ့ဟာသူ ဘာလုပ်လုပ်ပေါ့၊ နိုင်ငံခြားမှာဆို တချို့တွေ ဒီအရွယ်မိဘအိမ်တောင် နေချင်ကြတော့တာ မဟုတ်ဘူး"

အမယ်လေး ... အဲလိုတော့ မလုပ်ပါနဲ့။ သားအခန်းတံခါးကို သွားမခေါက်နဲ့ဆို မခေါက်တော့ပါဘူး။ သို့သော် ဒေါ်သက်နှင်းဇော်သည် အိမ်ထောင်ဦးက သားပေါက်တီးပေါက်စတုန်းက သားမိသားဖသုံးယောက် တစ်မွေ့ရာတည်းပေါ်မှာ သားကို အလယ်ထား အိပ်ရတဲ့ အရသာကို လွမ်းဆွတ်တုန်းတည်း။

သားအသက်ထက် တစ်နှစ်သာပိုတဲ့ အိမ်ထောင်သက်အတွင်း တဖြည်းဖြည်းနှင့် သားကလည်း တဖြည်းဖြည်းကိုယ်နှင့် ကင်းကွာလာသလို ယောကျ်ားကလည်း တဖြည်းဖြည်းကိုယ်နှင့် ကင်းကွာလာသလို ခံစားရသည်။ သူ့အလုပ်ကိစ္စတွေနဲ့ သူ့အပေါင်းအသင်းတွေနဲ့ နံနက်စောနှင့် ညပိုင်းတွေသာ ကိုယ်နှင့်တွေ့မြင်ခွင့်ရတဲ့ ယောကျ်ားဟာလည်း တဖြည်းဖြည်းများ သူ့အပေါ် အေးစက်လာသလားလို ဒေါ်သက်နှင်းဇော်က အတွေးဝင်တတ်သည်။

"သား"

"... ..."

"ဟိုလေ့ကားထစ်တွေပေါ်က ကောင်မလေး ကြည့်စမ်း၊ မေမေ မနေ့ကလည်း မြင်သလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်နှင်းဇော်က သားကို စကားလုမ်းစ,သော်လည်း ဘာသံမှ ထွက်မလာပါ။ ဩော် … ကိုယ်ကလည်း နားထဲနားကြပ်ကြီး တပ်ထားတာ သိရက်နှင့် သွားပြောနေမိပြန်ပြီ။ ပြောဆို ကားပေါ်မှာ ကိုယ်နဲ့သူနဲ့ပဲရှိတာ။ သူနဲ့မှ စကားမပြောရင် တိတ်ဆိတ်နေရောပေါ့။

သူ့သင်တန်းက သွားကြိုလာခဲ့ပြီး ကားပေါ်ရောက်သည်နှင့် နားကြပ်ကောက်တပ်လိုက်တဲ့ သားကို တစ်ဆိတ်တော့ စိတ်တောင်နာချင်သည်။

သူတို့အရွယ်မှာ အမေနှင့် အချီအချ ပြောချင်စရာစကားရယ်လို့ မရှိတော့ဘူးထင်သည်။ ငယ်ငယ်က တီတီတာတာစကားတွေများတတ်ခဲ့တဲ့ သားကလေးမှ ဟုတ်ရဲ့လားလို့တောင် ထင်မိသည်။

“မနေ့ကလည်း ဒီလေ့ကားထစ်မှာ လာထိုင်နေတာမြင်တယ်”

သားဟာသား ကြားကြား မကြားကြား ပြောချင်တာကိုတော့ ဆက်ပြောနေမိပါသည်။ ဟိုးအရင် ခါတိုင်းတွေက ယောက်ျားကို ခုလိုမကြိုရပါ။ ကြိုစရာမလိုပါ။ အိမ်ကကားနှစ်စီးအနက် တစ်စီးက ယောက်ျားဖြစ်သူပဲသုံးပြီး ကျန်တစ်စီးကို သားနှင့် ဒေါ်သက်နှင်းဇော် စပ်တူသုံးကြပါသည်။ လောလောဆယ်မှာတော့ ယောက်ျားရဲ့ကားကို ဝပ်ရှော့ပ်ထိုးကာ ပြုပြင်နေသည်ဖြစ်၍ သုံး





ရက်ရှိပြီ အကြိုအပို့ လုပ်ပေးနေရတာ။ ယောက်ျားကိုလည်းကြို သားကိုလည်းကြို။

ဒီနေ့တော့ သားရဲ့သင်တန်းအပြန်နှင့် ခင်ပွန်းသည်ရုံးဆင်းချင်တဲ့အချိန်ဟာ နာရီဝက်သာသာပဲကွာရာ အိမ်ကိုတစ်ခေါက်ပြန်မနေတော့ဘဲ သားကိုကြိုလာအပြီး ဒီကိုတန်းလာလိုက်တာ။ ခဏတော့ စောင့်ရတာပေါ့။ မနေ့ကလည်း နည်းနည်းစောနေလို့ စောင့်ရသည်။ စောင့်ရလို့လည်း အဲဒီကောင်မလေးကိုမြင်မိတာ။

ဦးမင်းသီဟန်ရဲ့ ရုံးခန်းက အောက်ဆုံးထပ်ပဲဆိုတော့ ဒီလှေကားထစ်တွေရဲ့နောက်မှာပင်။ ပြီးတော့ ဟိုဘက်အခြမ်းပဲ။ မနေ့ကလည်း ကောင်မလေးဟာ ဦးမင်းသီဟန်ရုံးခန်းရှေ့တည့်တည့် အဲဒီဘက်ခြမ်း လှေကားထစ်တွေပေါ် ထိုင်နေခဲ့သည်။ သေချာစေတာက ဆန်းကြယ်သော ခေတ်ပေါ်ဆံပင်ပုံစံနှင့် ခပ်ညိုဖျော့ဖျော့ ဆိုးထားတဲ့ သူ့ဆံပင်များကြောင့်ပင်။ အဝေးကမြင်ရုံနှင့် သူ့ဆံပင်ပုံစံက မှတ်မှတ်မိမိ သိသာစေသည်။

ပြီးတော့ အဲဒီမိန်းကလေးဟာ ကျောဘက်က ဦးမင်းသီဟန်တို့ရဲ့ ရုံးခန်းထွက်ပေါက်ဝတံခါးကို လှည့်လှည့်ကြည့်နေခဲ့တာ မနေ့ကတည်းက သတိပြုမိသည်။ အဲဒီနောက် ဦးမင်းသီဟန်ရုံးခန်းထဲက ထွက်လာတဲ့အခါကျတော့ အဲဒီကောင်မလေးကို ဒေါ်သက်နှင်းဇော် သတိမပြုမိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း တစ်ခါထပ်တွေ့နေပြန်ပြီဆိုတော့ စိတ်ထဲမှာ ပိုပြီးတော့ပင် သို့လော သို့လော ဖြစ်လာသည်။ ဒီလေ့ကားထစ်တွေဟာ တကယ်တော့ လူတကာနင်းဖြတ် ဆင်းတက်နေကြတဲ့ ခြေနင်းဖတ်ပါပဲ။ ဘယ်တုန်းကမှ လူထိုင်နေတာကို မမြင်ခဲ့စဖူးပါ။ ခုမှပဲ ဒီကောင်မလေးကို နှစ်ရက်ဆက်တွေ့ရတော့ သတိပြုမိစရာ ဖြစ်နေတော့တာပေါ့။

"ဟော ... ဟိုမှာ မမဆွေတို့ ဒေါ်အေးအေးခိုင်တို့ ရွှေဖင်တို့ ရုံးဆင်းလာကြပြီ"

ဒေါ်သက်နှင်းဇော်က မသိလိုက် မသိဘာသာပင် ကိုယ်ပြောချင်တာကို ဆက်ပြောနေမိပါသည်။ သားမကြားတာနားမထောင်တာ သိပေမယ့်လည်း တိတ်ဆိတ်ပြီးတော့မှ မနေတတ်တာ။ သားဖြစ်သူလည်း လုံးလုံးမကြားတာတော့ မဖြစ်နိုင်ဘဲကြားတစ်ချက် မကြားတစ်ချက် ဖြစ်မှာပင်။

အဲဒီနောက် မကြာခင်မှာတော့ ရုံးခန်းရဲ့မှန်တံခါးကြီး ပွင့်ဟလာကာ သားရဲ့အဖေဖြစ်သူ ဦးမင်းသီဟန် ထွက်လာပါတော့သည်။ အပြာနုရောင် ရှပ်လက်တို ဘောင်းဘီရှည်အနက်ရောင်ပွပွအိအိနှင့် ဦးမင်းသီဟန် ပုံစံက ပေါ့ပါးသွက်လက်ကြည့်ကောင်းလှသည်။ အသက်လေးဆယ့်ငါးထဲ ဝင်ပြီလို့ပင်မထင်ရ။ လေးဆယ်မှ ကောင်းကောင်းပြည့်သေးရဲ့လား ထင်ရတာပါ။





ဒေါ်သက်နှင်းဇော် ကိုယ်တိုင်လည်းပဲ အသက်လေးဆယ့်နှစ်နှစ်ကျော်နှင့်စာလျှင် နုပျိုတယ်ပဲ ဆိုရမယ့်သူမို့ တော်ပါသေးရဲ့။ သူငယ်ချင်း အေးအေး ဆိုရင် လေးဆယ့်နှစ် လေးဆယ့်သုံးမှာ မျက်လုံးထောင့်ကျေးခြေတွေ ပရပြစ်နှင့် အောက်မျက်ခမ်းကလည်း အိတ်ဖြစ်ပြီး ညိုရောင်သမ်းနေပြီ။ လက်ဖမိုးခြေဖမိုးတွေမှာ အကြောကြီးတွေ ပေါ်နေတာကလည်း ကြည့်ရအရုပ်ဆိုးလှပါရဲ့။

လမ်းလျှောက်ပုံကိုကအစ အဘွားကြီးစတိုင်မျိုးဖြစ်နေပြီ။ ကိုယ်ကြည့်ကောင်းဖို့ထက် သက်သောင့်သက်သာရှိဖို့ကိုဦးစားပေးပြီဆိုရင် လူတွေရဲ့အပြုအမူတွေဟာ အသက်နဲ့အမျှရင့်ရော်ကာ လူအိုဆန်သွားတတ်စမြဲပင်။ ခင်ပွန်းသည်ကတော့ လမ်းလျှောက်ဟန်ကအစ နုပျိုတက်ကြွ လန်းဆန်းသွက်လက်နေတာ။

"ဟော ... ! ဟိုမှာ"

ဒေါ်သက်နှင်းဇော်က ခပ်တိုးတိုး ရေရွတ်လိုက်မိပါသည်။ အကြောင်းရင်းကတော့ လှေကားထစ်ကြီးတွေပေါ်က ဆံပင်ညိုနှင့် မိန်းကလေးဟာ ဦးမင်းသီဟန် ထွက်အလာမှာ ဆတ်ခနဲ ကမန်းကတန်း ထရပ်ပြီး လှည့်၍ မျက်နှာချင်းဆိုင်ရင်ဆိုင်လိုက်၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်နှင်းဇော်က ဝိုဏ်ပါကိုပြန်ဖွင့်ကာ ကားရှေ့မှန်ကို အတွင်းဘက်ကနေလည်း အဝတ်စုတ်နှင့် ထပ်သုတ်လိုက်ပါသေးသည်။ မြင်ကွင်းကို သဲသဲကွဲကွဲ မြင်ချင်လို့။

"သားရေ ... ကိုသဲ၊ မင်းအဖေ တွေ့လား"

သားကိုလည်း အားကိုးအားထား လှမ်းတိုင်တည်ပြောလိုက်မိပါသေးသည်။ ထုံးစံအတိုင်း သားဖြစ်သူထံမှ ဘာသံမှပြန်မလာ။ နားကြပ်ကြီး တပ်ထားပြီး ကြားပုံလည်းမရပါ။

"ဟိုကောင်မလေးက မင်းအဖေနဲ့များ သိနေသလား"

ဇဝေဇဝါ တစ်ယောက်တည်း ပြောနေမိကာ မျက်ဝန်းတွေကတော့ ရှေ့ခပ်လှမ်းလှမ်းက မြင်ကွင်းဆီ အာရုံစူးစိုက်နေမိလျက်သား။ ကောင်မလေးက ထရပ်လိုက်ပြီးသည်နှင့် ချာခနဲလှည့်ကာ ဦးမင်းသီဟန်နှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။ တစ်စုံတစ်ရာ ပြောလိုက်ပုံပေါ်ကာ လှမ်းကြည့်လိုက်တဲ့ ဦးမင်းသီဟန်လည်း ခြေလှမ်းတုံ့သွားပါသည်။

ခပ်မော့မော့ ကြည့်နေတဲ့ ကောင်မလေးဟာ ဆံပင်ကိုသပ်လိုက်၊ စလွယ်သိုင်းထားတဲ့ ဘေးလွယ်အိတ်ကိုင်းကို ဆော့ကစားလိုက်၊ စိတ်အနည်းငယ်လှုပ်ရှား မငြိမ်သက်ပုံနှင့် ဦးမင်းသီဟန်ကို တစ်စုံတစ်ရာ ပြောနေတဲ့ပုံ။ ဦးမင်းသီဟန်ကလည်း ရပ်တန့်နားထောင်နေသည်။ ဘယ်လိုမှ မကြားရနိုင်တဲ့ စကားတွေကိုပဲ ဒေါ်သက်နှင်းဇော် မှန်းဆကြည့်နေမိသည်။





တစ်ခဏလေးအကြာမှာတော့ ဦးမင်းသီဟန်ကအရင်စ၍ နေရာရွှေ့လိုက်ပါသည်။ ရောက်နှင့်နေပြီလို့ သူသိထားပြီးဖြစ်သော ကားရှိရာဆီ တစ်ချက်လှမ်းမျှော်ကြည့်သည်။ သူကခြေလှမ်းစ,အထွက် နောက်က ကောင်မလေးကလည်း သူ့အနောက်နားလေးကပ်ကာ တစ်လှမ်း နှစ်လှမ်း လိုက်လာရင်း စကားပြတ်ပုံမရ။

ထူးခြားတဲ့ မြင်ကွင်းကို လှမ်းမျှော်ကြည့်နေရင်း ဒေါ်သက်နှင်းဇော် ရင်ထဲ ထူးခြားတဲ့အာရုံတစ်မျိုး လှုံ့ဆော်သတိပေးခြင်း ခံရသလို ဖြစ်လာသည်။ ကြက်သီးမွေးညင်းပါ ထ,လာသည်။ တစ်ခုခုပဲလို့ကို စိတ်က သိနေပါသည်။ ဦးမင်းသီဟန်က နောက်တစ်ခေါက် ခြေလှမ်းရပ် နောက်လှည့်ကာ တုံ့ပြန်စကားပြောအပြီး ကားဆီကိုသာ တစိုက်မတ်မတ် လျှောက်လာပါတော့သည်။

ကောင်မလေးက ဒီဘက်အထိတော့ ဆက်လိုက်မလာ။ လှည့်ထွက်သွားတဲ့ ဦးမင်းသီဟန် ကျောပြင်ကို ခဏလေး စိုက်ကြည့်နေပြီးနောက် ဆန့်ကျင်ဘက်ဆီကို လှည့်လျှောက်ထွက်ခွာသွားပါတော့သည်။ ထီးလည်းမပါ ဘာမပါ ဘယ်လိုကောင်မလေးမျိုးပါလိမ့်။ ခပ်သုတ်သုတ်လေး မိုးဖွဲလွတ်အောင် ပြေးလာတဲ့ ဦးမင်းသီဟန်က ကားဆီရောက်လာကာ ရှေ့ခန်းတံခါး ဆွဲဖွင့်ဘက်ထိုင်လိုက်ပြီးလျှင် ...



www.burmeseclassic.com

"ကိုယ် မောင်းရမလား သက်"

"ရတယ်၊ သက်ပဲ မောင်းပါ့မယ်"

"သားကြီး ... စောင့်ရတာ ဗိုက်ဆာနေပြီလားကွ"

ဦးမင်းသီဟန်က သားကိုပါလှည့်ကာ နှုတ်ဆက်လိုက်ပါသေးသည်။ သားက ဘာပြန်ပြီး တုံ့ပြန်သလဲ ဒေါ်သက်နှင်းဇော်က စိတ်မဝင်စား။ ကားကိုရပ်ထားရာမှ ကျွမ်းကျင်စွာ စက်နှိုးမောင်းထွက်လိုက်ရင်း ...

"ဟိုကောင်မလေးက ဘာတဲ့လဲ"

"ဘယ်ကောင်မလေးလဲ"

"ဟြော် ... ကိုကလဲ၊ ခုနကလေ လေကားကြီးတွေမှာ ထိုင်နေတဲ့ ကောင်မလေးလေ၊ ဆံပင်တွေ ညိုတိုတိုနဲ့"

"ဪ"

"သူက ဘယ်သူလဲ"

"မသိပါဘူးကွာ၊ ဘယ်သူမှန်း"

"ဟင် ... ကို့ကို စကားလှမ်းပြောလိုက်တာ မဟုတ်လား"

"အင်း ... ဟုတ်တော့ ဟုတ်တယ်"

"အဲဒါ ဘာပြောတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

ဒေါ်သက်နှင်းဇော်သည် စိတ်မရှည်နိုင်အောင် ဖြစ်သွားကာ ခင်ပွန်းဖြစ်သူကို ငဲ့ကြည့်လိုက်ပါသည်။



"ဘာမှမဟုတ်ဘူး ဆိုတာက ဘာလဲ၊ သူ ကို့ကို စကားလှမ်းပြောနေတာ မဟုတ်လား"

"အင်းပါ၊ ဒါပေမဲ့ ဘာမှအရေးမကြီးပါဘူး၊ ဘာမှမဟုတ်ပါဘူးလို့ ကိုယ်ကပြောတာ"

ဒေါ်သက်နှင်းဇော်က ဦးမင်းသီဟန်ကို သဘောမကျတဲ့ မျက်ဝန်းများနှင့် စူးစိုက်ကြည့်လိုက်ရင်း ...

"အဲဒီ အရေးမကြီးတဲ့ အကြောင်းက ဘာလဲ၊ အဲဒါကိုပဲ သိချင်တာ"

"အဲဒီကောင်မလေးက ဒီအဆောက်အအုံကြီးထဲမှာ ကွန်ပျူတာသင်တန်းတစ်ခု ရှိမရှိမေးတာ"

"တကယ် ! ! "

"ဪ ... တကယ်ပေါ့ သက်ကလည်း၊ မဟုတ်တာတွေ ကိုယ်က ပြောနေပါ့မလား၊ ကိုယ်ကလည်း သေချာမသိဘူးလို့ ပြောလိုက်တာ၊ ကိုယ်လှည့်ထွက်လာတော့ ထပ်မေးသေးတယ်၊ ကွန်ပျူတာသင်တန်းကျောင်း တစ်ခုတော့ ရှိတယ်မဟုတ်လားတဲ့၊ အဲဒီသင်တန်းနာမည်ကကော ဘာလဲတဲ့၊ ဟိုးအပေါ်ထပ် ရှစ်ထပ်မှာတော့ ကွန်ပျူတာသင်တန်းတစ်ခုခု ရှိတယ်လို့၊ နာမည်တော့ ကိုယ်လည်း သေချာမသိဘူးလို့ ပြောလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်နှင်းဇော်က ဦးမင်းသီဟန်ရဲ့ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ရင်း ဒီစကားဟာ အမှန်ပဲဖြစ်မည်လို့ ဆုံးဖြတ်လိုက်ပါသည်။ ယောက်ျားလုပ်သူ အမှန်အတိုင်းပြောတယ် ထင်လိုက်တော့ ကောင်မလေးကို ပိုပြီးအံ့ဩစရာဖြစ်လာသည်။ ဦးမင်းသီဟန် ထွက်မလာခင် ဦးမင်းသီဟန်ရဲ့ရုံးက ဝန်ထမ်းအမျိုးသမီးများဖြစ်တဲ့ ဒေါ်တင်လေးဆွေတို့ ဒေါ်အေးအေးခိုင်တို့ ရွှေစင်တို့ အရင်ထွက်လာတာပဲ။

လူသံတွေ ခြေသံတွေကြောင့် မမဆွေတို့ကိုလည်း ငုံကြည့်တာပဲဖြစ်တဲ့ အဲဒီကောင်မလေးဟာ အမျိုးသမီးချင်းကျတော့ မမေးပဲ ကျော်ဖြတ်သွားစေလိုက်ပြီး ဦးမင်းသီဟန် ထွက်လာမှပဲ ဘာကြောင့် ထ,မေးရတာလဲ။ ဒီလောက် ရိုးစင်းတဲ့မေးခွန်းမျိုးမေးဖို့ ဦးမင်းသီဟန် ထွက်အလာကိုမှ ထိုင်စောင့်နေသလိုဖြစ်မနေဘူးလား။

အောက်ဆုံးထပ်ရဲ့ ဒီဘက်ခြမ်းတစ်ခြမ်းဟာလည်း ရှိုးရွမ်းတစ်ခု ဖွင့်ထားတာ။ ဒါလေးမေးဖို့များ အချိန်မရွေးဝင်မေးလိုက်လို့လည်း ရပါလျက်။ ဟိုဘက်ခြမ်းအခန်းကိုပဲ မေးဖို့စီစဉ်ထားတဲ့ပုံရတဲ့ မိန်းကလေးက ဒီဘက်ခြမ်းရဲ့ရှေ့ လှေကားထစ်တွေဆီကို လုံးဝပင်မလာပါ။

"တစ်ခုခုတော့ တစ်ခုခုပဲ ကို"





"ဘာကိုလဲ"

"အဲဒီကောင်မလေးလေ"

"ဘာဖြစ်လို့လဲ"

"ဒီကောင်မလေးက မနေ့ညနေကတည်းက အဲဒီလှေကားထစ်မှာရှိနေတာ၊ မနေ့ကလည်း သက် လာကြိုတာပဲလေ၊ သူ ဒီမှာပဲ ဒီအတိုင်းပဲ ထိုင်နေတာတွေ့တယ်၊ မနေ့ကတော့ ကို ထွက်လာတော့ သူကလည်း ဘာမှလာမမေးလာမပြောတာနဲ့ သက်လည်း ဆက်သတိမထားမိဘူး၊ ဘယ်သူ့ကိုမေးမေးလဲ ရတယ်၊ သူကိုယ်တိုင် အပေါ်ထပ်အထိ ခါတ်လှေကားနဲ့ တက်သွားပြီး သွားစုံစမ်းလိုက်ရင် ပိုတောင်သေချာမယ့်ကိစ္စကို ဒီနေ့ရော မနေ့ကရော နှစ်ရက်လာစောင့်ပြီး မနေ့ကတော့ အရှိန်ယူနေတာလားမသိဘဲ ဒီနေ့ကျမှ ကို့ကိုမှရွေးချယ်မေးတာဟာ မရိုးသားမှုတစ်ခုလို့ပဲ၊ ထူးခြားနေတယ်လေ"

ဦးမင်းသီဟန်က ပြုံးလိုက်ရင်း ...

"ဆံပင်တွေ ဖြူလာပါ့မယ် သက်ရယ်၊ ခက်ခက်ခဲခဲတွေ စဉ်းစားမနေပါနဲ့ကွာ၊ ထားလိုက်စမ်းပါ"

ဇနီးသည် နှုတ်ပိတ်သွားအောင် ပြောလိုက်တဲ့ ဦးမင်းသီဟန်က ခုထက်ထိ သူ့မျက်ဝန်းထဲ မြင်ယောင်နေတဲ့ ကောင်မလေးရဲ့ မျက်ဝန်းအကြည့်ကို ပြန်တွေးနေမိကာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မှ မသိအောင် သက်ပြင်းကျိတ်ပြီး ရှိုက်လိုက်မိပါသည်။ သူအခု ပြောတဲ့ စကားတွေထဲမှာ အမှားအယွင်း အလိမ်အညာတစ်လုံးမှ မပါပေမယ့် ထိန်ချန်ခဲ့မှုတွေ ရှိနေတာတော့ သူပဲအသိဆုံးတည်း။

အခုလောလောဆယ်မှာ ဒီမိန်းကလေးဟာ သူ့ကို ကွန်ပျူတာသင်တန်းတစ်ခုအကြောင်း လာမေးတာ အမှန်ဖြစ်ပေမယ့် အဲဒီသင်တန်းအကြောင်းဟာ ဒီကောင်မလေး တကယ်သိချင်တဲ့ကိစ္စတစ်ခု မဟုတ်ဘူးလို့ ဦးမင်းသီဟန် သဘောပေါက်နေပါသည်။ ဒါဟာ အကြောင်းပြချက်တစ်ခု သက်သက်ပဲ။ ဟန်ပြကိစ္စတစ်ခု သက်သက်ပဲ။ ဒါဟာလည်း ကောင်မလေးရဲ့ မျက်လုံးရီရီတွေထဲမှာ ပေါ်လွင်နေသည်။

ဒါပေမဲ့ ဒါကိုအင်မတန် သဝန်တိုတတ်လှတဲ့ ဇနီးသည်ကို မင်းသီဟန်က ပြောပြမနေချင်ပါ။

❖ ⭘ ❖





၂

အဲဒီမိန်းကလေးကို ဦးမင်းသီဟန် စတင်မြင်ဖူးတာက စားသောက်ဆိုင်တစ်ခုမှာဖြစ်သည်။ ဒီဘက်ခေတ်ကြီးထဲမှာ လုပ်ငန်းရှင် အတော်များများဟာ စားသောက်ဆိုင် ယဉ်ကျေးမှုနှင့် ကင်းကွာလို့မရ ဖြစ်လာကြတာပါ။ အလုပ်အကိုင်ကိစ္စ ဆွေးနွေးညှိနှိုင်းတိုင်ပင်တာ၊ ဈေးစကားဆစ်တွက် လက်ခံတာ၊ လူအများ မသိစေချင်တဲ့ သီးသန့်ကိုယ်ရေးကိုယ်တာစကားတွေ ပြောဆိုတာ၊ အနည်းဆုံး တစ်နေကုန် အလုပ်လုပ် စီးပွားရှာ ခေါင်းရှုပ်ထားသမျှ အလုပ်ဆင်းချိန်မှာ ခဏတဖြုတ် အပန်းဖြေချင်တာ၊ စတဲ့ အကြောင်းပြချက်တွေကြောင့်ပင် မှိုလိုပေါက်လာတဲ့ စားသောက်ဆိုင် ဘီယာဆိုင်တွေမှာ အဖော်အပေါင်းနှင့် ထိုင်တတ်တဲ့အကျင့် ရလာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသီဟန့်အနေနှင့်လည်း တစ်ပတ်ကို တစ်ကြိမ်လောက် အပန်းဖြေသဘော၊ ဒီထက်ပိုတဲ့ အလုပ်ကိစ္စသဘောပါလျှင်လည်း တစ်ပတ်ကို နှစ်ကြိမ်လောက်ဖြစ်လျှင် ဖြစ်သွားဖူးကာဆိုင်အတော်များများကို လှည့်ပတ်ထိုင်ဖူးပါသည်။ မှတ်မှတ်ရရလွန်ခဲ့တဲ့ တစ်လနီးပါးလောက်ကတော့ ဦးမင်းသီဟန်ဟာ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ ကိုကျော်မင်းနှင့် နှစ်ကြိမ်လောက် အတူထွက်စားဖြစ်ခဲ့သည်။

ဟိုးအရင်ကတည်းက ကိုကျော်မင်းနှင့်က ကြိုကြားကြိုကြား ထွက်စားဖူးနေကျပင်။ ငယ်သူငယ်ချင်းလို့ မပြောနိုင်ပေမယ့် ဟိုက်စကူးကျောင်းသားဘဝကတည်းက ဒဂုံ(၁)မှာဆိမ်းဘက်ချ်တွေအဖြစ် တစ်ယောက်ကိုတစ်ယောက် သူဘယ်သူ ကိုယ်ဘယ်သူမျက်မှန်းတန်းပြီးသား။ အလုပ်ခွင်ထဲမှာ လူကြီးအဖြစ်နဲ့ ပတ်သက်ရာပတ်သက်ကြောင်း ပြန်ဆက်ဆံရတာလေးတွေ ရှိလာတော့ တစ်ကျောင်းတည်းထွက်တွေမို့ ရင်းနှီးလက်စကလည်းရှိကာ အမြဲ့ကျနေပါသည်။

တစ်ခါတလေလည်း သူတို့နဲ့၊ တစ်ခါတလေလည်း တခြားအုပ်စုနဲ့ အလျဉ်းသင့်သလိုပင်။ အဲဒီရက်ပိုင်းတုန်းကတော့ ဦးမင်းသီဟန် ဆက်စပ်မိတ်ဆက်ပေးလိုက်တဲ့ သူတစ်ယောက်နှင့် ကိုကျော်မင်း လုပ်ငန်းတစ်ခုဖြစ်သွား၍ သူလိုက်ကျွေးတဲ့ပွဲ။ တစ်ပတ်အတွင်းထဲမှာပဲ ပထမတစ်ရက်က တစ်ဖက်စီးပွားရေးအဖွဲ့





ပါ အပါအဝင် လူခပ်များများနဲ့တစ်ကြိမ်။ နောက်ထပ်ရက်ခြားကာ ကိုကျော်မင်း၊ ကိုသုတဆွေနှင့် ဦးမင်းသီဟန်တို့ သုံးဦးတည်း တစ်ကြိမ်။

နှစ်ကြိမ်စလုံးမှာ ကိုကျော်မင်း ရွေးချယ်ကျွေးတဲ့ဆိုင်က တစ်ဆိုင်တည်း။ ခုနောက်ပိုင်း တစ်ဟုန်ထိုး နာမည်ကြီးလာတဲ့ဆိုင်။

နာမည်ကြီးဆို အဲဒီဆိုင်မှာ သီချင်းဆိုကြတဲ့ မိန်းကလေးတွေက ချောမောလှပ ဆွဲဆောင်မှုကောင်းကြတာကြောင့်ပင်။ အဲဒီကျမှ သိရတာက အဲဒီမှာ ကိုကျော်မင်းနဲ့ ငြိတိတိ ချိတ်တိတ်တိတ် ကောင်မလေးတစ်ယောက် ရှိနေကြောင်းကိုပင်။

ကိုကျော်မင်းကို ရုပ်လှမွေလှချည်ရဲ့လို့တော့ မပြောနိုင်ပေမယ့် ဒီလိုကိစ္စတွေနှမ့် သိပ်ကြီးကင်းရှင်းလှတဲ့သူတော့လည်း မဟုတ်တာ သိထားပါသည်။ ခုခေတ်ကြီးမှာ ဒီလိုအသိုင်းအဝိုင်းတွေထဲမှာ ဒီလိုပုံစံတွေဟာ ရှောင်လွှဲလို့မရ အတွေ့ရများနေတဲ့ ကိစ္စများတွေပင်။

ကိုကျော်မင်းနှင့် ငြိတိတိကောင်မလေးက အဲဒီဆိုင်မှာ သီချင်းဆိုသည်။ နာမည်က ဘာတဲ့ ... အဲဒီနေ့ကပဲ မိတ်ဆက်ပေးခဲ့သည်။ စုဝတီ ဆိုလား။ အဲဒီ ပထမနေ့က သူ့သီချင်းဆိုအလှည့်ပြီးသွားတော့ ကောင်မလေးက ဦးမင်းသီဟန်တို့နှင့် ကပ်ရပ်ဝိုင်းမှာ သူငယ်ချင်းမလေး တစ်ယောက်နှင့် အတူထိုင်နေ

www.burmeseclassic.com



သည်။ နောက်မှ သိရသည်မှာ ကိုကျော်မင်းက သူတို့ကို အဲဒီညက အိမ်ပြန်ပို့ပေးရမှာဖြစ်သည်။

စုဇာတိနှင့် သူ့သူငယ်ချင်း လာထိုင်တဲ့စားပွဲလွတ်က လူဆယ်ယောက်ဝိုင်းဖြစ်တဲ့ ဦးမင်းသီဟာန်တို့ဝိုင်းမှာ ဦးမင်းသီဟန်နှင့်မှ တည့်တည့်ကျနေတဲ့စားပွဲ။ ကိုကျော်မင်းရဲ့ကျောဘက်။ ကိုကျော်မင်း ကျောဘက်ဖြစ်၍ စုဇာတိနှင့် ကိုကျော်မင်းက ခပ်နီးနီးရှိကာ ဟိုကောင်မလေးကတော့ ဦးမင်းသီဟန်နှင့် မျက်နှာချင်းဆိုင်နီးပါးတည့်နေသည်။

အဲဒီကောင်မလေး။

အဲဒီနေ့ကတည်းက သူ ကိုယ့်ကို ကြည့်နေတဲ့ မျက်ဝန်းအကြည့်များကို ဦးမင်းသီဟန် သတိပြုမိတာ။ ရိရိဝေဝေနှင့် ပတ်ပတ်သက်သက် လိုက်ကြည့်နေတဲ့မျက်ဝန်းများ။ ဦးမင်းသီဟန်ဟာ ဤကိစ္စမျိုး၌ တကူးတက ရှုပ်တိရှုပ်ထွေ မရှိတဲ့သူ။ အခုထိလည်း ဘာဇာတ်လမ်းမှ သိုးသိုးသန့်သန့် မရှိသေးတဲ့သူ။ သို့ပေမယ့် ယောကျ်ားဟာတော့ ယောကျ်ားသာပင်။

ကိုယ်က ဘာမှဇာတ်လမ်းမစပေမယ့် တစ်ဖက်က ကိုယ့်ကို တမင်အထာပေးသလို ကြည့်နေတဲ့ မျက်ဝန်းများကိုတော့ အလိုလို မကြာခဏ ပြန်ပြန်ကြည့်မိနေရတော့တာပင်။ ဖျတ်ခနဲ ဖျတ်ခနဲ အကြည့်ချင်း ဆုံနေရင်းက စိတ်ထဲမှာ ရယ်ရွှင်မြူးဖျလာတာလည်း ဝန်ခံရမည်။ ဒီဘက်ဝိုင်းမှာ ကိုယ့်ဟာကိုယ်





ပြောနေတဲ့ စကားတွေက ပိုသွက်လာကာ လိုတာထက် ပိုရယ်မောမိ ပိုကြည့်ကောင်းအောင် နေမိ။

အင်း ...။ ကိုယ့်အသက်က လေးဆယ့်ငါးနှစ်ပဲရှိသေးတယ်လေ။ ဒါလောက်ဟာလည်း ဘာမှ သိပ်အပြစ်မရှိဘူးလို့ မင်းသီဟန်က ယူဆသည်။ တမင်တကာ လာကြည့်နေတဲ့သူကို ပြန်ကြည့်မိရုံပဲဟာ။ ဒါမျိုးကို လုံးဝမျက်နှာလွှဲပြီး ကျောခိုင်းထိုင်နေလိုက်မယ့် ယောကျ်ားမျိုးလည်းမရှိနိုင်ပါဘူးလို့ ကိုယ့်အတွက် ကိုယ်ဖော့တွေးမိတာပင်။

နောက်တစ်ကြိမ် ရက်ခြားပြီး ကိုကျော်မင်းက ...

"ကိုသီဟန်ရေ ... ဒီညတော့ ဟိုလူတွေမပါတော့ဘူးဗျာ၊ ကျွန်တော်တို့သုံးယောက်သီးသန့်ပဲ"

ဆိုတဲ့အခါ ...

"အိုကေလေဗျာ၊ ဘယ်ဆိုင်လဲ"

"...... လေ၊ ဟိုနေ့ကဆိုင်ပဲလေ"

အဲဒီအချိန်မှာ မင်းသီဟန် မျက်လုံးထဲ ဟိုကောင်မလေးကို တန်းခနဲ သွားမြင်ယောင်မိတာကိုလည်း ဝန်ခံရမှာပင်။ အာရည်ရွယ်ချက်မှ မရှိပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ ခါတိုင်းထက် သာမန်ထက် သပ်ရပ်ကြော့မော့သွားမိခဲ့သည်။ ဒါဟာလည်း ကိုယ့်ကိုစောင့်ကြည့်မည့်သူ ရှိနေတယ်ဆိုတဲ့ အသိက ကျားမမှုကို အလိုအလျောက် ဖြစ်စေတတ်တဲ့ သဘောမျိုးကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ်မှာတော့ ပိုသိသာခဲ့ပါသည်။ စုဝတီက သိချင်းဆိုစရာရှိတဲ့အတွက် မင်းသီဟန်တို့စားပွဲကို စောစောစီးစီး ရောက်မလာနိုင်ပါ။ အဲဒီ အမည်မသိ ကောင်မလေးကတော့ Stage နားက ချောင်ထဲက စားပွဲသေးသေးတစ်လုံးမှာ တစ်ယောက်တည်း ရှိနေတာကို မင်းသီဟန် တွေ့ရသည်။ ငြိမ်ငြိမ်သက်သက်ထိုင်ပြီး မင်းသီဟန်ကိုသာ စူးစိုက်ရီဝေပြီး ကြည့်နေခဲ့တာပါပဲ။

ကိုယ့်ကိုမှ ဘာကြောင့် ရွေးချယ်ပြီး ကြည့်နေတယ် မသိပေမယ့် ဒုတိယနေ့မှာပါ ဒီကောင်မလေး ရောက်နေတာ ကြည့်နေပြန်တာတို့က ကြုံကြိုက်လို့ မဟုတ်ဘူးလို့ ထင်မြင်လာစေတဲ့ သက်သေဖြစ်နေပြန်သည်။ ညဥ့်နက်လာ တဲ့အခါမှာတော့ စုဝတီက ဆင်းလာသည်။ လူသုံးယောက်တည်းရှိတဲ့ မင်းသီဟန်တို့စားပွဲကို စုဝတီ အလာမှာ အဲဒီကောင်မလေးလည်း ပါလာသည်။

စုဝတီက ကိုကျော်မင်းနား တိုးတိုး တိုးတိုးကပ်ပြီး ပြောနေတဲ့စကားတွေထဲမှာ မိတ်ဆက်ပေးတာမျိုးလည်း ပါချင်ပါမည်။ မင်းသီဟန်တော့ မကြားရ။ ကိုကျော်မင်းကလည်း မင်းသီဟန်နှင့်ရော သုတဆွေနှင့်ရော ဟစ်ဆင့်မိတ်ဆက်မပေးပါ။ သုတဆွေဆိုတာက မနေ့တစ်နေ့ကမှ အိမ်ထောင်ကျကာစ ပူပူနွေးနွေး လူငယ်လုပ်ငန်းရှင်လေး။ အသက်က သုံးဆယ့်လေး သုံးဆယ့်ငါး။





သုတဆွေမှာရော မင်းသီဟန်မှာပါ ဒီလိုငြိုငြိုတွေးတွေးကိစ္စတွေ မရှိတတ်ကြလို့ပဲ မိတ်ဆက်မပေးလား မသိပါ။ သူတို့ လာထိုင်ကြပြီး မပြန်ခင်အထိ နာရီဝက်လောက်အတွင်း မင်းသီဟန်တို့ ယောကျ်ားသုံးယောက်က အကြောင်းအရာတစ်မျိုး၊ မိန်းကလေးနှစ်ယောက်က အကြောင်းအရာတစ်မျိုး၊ ကိုယ့်ဟာနှင့်ကိုယ် ပြောနေကြပါသည်။ သူတို့ချင်းသာ စကားပြောနေပေမယ့် ကောင်မလေးရဲ့ မျက်ဝန်းတွေက မသိမသာတစ်ချက် သိသိသာသာတစ်ချက် အကြိမ်ကြိမ် ကိုယ့်ဆီပဲ ရောက်နေတာကို သတိထားမိခဲ့သည်။

တကယ်ဆို ကိုကျော်မင်းက သူ့ရှိတ်ဆက်နှင့်သူမို့ ထားတော့။ မင်းသီဟန်နှင့် သုတဆွေမှာ ငယ်ဂုဏ်ကလည်း သုတဆွေထဲ ပိုကာ ဒီလူ့ရွယ်က ဖြူဖြူမြင့်မြင့် ချောချောလေးပင်။ မင်းသီဟန်နှင့် ဆယ်နှစ်လောက်ကွာသည်ဖြစ်ရာ သူ့လို ဗိုက်ကလေးထွက်ချင်ချင် မေးသားတွေပြည့်ချင်ချင်တောင်မရှိ။ အဲဒီလိုပြီးနုသစ်နေတဲ့သူကို စိတ်မဝင်စားပဲ နှစ်ရက်လုံးလုံး ကိုယ့်ကိုပဲ အမှတ်တရ ခိုးကြည့် ဗြောင်ကြည့်နေတဲ့ မိန်းကလေးကို မင်းသီဟန် အမှတ်ထင်ထင် ဖြစ်လာတာ လွန်တယ်မထင်ပါ။

သူ့ဟာသူ ရှိနေကြည့်နေတာကို ကိုယ်လည်းအမှ ပြောလို့မရ။ ကိုယ်တိုင်က စုဝတီနှင့်တောင် စကားဟော သိပ်



www.burmeseclassic.com

www.burmeseclassic.com



မပြောဖူးတဲ့သူမျိုးပါ။ ပြီးတော့ ဗြောင်ကျကျကြီးတွေလည်း မရော တထွေ မလုံးတတ်တဲ့သူမျိုး။

"တီ တီ ... တီ တီ"

အတွေးတွေဝေနေတဲ့ ဦးမင်းသီဟန်က မြည်လာတဲ့ ဖုန်းလေးကို စားပွဲပေါ်မှကောက်ကြည့်လိုက်တော့ Ko Kyaw Min ဆိုတဲ့ ခေါ်သူအမည်ကိုမြင်လျှင် ပြုံးတုံ့တုံ့နှင့် ဖုန်းကိုနှိပ်ဖွင့်လိုက်ရင်း ...

"ဟဲလို"

"ကိုယ့်လူ ... ဘယ်မှာလဲ"

"ရုံးခန်းမှာပါပဲဗျ"

"ဆို ... ဘာကိစ္စလဲ၊ Missed Call တွေ့တယ်၊ ကျွန်တော် ခုနစက်ရုံထဲ ရောက်နေတာဗျ။ စက်လည်သံတွေနဲ့ ဖုန်းသံ မကြားလိုက်ဖူးဖြစ်သွားတယ်၊ ဘာအကြောင်းထူးရှိလဲ"

"အကြောင်းထူးရှိတယ်တော့လည်း မဟုတ်ဘူးဗျ၊ ကျွန်တော် မေးချင်တာလေးတစ်ခု ရှိလာလို့"

"မေးလေဗျာ"

တကယ်တမ်းတွင် ဒါမျိုးအတွေ့အကြုံမရှိတဲ့ မင်းသီဟန်မှာ ဒီကိစ္စမေးရမှာကိုပင် ရှက်ကိုးရှက်ကန်းလို့လို မျက်နှာ ခပ်ပူပူ ဖြစ်နေသည်။





"ဟော့လူ ... ဘာတုန်းဗျ၊ မေးလေ"

"ဒီလိုပါ၊ ခင်ဗျားကို ဖုန်းထဲက ပြောရမှာတောင် ကောင်းရဲ့လားမသိဘူး"

"ဘာဖြစ်လို့လဲ သိပ်အရေးကြီးလား"

"သိပ်တော့ အရေးမကြီးပါဘူး"

"ခင်ဗျား ဖုန်းထဲက ပြောရခက်ရင် ထွက်ခဲ့မယ်လေ၊ ဘယ်ကိုလာခဲ့ရမလဲပြော၊ တွေ့တော့ပြောပေါ့"

"ဟာ ... ခင်ဗျားကို ဒီလောက် တကူးတကကြီး အပြင်ထွက်လာခိုင်းရလောက်အောင်လည်း အရေးမကြီးပါဘူး၊ သိချင်ရုံသက်သက်ပါ၊ ဒီလိုဗျာ။ ခင်ဗျားကောင်မလေး ဘယ်သူလဲ စုဝတီလား"

"စုဝတီ ဘာဖြစ်လို့လဲ"

ကိုကျော်မင်း အသံက တအံ့တသြ ဖြစ်သွားပါသည်။

"စုဝတီ ဘာမှမဖြစ်ပါဘူး၊ ဟိုဗျာ သူ့သူငယ်ချင်းကောင်မလေးကိစ္စပါ"

"ဘယ်သူ့ကိုပြောတာလဲ ကိုသီဟန်ရ"

"နောက်ဆုံး ခင်ဗျားကျွေးတဲ့နှစ်ခေါက်တုန်းကလေ၊ သူပြန်ခါနီးမှာ သူနဲ့အတူပါနေတဲ့ ကောင်မလေးတစ်ယောက်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မင်းက တစ်ခဏ အသံတိတ်သွားပြီးမှာ "ခြော့်"ဆိုတဲ့ သံရှည်ကြီးနောက်မှာ ရယ်သံခိုးခိုးခစ်ခစ်ကပ်ပါလာကာ ...

"ခြော် ... ဒါလား၊ သိပြီ ... သိပြီ၊ အဲဒါ စုဝတီရဲ့ ငယ်သူငယ်ချင်း၊ ညီအစ်မလို ချစ်ကြတဲ့ သူငယ်ချင်းတဲ့ဗျ၊ အဲဒါ ဘာဖြစ်လဲ"

"သူကကော ... အဲဒီဆိုင်ကပဲလား"

"မဟုတ်ဘူးဗျ၊ သူက တစ်ခါတစ်ရံ စုဝတီနဲ့ အဖော်လိုက်လာတာပါ၊ အဲဒီမှာတော့ သီချင်းမဆိုဘူး၊ ခင်ဗျား ဘာသိချင်တာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောလေဗျာ ကိုသီဟန် ... ဟဲ ဟဲ"

"အား ... ကျွန်တော်က သိချင်တာလေး မေးရုံပါ"

"ဘာအတွက် သိချင်တာလဲ၊ အချင်းချင်းပဲဗျ၊ ပြောရခက်မနေစမ်းပါနဲ့၊ ကျွန်တော်ကလည်း ကိုယ့်မိတ်ဆွေတွေထဲမှာ ဒီလိုငြိလေ့မရှိတဲ့သူတွေဆိုရင် ကျွန်တော့်ကြောင့်တော့ ပြဿနာရှုပ်ရှုပ်ယှက်ယှက် မဖြစ်စေရဘူးလို့ ဆုံးဖြတ်ထားတော့ ခင်ဗျားတို့ကို မိတ်တောင်ဆက်မပေးတော့တာ၊ ခင်ဗျားဆန္ဒရှိရင်တော့ ကူညီနိုင်ပါတယ်ဗျ၊ ကျွန်တော် စုဝတီကတစ်ဆင့် စုံစမ်းခိုင်းလိုက်တယ်လေ"





"ဟာ ... မလုပ်နဲ့၊ မလုပ်နဲ့။ အဲသလို မဟုတ်သေးပါဘူး၊ အဲသလောက်ကြီးလည်း မရည်ရွယ်ပါဘူး"

"ဒါဖြင့် ခင်ဗျားက ဘာရည်ရွယ်တာလဲ"

"ဒီလိုပါဗျာ၊ ပြောရတာတောင် ခက်ခက်ပဲ၊ ကျွန်တော့်စိတ်ထဲ ဒီကောင်မလေး ကျွန်တော့်ကို ချဉ်းကပ်ဖို့ ကြိုးစားနေသလားလို့ ထင်စရာရှိလာလို့ပါ၊ အဲဒါကြောင့် မေးကြည့်တာပါ ကိုကျော်မင်းရ"

"ခင်ဗျားကို သူက ချဉ်းကပ်ဖို့ ကြိုးစားနေတယ် ဟုတ်လား"

"ဒါတော့ဗျာ ကျွန်တော် ထင်မြင်နေတာပဲလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့၊ မှန်ရင်မှန်မယ် မှားရင်မှားမယ်၊ ကျွန်တော့်စိတ်ထဲမှာ ထင့်တင့်တင့် ရှိလာတာနဲ့ ခင်ဗျားကို လှမ်းတီးခေါက်ကြည့်တာပါ"

"ဆိုပါဦးဗျ၊ ဘယ်လိုအဖြစ်အပျက်တွေ ရှိလို့လဲ"

"အဲဒီနှစ်ရက်ကတည်းက အဲဒီကောင်မလေးက ကျွန်တော့်ကို တစ်ချိန်လုံး စိုက်ကြည့်နေတာ ကိုကျော်မင်းရ"

"ဟုတ်ပြီ၊ ခင်ဗျားပြောမှ သတိရပြီ၊ ဟုတ်တယ်၊ ဒီကောင်မလေး ခင်ဗျားကိုလှမ်းရှိုးနေတာ ကျွန်တော်လည်း သတိပြုမိတယ်၊ ပထမနေ့ကတော့ လူများတော့ ဘယ်သူ့ကိုလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ နောက်နေ့ကျတော့ သေချာသွားတယ်၊ ခင်ဗျား ကိုပဲ၊ တကယ်ဆိုရင် ကိုသုတက သူနဲ့ဆို ပိုအရွယ်ညီမယ် ထော်င် တွေးမိသေးတယ်၊ ဒါပေမဲ့လည်း ဒါတွေက နည်း နည်း ပစ်မှတ်ချိန်တော့မယ်ဆိုရင် မလွဲမသွေထိမယ့် ပစ် မှတ်မျိုး ချိန်လေ့ရှိတာကိုးဗျ ... ဟဲ ဟဲ ...

ဆိုလိုတာကဗျာ၊ အသက်ခပ်ငယ်ငယ်ကို ချိန်ရင် သူ့မိန်းမဟာလည်း ခပ်ငယ်ငယ်ပဲ ရှိဦးမှာ၊ ယေဘုယျအား ဖြင့်ပေါ့၊ ခပ်ကြီးကြီးကို ချိန်ရင်တော့ အိမ်ကမိန်းမတွေ ကလည်း ခပ်ကြီးကြီးတွေ ဖြစ်လောက်ပြီဆိုတော့ ငြီးငွေ့ ချင်စရာကြီးတွေလည်း ဖြစ်လောက်ပြီဆိုတဲ့ သဘောပေါ့ ဗျာ၊ ဟုတ်ပါ့ဗျာ၊ ခင်ဗျားကို သူကြည့်နေတာ သတိထားမိ ပါတယ်၊ ခု ဘာဖြစ်လို့လဲ"

ဦးမင်းသီဟန်သည် ကိုကျော်မင်း စကားတွေကိုသိပ် တော့ဘဝင်မကျ။ သူဆိုလိုပုံက ကိုယ်ကပဲ ကြီးရင့်အိုမင်းပြီမို့ လုပ်စားဖို့သင့်တဲ့ သားကောင်ပဲရယ်လို့ ဟိုကောင်မလေးက ချိန် ရွယ်ကြံစည်တဲ့ သဘောမျိုးဆိုတော့ ဘယ်မှာလျှင် ရင်ခုန်ချင်စရာ ရှိမလဲ။ ရင်ခုန်ချင်တယ်တော့လည်း မဟုတ်ပေမယ့် ပုထုဇဉ်ပီပီ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ကိုလုပ်စားဖို့ ချဉ်းကပ်တာထက် စာရင် ကိုယ့်အပေါ် အမှတ်မထင် ကြွေဆင်းပြီး ကိုယ့်ထံနစ်မြှုပ်





ကျဆုံးရတယ်ဆိုတာကို ပိုပြီး စိတ်ကူးယဉ် ဂုဏ်ယူသာယာချင် တာပေါ့။ (ကိုယ်က သူတို့အရွယ်လေးတွေ ကြွေစရာ ကျဆုံးစရာ ဟုတ်တာ မဟုတ်တာက အပထားပေါ့။)

"အဲ ... သူကဗျာ ...၊ ခင်ဗျားကို အားလုံးဖွင့်ပြောပါတော့ မယ်ဗျာ"

"ဩော် ... ခင်ဗျားကလည်း၊ ပြောစမ်းပါဗျာ လျှို့မနေပါ နဲ့"

"အဲဒီစားသောက်ဆိုင်မှာ နှစ်ကြိမ်တွေ့ပြီးတဲ့နောက် နှစ် ရက်သုံးရက်ခြားတော့ ကျွန်တော့်ဆီ ဖုန်းလာတယ်ဗျ"

"သူ့ဆီက !! "

"သူ့ဆီကလို့ပဲ ကျွန်တော် ထင်တယ်ဗျာ၊ တခြားလည်း ကျွန်တော့်မှာ ဖုန်းဆက်တဲ့ မိန်းကလေးမှ မရှိဘဲ၊ သူက ဘာမှမပြောဘူးဗျ၊ ဦးမင်းသီဟန်လား ပထမတစ်ရက်က မေးတယ်၊ ဟုတ်ပါတယ် ဆိုတော့ ဘာမှမပြောဘူး၊ ဘာလဲ မေးတော့လဲ မပြောဘူး၊ ပထမတော့ ကျွန်တော်က ဖုန်း နောက်တယ်ထင်ပြီး ချချပစ်တယ်၊ နောက်နေ့တွေကျတော့ လည်း ဦးလား ဆိုတာပဲမေးပြီး ဘာမှမပြောပြန်ဘူး၊ တစ် နေ့တစ်ခေါက်တော့ ဖုန်းခေါ်နေတယ်ဗျ"

"ဟဲ ဟဲ ဟဲ ... ဟုတ်နေပြီ၊ နောက်ဘာတွေထူးသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မင်း အဖို့ကတော့ ဤကိစ္စဟာ တဟဲဟဲ ရယ်မောသဘောကျစရာ ဖြစ်နေပါသည်။ ရေးကြီးခွင်ကျယ်ဖြစ်လှပုံမရ။

"ခုတလောကျတော့ ကျွန်တော့်ရုံးခန်းနားကို ဒီကောင်မလေး ရောက်ရောက်နေတယ်ဗျ၊ အဲဒီနားတစ်ဝိုက်မှာ ရစ်သီရစ်သီနဲ့ ကျွန်တော့်ရုံးခန်းဘက် ကြည့်နေတာမျိုး မကြာခဏ တွေ့လာတယ်၊ မနေ့ကနဲ့ တစ်နေ့ကတော့ ရုံးဆင်းချိန်သူက နှစ်ရက်ဆက်တိုက်လုံး ကျွန်တော်တို့ရုံးရှေ့က လှေကားထစ်ကြီးတွေမှာ လာထိုင်နေတာဗျ၊ ပထမတစ်ရက်ကတော့ ကျွန်တော် ထွက်လာတော့ လှမ်းကြည့်တယ်၊ ဒါလောက်ပဲ၊ ကျွန်တော်ကလည်း မသိလိုက် မသိဘာသာပဲနေတယ်၊ မနေ့ကကျတော့ သူက ကျွန်တော်ထွက်လာမှထိုင်ရာကထ,ပြီး ဦးတဲ့ ဒီ **Building** မှာ (......)ကွန်ပျူတာသင်တန်း ရှိလားတဲ့ ...

ကျွန်တော်ကလည်း သေချာမသိဘူးလို့ ပြန်ဖြေတာပေါ့။ လှည့်ထွက်တော့ တစ်ခါ ကွန်ပျူသင်တန်းတစ်ခုတော့ ရှိတယ် မဟုတ်လားတဲ့၊ လှမ်းမေးတယ်၊ ရှစ်ထပ်မှာတော့ ရှိတော့ ရှိတယ်၊ ဘာနာမည်နဲ့လဲတော့ မသိဘူးလို့ဖြေပြီး ကျွန်တော် ထွက်လာတယ်"

"ဒါပဲလား"





"ဒါပဲဆိုပေမယ့် ဖြစ်ချင်တော့ ကျွန်တော့်ကားက ဒီနေ့မှ ဝပ်ရှော့ပ်ကထုတ်တာ၊ မနေ့ကရော တစ်နေ့ကရော ရုံးကို မိန်းမလာကြိုတာ၊ မိန်းမကလည်း မျက်စိလျှင်လျှင်နဲ့ နှစ်ရက်ဆက်တိုက် ဒီကောင်မလေး လှေကားမှာ လာထိုင်နေတာတွေ့တယ်ဗျ၊ ကျွန်တော့်ကို လှမ်းမေးတာကိုလည်း သူက လှမ်းမြင်နေတော့ ရှေ့ကထွက်လာကြတဲ့ လူတွေတုန်းက ထ,မမေးပဲ ကျွန်တော့်ကျမှ ဘာဖြစ်လို့ ထ,ဓမေးတာလဲ ဘာညာပေါ့ဗျာ၊ ဒါတောင် ရှေ့ကအဖြစ်အပျက်တွေ မိန်းမက အားလုံးမသိသေးလို့ဗျ"

"ခင်ဗျားကလည်း အမှန်အတိုင်း သွားဖြေတာကိုးဗျ"

"အမှန်အတိုင်း မဖြေလို့ ကျွန်တော်က ဘယ်လိုဖြေရမှာလဲ"

"အပေါ်က သင်တန်းတစ်ခုခုက ကောင်မလေး။ ဒီလိုပဲ လာထိုင်ပြီး အိမ်ကကားစောင့်နေကျ၊ မျက်မှန်းတန်းနေလို့ နှုတ်ဆက်တာ ဆိုတာမျိုး ပြောထားလိုက်ရင် ခင်ဗျားမိန်းမ ဒီကောင်မလေးကို နောက်ထပ် ဒီနားမှာ ထပ်တွေ့လည်း ဘာမှမသင်္ကာစရာ မဖြစ်တော့ဘူးပေါ့ဗျ၊ ခုတော့ ခင်ဗျားမိန်းမ ဒီကောင်မလေးကို ထပ်တွေ့ရင် သံသယဝင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ။ ကိုကျော်မင်း ဦးနှောက်ကျတော့ လှုပ်တစ်ပြက်အတွင်းမှာပင် ကိုယ့်ဘက်လုံခြုံအောင် ဖြီးလုံးလုပ်ဖို့ ချက်ချင်းဉာဏ်ထွက်ပါလား။

မင်းသီဟန်ကတော့ ဒီလောက် အထိ အရှည်မျှော်ခေါ် မစဉ်းစားလိုက်မိ။

"ကဲ ... ဒီတော့ ခင်ဗျားက အခု ဘာဖြစ်ချင်တာလဲ"

"ဘာဖြစ်ချင်တာတော့ မရှိပါဘူးဗျာ၊ ကျွန်တော့်မိန်းမက လည်း သိတဲ့အတိုင်း သဝန်ခပ်တိုတို သံသယခပ်များများ မို့လို့ နောင်ဘာများ ဆက်ဖြစ်မလဲလို့ စိတ်ထဲထင့်တာနဲ့ ခင်ဗျားကို ဖွင့်ပြောပြမိရုံသက်သက်ပါ"

"ဒီတော့ဘာလဲဗျ၊ ကျွန်တော်က အဲဒီကောင်မလေးကို စဝတီက တစ်ဆင့် ညည်း ဦးမင်းသီဟန်ကို ဘာမှသွားမလုပ်နဲ့ ချမ်းသာပေးလိုက်၊ သူ့မိန်းမနဲ့ ပြဿနာတက်သွားမယ်၊ ဒီလို သွားတားပေးရမှာလား"

"အာ ... ခင်ဗျားကလည်းဗျာ၊ ဒီလိုပြောတာတော့ မဟုတ်ပါဘူးဗျာ၊ မိန်းကလေးတစ်ယောက်ကို ဒီလိုသွားပြောလို့ ဘယ်ကောင်းပါ့မလဲဗျ"

"ဒါဖြင့် ဘယ်လိုသွားပြောမှ ကောင်းမှာလဲ"

မင်းသီဟန်သည် မိန်းမနှင့် ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြဿနာကြီးရမှာ မလိုလားသလို ကောင်မလေးကို ရပ်တန်းက





ရပ်သွားအောင် လမ်းရှင်းပစ်ချင်သည်အထိလည်း မဟုတ်သေးပါ။ သူဟာ လူရှုပ်တစ်ယောက် မဟုတ်သော်လည်း မတွေ့ကြုံဖူးတဲ့ အတွေ့အကြုံဆန်းပေါ်မှာ တစ်မျိုးစိတ်လှုပ်ရှားနေတာတော့ အမှန်ပါ။ စိတ်လှုပ်ရှားတယ်ဆိုလို့လည်း အပြစ်တော့မဆိုသာ။ အသက် နှစ်ဆယ်ရွယ် သားတစ်ယောက်ရဲ့ဖခင် ဖြစ်နေပြီဖြစ်တဲ့သူဟာ သားနဲ့ သက်တူရွယ်တူလောက်ရှိတဲ့ ဆံပင်ညိုညို မျက်လုံးရီရီ ဂျင်းဘောင်းဘီလေးနှင့် ချုပ်ရပ်သွယ်လျနေသော ကောင်မလေး တစ်ယောက်ရဲ့ ငေးမောခိုးစိုက်ကြည့်တာကို ခုမှ ပထမဦးဆုံး အကြိမ် ကြုံရတာဖြစ်ရာ စိတ်က တစ်မျိုးတော့ ဖြစ်မိသည်သာ။

တစ်ကြိမ်တစ်ခါလည်းမဟုတ်။ ရက်ဆက်လာငေး ကြည့်နေတာ။

ပတ်သက်ချင်တဲ့ ချဉ်းကပ်ချင်တဲ့ အရိပ်အယောင်ကို မျက်လုံးကလေးနဲ့ တင်ပြနေတာ။ ဒါဟာ သူ့အတွက် စိတ်ဘူးယဉ်စရာ စိတ်လှုပ်ရှားစရာ ဖြစ်ကိုဖြစ်နေပါသည်။ စိတ်လှုပ်ရှားမိရုံနဲ့တော့ အိမ်ကမိန်းမကို သစ္စာဖောက်ရာ မရောက်ပါဘူးလို့လည်း သူက ဖြေတွေးထားပါသည်။

"ခင်ဗျားသိအောင် ပြောပြတာပါဗျာ"

"ကျွန်တော်သိတော့ ဘာလုပ်ရမှာလဲ၊ ဟော့လူ ... ပွင့်ပွင့် လင်းလင်း ပြောစမ်းပါဗျ၊ ယောကျ်ားပဲဗျ ဒါမျိုးဖြစ်တတ် ကြပါတယ်၊ သိက္ခာကျစရာလည်း မဟုတ်ပါဘူး၊ ဘာရဲ့



www.burmeseclassic.com

www.burmeseclassic.com



စရာလည်း မဟုတ်ပါဘူးဗျာ၊ ခင်ဗျားဟာက ရှိုင်းပေးရ မလားဆိုတော့လည်း မဟုတ်၊ တားပေးရမှာလားဆိုတော့လည်း မဟုတ် ဟား ဟားဟား၊ ကိုယ့်လူတော့ ရင်ခုန်ချင်နေဟန်တူတယ်”

“ဟာ … မဟုတ်ပါဘူးဗျာ”

“ခင်ဗျားကို ပြောမယ်နော် ကိုသီဟန်၊ သူတို့လို ကောင်မလေးတွေကို ခင်ဗျားသွားရင်ခုန်ဖို့များတော့ စိတ်ကူးမယဉ်လေနဲ့၊ ခင်ဗျား အရူးဖြစ်သွားမယ်၊ သူတို့တွေနဲ့က ပတ်သက်စရာရှိလည်း ပတ်သက်လိုက်၊ ဖြတ်စရာရှိလည်းဖြတ်လိုက်၊ အနားမှာ ကြာကြာလည်းမထားနဲ့၊ ကိုယ့်ဘဝထဲ ဆွဲသွင်းဖို့လည်း မစဉ်းစားနဲ့၊ ခင်ဗျားက အတွေ့အကြုံမရှိတဲ့လူရိုးမို့ [illegible]နဲ့ သတိပေးရတာနော်၊ လိုအပ်ရင်ဆွဲထား၊ မလိုရင် ကန်ထုတ်၊ ဒါပဲ”

“ဟာ … ခင်ဗျားကတော့ဗျာ”

“ခင်ဗျားကတော့ မလုပ်နဲ့၊ ဒါတွေကို ကိုယ့်ရဲ့မိသားစုဘဝနဲ့တော့ တန်ဖိုးတညီတည်းပေးလို့ မရဘူးလေ၊ လိုင်းရှင်းရှင်း ထားရတယ် ကိုသီဟန်၊ ခင်ဗျားလည်း မယားနဲ့သားနဲ့၊ ကျွန်တော်လည်း မယားနဲ့ သားသမီးတွေနဲ့ပဲလေ၊ ခင်ဗျား ဒီကိစ္စစဉ်းစားရင် ခပ်ပေါ့ပေါ့ပဲ စဉ်းစား၊ သူတို့ကလည်း တကယ်တော့ ခပ်ပေါ့ပေါ့ပါပဲဗျာ”





“ဟာ … ခင်ဗျားကလည်းဗျာ၊ ဒီကောင်မလေးကြည့်ရတာ ခပ်အေးအေးပါပဲဗျာ၊ အပေါစား ဟုတ်ပုံမရပါဘူးထင်တယ်”

“ဟာ … ပြဿနာပဲ၊ ဒါမှ ငါးပါး မှောက်တော့မှာ ကိုသီဟန်၊ ကျွတ် … ပြောရခက်လိုက်တာ၊ ဒါဖြင့် ခင်ဗျားက ကျွန်တော့် စဝတီကိုရော ဘယ်လိုယူဆ သတ်မှတ်ထားသလဲ”

“ခင်ဗျားကို သံယောဇဉ် တွယ်နေတာပေါ့”

“သေလိုက်ပါတော့ဗျာ၊ ခင်ဗျားတော့ ဒုက္ခရောက်တော့မယ်ထင်တယ်”

“ထားပါတော့ဗျာ၊ ခင်ဗျား စဝတီကတော့ ခပ်ပေါ့ပေါ့ဆိုပါတော့ ဟုတ်လား”

“ဒီလူ ခက်တော့နေပြီဗျာ”

“ဒီကောင်မလေးက စဝတီ သူငယ်ချင်းပေမယ့် စားသောက်ဆိုင်မှာလည်း ဆိုမနေဘူးဗျာ၊ ဘယ်သူနဲ့မှလဲ တွဲနေတာမှ မဟုတ်ဘဲ၊ ကွန်ပျူတာသင်တန်းတွေ လျှောက်တက်နေဝဲ့ ကျောင်းသူသာသာလေးပဲ မဟုတ်လား”

“ကျွတ် …၊ ကိုသီဟန်၊ ပထမတော့ ခင်ဗျားကို ကျွန်တော် မြှောက်ပေးမလားလို့ဗျ၊ ကျွန်တော်လည်း အဖော်ရတာပဲ ဆိုပြီးတော့လေ၊ ဒါပေမဲ့ မဖြစ်သေးဘူးဗျ၊ ခင်ဗျားကို လိုင်း



www.burmeseclassic.com

www.burmeseclassic.com



သွင်းလို့မရဘူး၊ သိသွားပြီ၊ ရှင်းရှင်းနေဗျာ၊ ဒီကောင်မလေး ကိုလည်း ကျွန်တော် တားလိုက်မယ်"

"ဟာ ... သွားမလုပ်ပါနဲ့ဗျာ၊ အသားလွတ် စော်ကားရာ ကျပါတယ်"

"ဘာစော်ကားရာ ကျတာလည်းဗျ၊ ဘာမှစော်ကားရာ မကျဘူး၊ ဒီအသက်အရွယ်လေးနဲ့ အိမ်ထောင်လက်ရှိ ကိုယ့်အဖေအရွယ်လောက်ကို လိုက်ကြည့် လိုက်ငေး အထာ ပေးနေတာကို ခင်ဗျားက တန်ဖိုးရှိရှိ မိကောင်းဖခင်သမီး ကလေးလို့ ယူဆနေသလား ..."

သူတို့အရွယ် သူတို့ရုပ်ရည်လေးတွေနဲ့ အသက်နှစ်ဆယ် နုနုပျိုပျို ရည်းစားရနိုင်ရက်နဲ့ ကျုပ်တို့ဆီ ချဉ်းကပ်လာတာ ဘာကြောင့်လို့များ ခင်ဗျားက စိတ်ကူးယဉ်နေလို့လဲ ကိုသီဟန်၊ ခင်ဗျားကို သူ့ခမျာ မြင်မြင်ချင်း အရူးအမူးချစ်သွားတယ်လို့များ ခင်ဗျား စိတ်ကူးယဉ်နေလား၊ အရူးမထစမ်းပါနဲ့ ကိုသီဟန်ရာ၊ လူရင်းလူခင်ချင်းမို့ သတိပေးတာပါ၊ စေတနာနဲ့ ပြောတာပါ"

"ခင်ဗျား ကျွန်တော့်ကိုခင်တာ စေတနာထားမယ်ဆိုတာ ယုံပါတယ် ကိုကျော်မင်းရ၊ ဒါပေမဲ့ ကောင်မလေးကို ရှက်သွားအောင်တော့ သွားမလုပ်စေချင်ဘူး၊ ကျွန်တော် လည်း ဘာဓာတ်လမ်းမှ လုပ်မှာမဟုတ်ပါဘူး"





"ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ကို ဖုန်းဆက်ပြီး တကူးတက ပြောတယ်ဆိုကတည်းကတော့ တစ်ခုခုပဲလေ၊ စိတ်ပဲ ဝင်စားလို့လား၊ စိတ်ပဲ အနှောင့်အယှက် ဖြစ်လို့လား၊ ကျွန်တော့်ကို ဘာလုပ်ပေးစေချင်တာလဲ"

"ဘာမှလုပ်မပေးစေချင်ပါဘူး၊ ဒါပေမဲ့ တစ်ခုတော့ သိချင်တယ်၊ ဒီကောင်မလေး နာမည်က ဘာတဲ့လဲ"

ကိုကျော်မင်းက ပြောချင်သလို မပြောချင်သလို ဓာတိတ်သွားပြီးမှ ...

"မြစွက်တဲ့ ... ခင်ဗျား ဘာလုပ်မလို့လဲ"

"မြစွက်တဲ့လား"

"အပြည့်အစုံက မြစွက်ညိုတဲ့"

လှပသော နာမည်လေးကို ဦးမင်းသီဟန် စိတ်ထဲက ကျိတ်ရေရွတ်ကြည့်မိသည်။

"နာမည်သိတော့ ခင်ဗျားက ဘာလုပ်ဖို့လဲ"

"ဒီတစ်ခါ ဖုန်းဆက်လာရင် သူ ဟုတ်မဟုတ် မေးလိုက်ရအောင်လို့ပါ"

"ဟုတ်ရင် ! ! "

"အကြောင်းကိစ္စ ထူးထူးထွေထွေ မရှိဘဲ ဆက်မနေဖို့ ပြောရမှာပေါ့ဗျာ၊ အဲဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... အခြေအနေ ဆက်ကြည့်တာပေါ့"

"ဒါပဲဗျာ ကိုကျော်မင်း၊ ကျေးဇူးပဲ"

"မလိုပါဘူးဗျာ၊ ရပါတယ်"

❖ ◎ ❖





## ၃

"စု"

"ဘာလဲ ... မြ"

"လာကြည့်စမ်း၊ ဒီမှာ"

စုဝတီက သူ့ကွန်ပျူတာစားပွဲမှာ ထိုင်နေရာက ဘီးတပ်ကုလားထိုင်ကို လျှောထုတ်လိုက်ပြီး မြရွက်ညို့ နံဘေးထိုင်ရက်ပုံစံနှင့် ကပ်လာပါသည်။

"ဟာ ... ဒါ ဟိုလူကြီးပဲ"

"အေးလေ"

"သူငယ်ငယ်ကပေါ့"

"အေးပေါ့၊ သူ့အသက် သုံးဆယ်လောက်ကပေါ့"

"မိုက်လှချည်လား၊ အောက်ပိုင်းက နှင် ဘာနဲ့ဖြတ်ဆက်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရက်ထိပစ်နဲ့ ... ဟိဟိ"

"သြော် ... ဒါကြောင့် ကျစ်လျစ်တောင့်ဖြောင့်နေတာကိုး ဟား-မား"

"ဟား ဟား ဟား"

နှစ်ယောက်သား ကွန်ပျူတာထဲကပုံကို စိတ်ဝင်တစားကြည့်ကာ တစ်ယောက်ကိုတစ်ယောက် ရိုက်ပုတ်ပြီး ရယ်လို့မဆုံး ဖြစ်နေကြပါသည်။

"နင် ဒီပုံ ဘာလုပ်ဖို့လဲ"

"လိုအပ်ရင် နည်းနည်းပါးပါး စတိုရီ လုပ်ဖို့ပေါ့ဟယ်၊ ဟဲ့ ... ဒီမှာ ကြည့်စမ်းပါ စု"

မြရွက်ညိုက သူ ဖြတ်ဆက်နေတဲ့ပုံကို ကြီးအောင်ချဲ့ယူလိုက်ကာ လည်ပင်းနေရာတစ်ဝိုက်ကို စကရင်ပေါ် ဆွဲတင်လိုက်ရင်း ...

"ဒီမှာ လည်ပင်းကော်လာဆက်တဲ့ နေရာက သိပ်မသိသာဘူးလားဟင်၊ သိပ်မသပ်ရပ်သလိုပဲ"

"မသိသာပါဘူး မြရယ်၊ နင် ဒီပုံထုတ်သုံးတော့ရော ဒီလိုအကြီးကြီး ချဲ့သုံးမှာမှ မဟုတ်ဘဲမှလား၊ သာမန်ဖိုးစစ်စ်ဆိုက်ဇ်ပဲ သုံးမှာမို့လား"

"အေးပေါ့"



"သပ်ရပ်ပါတယ်ဟယ် နင်ကလည်း၊ နင့်က တော်ကိုတော်တယ်"

"သူ့မျက်နှာကိုလည်း ငါက နည်းနည်းပြင်ထားသေးတာ"

"ဟုတ်လား၊ အေး ... အဲဒါကြောင့် အဲဒီလူကြီးပုံလို့ သိထားပေမယ့် တော်တော်ဆင်တယ် ဆိုတာလောက်ပဲရှိတာယ်"

"အဲဒါဆို အိုကေတယ်"

ပုံကို မြက စီဒီနှင့် ကူးယူနေဆဲ စုဝတီက ကုလားထိုင်ကို ဘီးလိမ့်ကာ သူ့ကွန်ပျူတာဘက် ပြန်ကူးသွားရင်း ...

"ဟဲ့ ... မြ၊ ဒီမှာ ကြည့်စမ်းဟယ်၊ ဒီအင်္ကျီလေး ဘယ်လောက်လှလဲ၊ အစိမ်းလေးလေး၊ ဒီဟာလေးရော ကြည့်ဦး"

မြရွက်ညိုက ခုန စုဝတီလုပ်ပုံအတိုင်း သူ့ခုံကိုလှိမ့်ရင်း ဆောကိုတိုးပြီးကြည့်ကာ ...

"အေး ... လှတယ်၊ ငါက ခရမ်းရောင်လေး ပိုကြိုက်တယ်၊ အဲဒါ ဘယ်ကပုံတွေလဲ"

"ဗန်ကောက်က ဖက်ရှင်ဆိုင် တစ်ဆိုင်က ကြော်ငြာတင်ထားတာတွေ၊ ငါလျှောက်ရှာရင်း တွေ့တာ"

"ဟဲ့ ... ဒီလောက်ဆိုရင် ငါတို့ဆီလည်း ရောက်နေလောက်ပါပြီ၊ ငါ လပြည့်ဝန်းမှာတောင်မှ တွေ့ဖူးလှားလို့"

"ဟုတ်လား၊ တစ်ရက် သွားရအောင်၊ ငါ ဒီအစိမ်းမျိုးလေးကြိုက်တယ်၊ ဦးကျော်မင်းကို ဝယ်ပေးခိုင်းမယ် ... အဟဲ"

www.burmeseclassic.com

www.burmeseclassic.com



မြရွက်ညိုက စုဝတီကို မျက်စောင်းတစ်ချက် ခပ်နက်နက် ထိုးလိုက်ရင်း နှုတ်ခမ်းကိုစူကာ ကုလားထိုင်ကို ပြန်လှည့်ရွေ့သွားပါသည်။

"နှင်နော် ... တဖြည်းဖြည်းနဲ့ နှင် ကောင်းကိုမကောင်းတော့ဘူး၊ ငါ တစ်ခါတစ်ခါကျ နှင့်ကို မုန်းတောင်မုန်းလာတယ်"

"မုန်းပါနဲ့ မြရယ်"

"မုန်းတယ်၊ နှင်က ငယ်ငယ်ကလို မဟုတ်တော့ဘူး၊ ငယ်ငယ်ကဆိုရင် နှင်က ဆင်းဆင်းရဲရဲ ရိုးရိုးသားသားလေး၊ ချမ်းသာတဲ့သူတွေနဲ့ဆိုရင် ရှိန်ပြီး မပေါင်းဘူး၊ ပြုံးကြောင်ကြောင်လေးနဲ့ ချစ်စရာလေး၊ ခုလိုမဟုတ်ဘူး"

"ခုလည်း တူတူပါပဲ မြရယ်၊ ခုလည်း ဆင်းဆင်းရဲရဲလေးပါပဲဟယ်"

"ဒါပေမဲ့ ရိုးရိုးသားသားလေး မဟုတ်တော့ဘူး၊ နှင့်ကို ငါ သိပ်နမြောတာပဲ သိလား စု"

"နှင်နော် ... ငါ ဝမ်းနည်းအောင် ပြောမနေနဲ့"

"ပြောမှာပဲ၊ ခုဆိုရင် အမေကတောင် ငါ့ကို နှင်နဲ့သိပ်မပေါင်းစေချင်တဲ့သဘောတွေ ပြောနေပြီ၊ စုကို ခွာတော့တဲ့"

စုဝတီက ဝမ်းနည်းသလို မျက်နှာလေး ငယ်သွားပါသည်။





"ငါကတော့ မခွာနိုင်တော့ ဆက်ပေါင်းနေရတာပေါ့၊ မေမေက နှင့်အသံတင်းတွေ အားဘိက ကြားတာပေါ့ဟာ၊ ဟုတ်တာတွေလည်းပါ၊ မဟုတ်တာတွေလည်း ခပ်ချဲ့ချဲ့နဲ့ ပါမှာပေါ့ဟာ"

"မြရယ် ... ငါ့ဘဝနဲ့ ငါပါပဲဟယ်"

"အမယ် ... အဲလို ဇာတ်စကားတွေ လာမပြောစမ်းပါနဲ့၊ ဘာမဆို ကောင်းတာရော ဆိုးတာရောဟာ ကာယကံရှင် လူကလုပ်တာ၊ ပတ်ဝန်းကျင်တို့ ကိုယ့်ဘဝတို့ကို နားထောင်ကောင်းအောင် ပုံမချနဲ့၊ နှင့်အပြစ်ပဲ"

"အေးပါဟာ ဟုတ်ပါတယ်၊ ဒါပေမဲ့ မြရာ၊ နှင်ကပြည့်စုံတော့ ပြောအားရှိပါတယ်ဟာ၊ လုံးဝမပြည့်စုံရတဲ့ ချို့တဲ့ရတဲ့ဘဝကို နှင် မသိပါဘူး"

"ငါလည်း ငယ်ငယ်က ဆင်းရဲဖူးပါတယ်"

"ခဏပဲမှလား၊ နှင် သိသလောက်က အကြမ်းဖျဉ်းပါဟာ၊ မြရယ် ... နှင်သိတဲ့အတိုင်း အမေက သွေးတိုး ဆီးချို ဆင်းရဲပါရက်နဲ့ သူဌေးရောဂါ လာဖြစ်နေတယ်၊ ငါ့မောင်လေးက ဒီနှစ်ဆယ်တန်းလေဟာ၊ ကျူရှင်ခတွေ တအားကုန်တယ်ဟာ"

"ဟင်း ..."

မြရွက်ညိုက သက်ပြင်းရှည်ကြီး ချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အန်တီက နင့်ကို ငါနဲ့ခွာဖို့ပြောတာ မပြောနဲ့ ငါ့အမေကိုယ်တိုင်တောင် ငါ့ကို ကြည့်လို့မရဘူး၊ မပြောသာလို့ အံကြိတ်ကြည့်နေတာ၊ မတတ်သာလို့ ငါ့ရှာကျွေးတာ စားနေရလို့ ပါးစပ်ပိတ်နေကြပေမယ့် အမေရော မောင်လေးရော ငါ့ကို လုံးဝကြည့်မရကြဘူးဆိုတာ ငါသိပါတယ်၊ ငါလုပ်နေတဲ့အလုပ်ကို သဘောမကျကြတာ သိပါတယ်၊ အဲဒါလည်း ငါ့အတွက်ပဲဆိုတာ ငါနားလည်ပါတယ်၊ ဒါပေမဲ့ လောလောဆယ် ဝင်ငွေခပ်ကောင်းကောင်းလေး ရနေဖို့က ငါ့အရည်အချင်းနဲ့"

"အေးပါဟာ၊ နင် သီချင်းဆိုတာအထိ ငါ သဘောလည်းတူတယ်၊ နားလည်းလည်ပါတယ်၊ ဒါ သမာအာဇီဝပဲဟာ၊ နင် သီချင်းဆိုတတ်တယ်၊ အသံကောင်းတယ်၊ ဒီတော့ သီချင်းဆိုတဲ့အလုပ် လုပ်စားတယ်၊ အဲဒါ ဘာမှမဖြစ်ဘူး၊ ခုလို ဦးကျော်မင်းလို ဟာကြီးနဲ့ ငြိတိတိလုပ်လာတာကျတော့ ..."

"အလကားပါဟာ၊ အရေးမပါတဲ့ဟာပါ မြရယ်"

"နင် အပြောခံရမှာပေါ့ စုရယ်"

"အေးပါဟယ်၊ နင့်စေတနာကို ငါ သိပါတယ်"

"ပြောလိုက်ရင် လေပြည်လေးနဲ့ ဒါပဲ"

"ဟဲ့ ... မြ"



"ဘာလဲ"

"နင်လည်း ဦးမင်းသီဟန်ကို လျှပ်ရှားမလို့လေ"

"ဘာမှမဆိုင်ဘူး၊ နင့်ကိစ္စနဲ့ မတူဘူး၊ ငါကသမိုင်းကြွေး၊ နော် ... နင် သိထားဖို့က ငါ့ကိစ္စက ငါလုပ်ကိုလုပ်ရမယ့်တာဝန်၊ ဂျူတီ"

"အေးပါ ... နင်က ဂျူတီဆိုတော့ ငါကတော့ မူလီပေါ့ဟယ်"

"ဟုတ်တယ်၊ မူလီ၊ အရစ်မ ... ဟား ဟား"

စုဝတီက မြရွက်ညို့ ရယ်မောလိုက်မှ နည်းနည်းစိတ်ားသွားပါသည်။ အချစ်ဆုံး သူငယ်ချင်းဖြစ်ပြီး သူ့အပေါ်ကောင်းသူတဲ့ မြရွက်ညို့ကို သူ အဆုံးရှုံးမခံနိုင်ပါ။ မြနဲ့စုတို့ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ရင်းနှီး ပွင့်လင်းလှသည်လည်းဖြစ်၍ တစ်ယောက်အကြောင်း တစ်ယောက် အတွင်းသိအပြင်သိ။

တကယ်တော့ သီချင်းဆိုရာကနေ စုရဲ့ခြေလှမ်းတွက်ယွင်းယိမ်းယိုင်လာသည်မှာ ကာယကံရှင်ကိုယ်တိုင် စိတ်ဓာတ်ခိုင်မာလို့ရော၊ ပတ်ဝန်းကျင်ရဲ့တွန်းပို့မှုရော၊ ဘဝပေးအခြေအနေအရရော အကြောင်းတွေ အမျိုးမျိုးကြောင့်ပင်။ ကိုယ့်သောဝန်းကျင်မှာ ဒီလိုဓာတ်လမ်းတွေ မြင်တွေ့ ရိုးအီလာတာကလည်း ဒီအဖြစ်အပျက်ဟာ အထူးအဆန်း မဟုတ်သလို ရေးကြီးခွင်ကျယ်ဟုတ်သလို ခပ်ပေါ့ပေါ့ တွေးမိလာစေခဲ့တာအမှန်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုယ့်ရဲ့မပြည့်စုံမှု လိုအပ်မှုတွေကလည်း အလွယ်တကူရတဲ့ ငွေကြေးကို မက်မောမိစေဖို့ တွန်းပို့ပြန်သည်၊ မြရွက်ညို့ထ စုဝတီကို အမြဲကူညီခဲ့ပေမယ့် အခါခပ်သိမ်းတော့ လည်း သူ့အကူအညီတွေကို ယူနေလို့ ဘယ်ကောင်းပါ့မလဲ၊ တစ်ခါတစ်ခါတော့လည်း စောစောစီးစီး သေသွားတဲ့ အဖေ ကျန်းမာရေးမကောင်းတဲ့ အမေတို့ထံမှာ သမီးအကြီး လာဖြစ်နေ ရတဲ့ ကိုယ့်ရဲ့ဘဝပေးကုသိုလ်ကံပေပဲလို့လည်း ဖြေလျှော့ဖော့တွေး လိုက်မိတတ်ပါသည်။

"ဦးကျော်မင်းကြီးက ငါ့ဆီမှာ နင့်အကြောင်းတွေ ရေရေ လည်လည် တီးခေါက်နေတာ"

"နင် ဘယ်လိုပြောထားလဲ"

"စုသူငယ်ချင်းက အရိုးအအေးလေးလို့ပေါ့"

"ယုံရဲ့လား"

"မဲ့တဲ့တဲ့ကြီးနဲ့ လှောင်ရယ် ရယ်နေတာ၊ သိပ်မုန်းဖို့ကောင်း တာပဲ၊ မင်းသူငယ်ချင်း အရိုးလေးက ငါ့သူငယ်ချင်းတို့ ဖန်ဖို့ချောင်းနေတယ် မဟုတ်လားတဲ့၊ ငါကလည်း မသိ ချင်ယောင်လေး ဆောင်နေတာပေါ့"

"အခု ဦးမင်းသီဟန်က ငါ့နာမည်လည်း သိနေပြီပေါ့"

"ဟုတ်တယ်"





"ငါ့အကြောင်း ဦးကျော်မင်းဆီမှာ လှမ်းစုံစမ်းတယ်ဆို တော့ သူ စိတ်ဝင်စားနေပြီဆိုတဲ့ သဘောပေါ့နော် စု"

"ဒီငချွတ်မ ဘာလိုက်ရှုပ်နေတာလဲ သိချင်တာလဲ ဖြစ်နိုင် တာပဲ"

"ဟား ဟား ဟား ... ဘာပဲဖြစ်ဖြစ် ဒီလူကြီး Excited တော့ ဖြစ်နေပါတယ်"

ကျေနပ်နေတဲ့ ပြုံးမဲ့မဲ့ရုပ်နှင့်လည်း လှပနေတဲ့ မြ ...က်နှာလေးကို စုက ချစ်စနိုး ကြည့်နေမိပါသည်။ စုကတော့ ...ငယ်ချင်းကိုချစ်၍ သူငယ်ချင်းလုပ်ချင်တာကို အားကကူညီ ...ားပေးမှာပင်။ စုနှင့် မြဟာ ဟိုက်စကူးမှာကတည်းက အတွဲညီညီ ...ိကန်ပေတူးခဲ့ကြတဲ့ သူနှစ်ယောက်။ ကျောင်းသူအလိမ္မာလေး ... မဟုတ်။ အဆိုးလေးတွေ။

ထောင့်မကျိုးတဲ့ ပုံစံတွေကြောင့် ရွယ်တူတွေလည်း ...ာ်မုန်းကျိုး ဆရာမတွေလည်း အော့ကြောလန်။ သူတို့ချင်းသာ ...အစ်မရင်းထက် ချစ်ကြတာ။ တစ်ယောက်က တစ်ခုခုလုပ်တော့ ...ဆို လှည့်တိုင်ပင်ဖို့မလို၊ နောက်တစ်ယောက်က အလိုတူ ...ပါ ပါပြီးသား။ ရိုးရိုးအေးအေးလေးတွေထက် ကိုယ်လုပ်ချင် ... ကိုယ်လုပ်နေကြတဲ့ ဂျစ်တူးမတွေပင်။

နှစ်ယောက်လုံး ငယ်ငယ်ကပင် အဖေမရှိကြတာ ...လည်း အတူတူ။ မြရဲ့အမေကကျတော့ ညောင်ပင်လေးဈေး



www.burmeseclassic.com

www.burmeseclassic.com



မှာ နို့ဆီ သကြား စီးကရက်၊ အအေး၊ အရက်၊ ဘီယာ၊ မုန့်ခြောက် မုန့်ပုံးတွေ အချိုအချဉ်ဘူး ပုလင်းတွေ ရောင်းတဲ့ဒိုင်ဆိုင်ဖြစ်ရာ အလုပ်ရှုပ်လှပြီး မိုးလင်းကမိုးချုပ် မအားလပ်သူ။ ဖွေးခနဲဖွေးခနဲ ဝင်နေတဲ့ ငွေတွေနှင့် နပန်းလုံးနေသူ။

သမီးလုပ်သူလိုတာ ရော ... အင်း။ ပြန်လှည့်မကြည့်အား။ ဒီတော့ မြရွက်ညိုက လွတ်လပ်ရေးရနေပါသည်။ စုအမေကကျတော့ အရင်က မုန့်ဟင်းခါး အုန်းနို့ခေါက်ဆွဲဆိုင် ထွက်ပါသည်။ သို့ပေမယ့် ချောက်တီးချောက်ချက်မျှသာ။ သားအမိသုံးယောက် လောက်တယ် ဆိုရုံထက်မပို။ တဖြည်းဖြည်း အမေက မကျန်းမမာဖြစ်ကာ ဆိုင်ကလေးလည်း ပြွတ်လုတည်းခါ ဖြစ်လာချိန် စုက သီချင်းအဆိုကောင်းပီပီ ဆိုင်တစ်ဆိုင်မှာ စွတ်စွတ်စွတ်စွတ် ဝင်လျှောက်လိုက်ပြီး အလုပ်တွေ ဘာတွေရသွားချိန် ချိန်ကိုက်ထားသလိုဖြစ်ကာ အိမ်ရဲ့အဓိကဝင်ငွေ ရှာဖွေသူက ဖြစ်သွားလေရာ အမေရော မောင်လေးရောဟာ စုကို မှီခိုသူတွေ ဖြစ်သွားတော့တာပင်။ တစစ တဖြည်းဖြည်း အိမ်မှာ စုက ဗိုလ် ဖြစ်လာကာ သူ့ဟာနှင့်သူ လွတ်လပ်ရေး ရနေတော့တဲ့သူ။

လွတ်လပ်ရေးရနေကြတဲ့ စုနှင့် မြတို့နှစ်ယောက်ပေါင်း လောင်းကျော်နေကြတာပါ။

"ဟဲ့ ... စု"

"ဟင်"





"ငါ ဖုန်းဆက်ကြည့်လိုက်ဦးမယ် သိလား"

"အေး ... ဆက်"

မြရွက်ညိုက ဖုန်းကို ဘောင်းဘီအိတ်ထဲက နှိုက်ယူကာ ဂဏန်းတချို့ နှိပ်လိုက်ပါသည်။ တစ်ဖက်က တစ်ကြိမ်မျှ မြည်ရုံနှင့် ချက်ချင်းဖွင့်ကိုင်ကာ ...

"ဟယ်လို"

"ဟယ်လို"

"ဟယ်လို ... ဘယ်သူလဲ ပြောပါ၊ ဘာမှပြောစရာမရှိဘဲနဲ့ ဖုန်းကို အလကားနေရင်းခေါ်ပြီး ချပစ်သွားမှာဆိုရင်တော့ အစကတည်းက မခေါ်ပါနဲ့"

အလဲ့ ..."။

စကားခပ်ရှည်ရှည်တောင်ပြောလို့။ ကြိုစဉ်းစားထားခဲ့ရသည်။

"ပြောမှာလား၊ ချလိုက်ရမှာလား"

"ဦးလား"

မြက တိုးတိတ်တိတ်လေး လေသံဖျဖျနှင့် မေးလိုက်ပါသည်။

"ဦးဆိုတာ မင်းက ဘယ်သူ့ကို ပြောနေတာလဲ"

"ဦးမင်းသိဟန်"

"မင်း ... မြရွက်ညိုလား"



www.burmeseclassic.com

www.burmeseclassic.com



မြက ဘာမှမဖြေဘဲ အငိုက်မိ အံ့ဩသွားသလို တိဖော့်နေလိုက်ပြီးမှ ဖုန်းကိုဖျတ်ခနဲ ပိတ်ချလိုက်ကာ ...

"ဟား ဟား ဟား ... မြရွက်ညို့လားတဲ့၊ ငါသိပါတယ် ပေါ့လေ၊ ငါကလည်း လန့်သွားတဲ့ပုံနဲ့ ဖုန်းကိုပိတ်ချလိုက် တယ်"

"ကလိ ကလိနဲ့ ကျန်ခဲ့မှာပဲ"

"ကျန်ပစေ၊ ကဲ ... ငါတို့လည်း လစ်စို့ စု"

"အေး"

ကွန်ပျူတာသင်တန်းကို နှစ်ယောက်အတူတူ တစ်မျိုးပြီးတစ်မျိုး တက်နေခဲ့တာ။ စုရဲ့သင်တန်းခတွေကို မြက ကျခံသည်။ အခုတော့ ရင်းနှီးနေတဲ့ သင်တန်းခန်းမမှာ သင်တန်း တစ်ချိန်နဲ့တစ်ချိန်ကြား အားလပ်ချိန်တွေမှာ တစ်နာရီဘယ်လောက်နှင့် ကွန်ပျူတာ အငှားသုံးနေတာ။ မြ အိမ်မှာ ကွန်ပျူတာရှိပေမယ့် စု အိမ်မှာမရှိ။ ဒီမှာလာကိုင်သုံးတော့ နှစ်ယောက်အတူ အဖော်လည်းရ၍ ပျော်လည်းပျော်ရသည်။ ပျင်းရင် ပျင်းသလို သင်တန်းကြားချိန်တွေမှာ ကွန်ပျူတာလာကိုင်တတ်တဲ့ မြနဲ့စုကို ဒီကဆရာမတွေကလည်း ရင်းနှီးနေပြီ။

"ပြန်ပြီလား မြတို့"

"ဟုတ်ကဲ့ အစ်မ"

နှစ်ယောက်သား အပေါ်ထပ်က ဆင်းလာကြရင်း ...





"စု ... ဒီနေ့ လောင်းမလား"

"လောင်းမယ်၊ သူ ရှိနေမယ်"

ဒီသင်တန်းကအပြန်တွေမှာ လောင်းနေကျအလောင်းအစားလေးကတော့ သင်တန်းတည်ရာတိုက်ရဲ့ အနီးတစ်ဝိုက်မှာ မြကို စောင့်နေမယ့် မိုးခ ရှိနေ မနေကိုပါပဲ။ သင်တန်းတက်နေကြစဉ်တစ်လျှောက် အတူတူ တက်ဖြစ်ခဲ့ကြပြီး ခုတော့ သင်တန်းက ပြီးဆုံးသွားပြီဆိုတော့ သူက IELTS ဖြေဖို့ အင်္ဂလိပ်စာတစ်ခု သွားတက်နေပြီ။

မြတို့က ကွန်ပျူတာလာကျင့်တယ် နာမည်ခံပြီး လာဆော့နေကျ ဖြစ်တာကို သိတဲ့ မိုးခုနဲ့ သူ့သူငယ်ချင်း ဖော်ဇလတို့ဟာ မြတို့ကို အောက်က လာစောင့်နေတတ်ကြလေ့ရှိပါသည်။

"ဒါဖြင့် လောင်းမနေနဲ့တော့၊ ငါကလည်း သူရှိနေမယ်ပဲ ထင်တာ"

"အေးလေ၊ မလာတာ သုံးရက်လောက်ရှိပြီဟာ"

"အေး ... ဒီနေ့တော့ ရှိမှာပါ၊ ဉာဏ်"

မြရွက်ညို့ရဲ့ မျက်နှာလေးက ကြည်လန်းလာပါသည်။ တိုက်ရဲ့လှေကားခွင်ထဲက ထွက်ကာ ဟိုဘက်ဒီဘက်ခေါင်းဆွဲလှည့်ပတ်ရှာဖွေလိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ဟိုမှာ ... ဟိုမှာ ... ဖော်ဗလ ကား"

"အေး"

"ဟော် ... မိုးခ လာနေပြီ"

"အေး"

မြသည် စကားတောင် သေချာမပြောနိုင်တော့ပဲ "အေး"တစ်လုံးနှင့်ပြီးကာ ဒီဘက်ကိုလျှောက်လာနေတဲ့ အရပ်ရှည်ရှည် ဖြူဖြူပိန်ပိန် ကောင်ကလေးကို ချစ်ခင်တွယ်တာတဲ့ မျက်လုံးလေးနှင့် ရှက်ပြုံးလေးစွက်ပြီး ဆီးကြိုစောင့်လင့်နေလိုက်ပါသည်။

အနားကိုရောက်လာတဲ့ မိုးခက ထုံးစံအတိုင်း သူ့လက်ထဲပါလာတဲ့ ပီကေပြားလေးတွေထဲက မြနှင့်စုကို တစ်ယောက်တစ်ပြား ကမ်းပေးသည်။ ထိုကောင်ကလေးသည် စကားအပြောအဆို အပြုံးအရယ် နည်းပါးလှပြီး မျက်လုံးကလေးနှင့်သာ သူ့ရင်ခွင်ကို ဖွင့်ပြတတ်သော ကောင်ကလေးတည်း။

ကွန်မြူတာသင်တန်းတွေကို တစ်မျိုးပြီးတစ်မျိုး နှစ်လ, နှစ်လနှင့် သုံးမျိုးတက်ဖြစ်တော့ စုစုပေါင်းခြောက်လအတူ။ မိုးခနှင့် ဖော်ဗလ အတွဲရယ်၊ မြနှင့် စု အတွဲရယ်ဟာ ထိုခြောက်လအတွင်း သင်တန်းတစ်ဘက်ချဲ့တည်း အတူစား အတူသွား ခင်မင်ကျွမ်းဝင်ခဲ့ကြပါသည်။ ဖော်ဗလက သူ့ရည်းစားနှင့်သူရှိကာ စုကလည်း သူ့လိုင်းနှင့်သူ။





မိုးခနှင့် မြကတော့ တစ်ယောက်ကို တစ်ယောက် ရင်ခုန်ခဲ့ကြပါသည်။

မြင်မြင်းချင်းမှာကို သူဟာ ကိုယ့်အတွက်ရယ်လို့ အပြန်အလှန် သိမှတ်သေချာခဲ့ကြတာ။ တရားဝင်ချစ်သူတွေရယ်လို့ မဖြစ်သေးတာကလွဲရင် သူတို့လေးယောက်ထဲမှာ သာမက ကွန်မြူတာသင်တန်း တစ်ခန်းလုံးကပင် ချစ်သူတွေလို့ သတ်မှတ်ထားလိုက်ကြတဲ့ အနေအထားမျိုးပါ။

"ဟဲ့ ... နင်တို့ ဘယ်လဲ"

မိုးခက မေးတာမဟုတ်ပါ။ ကားသော့ပိတ်နေ၍ ဆေးငါးလှမ်း နောက်ကျပြီးမှ ရောက်လာတဲ့ ဖော်ဗလက မေးလိုက်တာ ဖြစ်ပါသည်။

"ငါတို့လား၊ ဒီလိုပေါ့ ဟိုဟိုဒီဒီ ရောက်ရာပေါ့"

"ဗိုင်းကောင်းကျော်ဖိ မိန်းမပျိုလေးတွေပီပီပေါ့လေ"

"ဒါပေါ့ဟယ်၊ အိမ်ကိုတစ်ခါတည်း အပြီးမှာခဲ့တယ်၊ မိုးချုပ်မယ်လို့"

"ပိုင်တယ်ဗျာ"

"နင့်ရည်းစားကိုရော ငါတို့ဆီ သင်တန်းတက်ခိုင်းဦးမလား"

"တော်ပါပြီ၊ ကြောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဗလက ပခုံးတွန့်တွန့်ပြီးဖြေကာ စုနှင့် နှစ်ယောက်သား ရယ်မောကာ နေပါသည်။ မြရွက်ညိုက အမြဲစကားနည်းနည်းပုံစံအတိုင်း ခုလည်းပဲ နှုတ်ဆိတ်နေတဲ့ မိုးခကိုမော့ကြည့်ရင်း ...

"မိုးခ ... နင် နေကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်"

ဗီပုံဆွယ်တာလက်ပြတ်အပေါ်က ထပ်ထားတဲ့ပုံစံအင်္ကျီနှင့် ဂျင်းဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှစ်ဖက်လုံးအား တိုက်ထိုးနှိုက်ပြီး မတ်မတ်ရပ်နေတဲ့ မိုးခက မြရွက်ကို လှဲလှဲလေး ငုံ့ကြည့်၍ ဂရုတစိုက် အမူအရာနှင့် ဖြေပါသည်။

"ဘယ်ကနေ ပြန်လာတာလဲ"

"မနက်ကတော့ အင်္ဂလစ်ရှ်သွားတက်တယ်၊ ပြီးတော့ ဒီလာမယ်လို့ စိတ်ကူးတာနဲ့ စောနေသေးလို့ အင်တာနက်သွားထိုင်တယ်"

"ချက်တင်လုပ်သေးလား"

"အင်း"

"ဟွန်း"

မြကနာခေါင်းရှုံ့၍ မိုးခကို စူပုပ်ပုပ် မျက်စောင်းထိုးလိုက်ပါသည်။





"အမြင်ကတ်တယ်"

ပွစိပွစိနှင့် အသံမထွက်ဘဲ မှန်းဆသာရှုံ မကြားနိုင်အားဆိုလျှင် မိုးခက မပွင့်တပွင့်ပြုံးနှင့် မြရွက်ညိုကို ငုံ့ငုံ့လေးကြည့်ကာ ...

"ခဏာပါ"

"ဘာခဏာလဲ၊ ခဏာလည်း ခဏာပဲပေါ့၊ ဟိုတစ်ခါ Snow angel ဆိုတဲ့ ကောင်မလေးနဲ့ ချက်သေးလား"

"သူ့ကို မတွေ့တာတောင် ကြာပြီ"

"လွမ်းနေတယ်မှလား"

"ဟာ ... ဘာလို့လွမ်းရမှာလဲ၊ အချိန်ခဏာဝင်ဖြုန်းတာပါ၊ ဒီကိုလာဖို့ စောနေသေးလို့၊ မြတို့ ဒီအချိန်လောက်မှ ထွက်မယ်ဆိုတာ သိထားလို့လေ"

"ကဲ ... ကဲ ... သိပ်အလွမ်းမသယ်နဲ့ကွာ၊ နားညည်းတယ်ကွာ၊ နင်တို့ ဘာအစီအစဉ်ရှိလဲ ဒီနေ့၊ မပြန်ကြသေးဘူးမို့လား"

"ငါတို့ လပြည့်ဝန်း သွားမလားလို့"

"နင့်ကား ပါသေးလား"

"မပါဘူး၊ ကြိုဖို့လိုမှ ဖုန်းဆက်လိုက်မယ်လို့ အမေ့ကိုမှာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို လာလေ၊ သွားကြမယ်၊ တစ်ခုခု ဝါးတီးသွား ဆွဲရအောင်ဟာ၊ ခုနကတည်းက ငါပြောနေတာ ဒီကောင်က နင့်ဆီသွားပြီးမှ စားမယ်ဆိုလို့၊ ငါ ဗိုက်ဆာလှပြီ၊ နင်တို့ ရော"

"ဆာတယ်"

"ဘယ်သွားမလဲ မြ"

မိုးခက ငုံ့မေးလျှင် ...

"မြ ကြေးအိုးစားချင်တယ်"

"အေး ... လာ၊ ဒါဖြင့် ဝိုင်ကေကေအို သွားမယ်၊ ဒီနေ့ စု ကျွေးလိမ့်မယ်"

ဖော်ဗလ စကားကြောင့် စုဝတီက ရှေ့ကသွားနေတဲ့ ဖော်ဗလ ကျောပြင်ကို လှမ်းထုလိုက်ရင်း ...

"ဘယ်တုန်းက ပြောမိလို့လဲ"

"မပြောဘဲနဲ့ကို ကျွေးရမှာ၊ နင့်ကိုညှဉ်းဆဲဖို့ အပြတ်တိုင် ပင်လာတာ"

"ဟင် ... နေရင်းထိုင်ရင်း"

"ဘာလဲ ... နင် ငါတို့ကို အကြီးကြီး လျှို့ထားတယ်၊ လုံးဝမသိခဲ့ရတာ။ ကဲ ... ပြောစမ်း၊ နင် ဘာလျှို့ထားလဲ"

စုက မျက်နှာလေးငြိမ်သွားကာ ...

"ဘာလျှို့လို့လဲ"





"အံမာ ... မျက်နှာပိုးသေသေလေးနဲ့ ခုလိုကျတော့ အပိုးကိုကျိုးလို့၊ ဟမ်း ... သူများပြောပြရင် ယုံမိမှာတောင် မဟုတ်ဘူး၊ ညက ငါကိုယ်တိုင် ဟောဒီမျက်လုံးကြီးနဲ့ မြင်လို့"

"နင် ဘာတွေပြောနေတာလဲ"

"နားစမ်းပါဟာ၊ ညက ငါ နင်တို့ဆိုင်ကိုရောက်တယ်၊ တကယ်ဟာ ... နင့်ကို ငါ တကယ်ချီးကျူးပါတယ်၊ နင်လို့ကို မထင်တာ၊ ငါ့သူငယ်ချင်း ဒီလောက်အရည်အချင်း ရှိမယ်လည်း တကယ်မထင်တာ၊ နင်က မိတ်ကပ်တွေလည်း လိမ်းထားတော့ ရုတ်တရက် တကယ်မသိတာ၊ နောက်မှ မြင်ဖူးသလိုလိုပဲ ထင်လာတုန်း အမြဲအဲဒီကိုရောက်နေကျ ကောင် တစ်ကောင်က ပြောပြတာ၊ အဲဒါက စုဝတီတဲ့"

စုက ဘာမှပြန်မပြောဘဲ ကားဆီခပ်တိတ်တိတ်ပဲ လျှောက်နေသည်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ သူ့ဟာသူသိသွားကြတာကလွဲရင် စုက ဘယ်တော့မှ ဘယ်သူကိုမှ စ,ပြီးမပြောခဲ့ဖူးပါ။ တစ်ဖက်က အသက်မွေးဝမ်းကြောင်း ပတ်ဝန်းကျင်နှင့် ဒီဘက်က ကျောင်းသူဘဝ ပတ်ဝန်းကျင်ကို ခွဲခြားထားပါသည်။ မရောယှက်ပါ။

"နင်က ဘာလို့လျှို့ထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လျှို့ထားတာတော့ မဟုတ်ပါဘူးဟာ၊ တကူးတက ဘယ်သူ့ကိုမှ ပြောမနေတော့တာပါ၊ မသိလည်း အေးရောပေါ့"

"အေး... အခုသိသွားတော့ မအေးတော့ဘူး၊ ငါတို့ထဲမှာ နင်တစ်ယောက်ပဲ အလုပ်နဲ့ အကိုင်နဲ့ ဝင်ငွေနဲ့ ဖြစ်နေတာ၊ ကျွေးပေတော့ ... ဟား ဟား"

စုကပြုံးစိစိ ဖြစ်သွားရကာ ဇော်ဗလကို မျက်စောင်းထိုးလိုက်ပါသည်။ အချို့သောသူတွေဟာ စုတို့လို မိန်းကလေးတွေကို တစ်မျိုးကြည့်မြင်တတ်ကြသည်။ တစ်ယောက်နှင့် တစ်ယောက်တော့ မတူကြဘူးပေါ့။ အလကားနေရင်း ငုံ့ကြည့်မယ့် မျက်ဝန်းမျိုးကိုတော့ စု မလိုလားပေ။ ခုတော့ ဇော်ဗလရဲ့အမြင်ရှင်းမှုက စုစိတ်ကို ကြည်နူးချမ်းမြေ့စေသည်။

"အေးပေါ့ဟယ်၊ ကျွေးရတော့မှာပေါ့၊ မသထာရေစာလေးပေါ့"

"ရတယ်၊ မသထာလေ ဝါးလို့ကောင်းလေ"

ကားပေါ်မှာ စုနှင့် ဇော်ဗလ အချီအချ ကျယ်ကျယ်လောင်လောင် ငြင်းခုန်ပြောဆိုလာကြပါသည်။ မိုးခနှင့် မြရွက်ညိုတို့ကတော့ ခပ်တိတ်တိတ်။ သူ့ချည်းဆိုရင် စကားများတတ်တဲ့ မြကလည်း မိုးခ အနားရောက်လျှင် မိုးခရဲ့ဓာတ်ကူးကာ စကားနည်းသွားတတ်သည်။ အုံ့ပုန်းစိတ်လေးတွေက မရိုးသားကြတော့ အမြဲမလှုံမလဲ မဝံ့မရဲ ရှိနေတတ်ကြသည်။





မျက်လုံးချင်းလေးတွေသာ အချင်းချင်း အသံတိတ်စကား ဆိုနေလျက် ပြန်ကြခါနီးကျမှ မိုးခက ခပ်တိုးတိုးနှင့် မြနားကပ်ကာ ပြောသည်။

"ညကျ ဖုန်းဆက်မယ်နော်၊ အားတယ် မဟုတ်လား"

"အားတာပေါ့၊ မြ စောင့်နေမယ်လေ"

❖ ⭘ ❖

"ဒေါက် ... ဒေါက်"

မိုးခက တံခါးခေါက်သံကြောင့် လက်ထဲကဂဏန်းနှိပ်လက်စ ဟဲန်းဒ်ဖုန်းကို ပြန်ဖျက်ပိတ်လိုက်ရင်း ...

"တံခါးဖွင့်ထားတယ်"

အခန်းတံခါးက ချပ်ခနဲပွင့်ကာ မေမေ့ခေါင်းပြူဝင်လာသည်။ မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးသော အရိပ်အယောင်နှင့် ရှုံ့တွတွဖြစ်နေသော မေမေက ...

"မင်းအဖေဆီ ဖုန်းဆက်စမ်းသား၊ မင်းဘကြီးရောက်နေတယ်လို့၊ မေမေ ဆက်နေတာ ဖုန်းကမအားဘူး၊ စောင့်ခေါ်မနေနိုင်တော့ဘူး၊ မေမေ လုံးဝမအားဘူး၊ မင်းသိုး လက်မှတ်ထိုး လက်ထပ်မှာက သန်ဘက်ခါ၊ လက်မှတ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



မယ့်ဝတ်စုံက ခုထိ စီးကွင့်စ်ထိုးတာ မပြတ်သေးဘူး၊ ဒီညဆိုရင် ညိုညိုတို့ကိုတောင် ဒီမှာညအိပ်ခိုင်းထားရတယ်၊ တစ်ညလုံးပေါက် ထိုးကြ၊ မနက်မှအိပ်ကြလို့ ပြောထားရတာ၊ မင်းဘကြီးကိုလည်း စကားပြော ညှော်ခံမနေနိုင်တော့ဘူး၊ သား အားရင် ဘဘကို စကားနည်းနည်းပါးပါးသွားပြောပါလား"

"အာ ... မေမေကလည်း၊ ဘဘက သိပ်ရစ်တာ၊ ထားလိုက်ပါ၊ အောက်မှာ သူ့ဟာသူ ယူဘီစီကြည့်ရင်း စောင့်လိမ့်မယ်၊ ဖေဖေ့ကို ဆက်ပေးမယ်"

"ပြီးရော ... ပြီးရော၊ ခုဆက်လိုက်နော်"

မေမေက တံခါးဝမှ ခေါင်းထုတ်ကာ ချုပ်ခန်းတံခါးပိတ်ပေးသွားပါသည်။ မိုးခရဲ့မေမေက နာမည်ရဖက်ရှင်ဒီဇိုင်နာတစ်ယောက်ဖြစ်ကာ အနုပညာအသိုင်းအဝိုင်းရော၊ သာမန်လူကုံထံအသိုင်းအဝိုင်းရော၊ ထိပ်သီးအရာရှိကတော်ကြီးများ အသိုင်းအဝိုင်းရော၊ အသိုင်းအဝိုင်း အစုံစုံရဲ့ အပ်ထည်တွေကို အငှားတပည့်စက်သမား ငါးယောက်၊ ပန်းထိုးသမား ငါးယောက်တို့နှင့် လက်မလည်အောင် ချုပ်နေရတဲ့သူ ဖြစ်ပါသည်။

ဒီရက်ပိုင်းအတွင်းထဲမှာ နာမည်ကြီးသရုပ်ဆောင်မင်းသမီးတစ်ယောက်ရဲ့ စေ့စပ်ပွဲ၊ လက်မှတ်ထိုးပွဲ၊ ဆွမ်းကျွေးညှော်ခံပွဲ စသည်တို့အတွက် ဝတ်စုံလေးစုံ စပါယ်ရှယ်ချုပ်နေရတာရယ်၊ အလှကုန်တစ်ခုရဲ့ Title မယ်ရွေးပွဲတစ်ခုမှာ ဝင်ရောက်ယှဉ်ပြိုင်မည့်သူတချို့ရဲ့ အပ်ထည်တွေ ပေးရဖို့ရက် နီးကပ်နေတာရယ်တို့ကြောင့် အလုပ်တွေရှုပ်နေတာပင်။

မိုးခက ဖုန်းနံပါတ်တစ်ခုကို နှိပ်လိုက်သည်။ တူ တူ တူ တူ နှင့် Busy Tone ။ သုံးခါလောက်နှိပ်အပြီးမှာတော့ မြည်းအားသွားပါသည်။

"ဟယ်လို"

"ဖေဖေလား"

"အေး ... သား၊ ပြော"

"အိမ်မှာ ဘဘရောက်နေတယ်"

"ဟုတ်လား၊ ဘာတဲ့လဲ"

"မသိဘူး ဖေဖေ၊ မေမေက မအားဘူးတဲ့၊ မင်းသမီးမင်္ဂလာဆောင်အတွက် မညိုတို့တောင် ညအိပ်ရမှာတဲ့၊ အဲဒါ ဖေဖေ မြန်မြန်ပြန်လာဖို့ ဆက်ခိုင်းလို့"

"ဩော် ... အေး ... အေး သား၊ ဖေဖေ ခုပဲလာတော့မှာ၊ ဘဘကို ခဏဆက်စောင့်လို့ ပြောထားလိုက်ပါ"

"ဟုတ်"

"သူ ပြန်မှာလား၊ ဒီည အိမ်မှာအိပ်မှာလား"







www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး ဖေဖေ"

"အိပ်မှာဆိုရင် အခန်းတစ်ခန်း ပြင်ပေးခိုင်းထားလိုက်ဦး"

"ဟုတ်"

"အေး ... အေး"

မိုးခက ဖုန်းကို ခလုတ်ပိတ်ကာ သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဘဘက ဖေဖေ့အစ်ကိုကြီး။ အကြမ်းဖျဉ်းသိ သလောက် ခပ်တောတော ပေပေထဲက။ သူနှင့်စကားသွားပြောနေလျှင် မပြီးနိုင်ဘဲ အရစ်တွေ ရှည်နေမည်။ မိုးခက မြစွက်ညိုထံ ဖုန်းဆက်ချင်ပြီ။ ဖုန်းခေါ်နေတာ မအားသေးလို့ မပြောရသေးတာပါ။

ခုတင်ပေါ်မှ ထ,လာကာ အခန်းတံခါးဖွင့် အပြင်ထွက်လာရင်း ...

"ဒေါ်ကြီးစိုး ... ဒေါ်ကြီးစိုး"

"ဝေ"

ဒေါ်ကြီးစိုးက အောက်ထပ်မှ လှေကားအတိုင်း အပြေးတက်လာသည်။

"ဒေါ်ကြီးစိုး ... အောက်မှာ ဘဘကို ထမင်းစားတော့မလားမေးပြီး ကျွေးထားလိုက်ပါ၊ မေမေလည်း မအားဘူး။ အပ်ချုပ်ခန်းထဲ ရောက်နေပြီ၊ ဖေဖေ ခဏနေရင် ပြန်ရောက်မယ်လို့ ပြောလိုက်ပါ"





"အေး ... အေး၊ ထမင်းတော့ စားဦးမယ့်ပုံ မပေါ်ပါဘူး၊ အရက်တောင်းလို့ ဆရာ့ရဲ့ဖောက်လက်စ ဟို ... အမည်းပုလင်း ချပေးထားတယ်၊ အာလူးကြော်တို့ မြေပဲလှော်တို့ ပေးထားတယ်"

"ဒါဆို ပြီးရော၊ ဖေဖေ့ကို စောင့်နေလိမ့်မယ်"

"အခန်းပြင်ရမလား"

"သူ့ကိုမေးလိုက်ပါ၊ အိပ်မယ်ဆိုရင် ပြင်လိုက်ပါ ဒေါ်ကြီးစိုး"

"အေး ... အေး"

ဒေါ်ကြီးစိုး ပြန်ဆင်းသွားလျှင် မိုးခက အခန်းထဲ ...ဝင်လာပြီး ခုတင်ပေါ် ဒိုင်ဗင်ထိုးတက်ကာ ဖုန်းကိုနှိပ်ပြန် ...ည်။ စကားတွေ ခပ်များများ ပြောလိုက်ရ၍ စိတ်ကမကြည်။ ...စကားနည်းသူဖြစ်၍ ခုချိန်မှာ မြစွက်ညို့ကို စကားပြောဖို့က ...ရင် တခြားကိစ္စဝိစ္စ အကြောင်းအရာတွေ ပြောချင်တာမဟုတ်။

"လူကြီးမင်း ခေါ်ဆိုသောဖုန်းမှာ ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်ရှိနေပါ၍ ... ..."

"ကျွတ်"

မိုးခက ဖုန်းကိုပြန်နှိပ်ပိတ်သည်။ ခုနက မအား။ ...တော့ ဧရိယာပြင်ပ။ မြ တစ်ယောက် ဘယ်ချောင်ကြားထဲတိုး... ဘယ်ဆီကို ဖုန်းတွေပြောနေပါလိမ့်။ မိုးခက ဖုန်းကို...ချ



www.burmeseclassic.com

www.burmeseclassic.com



ကာ ခေါင်းအုံးမှာ မျက်နှာမှောက်အပ်၍ မှောက်လျက်ကြီး ငြိမ်သက်နေလိုက်ပါသည်။

မြ ဘယ်သူနဲ့ စကားပြောနေလဲ။ မြ ဘယ်တွေသွားနေသလဲ။ မကြည်သာတဲ့စိတ်က ရင်ကို တုန်လှုပ်စေသည်။ ခုတလော မြ ဖုန်းကိုခေါ်လျှင် မအားတာကများနေသည်။ ဟိုးအရင် သီကျွမ်းကာစက မြရဲ့ဖုန်းဟာ အမြဲလို အားနေတာ။ ခေါ်လိုက်ရင် ဒေါက်ခနဲ တန်းဝင်တာ။ အခု ဒီတစ်လထဲမှာကျမှ မြရဲ့ဖုန်းဟာ နေ့နေ့ညည မအားလပ်တာက များလာသည်။

"တီတီတီ ... တီတီ ... တီတီတီ"

မိုးခက မှောက်အိပ်နေရာမှ ဆတ်ခနဲလိမ့်ကာ ဖုန်းကိုချက်ချင်းဖွင့်လိုက်ပြီးနောက် ...

"ဟယ်လို"

"မိုးခ"

"မြ"

ခုမှပဲ မိုးခ ရင်ထဲ အေးကျသွားပါသည်။

"မိုးခရဲ့ Missed call တွေ့တယ်"

"တွေ့မှာပေါ့၊ ခေါ်နေတာမှ ကြာလှပြီ၊ Busy ဖြစ်လိုက်၊ ဇရိယာပြင်ပရောက်လိုက်နဲ့"

"ဟုတ်တယ်၊ မြ ခုန ဖုန်းခဏပြောနေလို့ မိုးခရဲ့"

"ဘယ်သူနဲ့လဲ"





"အဟင်းဟင်း ... အသံကြီးကလည်း"

"မြ ဘယ်သူနဲ့ ပြောနေတာလဲ၊ ငါ ခေါ်နေတာကြာလှပြီ"

"နင်က ဆက်တိုက်ခေါ်နေတာမို့လို့လား၊ ခေါ်လိုက် မရရင် ခဏရပ်ထားလိုက်နဲ့ မဟုတ်လား၊ ငါ ဆက်တိုက်ပြောမနေပါဘူး မိုးခရဲ့၊ ခဏတဖြုတ်နဲ့ သုံးခါပြောနေလို့ပါ"

"ဘယ်သူတွေနဲ့လဲဆို"

"စု လှမ်းဆက်လို့ ပြောနေတာကတစ်ခါ၊ နောက်တစ်ခါက မေမေ့ဖုန်း ဘက်ထရီမရှိလို့ မေမေ့အလုပ်ကိစ္စတစ်ခုသူ့မိတ်ဆွေဆီ ခေါ်ပေးရတာတစ်ခါ၊ လိုင်းဖုန်းက မြတို့ရပ်ကွက်မှာ ရေနည်းနည်းလျှံနေလို့ ဖုန်းပျက်နေတယ် မိုးခရဲ့"

"နောက်တစ်ခါ ကျန်သေးတယ်လေ၊ အဲဒါကော ဘယ်သူနဲ့လဲ"

"အဲဒါက ... အင်း ... လူတစ်ယောက်နဲ့"

"ဘယ်ကလူလဲ၊ ဘယ်သူလဲ။ မြနဲ့ ဘယ်လိုပတ်သက်တာလဲ"

"လူကြီးတစ်ယောက်ပါ မိုးခရယ်၊ ကိစ္စတစ်ခုရှိလို့ပါ၊ ကောင်လေးတစ်ယောက်ယောက်လို့ ထင်မနေနဲ့"

"ဘယ်ကလူကြီးလဲ၊ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးခအသံက ရှေ့ကို ဖွတ်တိုးကျစ်ကန်လာ၍ မြရွက်ညို

က တစ်ခဏ အသံတိတ်သွားပါသည်။ အဲသလို ဖွတ်တရွတ်

အဓမ္မဆန်ဆန် အကျပ်ကိုင် ပြောဆိုတာမျိုးကို မြ လုံးဝမနှစ်မြို

ပေ။ မေးတဲ့လေသံကိုက အဓမ္မဆန်တဲ့လေသံ။

"ဘယ်သူလဲဆိုတာ မြ ပြောလည်း မိုးခက သိမှာမို့လား

ဘာကိစ္စလဲ ဆိုတာ အထိရောက် မိုးခကို မြက အသိပေး

လိုအပ်လို့လား"

မိုးခရဲ့အသက်ရှူသံက အရှိန်ပြင်းနေပါသည်

သို့သော် လေသံက ချက်ချင်းပဲ လျော့ကျသွားကာ ...

"လူကြီးတစ်ယောက်နဲ့ မြက ဘာအကြောင်းနဲ့များ ဘာ

ကိစ္စရှိနေတာလဲ သိချင်တာပါ၊ လူကြီးဖြစ်ဖြစ် လူငယ်ဖြ

ဖြစ် ယောကျ်ားတစ်ယောက်က ယောကျ်ားတစ်ယောက်

မဟုတ်လား"

"ယောကျ်ားတစ်ယောက်ဖြစ်တာနဲ့ပဲမိန်းမတစ်ယောက်က

စကားပြောဖို့ မသင့်တော့ဘူးလား၊ မြနဲ့ မိုးခက ခုမှသိက

တာ ခုနှစ်လပဲ ရှိသေးတယ် မဟုတ်လား၊ မိုးခနဲ့ မသိခ

ဟိုးအချိန်တွေတုန်းကတည်းက ရှိခဲ့တဲ့ မိသားစုကိစ္စ လူ

ရေးကိစ္စဆိုတာတွေ ရှိသေးတာပေါ့"

"အကြမ်းဖျဉ်းပဲ ပြောပါ၊ ဘယ်လိုကိစ္စမျိုးလဲ၊ စီးပွားရေ

လား၊ လူမှုရေးလား"





"လူမှုရေးကိစ္စပါ၊ လူမှုရေးကိစ္စဆိုတဲ့ ခေါင်းစဉ်က အရမ်း ကျယ်ပြန့်တယ်၊ ထပ်မမေးနဲ့တော့၊ မြ မိုးခကို ပြောမပြ နိုင်သေးဘူး"

"မြ"

"... ..."

"နင့်ကို ငါ ချစ်တယ်၊ နင့်ကို ငါသိပ်ချစ်တယ်"

"... ..."

"အဲဒါကြောင့် နင်နဲ့ပတ်သက်တဲ့ကိစ္စတွေ ငါ သိချင် ပါချင် စွက်ဖက်ချင်တာ၊ နင့်ကို ချုပ်ချယ်ဖို့ ကန့်သတ်ဖို့ မဟုတ်ပါဘူး မြ၊ သိခွင့်ရချင်တာပါ"

မြရွက်ညိုသည် ရုတ်တရက် ကြားလိုက်ရတဲ့ ချစ်စကားကြောင့် ထူပူကာ ဘာမှပြန်မပြောနိုင်ဘဲရှိသည်။

"မြ ... နင် ငါ့ကိုစိတ်မဆိုးပါနဲ့နော်၊ စိတ်ဆိုးသွားပြီလား ဟင်"

"နင့်ကို ငါ စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ တချို့သောကိစ္စတွေ ကိုတော့ အားလုံး အရင်းတိုင်း နင့်ကို မပြောနိုင်သေးဘူး ပေါ့ မိုးခရယ်၊ နောက် တဖြည်းဖြည်းနဲ့တော့ ငါတို့မိသားစု ရဲ့ လူမှုရေးကိစ္စတွေပါ နင် သိခွင့်ရလာမှာပါ"

"မြတို့မိသားစုရဲ့ လူမှုရေးကိစ္စဆိုတာတွေက မြအမေနဲ့ ပိုသက်ဆိုင်ရမှာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း …၊ မေမေက စီးပွားရှာမယ်၊ ဈေးရောင်းမယ် ငွေရှာမယ်၊ ဒါပဲ စိတ်ဝင်စားတယ်၊ ကျန်တာတွေ ခေါင်းထဲမရှိဘူး"

"နင့်အမေတောင် ခေါင်းထဲမရှိတဲ့ လူမှုရေးကိစ္စတွေကို နင်က ဘာဝင်ပြီး ဆောင်ရွက်နေစရာလိုလို့လဲ"

မြကခဏတိတ်ဆိတ်ကာနေသည်။ ခဏနေမှ …

"ငါ့ဘဝမှာ မမေ့နိုင်တဲ့ အဖြစ်အပျက်တွေ ရှိခဲ့တယ် မိုးခ"

"နင့်အသက် နှစ်ဆယ်ပဲ ရှိသေးတယ်၊ မမေ့နိုင်လောက်အောင်တောင် ဘဝနဲ့ချီပြောရတဲ့ အဖြစ်အပျက် ခံစားချက်တွေက ဘယ်တုန်းကမို့လို့လဲ"

"ငါ ကလေးတုန်းကပေါ့"

"ကလေးတုန်းက ဘာဖြစ်လို့လဲ"

"ငါ့အဖေကို ဆုံးရှုံးခဲ့ရတယ်"

"စုလည်း ခပ်ငယ်ငယ်က အဖေဆုံးခဲ့တယ် မဟုတ်လား၊ သူလည်း နင့်လိုပဲ ခံစားချက်တွေနဲ့ပဲလား"

"စုအဖေက နေမကောင်းဖြစ်ပြီး သေသွားတာလေ"

"နင့်အဖေကကော ဘယ်လိုသေလို့လဲ"

"ငါ့အဖေလား၊ ငါ့အဖေက စိတ်ညစ်ပြီး သေတာ၊ ရှက်ပြီးသေတာ၊ တော်ပါတော့ မိုးခရယ်၊ ဒီလောက်ပဲပြောပါရစေတော့၊ နောက်တော့ နင့်ကို ငါ ပြောခွင့်ကြုံလာမှာပါ"





"မြ"

"အင်း"

"နင်မှာ လိုအပ်တဲ့ ဘယ်ကိစ္စမဆို အရာရာကို နင့်ဘက်က ရပ်တည်ကူညီပါ့မယ်၊ ငါကူညီနိုင်တာရှိရင် အမြဲပြောပြနော်"

"ကျေးဇူးတင်ပါတယ် မိုးခ"

ထိုစဉ် မိုးခ အခန်းတံခါးက ခေါက်သံမပေး ဘာမပေးဘဲ ဝုန်းခနဲ ပွင့်လာ၍ မိုးခက လှည့်ကြည့်လိုက်ပါသည်။

"အစ်ကိုကြီးတူ စာကျက်နေတယ် အစ်ကိုကြီးရဲ့၊ ထားလိုက်ပါ"

"ဘာစာကျက်နေတယ်လဲ၊ ဘယ်မှာကျက်လို့လဲ၊ လက်ထဲမှာ ဖုန်းကြီးတန်းလန်းနဲ့၊ ဟော့ကောင် … ဘာလဲ မင်းက ကိုယ့်ဘကြီးတစ်ယောက်လုံး လာတာကို ဆင်းတောင်နှုတ်ဆက်ဖော်မရဘူး၊ အဲဒါ ဘာတုန်း၊ ရိုင်းတာလားကွ မိုးခ၊ ဟော …"

"အစ်ကိုကြီးရယ် … မိုးခ အကြောင်း သိသားနဲ့ ဘယ်တုန်းက ရိုင်းလို့လဲ၊ ဒီလောက်လိမ္မာတဲ့ကလေးကို သူ့ဟာသူလုပ်စရာရှိလို့ ဖြစ်မှာပေါ့၊ လာပါ အစ်ကိုကြီးရာ၊ အောက်ပြန်ဆင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်တက်လာပါတယ်ဆိုမှ အောက်ပြန်ဆင်းခိုင်းနေ
တယ်၊ နင် ဘယ်လိုခယ်မလဲ၊ ငါလုပ်ချင်တာကို ကန့်ကွ
ကွက်ကွက်နဲ့"

"အစ်ကိုကြီးက ဘာလုပ်ချင်တာမို့လို့လဲ"

"သူက ဆင်းမတွေ့တော့ ငါက ငါ့တူငါ တက်တွေ့တာ
လေ"

"ဟော ... ကဲ ... အစ်ကိုကြီး မူးနေပြီ၊ ယိုင်နေပြီ၊ ဆောင်
မိဦးမယ်"

မိုးခက သူ့ရဲ့ဘကြီးကို စိတ်ရှုပ်ရှုပ်ထွေးထွေးနှင့် လှမ်းငေးကြည့်နေမိပါသည်။ ဘကြီးဟာ အမြဲ အဲသလိုပဲစိတ်ပျက်စရာ ကောင်းလှတဲ့ လူကြီးဖြစ်သည်။ သူရှိရာ ပတ်ဝန်းကျင်မှာ အမြဲတမ်းပဲ ပြဿနာ။

"မိုးခ ဘာတွေဖြစ်နေတာလဲဟင်"

"ခဏလေး မြ"

အနားမှာ ဘဘရော မေမေရော ရောက်နေတုန်း မြနှင့် စကားပြောမနေချင်၍ မိုးခက ခဏငြိမ်နေလိုက်ပါသည်။

"ကဲ ... အစ်ကိုကြီး လာပါတော့ဆို၊ အစ်ကိုကြီးညီ လာ
တော့မယ်၊ အောက်မှာပဲ လာထိုင်စောင့်နေ"

"ဟေ့ကောင် ... မင်း ဖုန်းပြောပြီးရင် ငါ့ဆီ ခဏလာခဲ့ဦး
သိလား"





"ဟုတ်"

မိုးခက စကားနည်းရန်စဲ ခေါင်းညိတ်လိုက်ပါသည်။ ဘကြီးရော မေမေပါ အခန်းထဲက ပြန်ထွက်သွားမှ သက်ပြင်းတစ်ချက် ချလိုက်မိလျှင် ...

"ရပြီလား ... မိုးခ"

"အင်း"

"မိန်းမသံက ဘယ်သူလဲ၊ မိုးခ အမေလား"

"အင်း"

"ယောကျာ်းကကော"

"ဘကြီး"

"အမေ့အစ်ကိုပေါ့"

"အဖေ့အစ်ကို"

"ဘာတွေဖြစ်နေတာလဲဟင်"

"ဘကြီးက အိမ်လာမူးနေတာ၊ ဖေဖေက ပြန်မရောက်သေးတော့ မေမေက ထိန်းနေရတာ၊ ဘကြီးက လူဆိုးလေ"

"လူဆိုး ! "

"ဘဝတစ်လျှောက်လုံးလုံး တေပေမူးရူးနေတာပေါ့ မြရာ၊ သူ့ပတ်ဝန်းကျင်မှာ ရှိသမျှလူတွေအပေါ် ဆိုးနေတဲ့ လူဆိုးကြီး"

"ဩော် ... သဘောပေါက်ပြီ၊ ဟား ဟား ... လူပိုကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အဟင်း … ငါက ဘာဖြစ်လို့ မေးနိုင်လဲ သိလား၊ မေမေ့မှာလည်း အဲသလို ဆိုးဆိုးပေပေမောင် လူပျိုကြီး ရှိတာ မိုးခရဲ့၊ တောမှာနေတာ၊ မေမေတို့ အမျိုးတွေက ဟိုးတောကလေ၊ မေမေသာ ဖေဖေနဲ့ အိမ်ထောင်ကျပြီး ရန်ကုန်မှာ နေဖြစ်တာ၊ မေမေ့မှာလည်း မောင်နှမက နှစ်ယောက်တည်း ရှိတော့ မေမေက သူ့မောင်ကို ဘာမဆိုခွင့်လွှတ်ထားတာ …

မြတို့က လေးလေးလို့ ခေါ်တယ်၊ လေးလေး ရန်ကုန်ကို မှန်မှန်တက်လာပြီး ပိုက်ဆံလာတောင်းနေမှ မေမေက စိတ်ချမ်းသာတာ၊ လေးလေး ပေါ်မလာရင်မျှော်နေရော၊ ကိုယ့်အမျိုးအဆွေတွေထဲမှာ စုန်းပြူးလို့ခေါ်ရမယ့် တစ်မိပေါက် တစ်ယောက်ထွန်းတွေ ဒီလိုပဲ ပါလာတတ်ကြတယ်နော်၊ ကိုယ့်မောင်နှမ ကိုယ့်မိဘဆွေမျိုးကို လှည့်ပတ်ပြီး ဒုက္ခပေးနေတတ်ကြပေမယ့် ကျန်တဲ့အမျိုးတွေက သူ့ဆိုးမျိုးဒဏ်ကို တတောတောခံရင်း သူဒုက္ခပေးတာလေးကိုပဲ သာယာနေတတ်ကြတာ"

"အာ … မြ မှားနေပြီထင်တယ်၊ ကိုယ့်ကို ဒုက္ခပေးနေတာကို ဘယ်သူက သာယာနေမှာလဲ၊ ငါတို့မိသားစုကတော့ ဘာဘကို စိတ်ကိုပျက်နေတာ"





"အင်းလေ … တချို့လည်း စိတ်ပျက်တာ ရှိမှာပေါ့၊ မိုးခရဲ့ဖေဖေကတော့ သူ့အစ်ကို့ကို သိပ်သည်းညည်းခံမှာပါပဲ၊ ဟုတ်တယ်မို့လား"

"အင်း … ဟုတ်တယ်ပဲ ဆိုပါတော့၊ ဖေဖေက သူ့အစ်ကိုကို ချစ်တယ်"

"တွေ့လား၊ အဲသလိုပဲ မိုးခရဲ့"

"ဘာဘမှာ ခဏနေရင် အကြွေးတွေ ပတ်လည်ဝိုင်းနေပြန်ရော၊ ဖေဖေက လိုက်ဆပ်ပေးရပြန်ရော၊ ဟိုအရင်ကဆိုရင် အချုပ်ထဲ ရောက်နေတာတို့ ဘာတို့တောင်ရှိတယ်"

"ဟုတ်ပ၊ တူလိုက်တာ၊ မေမေလည်း သူ့မောင်အတွက် လျော်ကြေးတွေ လိုက်ပေးရ၊ အချုပ်အနှောင်တွေ လိုက်ရှင်းရ၊ ကြွေးတွေဆပ်ရနဲ့ပဲ ဖတ်သီ ဖတ်သီ ဖြစ်နေတာပါပဲ၊ ဒါပေမဲ့ မေမေကတော့ သူ အဲသလို ဆပ်ပေး လုပ်ကိုင်ပေးနေနိုင်တဲ့ အနေအထား ရှိတာကိုပဲ ဝမ်းတွေသာလို့၊ ဟိုအရင်ကဆိုရင် မြတို့က ဆင်းရဲတယ် မိုးခရဲ့၊ မေမေ့မှာလည်း မရှိတုန်းကဆိုရင် လေးလေးကိစ္စတွေကို ဘယ်လိုက်ဖြေရှင်းနိုင်ပါ့မလဲ၊ ခုတော့ ဖြေရှင်းပေးနိုင်တာကိုပဲ မေမေက ဝမ်းတွေသာလို့"

"မြ မေမေက တော်တယ်၊ ယောကျ်ားလည်း မရှိတော့ပေမယ့် မုဆိုးမ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ဆင်းရဲရာကနေ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပြည့်စုံလာအောင် ရုန်းကန်ကြိုးစားနိုင်ခဲ့တယ်၊ သိပ်တော်တာပဲ”

“အဟွန့်ဟင်း ... မေမေက ဖွဲ့ရှိတာတော့ အမှန်ပဲ။ တော သူဆိုတော့ ဒုပေဒါပေလည်း ခံတယ်ပေါ့၊ မေမေ ခုလို ထောင်မတ်လာခဲ့တာကတော့ ကုသိုလ်ကံအများကြီးပါခဲ့ တယ် မိုးခရဲ့၊ ဖေဖေ ဆုံးသွားတော့ မြတို့ လောကဓံကို လိမ့်ပိန့်ခံကြရတာပေါ့ ...

ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နဲ့ အလူးအလဲပါပဲ၊ ပြောရရင် ဖေဖေက ထောင်ကျလိုက်သေးပြီး ထောင်ထဲမှာ မှ သေသွားရတာ၊ အခု မိုးခနဲ့ စကားစပ်လို့ ပြောပြတာ၊ ငါ ဘယ်သူ့ကိုမှ တော်ရုံတန်ရုံ စကားမစပ်ဘူး၊ ထောင် ကျတယ်ဆိုတော့ တော်ရုံလူက မကောင်းမှုတစ်ခုခု ကျူး လွန်လို့သာပေါ့ဆိုပြီး အထင်အမြင် သေးမှာပဲလေ ...

ဖေဖေက မတရားစွပ်စွဲခံရပြီး မဖြေရှင်းနိုင်လို့ ထောင်ကျခဲ့ရတာ၊ ဂုဏ်မရှိ အသိုင်းအဝိုင်းမရှိဆိုတော့ ကိုယ် အမှားမလုပ်ခဲ့ပေမယ့် ငွေများတရားနိုင်ဆိုတဲ့ သဘော ပေါ့ မိုးခရယ်၊ ဖေဖေက ထောင်ထဲမှာပဲ သေသွားခဲ့တော့ မြတို့သားအမိ လောကဓံကို အလူးအလဲ ရင်ဆိုင်ခဲ့ကြရ တာပါ၊ မေမေက လမ်းတကာလျှောက်ပြီး ဈေးရောင်းပြီး မြကို ရှာကျွေးခဲ့ရတာပေါ့ ...





ဒါပေမဲ့ ကုသိုလ်ကံက မျက်နှာသာပေးချင်တော့ မေမေ ထီဆုကြီးပေါက်ခဲ့တယ်၊ မေမေက ရှစ်တန်းလောက် အထိပဲ ပညာသင်ဖူးပေမယ့် ဈေးအရောင်းအဝယ်တော့ ကျွမ်းတယ်၊ ထီပေါက်ကတည်းက ညောင်ပင်လေးဈေးမှာ ဆိုင်တစ်ဆိုင် ကောက်ဖွင့်လိုက်တာ၊ တစ်ရှိန်ထိုးရောင်းရ ပြီး တစ်ဆိုင်ကနေ နှစ်ဆိုင်တွဲဖြစ်လာ၊ ဒလဟောငွေဝင် လာပြီး ဒီအခြေအနေလောက် ရောက်လာနိုင်တာပါ”

“ထီပေါက်လို့ ဆိုပေမယ့် မြအမေလည်း တော်လို့ပါ”

“အင်းပေါ့နော်၊ မြလည်း အဲလိုပဲထင်တယ်၊ မေမေက တော်တယ်၊ မေမေကလေ သူ့ထက် ပညာတွေပိုတတ်တယ် ဆိုပြီး မြကို အထင်ကြီးတယ်၊ လူကြီးတစ်ယောက်လို ဆက်ဆံတယ် မိုးခရဲ့၊ ဒါပေမဲ့ မြကလည်း မြမေမေ့ကို အထင်ကြီးတယ် လေးစားတယ်”

“မြက သမီးလိမ္မာလေးပဲ”

“အင်း ... ဒါပေမဲ့ ခုတလောတော့ နည်းနည်းစိတ်ရှုပ်ရ တယ် မိုးခရယ်၊ မေမေကရိုးတော့ အမြင်ကလည်း ရှေး ရိုးစွဲပဲပေါ့၊ အခု မြကို စုနဲ့မပေါင်းရဘူးလုပ်နေတာ၊ စား သောက်ဆိုင်မှာ သီချင်းဆိုလို့ဆိုပြီးတော့ပေါ့၊ မြကလည်း စုတစ်ယောက်ပဲ သူငယ်ချင်းရှိတာ၊ ညီအစ်မလိုချစ်တာ၊ မပြတ်နိုင်ဘူး၊ မပေါင်းဘဲလည်း မနေနိုင်ဘူး၊ စုက



www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည်အမေနဲ့ ဆယ်တန်းကျောင်းသားမောင်ကို ရှာ ကျွေးနေရတဲ့ သူတစ်ယောက်ပါ”

“ဟုတ်လား”

“ဟုတ်တယ်၊ လူတိုင်းဟာ ကိုယ့်ဘဝဇာတ်ကြောင်းနဲ့ကိုယ် ပဲနော်၊ လှပတဲ့ဘဝဇာတ်ကြောင်း၊ ရွက်ကြမ်းရေကျိုဘဝ ဇာတ်ကြောင်း၊ အရုပ်ဆိုးတဲ့ ဘဝဇာတ်ကြောင်းတွေနဲ့ တစ်ယောက်တစ်မျိုးစီပဲ”

မိုးခက ခေါင်းကို အသာညိတ်မိပြီး ငြိမ်နေလိုက်ပါ သည်။

❖ ✪ ❖





## ၅

“ဒေါက် ... ဒေါက်”

“ဝင်ခဲ့”

ဦးမင်းသီဟာန့် အခန်းထဲ ဝင်လာသော ဝန်ထမ်း ကောင်လေးက ...

“ဆရာ အမြန်ချောပို့ထုပ်တစ်ထုပ် ရောက်လာလို့ပါ”

“ဟုတ်လား၊ အေး ... ပေးခဲ့”

“ဟုတ်ကဲ့”

ကောင်လေးက စားပွဲပေါ် အထုပ်ကို ခပ်ယို့ယို့ ချ်းတင်ပြီး ခါးညွတ်ကာ အခန်းပြင် ပြန်ထွက်သွားပါသည်။ ဦးမင်းသီဟာန်က ချောထုပ်ပေါ်က ကပ်ထားတဲ့စာရွက်ကို ဖတ် ကြည့်လိုက်သည်။ ပေးပို့သူက “မြရွက်ညို”တဲ့။ ဒီတ်ခနဲ အံ့ဩ သွားလှုပ်ရှားသွားကာ အထုပ်ကို ခပ်မြန်မြန် ဆွဲဖွင့်ဖောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အထဲက အရင်ဆုံး ထွက်လာတာက ယောကျ်ားကိုင် လက်ကိုင်ပဝါကြီးကြီးတစ်ထည်။ အဖြူပေါ် အနက်ရောင်စကြော လေးတွေနှင့်။

ဒါ သူ့လက်ကိုင်ပဝါပဲ။ ဘယ်ကနေ ဘယ်လို ဒီကောင်မလေးဆီကို ရောက်သွားလဲ။ လက်ကိုင်ပဝါကို သေချာ လျှော်ဖွပ် မီးပူတိုက်ထားကာ ခပ်ပျပျ့လေးသင်းတဲ့ ရေမွှေးတမျိုး ဆွတ်ထားတာကို ရှုကြည့်ရင်း သိရသည်။

ဆက်လက်ဆွဲထုတ် လိုက်တော့ ဓာတ်ပုံထစ်ပုံကို ကွန်ပျူတာပရင့်အောက် Print out လုပ်ထားတဲ့ စာရွက်တစ်ရွက်။ စာခေါက်က တစ်ခေါက်။

"ဟင်"

ဓာတ်ပုံကို အဖြူအမည်းနှင့်ပဲ Print out လုပ်ထားတာမို့ သိပ်ကြီး ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကြီး မဟုတ်တဲ့တိုင် သဲသဲကွဲကွဲ မြင်သာထင်သာကြီးပါ။ ဓာတ်ပုံထဲကလူက ကိုယ်နှင့်တူလှချည်လား။ ဒါပေမဲ့ မျက်နှာသာ ကိုယ်နှင့်တူပြီး အရပ်အမောင်းနှင့် Body structure ကတော့ မိုက်လှသည်။ တီရှပ်ဖြူလက်ရှည်နှင့် ဂျင်းဘောင်းဘီဝတ် ခြေတစ်ချောင်းက နောက်က အုတ်နံရံတစ်ခုကို ခြေဖဝါးနှင့် နောက်ပြန်ထောက်ကန်ထားတဲ့ပုံစံ။ နောက်က အဆောက်အအုံက တိုက်ကြီးတစ်ခုလား အုတ်နံရံသက်သက်လား ဘာမှန်းမသိ။





စတိုင်ကျကျနှင့် ဦးမင်းသီဟန်ကို နယ်အောင် ဆင်းထားသလို ရုပ်ချင်းဆင်တူလှတဲ့ ဒီလူဟာ ဘယ်သူပါ လဲ။

ဦးမင်းသီဟန်က စာရွက်ခေါက်ကို ခပ်မြန်မြန်ဖွင့် လိုက်ပါသည်။

"ဦး ..."

ဒီကောင်မလေး အလကားသက်သက် လိုက်ရှုပ် လိုက်နှောင့်ယှက်နေတယ်လို့ ထင်မှာစိုးလို့၊ ဘာကြောင့် ဦးအနားမှာ မြ ရစ်ဝဲနေမိတယ်ဆိုတာကို ဦးသိအောင် ပြောပြချင်လို့ပါ။

ဓာတ်ပုံထဲကလူက ဦးနဲ့မဆင်ဘူးလားဟင်။ သူက ကိုကိုအောင်ပါ။ သမီးရဲ့ငယ်ချစ်ဦးပါ။ ငယ်ငယ်ကလေး ကတည်းက ချစ်မြတ်နိုးအားကိုးခဲ့ရတဲ့ ချစ်သူပါ။ သင်္ဘော လိုက်သွားရင်းက သင်္ဘောပေါ်မှာ မတော်တဆ သေဆုံး သွားပါပြီ"

"ဟင်"

ဦးမင်းသီဟန်က အံ့အားသင့်သွားရပါသည်။ ပုံကို ပြန်ကြည့်မိပြီးမှ စာကိုဆက်ဖတ်သည်။

"ကိုကိုအောင် ကွယ်လွန်သွားတာ နှစ်နှစ်တောင်ရှိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



အာဂကောင်မလေး။ ကိုကျော်မင်းရဲ့စုနဲ့ ရွယ်တူ
တော့ အသက်နှစ်ဆယ်ပေါ့။ ရည်းစားက သေတာတောင်နှစ်
ရှိပြီဆိုတော့ သူ ဆယ့်ရှစ်နှစ်က သေတာပေါ့။ ဘယ်အချိန်လော
ကတည်းကများ ရည်းစားကောက်ထားခဲ့ပါလိမ့်။ မလွယ်ပါလ

"နှစ်နှစ်ဆိုတဲ့ အချိန်ကာလက မြရဲ့ရင်ထဲက ဒဏ်ရာ
ဝေဒနာတွေကိုလည်း အကင်းသေ အနာကျက်စ,ပြ
ပြီးပါပြီ။ ဘဝမှာ အမေရယ် သူငယ်ချင်းတွေရယ်
လက်စ သင်တန်းတွေရယ်နဲ့ပဲ ပျော်ပျော်ရွှင်ရွှင် ဖြစ်
နိုင်နေပြီဖြစ်တဲ့ မြပါ။ ဘယ်အချိန်ထိလဲဆိုတော့ ဦး
စ,ပြီးမြင်ဖူးတဲ့နေ့အထိပေါ့"

"ဟင်း"

ဦးမင်းဟန်က သက်ပြင်းတစ်ချက် ချလိုက်ပါ
သူ့အဖြစ်အပျက်လေးက တကယ့်ကို ဇာတ်လမ်းလေးတစ်
ဖြစ်နေပါလား။ ရင်ထဲမှာ တစ်မျိုးလေး ကရုဏာသက်တဲ့စိ
ပေါက်ဖွားလာသည်။

"၁-၆-၂၀၀၈ တနင်္ဂနွေနေ့။

အဲဒီနေ့ကို ဦးကတော့ ဘယ်မှတ်မိမလဲနော်။
တော့ ကမ္ဘာကြီးကျွမ်းထိုးမှောက်ခုံ ဖြစ်သွားမတတ်
လှုပ်ရှားတုန်ခတ်ခဲ့ရတဲ့နေ့မို့ ဘယ်တော့မှ မမေ့နိုင်
ပါဘူး ဦးရယ်။ စုနဲ့ အဖော်လိုက်လာရင်း ဦးကို လ





လိုက်တော့ မြ ထိုင်ရက်သေမိတော့မတတ် မူးမိုက်ပြာဝေ
ခဲ့ရတယ်။ ဦးကို မျက်တောင်မခတ် ကြည့်နေမိခဲ့တဲ့ မြကို
ခွင့်လွှတ်ပါနော် ...

မြလေ မျက်နှာကိုမလွှဲချင်ဘူး။ မမျှော်လင့်ဘဲ ပြန်
တွေ့ရတဲ့ မြရဲ့အသည်းနှလုံးထဲက ရုပ်ပုံလွှာ၊ မျက်စိတစ်
မှိတ်အတွင်း ပြန်ပျောက်သွားမှာကို ကြောက်နေခဲ့မိတယ်။
တစ်ကြိမ် သေကွဲဆုံးရှုံးထားရတော့ မြရဲ့ဝေဒနာတွေဟာ
အသစ်တစ်ဖန် ဖြစ်လာခဲ့တယ်။ ဦးကိုမကြည့်ဘဲ မနေနိုင်
လွန်းလို့ ငေးကြည့်နေမိခဲ့တဲ့ ဒီကောင်မလေးကို ဦးနားလည်
ပေးပါနော်"

ဦးမင်းသီဟန် ရင်ထဲ ဘာမှန်းမသိ ဖျိုးဖျိုးဖျတ်ဖျတ်
သွားရပါသည်။ ဒီကောင်မလေး စာရေးပုံလေးကလည်း ကောင်း
င်းနဲ့ သနားဖို့မကောင်းကောင်းအောင် လုပ်နေပြန်ပြီ။ သြော်
ကြီး။ သေသွားတဲ့ သူ့ရည်းစားဟောင်းနဲ့မှ ကိုယ်ကလည်း
ဆင်တူနေရတယ်လို့။ သူ့ရည်းစားက အရွယ်ကောင်းမှာ
သွားခဲ့ပြီး ကိုယ်ကတော့ လေးဆယ့်ခြောက်နှစ်ထဲ ရောက်နေ

ဘဝကိုလေးဆယ်မှ စတယ်လို့ ဘယ်လိုပဲပြောကြ
ကြ လေးဆယ်ကျော်ပြီး ခြောက်နှစ်လောက်မှာတော့ လူက
ခေါက်ထွက် ကုပ်ပိုးထွက် မေးသားတွေထွက်ကာ ပြည့်ဖိုင့်



www.burmeseclassic.com

www.burmeseclassic.com



ဖိုင့်သဏ္ဍာန် ဆောင်နေပြီ။ ဝတုတ်ကြီးလို့တော့ ပြောလို့မရနိ
သေးပေမယ့် လူကဖိုင့်တဲ့ဘက်ရောက်ပြီ။ အရပ်က ကယ်နေသေ
ပုတိုတို မဖြစ်သေးတာ။

သူ့ရည်းစားနဲ့ တူတယ်လာပြောတော့ ဦးမင်းသီဟ
မှာ ရှက်တက်တက်များပင် ဖြစ်ရပါရဲ့။ ကြည့်စမ်းပါဦး၊ သူ့ရည
စားဆိုတဲ့ကောင်ရဲ့ ဟန်ပန်ကိုယ်နေက တောင့်တင်းဖြောင့်ဖ
သွယ်လျ ကျစ်လျစ်လိုက်တာ။ ဘောင်းဘီဝတ်ထားတဲ့ ခြေတံဒေ
ဟာ လှပလွန်းသည်။ ကျန်းမာရေးလည်း လိုက်စားတဲ့ကော
ထင်ပါရဲ့။ ပခုံးတို့ ခါးတို့ တည်ဆောက်ပုံက မော်ဒယ်လ်ဘွိ
အလား အလွန်တရာကို ကြည့်လို့ကောင်းနေတာ။

သူနဲ့တူတယ် ပြောခံရတာ ရှက်မိတာပေါ့။ ရုပ
နုနုနယ်နယ် ဖြစ်နေတာကလွဲရင် ဦးမင်းသီဟန်နှင့် တကယ့
အတော့်ကို ဆင်တာပါလား။ ဦးမင်းသီဟန်က Print out စာရွ
ကိုကိုင်ကာ ပုံထဲကကောင်ကိုကြည့်လိုက် အခန်းတံခါးမှန်ချပ်
မှာ အရိပ်ထင်ပေါ်နေတဲ့ ကိုယ့်ပုံကိုယ် ပြန်ကြည့်လိုက်။ ရုတ်တ
မှာ ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်ရှေ့တောင် ပြေးကြည့်ချင်စိ
ပေါက်လာသည်။

ရေးမကောင်းလို့ ထည့်ရေးမထားပေမယ့် သူ့ချ
နှင့် နှိုင်းယှဉ်ကာ ဒီလူကြီးက ကိုကိုအောင်နဲ့ တူပေမယ့် က
အောင့်လိုတော့ မမိုက်ဘူး၊ ဝဖိုင့်ဖိုင့်နဲ့လို့များ တွေးနေမလာ





" ... ဦးရှိတဲ့ နေရာတွေမှာ မြ ရောက်ရောက်နေမိတာ
ဟာ ဦးကိုတွေ့ချင်လွန်းလို့ပါ။ တစ်နေ့တာအဖို့ ဦးမျက်နှာ
ကို တစ်ကြိမ်တော့ မြင်လိုက်ရမှ မြ အိပ်လို့ပျော်နိုင်ပါတယ်
ဦးရယ်။ တစ်ခါ တစ်ခါ ဦးတောင်မှ မြကိုမမြင်ပါဘူး။
မြဘာသာ ပုန်းပြီး ဦးကိုချောင်းကြည့်နေမိတာပါ။ မြကို
တစ်မျိုးမထင်ပါနဲ့နော် ဦး။

ဦးနဲ့ ရင်းနှီးခင်မင်ချင်တယ်၊ စကားတွေ ပြောချင်
တယ်။ ဦးအနားမှာ မြ နေချင်တယ်။ မြကို ဆိုးတယ်လို့
မပြောပါနဲ့နော်။

ရင်နဲ့အမျှ ...

မြရွှက်ညို့ ..."

"ဟင်း ..."

ဦးမင်းသီဟန်က သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်
ထုတ်လိုက်ပါသည်။

P.S ဦးရဲ့လက်ကိုင်ပဝါ ဟိုဆိုင်မှာကျန်ခဲ့တာတွေ့လို့ မြ လျှော်
ခဲ့ပေးတာ။ သိမ်းထားလိုက်ဖို့ စိတ်ကူးပေမယ့် ဦးဆီက
မတောင်းရသေးဘဲနဲ့ မယူရဲလို့ပါ။

ဦးမင်းသီဟန် ရင်ထဲတွင် ဖျိုးခနဲ ဖျတ်ခနဲ လှိုင်း
ကြက်ခွပ်တွေ ထင်နေသလို တလှုပ်လှုပ် တလှပ်လှပ်။ ဒီခံစား
ချက်မျိုး မခံစားရတော့တာ နှစ်တွေ ဆယ်နဲ့ ဆယ်နဲ့ ချီခဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က ရည်းစားထားစဉ်က ခံစားရတဲ့ ခံစားချက်မျိုးလေ။ မိသားစုအရေးကိစ္စ၊ အလုပ်ကိစ္စတွေထဲမှာသာ သမားရိုးကျနှစ်မြုပ်ကျင်လည်နေခဲ့တဲ့ ဦးမင်းသီဟန်ကို နတ်ရေစင်ဖျန်းတောက်သလို ဆန်းသစ်နုမျစ်တဲ့ ခံစားချက်အသစ်အဆန်း တစ်မျိုးက ရစ်ခြုံထားတော့သည်။

အင်း ... မဖြစ်သေးပါဘူး။ ဒီကောင်မလေးက အသက်နှစ်ဆယ် ရှူးတူးတူး မိုက်တိုက်တိုက်အရွယ်။ ကိုယ်က လေးဆယ့်ငါး လေးဆယ့်ခြောက်။ သတိတမံ ဉာဏ်မြော်ကတုတ်နဲ့ ကိုယ်က ထိန်းသိမ်းရမယ့်အရွယ်။ အဲသလို ဦးနှောက်က ကိုယ့်ကိုယ်ကိုယ် သတိပေးနေသော်ငြား မျက်လုံးတွေကတော့ စာကို တစ်ခေါက်ကနှစ်ခေါက်၊ နှစ်ခေါက်က သုံးခေါက် ထပ်ထပ်ဖတ်နေမိပါသည်။

"တီတီ ... တီတီ"

"ဟော"

ဦးမင်းသီဟန်က ဖုန်းကို ကမန်းကတန်း ကောက်ကိုင်လိုက်သည်။ စကရင်ပေါ်မှာ ပေါ်နေတာက သူ့ဆီအမြဲဖုန်းဆက်ဆက်နေတဲ့ ကောင်မလေးရဲ့နံပါတ်ပဲ။ ဦးမင်းသီဟန်က ဖုန်းကိုနှိပ်ဖွင့်ကာ ...

"ဟယ်လို"

"ဦးလား"





"အင်း ... ဟုတ်တယ်"

"မြပို့လိုက်တဲ့ အမြန်ချောထုပ် ရောက်ပြီလားဟင်"

"သြော် ... အင်း၊ ရောက်ပါပြီ"

"ဦး ... မြရဲ့စာကို ဖတ်ပြီးပြီလား"

"အင်း"

"သေချာဖတ်ရဲ့လားဟင်"

ဦးမင်းသီဟန်က အနည်းငယ် မြူးဖျလာကာ ရယ်သံသဲ့သဲ့နှင့် ...

"သေချာဖတ်ပါတယ်ဗျာ၊ နေပါဦး အဲဒီ ကိုကိုအောင်ဆိုတဲ့သူက ကျုပ်နဲ့ အဲသလောက်တောင်ပဲ တူသလား"

"ဦး မြင်ရသားပဲ၊ တူသလား မတူသလား ဦး ဆုံးဖြတ်လေ"

"အင်း ... မြင်ပါတယ်၊ အရမ်းဆင်နေလို့ အံ့အားသင့်နေတာ၊ လောကကြီးမှာ အဲသလောက်တောင် ဆင်တူမှုမျိုး သွေးမတော် သားမစပ်တွေထဲမှာ ရှိနိုင်သလား"

"ရှိနိုင်တာပေါ့ ဦး၊ ရှိလို့လည်း အခုတွေ့နေရတာပေါ့၊ ကိုကိုအောင်က အသားနည်းနည်းပိုညိုတယ်၊ ဦးကဖြူတယ်၊ ကိုကိုအောင်က ပိန်တယ်၊ ဦးက ပြည့်ဖြိုးတယ်၊ အသက်အရွယ်ကြောင့် ရုပ်နည်းနည်းကွာတာမျိုးကလွဲရင် ဦးငယ်ငယ်က ဓာတ်ပုံလို့ ပြောလို့တောင် ရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ငယ်ငယ်တုန်းက အဲဒီပုံမျိုး မရိုက်ခဲ့ဖူးတာတော့ အမှန်ပဲ"

"ဒါက အမေရိကားမှာ ရိုက်ထားတာပါ"

"အင်း ... ဘာပဲဖြစ်ဖြစ် ငယ်ငယ်ရွယ်ရွယ်နဲ့၊ ပြီးတော့ ချစ်သူနဲ့ဘာနဲ့ ရှိပြီးမှ စောစောစီးစီး ကွယ်လွန်သွားရှာတာ ကိုတော့ စိတ်မကောင်းပါဘူး"

"တကယ်တော့ အဲဒီဝေဒနာတွေက ပြီးဆုံးသွားခဲ့တာ ကြာပါပြီ ဦး၊ မြဘာသာမြ ဖြေသိမ့်မှုရနေခဲ့တာ ကြာပါပြီ ဝေဒနာတွေ နှစ်ကြာရှည်မနေဘဲ အလွယ်တကူဖြေသိမ့် မေ့ပျောက်လိုက်နိုင်ခဲ့လို့ မြကိုယ်မြတောင် သိပ်မကျေနပ် ချင်သလို ဖြစ်မိသေးတာပါ"

တိုး၍ ချို၍ နက်ရှိုင်းနေသော မြရွှက်ညို့ရဲ့စကားသံ ကလေးက နားထောင်လို့ကောင်းသည်။ ချွဲချွဲနွဲ့နွဲ့ကလေး။ ဒီလို လေသံမျိုးကို မိန်းမဆိုကတောင်မှ မကြားရတော့ဘူးလေ။ သူ့ အလုပ်နဲ့သူ ရှုပ်ယှက်ခတ်နေတတ်တဲ့ မိန်းမဖြစ်သူဟာ စကား ပြောရင် မကွေ့မဝိုက် မချိုမချွဲ့ သံမှန်နှင့် ရိုးရိုးသာ။ စကားပြော ရင်း ရှက်ကိုးရှက်ကန်း ရင်ခုန်ရတာမျိုးဟာ ရည်းစားဘဝမှာပြီး ခဲ့ပြီ။ သားလူပျိုတောင် ဖြစ်နေမှ စကားကို ချွဲနွဲ့ပြောနေကြဖို့ လည်း အခြေအနေက မပေးတော့ပါ။





သူလည်း သူ့ကိစ္စနဲ့သူ၊ ကိုယ်လည်း ကိုယ့်ကိစ္စနဲ့ ကိုယ် ဆိုသလို ကယုကယင် အချိန်မျိုးဟာ အရမ်းကို ရှားပါး လာတာလေ။ ဟိုးလွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်၊ ကိုယ့်အသက် နှစ်ဆယ်ကျော်လောက်တုန်းကသာ ကြားဖူးနားဝရှိခဲ့တဲ့ ချိုနွဲ့တိုး ချွဲတဲ့ အသံလေးမျိုးကို ခုချိန်မှာ အသစ်တစ်မျိုး ကြားရခြင်းက မင်းသီဟန့်ရဲ့ စိတ်နှလုံးကို မြူးသစ်လတ်ဆတ်စေသည်။

"သူငယ်ချင်းတွေကတော့ ပြောတယ်၊ စ,ချစ်မိတဲ့အချိန် ကလည်း သိပ်ငယ်သေးတော့၊ ပြီးတော့ ရည်းစားဖြစ်ပြီး မကြာခင် ရေခြားမြေခြားလည်း ခွဲနေလိုက်ရတော့ ချစ်ခဲ့ တဲ့အချစ်က သိပ်မနက်ရှိုင်းခဲ့လို့ ဖြစ်မှာပေါ့တဲ့၊ အဲဒါ ဟုတ်လားတော့ မြလည်း မသိပါဘူး၊ အဲဒါ ဟုတ်လား ဦး"

"အင် ... ကျုပ်က ကာယကံရှင်မှ မဟုတ်ဘဲ၊ ကျုပ်ဘယ် သိပါ့မလဲ မယ်မင်းကြီးမရဲ့"

"အဟင်း ဟင်း ဟင်း ... ဦးက မြကို မယ်မင်းကြီးမတဲ့၊ ခေါ်တာလေးက ချစ်စရာလေး"

ဦးမင်းသီဟန့်မှာ စိတ်ထဲ ကတိမ်းကပါးတွေဖြစ်ရ ပေမယ့် အပြင်မှာတော့ ကပေါက်တိ ကပေါက်ချာ မဖြစ်ရအောင် ချုပ်ချုပ်ထိန်းထိန်းနှင့် ဟန်ကိုယ့်ဖို့ဆိုသလို ဆယ်ဘာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ...၊ ဘာဖြစ်လို့ လိုက်ကြည့်ရပါတယ်ဆိုတဲ့ ညည်းရဲ့ဖြေရှင်းတဲ့စာကိုလည်း ကျုပ် ဖတ်ပြီးပြီ၊ အကျိုးအကြောင်းသိပြီပဲ၊ အခုက ဘာထပ်ပြောစရာရှိသေးလို့လဲ၊ ပြောစရာရှိလည်း မြန်မြန်လေးပြော"

"ဦး အလုပ်မအားလို့လားဟင်"

"အလုပ်မအားဘူး ဆိုတာထက် ထူးထူးထွေထွေ ဘာအကြောင်းရင်းမှ မရှိဘဲ လေတွေဖောအာလူးတွေဖုတ်နေတာမျိုး ဖြစ်နေမှာစိုးလို့ပါ"

"ဦးကို ခုလို ဖုန်းဆက်ပြီး မကြာမကြာ စကားပြောလို့ မရဘူးလားဟင်"

"ဘာတွေပြောမှာမို့လို့လဲဟ၊ ဘာတွေပြောစရာရှိသေးလို့လဲ"

"မြက ဦးနဲ့ စကားပြောနေချင်တာပါ"

မြရဲ့ တိုးဖွညှို့သက်တဲ့ အသံကလေးဟာ ဦးမင်းသီဟန်ရဲ့ ဘဝင်နှလုံးကို သိမ်းကျုံးကာလိလိုက်ပြန်သည်။ ဟန်ကိုယ့်ဖို့လုပ်နေတဲ့ ဦးမင်းသီဟန်မှာ တစ်ဖက်က မသိအောင် သက်ပြင်းတွေ ကျိတ်ပြီးချရသည်။

"ဦးနဲ့ ခင်မင်ရင်းနှီးချင်လို့ မရဘူးလားဟင်"

"အဲ ...၊ အဲဒါက ခင်တာတော့ ခင်လို့ရတာပေါ့၊ ဒါပေမဲ့"





"ဦးသူငယ်ချင်း ဦးကျော်မင်းတောင် စုနဲ့ ခင်သေးတာပဲ"

"အဲဒါကတော့ တစ်မျိုးလေ"

"ဘယ်လိုတစ်မျိုးလဲ ဦး"

ကဲ ...။ ဘာဆက်ပြောကြမလဲ။

ဦးမင်းသီဟန်မှာ ချွေးတောင်ပြန်ချင်လာသည်။ ဖွတ်တရွတ်ကောင်မလေးပါလား။ ခက်တာက ဦးမင်းသီဟန်တို့အရွယ် ရေသေလို ငြိမ်သက်အေးစက်နေတဲ့ ဘဝမျိုးမှာ ဒီလိုဖွတ်တရွတ်ဆန်ဆန် လှုပ်ခတ်မှုမျိုးကို ရံဖန်ရံခါ သာယာမက်မောမိတတ်ပြန်သည်။

"ဟင် ... လို့ ဦး၊ ဘယ်လိုတစ်မျိုးလဲ"

"ဘယ်လိုတစ်မျိုးလဲ ဆိုတာ ညည်းသူငယ်ချင်း စုဆီကညည်း မေးကြည့်ပေါ့"

"ဦး ပြောပြလည်း ရတာပဲ"

"ဒီမှာအလုပ်တွေ ရှိသေးတယ် မြရဲ့၊ ကဲ ... ကဲ ... နောက်မှ ထပ်မေးပေါ့ကွာ၊ ဦး အလုပ် လုပ်ရဦးမယ်"

ဦးမင်းသီဟန် အသံက ချော့ချော့မော့မော့လေသံပင်။

"ဦး အလုပ်ပြီးသွားရင် ဦး ပြန်ဆက်မလား"

"ကျုပ်က ဘာမှ ကိစ္စမှ မရှိဘဲနဲ့ ဘာအတွက် ဆက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦး ... မြကို မခင်သေးဘူးပေါ့နော်"

မြရွက်ညို့ အသံက အားလျော့သလို တိမ်ဝင်နေသည်။ မင်းသီဟန်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ညည်းတွေ ကျုပ်တွေ လုပ်နေရင်းကကို တစ်ချက် တစ်ချက် "ဦး"တွေ "မြ"တွေ ပြန်သုံးနှုန်းမိရက်သား။ လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကို ရိုးရိုးသားသား ရင်းရင်းနှီးနှီး ဆက်ဆံပုံမျိုးဝင်အောင် ဘယ်လိုပဲ ဟန်ဆောင်ပန်ဆောင် ပြောနေနေ အသည်းထဲတော့ ယားကျိကျိ။

"မြကို ခင်မှာလား"

"အင်းပါ၊ ဘာမခင်နိုင်စရာ အကြောင်းရှိလို့လဲ"

ငြိမ်ငြိမ်ထိုင်ပြီး မပြောနိုင်ဘဲ ရုံးခန်းထဲ ဟိုလျှောက်ဒီလျှောက်လိုက်နှင့် လမ်းသလားရင်း ပြောနေတဲ့ ဦးမင်းသီဟန်သည် ရုတ်တရက် အခန်းတံခါးခေါက်သံတစ်ခု ပေါ်လာခဲ့၍ ...

"ဒေါက် ... ဒေါက်"

"ဘယ်သူလဲဟေ့"

"ဆရာ ... ဆရာကတော်ပါ"

လက်ကိုင်ဘုလှည့်ကာ မျက်နှာလေးပေါ်ရုံ လှမ်းအကြောင်းကြားလိုက်သော အပြင်ဘက်က စာရေးမလေးက ပြောပြီးသည်နှင့် ချက်ချင်း ကိုယ်ကိုယ့်ကာ နောက်ဆုတ်လိုက်၍ နောက်ဘက်မှာ ပေါ်လာသည်က ဒေါ်သက်နှင်းဖော်။





"ဟာ ... သြော်၊ အင်း"

ကိုးရိုးကားရား မူပျက်သွားသည့် ဦးမင်းသီဟန်သည် အခန်းထဲ လှမ်းဝင်လိုက်တဲ့ ဒေါ်သက်နှင်းဖော်နှင့် ဆယ့်ငါးပေ လောက်ဝေးနေကာ ဝင်လာပြီးမှတော့ မဝင်နဲ့ပြောလည်းမဖြစ်၊ နှင်ထုတ်လို့လည်း မဖြစ်။ ကိုယ့်ဘက်က အဆင်သင့် မဖြစ်ခင် ဇနီးမက အခန်းထဲ ရောက်နေပြီ။

ဘုရား ... ဘုရား ...။ စားပွဲပေါ်မှာ Print out စာထွက်ရယ်၊ မြရဲ့လက်ရေးစာရွက်ရယ် ဖွင့်လျက်သား။ ဦးမင်းသီဟန်သည် ရုတ်တရက် ခေါင်းနပန်းကြီးကာ ခေါင်းထဲမှာ ချွေးတွေ စီးခနဲ ပျံ့ထွက်လာသည်။ လက်ဖဝါးတွေမှာပါ ရုတ်ခြည်းချွေးများစိုစွတ်လာပြီးလျှင် ..

"သြော် ... ဟော ... ဒီမှာ"

"ရှင် ... ဦး၊ ဘာလဲဟင်"

"ဒါပဲ ... ဒါပဲ၊ နောက်မှဆက်တော့"

"ဦး ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ အခု ငါ့မှာ အလုပ်ရှိသေးတယ်"

ရုတ်တရက် ခပ်တင်းတင်း ဖြစ်သွားတဲ့ ဦးမင်းသီဟန် အသံကြောင့် တစ်ဖက်က မြလည်း သတိပြုမိသွားသလို ဒေါ်သက်နှင်းဖော်ကလည်း စားပွဲရှေ့က ကုလားထိုင်မှာ ဝင်ထိုင်ရင်းက ဦးမင်းသီဟန်ကို လှမ်းအကဲခတ်လိုက်ပါသည်။ ခင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာချင်းတုန်းက ပြုံးတုံ့တုံ့ကြီး ဖြစ်နေတဲ့ ခင်ပွန်းသည်ရဲ့မျက်နှာ ဟာ ရုတ်တရက် မကြည်မသာ တင်းမာသွားပြီး ပြောဆိုပုံက လည်း လုံးဝသဘောမကျသလို တစ်ဖက်ကို စိတ်မရှည်နိုင်သလို အမူအရာမျိုး ပြောင်းသွားတာကြောင့်ပင်။

"ဦး ...၊ ဟို ... ဦးရဲ့အန်တီ ရောက်လာလို့လား"

"အေး ... အေး"

မြရွက်ညိုသည် ကမန်းကတန်းကို ချချင်နေတော့ တဲ့ ဦးမင်းသီဟန်ရဲ့ ပြောင်းလဲပုံကို ဝမ်းသာအားရ ပြုံးမဲ့မိရင်း

"ဘာလို့လဲဟင်၊ သူက ဦးကို ဘယ်သူနဲ့ ဖုန်းပြောနေတာ လဲ၊ ဘာလဲ စစ်တတ်လို့လား"

"အေး ... ဒါပဲနော်"

"ဦး ... ဦး ချုပ်စရင် မြ ထပ်ခေါ်လိုက်မှာနော်"

ဦးမင်းသီဟန်သည် ဒေါ်သက်နှင်းဇော်ဘက် ကျော ပေးရင်း အခုမှ တကယ် ခေါင်းကိုဆင်နင်းသလို ခံစားမိရတော့ သည်။

သွားပြီ။ မီးခဲကိုင်မိပြီ။ လွှတ်ချရင် လျှောက်လောင် ကုန်မည်။ ကိုင်ထားရင် ပူမည်။

"ဟော့ ... မင်းကိစ္စက နောက်တစ်နေ့ ရှေ့လည်း ဘာမှ မဖြစ်ဘူး၊ အခု ငါ့မှာ အရေးကြီးတဲ့ အရေးပေါ် အလုပ် တွေ ရှိနေသေးတယ်၊ ဟုတ်ပြီလား"





"ဦးကို သမီးက စိတ်အနှောင့်အယှက် မပေးချင်ပါဘူး၊ ဖုန်းချမှာပါ၊ ဦး တစ်ခုတော့ဖြေ၊ ဦး သမီးကို ခင်တယ် နော်"

"အေးပါ ... အေး ... အေး"

"ခင်တယ်လို့ ပါးစပ်က ပြောလေ"

"ဟော့ကောင် ... မင်း ပြဿနာမရှာနဲ့၊ ကဲ ... ဒါပဲ၊ ထပ် ဆက်မနေနဲ့တော့"

ဦးမင်းသီဟန်က ဖုန်းကို ခလုတ်နှိပ်ချလိုက်ကာ ပါဝါပါ တစ်ခါတည်း Off လုပ်လိုက်ပါသည်။ အင်း ... ဒါပေမဲ့ ကြောက်တော့ ကြောက်ရသေးသည်မှာ ရုံးခန်းထဲက လိုင်းဖုန်းကို ရော သူ မသိပါဘူးလို့ ဘယ်လိုလုပ် ပြောလို့မရလဲ။ လိုင်းဖုန်း ထဲက လှမ်းထပ်ရစ်နေရင် ဘယ်လိုလုပ်ရပါ့။

ဘာမှကို မယ်မယ်ရရ မရှုပ်ယှက်ရသေးပဲနှင့် အတော် ရင်တုန်ပန်းတုန် ဖြစ်လိုက်ရပြီ။ မင်းသီဟန်သည် ဦးနှောက်တွေ ဝင် ပူခြောက်ကာ ဟန်မပျက်ပြုံးရင်း မိန်းမဘက် လှည့်လိုက်ပါ သည်။

"ဟိုက်"

ပါးစပ်က အသံမထွက်အောင် မနည်းထိန်းလိုက်ရ တာ ရင်ထဲတော့ ဒိန်းခနဲ ယမ်းအိုး ပေါက်ကွဲသွားသလိုပင်။ Print out လုပ်ထားတဲ့ ကိုကိုအောင် ဆိုသူရဲ့ ဓာတ်ပုံရုပ်ကွက်ကို

www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းဇော်က ကောက်ကိုင်ကြည့်နေပါသည်။ ကြည့်နေရာက မျက်မှောင်ကုတ်လာပြီးချကာ ဘေးက မြရဲ့စာကို ကောက်ယူလိုက်သည်။

"ဟာ ... သက်၊ လျှောက်ဖတ်မနေစမ်းပါနဲ့ကွာ၊ ပေါက်ကရဟာတွေကို"

ဒေါ်သက်နှင်းဇော်က ဦးမင်းသီဟန်ကို မျက်လွှာတစ်ချက် ပင့်ကြည့်လိုက်ပါသည်။ နဂိုကပင် ဒေါ်သက်နှင်းဇော်သည် သဝန်တိုတတ်တဲ့ မိန်းမအမျိုးအစား။ ရည်းစားဘဝကတည်းကစတဲ့ ပူလောင်ဝန်တိုမှုဟာ သားလူပျိုဖြစ်လည်းပဲ မပျောက်ဖျက်ခဲ့ပါ။ ယောကျ်ားလုပ်သူကို ရုံးက Staff တွေနှင့် ရှပ်ထွေးငြိစွန်းမှာ စိုးရိမ်လုပြီး ရုံးကိုလည်း အလစ်အငိုက်တွေမှာ ကြွတင်အကြောင်းမကြား ချက်ကာင်ဝင်တတ်သူ။

"ထားလိုက်စမ်းပါကွာ၊ အရည်မရ အဖတ်မရတွေ"

စာကို ဆက်ဖတ်နေတဲ့ ဒေါ်သက်နှင်းဇော် မျက်နှာက နီမြန်းလာခဲ့ပြီး ...

"အဲဒါ ဘာလဲ"

မေးလိုက်သံက အေးစက်နေသည်။

❖ ◉ ❖





## ၆

ယောကျ်ားတစ်ယောက်ကို ဒေါ်သက်နှင်းဇော် မည်သည့်အခါကမှ မယုံကြည်ပေ။ ဆွေမျိုးထဲက မိတ်ဆွေအပေါင်းအသင်းထဲက ယောကျ်ားတွေထဲမှာ မိန်းမကွယ်ရာ၌ အိမ်ထောင်ရေး ဖောက်ပြန်နေသူတွေ၊ ခြေရှုပ်နေသူတွေ၊ မကာင်းမရှင်း ဖြစ်နေသူတွေ အများကြီး။ သိသလောက်ကို လက်ချိုးရေတွက်လျှင်သက်လည်းမနိုင်။ ခြေလည်းမနိုင်။

မယုံဘူးဆိုတဲ့ ဘဝမှာ ယောကျ်ားမှန်က ကိုယ့်အဖေအစ ကိုယ့်အစ်ကိုရင်း မောင်ရင်း၊ ကိုယ့်ယောကျ်ား၊ ကိုယ့်သားအပါအဝင် ကိုယ်နဲ့အစိမ်းဖြစ်ဖြစ် အကျက်ဖြစ်ဖြစ် ယုံကိုမယုံတာ။ တစ်ခုနှင့် ရှုပ်စရာဇာတ်လမ်းကို လိုက်လံရှာဖွေပြီး တကူးတကရှုပ်ဘူး ဆိုရင်တော့ အသင့်အတင့် ဖြစ်နိုင်သေးသည်။ ကိုယ့်အောက်ကို ကောက်ကောက်ပါပြီး ကိုယ့်ကို အတင်းတွယ်ကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



မည့် ဓာတ်လမ်းမျိုးကိုတော့ ရှောင်ရှားနိုင်တဲ့ ယောကျ်ားမရှိ ယူဆထားသည်။

ဟုတ်တယ်လေ။ ဘယ်ယောကျ်ားက ရှောင်နိုင်မှာ လဲ။ လက်ဆွဲထုတ်ကာ သက်သေပြစမ်းပါ။ ရည်စားဘဝကတည်း က မင်းသီဟန်ကိုလည်း ယုံကိုမယုံ။ မျက်စိဒေါက်ထောက်ကြည့် ရတာအမော။ ရုပ်လည်းဖြောင့် ဘက်ဂရောင်းလည်းတောင့်တဲ့ ကိုယ့်ချစ်သူကို လစ်ရင်လစ်သလို အလစ်သုတ်မယ့်သူတွေ အများ သားလို့ နားလည်ထားသည်။ အဲဒီရန်တွေကနေ တကယ်တမ်း လည်း ကာကွယ်ခဲ့ရသည်။

ခုချိန်မှာတော့ ပိုဆိုးသည်။ စားဝတ်နေရေးစရိတ် ကြီးမြင့်လှတဲ့ ခုခေတ်ကြီးထဲမှာ မိန်းကလေးတွေကိုကလည်း စားဝတ်နေရေး ပြေလည်ဖို့ မိုခိုရဖို့လောက်မျှနှင့် အကျင့်ပျက် ကြတာတွေ ရှိနေသည်။ ခေတ်အနေအထားကြီးကိုကလည်း အခြေအနေက ပေးလှသည်။ ဝါသနာပါတဲ့ သူမျိုးတွေအတွက် လမ်းကြောကြီးတွေက ဒလဟော ဖွင့်လျက်သား။

တကူးတက ခက်ခက်ခဲခဲ လိုက်ရှာနေစရာကိုမလို အလိုအလျောက် ရှေ့ကိုရောက်လာနိုင်တဲ့ အနေအထား။ ရဲတင် လှတဲ့ မိန်းကလေးတို့ဟာ ဘာအန္တရာယ်ကိုမှလဲ မကြောက်ကြ ဘာကိုမှလဲ မမှုကြ။ သူတို့က ကိုယ်တို့တွေထက်ကို ပိုင်ပိုင်နိုင် နိုင် ဆရာမကြီးစတိုင် ဖမ်းသေးသည်။





အိမ်က ခင်ပွန်းသည် ဦးမင်းသီဟန်က လူရှုပ်တစ် ယောက်တော့ မဟုတ်ဘူးဆိုတာ ဒေါ်သက်နှင်းဖော် သိသည်။ ဒါပေမဲ့ သူက အားနာတတ်သည်၊ သနားတတ်သည်၊ ယုံလွယ် သည်ဆိုတဲ့ ယေဘုယျကျကျ အားနည်းချက်မျိုးတွေ တစ်ပုံတစ် ခေါင်းနှင့်။ လူရှေ့သူရှေ့မှာဆိုရင် "လူ့သဘောကောင်းကြီး"ဖြစ် ချင်တဲ့ ရောဂါမျိုးကလည်း ရှိသေးသည်။

ဒီလိုလူစားမျိုးဟာ သူက လိုက်မရှုပ်ရင်တောင်မှ တစ်ဖက်က ရှုပ်လာရင် မရှောင်နိုင် မရှန်းနိုင် မထွေးနိုင် မမျိုနိုင် ဆိုတာမျိုး ဒုက္ခရောက်ရမယ့် လူစားမျိုး။ တစ်နည်းပြောရရင် လည်ရှုပ်ဆန်ဆန် အ,တီးအ,တနှင့် ထောင်ချောက်ထဲမိရမည့် လူစားမျိုးဖြစ်သည်။ လူလည်မို့ ကိုယ်နစ်ကျွံတဲ့ခြေကို ကိုယ်ပြန် ဆော်ယူတတ်ရင်လည်းတစ်မျိုး။

ဒေါ်သက်နှင်းဖော်က သက်ပြင်းကြီးတစ်ချက် အားရ ပါးရ မှုတ်ထုတ်လိုက်ပါသည်။ တစ်ဖက်မှာ သူငယ်ချင်း ရွှေဝါက နှမ်းကိုင်ထားရင်းက ...

"သက်ပြင်းချည်းချမနေနဲ့၊ အဲဒီတော့ သူက ဘာတွေဆက် ပြောသလဲဆိုတာကိုသာပြော"

"လုံးစေပတ်စေတောင် မမှတ်မိတော့ပါဘူး ရွှေဝါရယ်၊ ငါလည်း အတော်ကို ဒေါသမွှန်ပြီး အော်ဟစ်နေတော့တာ ပဲ၊ သူကလည်း ပလုံးပထွေး သွေးရူးသွေးတန်းနဲ့ ဘာတွေ ဖြေရှင်းနေမှန်းကို မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်နှင်းဇော်က အဖြစ်အပျက်ကို ဗီဒီယိုကား တစ်ကားနှယ် မျက်စိထဲပြန်လည် မြင်ယောင်လာပါသည်။

"အဲဒါဘာလဲ"

ဒေါ်သက်နှင်းဇော်ရဲ့ အေးတိအေးစက် မာပြတ်သော မေးခွန်းကို ဦးမင်းသီဟန်က ...

"အဲဒါ အလကား ရှုးနေတဲ့ ကောင်မလေးတစ်ယောက် ပါကွာ"

"ကို ပြောပုံက ချစ်စနိုးလေးပါလား"

"အာ ... ဘယ်က ချစ်စနိုးလေးရမှာလဲ။ ထားလိုက်စမ်း ပါကွာ၊ ဖတ်မနေစမ်းပါနဲ့၊ အရှုးချေးပန်းတွေ"

"ဖတ်လို့ ပြီးနေပြီ"

"ကျွတ် ... ထားလိုက်စမ်းပါဆိုမှ"

"ဘယ်သူလဲ သူက၊ ရှင် ဝေ့လည်လည်တွေ လျှောက်လုပ် မနေပဲ တဲ့တိုးဖြေစမ်းပါ၊ ရှင်နဲ့အမျှ မြွက်ညို့တဲ့၊ မြွက်ညို့ ဆိုတာ ဘယ်သူလဲ"

"အလကား ... ငချွတ် အရှုးလေးပါကွာ"

"သူက ရှင့်ကို ခေါ်သွားတဲ့ သူ့ရည်းစားနဲ့တူလို့ လိုက်ချဉ်း ကပ်နေတယ်ပေါ့ ဟုတ်လား၊ ဒီပုံထဲက သူ့ရည်းစားပေါ့။ ဟုတ်လား"





"အင်း ... မင်း စာဖတ်ပြီးပြီပဲ မဟုတ်လား၊ သူရေးထား တဲ့အတိုင်းပဲလေ"

"ရှင်နဲ့တူလို့ချည်လား၊ ရှင့်မှာ ညီတစ်ယောက် တူတစ် ယောက် ရှိရင် သူ့လောက်တော့ ရှင်နဲ့တူနိုင်မှာ မဟုတ် တော့ဘူး၊ အဲသလောက် ချွတ်စွတ်နည်းပါးတူတဲ့ လူနှစ် ယောက် လောကမှာ ရှိနိုင်သလား"

"ကိုယ်လည်း မသိဘူးလေ မိန်းမရာ၊ ကိုယ်လည်းခုမှတွေ့ တာ"

"ရှင့်ကို ဒီမိန်းကလေးက ဘယ်မှာမြင်ဖူးသွားတာလဲ"

"တစ်ခါမှာကွာ၊ ကိုကျော်မင်းက ကိုယ်တို့လူသိုက်ကိုကျွေး တော့ စားသောက်ဆိုင်တစ်ဆိုင်ကို ရောက်ကြတာပေါ့၊ အဲဒီမှာ သူက ကိုယ့်ကိုမြင်ဖူးတယ် ပြောတာပဲ"

"သူက စားသောက်ဆိုင်က မိန်းကလေးပေါ့၊ စားပွဲထိုးလား၊ သီချင်းဆိုတဲ့သူလား၊ ဘာလဲ"

"ဘာမှမဟုတ်ပါဘူး၊ သူလည်း အဲဒီကိုလာတာပါ"

"ရှင်တို့အားလုံးကတော့ မူးနေကြမှာပေါ့"

"အာ ... မဟုတ်တာ၊ မမူးပါဘူး"

"ရှင့်ကို သူကတွေ့ရော၊ တွေ့တော့ သူ့ရည်းစားနဲ့တူတယ် လို့ စိတ်ထဲက ဖြစ်တယ်ပေါ့၊ အဲဒီတော့ ဘာလာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောပါဘူး၊ ဘာမှမပြောပါဘူး၊ သိတောင်မသိခဲ့ကြပါဘူး မိန်းမရယ်"

"ဦးကို မျက်တောင်မခတ် ကြည့်နေမိခဲ့တဲ့ မြကို ခွင့်လွှတ်ပါနော်တဲ့၊ မြလေ မျက်နှာကိုမလွှဲချင်ဘူးတဲ့၊ ရှင့်ကို သူက မျက်တောင်မခတ် စိုက်ကြည့်နေခဲ့တယ်ပေါ့၊ ဟုတ်လား"

"သူ့ဟာသူ စိုက်ကြည့်နေတာ၊ ကိုယ်လည်း ဘာတတ်နိုင်မှာလဲ မြရယ်"

"ဘာ"

ဒေါ်သက်နှင်းဖော် ကုန်းအော်လိုက်မှ ဦးမင်းသီဟန်သည် သူ့ပါးစပ်က "မြ"နှင့် "သက်" များထွက်သွားတာ သတိပြုမိပါတော့သည်။

"အာ ... အဲလေ ... သက်ရယ်၊ ခေါင်းတွေထူပူပြီး မှားကုန်ပါပြီကွာ၊ ကိုယ့်ကို လာစစ်ဆေးမနေစမ်းပါနဲ့၊ မယုံသက်ာ လာမမေးစမ်းပါနဲ့"

"ရှင်က သူ့ကို 'မြ'လို့ ခေါ်နေပြီပေါ့"

ဒေါ်သက်နှင်းဖော် အသံက တုန်ခိုက်နေသည်။

"ကျွတ်"

"ပြောစမ်းပါ"

"မခေါ်ပါဘူးကွာ၊ အပြင်မှာ စကားတောင်တစ်ခွန်းမှ မပြောဖူးသေးပါဘူး"





"ဖုန်းထဲတော့ ပြောဖူးတယ်ပေါ့"

"သူက ဆက်တာကိုး မိန်းမရာ"

"ရှင် ကျွန်မကို ဒီကိစ္စတွေ ဘာဖြစ်လို့ မပြောလဲဟင်၊ မပြောဘဲ ဘာဖြစ်လို့ မြို့ထားရတာလဲ၊ ရှင်တို့ ရက်စွဲက တစ်လတောင် ကျော်နေပြီပဲ"

"ကျွတ် ... မိန်းမရာ၊ ပြောရင် မင်းဆီက ခုလို ပိကျိပိကျိ အသံတွေ ကြားရတော့မှာကိုသိလို့ မပြောဖြစ်တာပေါ့၊ ဘာမှလဲ အရေးမပါဘဲနဲ့ အဲလကားနေရင်း မင်း စိတ်ဆင်းရဲရအောင် မင်း စိတ်ထင့်ရအောင် ဘာကြောင့် ကိုယ်က ပြောရမှာလဲ၊ သူ့ဟာသူ ဘာလုပ်လုပ် ပစ်ထားလိုက်တာပေါ့"

"ကျွန်မ စိတ်မထင့်ရအောင် ကျွန်မကို ဘာမှမပြောဘဲ ရှင်တို့ချင်းပဲ ဖုန်းအပြန်အလှန် ပြောနေကြတာပေါ့၊ ဟုတ်လား"

"ဒါက သူက ဆက်ဆက်နေတာ"

"သူ ဘယ်လောက်ဆက်ဆက် ကိုယ်က စကားလက်ခံပြောမှ ပြောလို့ရတာလေ၊ ရှင် တစ်ခါကနေ နှစ်ခါ၊ နှစ်ခါက သုံးခါ သူ့ကို လက်ခံပြောနေ့စရာလား၊ အခုက [illegible] စာယူပါ ဖြစ်နေတာပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဖြစ်ရမှာလဲ၊ အခုမှ သူ့ဆီကဒီအမြန်ချောတင် စောင်ပဲ လာဖူးပါသေးတယ်၊ ဘယ်သူလဲ ဘာတွေရေးထား လဲဆိုပြီး ဖွင့်ဖတ်ကြည့်ရုံ သက်သက်ပဲ"

"လက်ကိုင်ပဝါကို ချန်ထားခဲ့တာကကော ဘာလဲ၊ အထာ လုပ်တာလား"

"အာ ... တယ်ခက်ပါလား မိန်းမရာ၊ ကျန်လို့ ကျန်မှန်း တောင် မသိဘူး၊ တော်ပါတော့ကွာ၊ ဘာမှလဲဟုတ်တာ မဟုတ်ဘဲ ဖြေရှင်းနေရတာ ဦးနှောက်တွေ ပူလာပြီ"

"ဘာမှဦးနှောက်ပူနေစရာ မရှိဘူး ဦးမင်းသီဟန်ရေ၊ အမှန် အတိုင်း ဒက်ခနဲ ဒက်ခနဲ ဖြေသွားလိုက်ရင် ဘာမှစဉ်းစား နေစရာလဲ မလိုသလို ဦးနှောက်လည်း ပူစရာအကြောင်း မရှိဘူး၊ ဘယ်လိုဖြေလိုက်ရင် ကောင်းမလဲ၊ ဘယ်လိုဖြီး လိုက်ရင် အပြစ်လွတ်မလဲဆိုပြီး ရှင် လုံ့ညီပတ်စဉ်းစားနေ ရင်သာ ဦးနှောက်ပူစရာ အကြောင်းရှိတာ"

ဦးမင်းသီဟန်သည် ကိုယ်ကလည်း စိတ်လှုပ်ရှားမိ သလို ရှိခဲ့တာရယ်၊ ဖုန်းတွေလက်ခံပြောမိတာရယ်ကြောင့် မလုံ မလဲလိုလို ဖြစ်နေပေမယ့် တကယ်တမ်း စဉ်းစားလိုက်ရင် ကိုယ် ဟာ ဘာမှကျူးလွန်ရသေးတာ မဟုတ်။ ဘာအပြစ်မှရှိသေးတာ မဟုတ်သေး။ အခုလည်း ဖုန်းပြောခိုက်မှာ ကိုယ့်ဘက်က ရိသဲ့သဲ့ သဘော တစ်လုံးတစ်ပါဒမှ မပြောဖူးသေးဘဲ ဣန္ဒြေရရအနေ





ဖြစ်အောင် ခပ်မှန်မှန်သာ ပြောဆိုခဲ့တာ။ ခုလို ဒေါ်သက်နှင်းဇော် က ထွေငေါ့ပြစ်တင်နေတာ ခံရတဲ့အခါ ကျွဲမြီးက တိုချင်လာပါ သည်။

"သက် ... မင်း စကားနည်းနည်းကြည့်ပြောနော်။ တော်ရုံ ပြောတာ ကောင်းတယ်၊ မဟုတ်တမ်းတရားတွေတော့ စွပ်စွပ်စွဲစွဲ လာပြောမနေနဲ့။ ဘာအပြစ်မှ ရှိတာလည်း မဟုတ်ဘဲနဲ့ ဖြေရှင်းမနေစမ်းပါရစေနဲ့"

ဦးမင်းသီဟန်ရဲ့လေသံက တင်းပြတ်လာတဲ့အတွက် ဒေါ်သက်နှင်းဇော်က အတန်ကြာအောင် ဘာမှမပြောဘဲ စူးစူးရဲရဲ စိုက်ကြည့်လိုက်ပါသည်။ စာကိုဖတ်လိုက်ကတည်းက ဘာမှမဖြစ် ကြသေးတာတော့ သေချာနေတာပဲဟာ။ ကိုယ်လည်း သိတာပေါ့။ ဖြစ်ရအောင် ကောင်မလေးက ချဉ်းကပ်အစပျိုးနေတဲ့ အရေးအသား အသုံးအနှုန်းတွေပဲလေ။

ဒါပေမဲ့ ဖောက်ပြန်ပါတယ်လို့ စွပ်စွဲနိုင်လောက် အောင် ဘာမှအပြစ်မယ်မယ်ရရ တပ်မရသေးတဲ့ ဦးမင်းသီဟန်မှာ ဒေါ်သက်နှင်းဇော်ရဲ့အသည်းကို ကလိကလိနေအောင် အသည်း ယားစေတဲ့ မှုပျက်မှုမျိုးတော့ ရှိကိုရှိနေတာ ဒေါ်သက်နှင်းဇော် အသေအချာသိသည်။

ဒါကို ဘယ်လိုမှ လက်ဆုပ်လက်ကိုင် သက်သေပြ နိုင်ပေမယ့် ခင်ပွန်းသည်ဟာ ဒီကိစ္စအပေါ် လုံးဝကင်းအောင်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်း ပုတ်ချမပစ်ပဲ ရောတောရှိလုပ်ပြီး ရေလိုက် ငါးလိုက် ရယ်ရွှန်းဖတ်ရွှန်း လုပ်နေတာ၊ တစ်နည်းပြောရရင် စိတ်ကတစ်ဝက်တစ်ပျက်ပါကာ သာယာပြီး အခြေအနေကြည့်ပြီး ရှေ့တိုးရနိုးနိုး ရပ်နေရနိုးနိုး တွေဝေနေတာကို ရိပ်မိနေပါသည်။

"စု ဆိုတာ ဘယ်သူလဲ"

"ကျွတ်"

စာကို ထပ်ငုံ့ကြည့်ပြီး တစ်ခွန်းထပ်မေးလိုက်တာကြောင့် ဦးမင်းသီဟန်က ရှုံ့မဲ့သွားပါသည်။ ဒေါ်သက်နှင်းဇော်သည် ဝမ်းနည်းခြင်းနှင့် ဒေါသရောပြွန်းကာ မျက်ရည်လည်လာရင်း ...

"ကို ... ဒါတွေကို စိတ်ရှည်လက်ရှည် မဖြေပေးဘူးဆိုရင် ပြဿနာက ဒီထက် ကြီးထွားလာဖို့ပဲ ရှိတယ်၊ ကိုယ့်ယောကျ်ားဆီ မိန်းကလေးတစ်ယောက်က ဖုန်းဆက်နေတယ်၊ စာတွေထည့်နေတယ် ဆိုရင် ဘယ်မိန်းမ မဆို ဒီထက်မကတောင် မေးမြန်းမှာပဲ၊ သက်ကမှ ဘာမှသူများ ထက်ထူးပြီး မေးမြန်းစစ်ဆေးနေတာ မဟုတ်ဘူး ...

ရှင် တကယ် ဒီဇယားကို မရှုပ်ချင်ရိုးမှန်ရင် မိန်းမနဲ့တိုင်ပင်ညှိနှိုင်းပြီး ဒီကောင်မလေးကို ရပ်တန်းကရပ်သွားအောင် ကြိုးစားရမှာ မဟုတ်လား၊ မဖြေချင်စရာ မဖြေနိုင်စရာ ဘာအကြောင်းမှ မရှိဘူး"



"ကဲ ... မေး ... မေး၊ ဘာသိချင်တာလဲ"

"စု ဆိုတာ ဘယ်သူလဲ"

"ဘယ်က စုလဲ"

ဦးမင်းသီဟန်သည် ဒီကိစ္စထဲ ကိုကျော်မင်းကိုဆွဲသည့်ရနိုးနိုး မထည့်ရနိုးနိုး စဉ်းစားနေတုန်း တန်ပြန်မေးခွန်းထုတ်သည်။ ကိုကျော်မင်း နာမည် မထည့်လိုသည်မှာ နောင်ကို ကိုကျော်မင်းနဲ့ မသွားရ မလာရဆိုပြီး သွားရင် လာရင် ပြဿနာလုပ်နေမှာစိုး၍ ဖြစ်သည်။ သူ့ကိုထည့်ပြီး အမှန်အတိုင်းမဖြေချင်လည်း ဒီ"စု"ကိုပါ ကိုယ်ဟာကိုယ်ပဲ ပတ်သက်သိကျွမ်းထားသလိုလို ဖြစ်ရဦးမှာက ပိုဆိုးသည်။

"ဒီမှာ ... ဒီမှာ ... စာထဲမှာ၊ ရှင် ဘာမသိချင်ယောင်ဆောင်နေတာလဲ၊ အဲဒီစုလည်းချောင်ပတ် အမူအရာကိုက ပိုသံသယဖြစ်စရာ ကောင်းတာ"

"အဲဒီထဲပါတာကို ကိုယ်လည်း စဉ်းစားနေတာပဲ၊ စုဝတီ ထင်တယ်"

"စုဝတီကကော ဘယ်သူလဲ"

"စားသောက်ဆိုင်က သီချင်းဆိုတဲ့ ကောင်မလေးပါ"

"အဲဒါတွေက ရှင်နဲ့ ဘယ်လိုပတ်သက်နေကြတာလဲ၊ တစ်ယောက်ပေါ်လာ တစ်ယောက်ပေါ်လာနဲ့၊ ဘာတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကဟာတွေလဲ၊ ဘယ်တုန်းကတည်းက ပတ်သက်နေကြတာလဲ"

"ဟာကွာ ... စဝတီက ကိုကျော်မင်းနဲ့ ခင်တာပါ"

"ကိုကျော်မင်း ! ရှင် မဆိုင်တာတွေတော့ ဆွဲမထည့်နဲ့နော်၊ သက်က အားလုံးကို လိုက်မေးမှာ"

"ဟာ ... မင်း အဲသလိုတော့ လိုက်လျှောက်မမေးနဲ့လေ၊ အားနာစရာကောင်းတာပေါ့၊ ငါက ငါ့ဘက်အမှုပတ်လာမှာစိုးလို့ ပြောရတာ၊ မင်းက ဟိုကိုလှမ်းမေးတော့ အချင်းချင်း အကြောင်းတွေ ငါက မိန်းမဆီ အာပြန်ချောင်သလို ထင်မှာပေါ့"

"ဘာမှမဆိုင်ပါဘူး ဦးမင်းသီဟန်ရယ်၊ ရှင်နဲ့ကျွန်မ ပြဿနာတက်တော့မှာမို့လို့ ရှင် အမှန်ကိုဖွင့်ပြောတယ်ဆိုရင် ဘာမှ အားနာနေစရာ မလိုပါဘူး၊ သူနဲ့မဆိုင်ဘဲ ရှင်သူ့နာမည်ကို တလွဲဆွဲသုံးမှသာ အားနာသင့်တာ"

"ငါ အမှန်အတိုင်း ပြောနေတာ၊ အဲဒီဆိုင်ကိုက ကိုကျော်မင်း သွားနေကျဆိုင်"

"စဝတီက ကိုကျော်မင်း ကောင်မလေးလား"

"အာ ... ဒီလိုကြီးတော့ ဘယ်ဟုတ်မလဲ၊ ကိုကျော်မင်းက အဲဒီကောင်မလေး သိချင်းဆိုတာကို သိပ်ကြိုက်တာ"





"သြော် ... အဲသလိုလား၊ ဒီမြွေကိုက်ည့်ကကော"

"အဲဒီ စဝတီနဲ့ သူငယ်ချင်းလား ဘာလား မသိဘူး"

"ရှင် ခုနပြောတော့ သူလည်း ဆိုင်ကိုလာတာပါဆို"

"ဟုတ်တယ်လေ၊ စားပွဲတစ်ခုမှာ ထိုင်တာပဲ၊ ပြန်တော့ စဝတီနဲ့ တူတူပြန်တယ်"

"ဒါကိုများ ခုနက စ ဆိုတာ ဘယ်ကလဲလေး ဘာလေး ရှင်လုပ်နေသေးတယ်၊ ခုတော့ အတူပြန်တာကအစ သိပြီးတော့"

"ဒါတော့ မင်းက တောက်လျှောက်မေးနေတော့ ခေါင်းတွေလည်း ထူပူပြီး ဘာမှစဉ်းစားမရ ဖြစ်ကုန်တာပေါ့ကွာ"

"ဘာမှမဆိုင်ပါဘူး"

"ဆိုင်တယ်၊ ငါလည်း ဒီနေ့ ဒီစာကြီး ရောက်လာတော့ စိတ်တွေရှုပ်ပြီး ခေါင်းတွေနောက်နေတာပဲ၊ ဂြိုဟ်တော့ဝင်ပြီဆိုပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာပဲ"

"ဘာမှလုပ်စရာလဲ မလိုဘူး၊ ရှင့်ဟာရှင် နေမြဲတိုင်းပဲနေရမှာလေ ဦးမင်းသီဟန်ရဲ့၊ ရှင်က ပြန်အရှောမဝင်ရင် ဘယ်မိန်းမမှ ဖက်တက်လို့ရတာ မဟုတ်ပါဘူးရှင့်၊ ရှင်ပြန်မရှုပ်ရင် ပြီးတာပဲလေ"

"ကျွတ် ... မင်းကကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသီဟန်ဘက်ကလည်း ဒေါ်သစ္စကိုလာ
ဒေါ်သက်နှင်းဇော်ဘက်ကလည်း နည်းနည်းကလေးမှ အယုံအကြည်
မရှိပါ။ စာအရ ဘာမှမဖြစ်နိုင်သေးတာကတော့ သေချာနေ
ဒေါ်သက်နှင်းဇော်က သဲသဲမဲမဲ ဆက်ပြီးရန်လုပ်မနေတော့ပေမယ့်
ရင်ထဲမှာတော့ မကျေနပ်ချက်တို့က ဗလောင်ဆူနေပါသည်။
အဲဒီနေ့က စာရော Print out ခတ်ပုံရော ကောက်ပြီး ပိုက်
အိတ်ထဲ ထည့်သိမ်းပစ်လိုက်တာကိုတော့ ဦးမင်းသီဟန်က မကြ
ကွက်သာလို့ ဘာမှမပြောတော့။

"ဒီတော့ နင်တို့ဟာက ဘာမှအတိအကျ အဆုံးမသ
လိုက်ရဘဲ မျောမျောကြီး ဖြစ်သွားတာပေါ့"

"အဲသလိုပဲ ဆိုပါတော့ ရွှေဝါရယ်"

"ဘာမှမဖြစ်သေးရင်လည်း ပြီးတာပဲ သက်ရယ်၊ ခုကစ
မျက်စိတော့ ဒေါက်ထောက်ကြည့်ပေါ့"

"ဘာမှမဖြစ်သေးတာလဲ သေချာသလို၊ သူ့စိတ်ထဲမှာတော
ရှုထနေပြီဆိုတာလည်း သေချာတယ်။ ခပ်ပြတ်ပြတ်မလု
ဘဲ ခပ်ရောရော ပြန်လုပ်နေတာ။ လူ့သဘောကောင်းကြီး
လိုလို ဘာလိုလိုပေါ့၊ ဟိုက ဦး ... ဦးနဲ့ ချွဲနေညုနေမှာ
သူကလည်း ဒီဘက်က တဟဲဟဲ သဘောကျနေမှာလေ
ငါ အခန်းထဲ ဝင်ဝင်ချင်းမှာ လှမ်းမြင်လိုက်ရတဲ့ ဖုန်းပြော





နေတဲ့ သူ့ရဲ့စပ်ဖြဲဖြဲ ရုပ်ကြီးကို ငါ လုံးဝမျက်စိထဲက
မထွက်ဘူး"

သက်နှင်းဇော် အသံက နာကြည်းတုန်ခတ်နေသည်။

"အဲဒါ ဒီဟာမလေးနဲ့ပဲ ပြောနေတာပေါ့"

"သေချာတာပေါ့ဟယ်၊ ငါ အခန်းထဲ ရောက်နေတဲ့ထိ
ဖုန်းက မပြတ်သေးတော့ သူက တအင်းအင်း တအဲအဲနဲ့
ပဲ ဖုံးဖုံးဖိဖိပြောဖို့ ကြိုးစားတယ်၊ ခုနပြုံးဖြဲဖြဲကြီး လုပ်နေ
တဲ့သူက ချက်ချင်းလက်ငင်း ရုပ်ကြီးကတည် လေသံက
မာပြီး ငါအလုပ်ရှိသေးတယ်၊ ပြီးမှဆက်တော့ ဘာညာ
ဖြစ်ကုန်တာပေါ့၊ ဒါပဲနော် ... ဒါပဲနော်ပဲ လုပ်နေလည်း
ဟိုဘက်က ချက်ချင်းချမပေးဘူးဟဲ့"

"ကဲလိုက် ရဲလိုက်တဲ့ဟာမတွေ၊ ဦးမင်းသီဟန်ကလည်း
ဟိုဘက်က မချလည်းနေပေါ့၊ ကိုယ်က ဌပ်ခနဲဖြတ်ချလိုက်
လည်း ပြီးတာပဲ"

"ဘယ်ချရဲပါ့မလဲ ရွှေဝါရဲ့၊ ဟိုဘက်ကို မပိုင်လို့ပေါ့၊
ဟိုက အကြိမ်ကြိမ် ပြန်ခေါ်နေရင် ငါလည်းရှိနေတော့ ပို
ခက်မယ်လေ၊ ငါမသင်္ကာဖြစ်လာမယ်လေ၊ နောက်ဆုံး
ငါက ဖျတ်ခနဲဆွဲလုပြီး နားထောင်ရင် ထောင်လိုက်မှာ
အဲဒါကြောင့် ချက်ချင်းမချရဲသေးဘဲ ထပ်မဆက်နဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာနဲ့ ကတိကဝတ် တောင်းနေရသေးတာလေ၊ ဒါပေမဲ့ စကားထဲမှာတော့ ငါမရိပ်မိအောင် ယောက်ကောင်တို့ မင်းတို့ ဆည့်သုံးတယ်”

“နင်ကလည်း ပေါ်တင်မမေးလိုက်ဘူးလား၊ အခုဆက်တာ ဘယ်သူလဲလို့”

“နေမလား ရွှေဝါရယ် မေးတာပေါ့”

“ဘာတဲ့လဲ၊ ညာပြောလား”

“ညာတာပေါ့၊ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ ညီလေးတဲ့ သူ့ကိစ္စတစ်ခု ကူညီခိုင်းနေတာတဲ့၊ ဒီကောင်က ရွှတ်ရွှတ်တဲ့၊ စိတ်ပျက်တယ် ဘာညာနဲ့ ညည်းညူနေတာပေါ့”

“သူ့ဖုန်းယူပြီး Last call ကို ပြန်နှိပ်ခေါ်ကြည့်လိုက်ရင် ပြီးနေတာပဲ”

“သြော် ... ငါလည်းသိတာပေါ့ ရွှေဝါရယ်၊ ဒါကအဆုံး စွန်ဖြစ်သွားပြီလေ၊ သူ့စကားကို မယုံဘူးလို့ ကြေညာလိုက် သလို ဖြစ်သွားမှာပေါ့၊ အခုအတိုင်းက သူက ဒီကောင် လေးနဲ့ ဘယ်မှာစတွေ့တယ်၊ ဖုန်းဆက်တယ်၊ ဒီစာပို့တယ် ဆိုတာတွေ တတ်နိုင်သမျှ ငါ့ကို အမှန်နဲ့ နီးနီးစပ်စပ် မပြောမဖြစ် ပြောလိုက်ရပြီးပြီ၊ ဒါကို ယုံတာမယုံတာအသာ ထား၊ ငါကလည်း ယုံသလိုပဲ လက်ခံငြိမ်နေလိုက်ပြီလေ





“သူ့ဖုန်းကို ဖမ်းဖွင့်စစ်တာ အထိကတော့ မလုပ် သင့်တော့ဘူးလား တွေးမိလို့ ငါ မလုပ်တော့တာ၊ တကယ် တမ်း ဟိုဘက်က ဖုန်းပိတ်ထားလိုက်ရင် ငါဘာလုပ်လို့ရ မှာလဲ၊ သူ့အပြောအဆို ပုံစံပြောင်းသွားကတည်းက ဟို ဘက်ကလည်း အလည်ပဲပဲဟယ်၊ အနားမှာ အန္တရာယ်တော့ ရောက်လာပြီဆိုတာကို သိကိုသိပြီး ... ဖုန်းမပိတ်ထားရင် တောင်မှ ဒီနံပါတ်ပဲ ပေါ်လာရင် ကိုင်ချင်မှ ကိုင်တော့မယ်၊ တခြားတစ်ယောက် ကိုင်ထူးခိုင်းရင်လည်း ခိုင်းမယ် ...

ငါက အခု သူပြောတာတွေနဲ့ပဲ ကျေနပ်လက်ခံသွား သလို အချိုသတ်ပြီး ပြီးထားလိုက်တာလေ၊ အတိအလင်း ပြဿနာရှာဖို့ဆိုတော့ ပိုင်ပြီ သေချာပြီဆိုမှ လုပ်ရမှာမို့ လား၊ လိုအပ်လာရင် ကိုကျော်မင်းကိုပါ ဖုန်းဆက်မေးသင့် မေး၊ ချုသင့်ချုပစ်ရမှာ”

“ကိုကျော်မင်း ဆိုတာ ဖစ်ဆစ်စ်က မိမိဇင်နဲ့ ယူထားတဲ့လူ မဟုတ်လား”

“ဟုတ်တယ်”

“သူ့မိန်းမဆိုရင်နော် ကျောင်းတုန်းက ကွင်း၊ ငါတို့အချိန် က မယ်ရွေးတာတွေ ခဏပြတ်နေတဲ့အချိန်မို့လို့၊ ခုနောက် ပိုင်းလိုမျိုး ပြိုင်ပွဲတွေသာရှိရင် မယ်ဘွဲ့ရမယ့်သူမျိုးလို့က



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့၊ ယောက်ျားတွေများ ချောချောလှလှလေးရထားလည်ပဲ မရောင့်ရဲနိုင်ကြဘူး၊ သူက အဲဒီဆိုင်က သီချင်းဆိုတဲ့ ကောင်မလေးနဲ့ ငြိနေတယ်ပေါ့"

"ငြိနေတယ်ပဲ နေမှာပေါ့၊ ကိုမင်းသီဟန်က ခင်နေတယ် ပြောပေမယ့် ခင်နေစရာလား၊ အသက်နှစ်ဆယ်လောက် တွေနဲ့ လေးဆယ်ကျော်ကြီးတွေ"

"အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတာလား"

"ဟုတ်တယ်၊ သူ့စာထဲကအတိုင်း သူက ကိုမင်းသီဟ ရှိရာနား တရစ်ဝဲဝဲ တကောက်ကောက် ကပ်နေတယ် လိုက်ကြည့်နေတယ် ဆိုကတည်းက အဲဒီမိန်းကလေးဟာ ဟိုးတစ်ခါ ငါမြင်ဖူးတဲ့ မိန်းကလေးပဲ သေချာတယ်၊ သူ ကားပျက်တုန်း ငါ သုံးလေးရက် ကြိုပေးရတုန်းက အဲဒီ ကောင်မလေးတစ်ယောက်ကို နှစ်ရက်တောင်တွေ့တယ် ရုံးဆင်းချိန်တွေမှာ ရုံးခန်းရှေ့က လှေကားထစ်ကြီးတွေမှာ လာထိုင်စောင့်နေတာ၊ သူ ထွက်လာတာကို လှည့်လှည့် ကြည့်နေတာ၊ တခြားလူတွေ ရုံးဆင်းလာရင် မကြည့်ပါ ဘူး၊ ပထမတစ်ရက်က ကြည့်ရုံပဲ၊ ဒုတိယတစ်ရက်ကျ တော့ စကားတောင် လှမ်းပြောလိုက်သေးတာ"

"ဘာပြောတာလဲ"





"ကိုမင်းသီဟန်ကတော့ ကွန်ပျူတာဝင်တန်း မေးတာလို့ ပြောတာပဲ၊ အဲဒီတုန်းက အဲဒီကောင်မလေးက လာပြီးချဉ်း ကပ်ကာစ ဖြစ်မယ်၊ ဟုတ်ရင်လည်း ဟုတ်မှာပေါ့"

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်တော့၊ သူတို့စတွေ့တာ စားသောက် ဆိုင်မှာဆိုတော့ မြင်တော့ မြင်ဖူးနေကြပြီးသားပဲဖြစ်မှာ"

"အေးပေါ့"

"ဘာပဲဖြစ်ဖြစ် ကိုမင်းသီဟန်လည်း ဒီလောက် အိမ်ထောင် သက် နှစ်ပေါင်းနှစ်ဆယ်ကျော်မှာ ဘာသံမှမထွက်၊ ဘာ ရှုပ်ရှုပ်ယှက်ယှက်မှ ရှိခဲ့တာ မဟုတ်ပါဘူး သက်ရယ်၊ ယောက်ျားတွေဟာ အချိန်တစ်ချိန်မှာ သူတို့ကိုယ်သူတို့ ဆွဲဆောင်မှု စွမ်းဆောင်မှု ကျဆင်းလာပြီလို့ မသိမသာ ထင်တတ်ကြပြီ အဲဒီအချိန်မျိုးမှာ နုနုနယ်နယ် မနူးမနပ် လေးတွေ သူတို့ကို favour ပေးတာမျိုး ရှိလာတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပြန်ရှိလာတဲ့အပေါ် ကျေနပ် သာယာကြတာ ထုံးစံပါ၊ တချို့က ဖောက်ပြန်ဖို့ မရည်ရွယ် ပဲ သာယာတဲ့အဆင့်မှာပဲ ပြီးသွားကြတာပဲ"

ဖောက်ပြန်မှာကိုပဲဖြစ်ဖြစ် သာယာမှာကိုပဲဖြစ်ဖြစ် ဒါသက်နှင်းဇော်က လက်မခံနိုင်ပါ။ ပိုတယ်ပဲပြောချင်ပြော၊ သူတကာတွေ ချစ်တာထက် ကိုယ့်အချစ်က အဆတစ်ရာလောက် ပိုတယ်ထင်ချင်တာ။ နည်းနည်းပါးပါး သံယောဇဉ်တွယ်ငြိပြီး အချိန်တန်လို့ လက်ထပ်ခဲ့ကြတယ်ဆိုတဲ့ စုံတွဲမျိုးလည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် သိပ်ချစ် ခဲ့ကြတာ။ အဲသလိုပဲ ဒေါ်သက်နှင်းဇော် ယုံသည်။ ကိုယ်က သူ့ ကို အသည်းအသန် ချစ်တာလေ။ သူလည်း ကိုယ့်ကို အဲသလို လို့ ယုံစားထားသည်။ မင်းသီဟန်နှင့် သက်နှင်းဇော် ချစ်ကြတော့ သက်နှင်းဇော်ရဲ့အစ်ကိုက မင်းသီဟန်နှင့် အထက်တန်းကျောင်း ကတည်းက မတည့်ခဲ့ကြသူချင်းမို့ ခါးခါးသီးသီး သဘောမတူသူ ဖြစ်သည်။

သူ သဘောမတူတဲ့အတွက် မိဘတွေထံမှာ မင်းသီ ဟန်ရဲ့ဆိုးကွက်တွေကိုချည်း ရှာကြံပြောသည်။ လုပ်ကြံပြောသည်။ ဟုတ်တာတွေရော မဟုတ်တာတွေပါ မိဘတွေက နားဝင်ပြီး မင်းသီဟန်နှင့် သက်နှင်းဇော်ကို သဘောမတူနိုင်ဘူး လိုက်ဖြေ ကြပါသည်။ မိဘနဲ့ အစ်ကိုတွေ ဘယ်လိုဖျက်ဖျက် သူတို့နှစ် ယောက်က မပျက်ခဲ့တာ။

မရမက ခိုးကြောင်ခိုးဝှက် ချိန်းချက်သည်။ အခဲ အဖျက်အဆီး အနှောင့်အယှက် အမျိုးမျိုးကြားထဲက လုံး လက်တွဲမဖြုတ်စတမ်း အံတုဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြတာ။ ကိုယ့် ကလည်း လောကကြီးမှာ မင်းသီဟန်ကလွဲရင် ယောကျ်ားဆိုတာ မရှိတော့သလို။ သူကလည်း လောကကြီးမှာ သက်နှင်းဇော် လွဲရင် တခြားမိန်းကလေးတွေ မရှိတော့သလို။





အဲသလောက် အချစ်ကြီး ချစ်ကြပြီးတဲ့နောက် ယူ တော့လည်း တောင်းရမ်းပြီး အေးအေးချမ်းချမ်း ယူခဲ့ကြရတာ မဟုတ်။ ခိုးပြေးကြရတာပါ။ အကြာကြီး ပြေးရှောင်ပုန်းအောင်း နေကြပြီး ပြန်အပ်တဲ့အချိန်ကျပြန်တော့လည်း ကြားက စပ်ဟပ် ချွန်ဖြေသူတွေ တစ်လှေကြီး ရှိတဲ့ကြားက တုတ်တစ်ပြက် ဓား တစ်ပြက် ဖြစ်မတတ် ပြဿနာတွေက တက်လိုက်ရသေးသည်။

ဖျက်သူရှိလို့ပဲ ပိုမြဲသလား မပြောတတ်အောင် သူတို့နှစ်ဦးဟာ မျက်စိအောက်က အပျောက်မခံနိုင်အောင် သဲကြီး မဲကြီး ချစ်ခဲ့တာ။ တစ်ယောက်က “သက်” “သက်”နှင့်။ နောက် တစ်ယောက်က “ကို” “ကို”နှင့် နှုတ်ဖျားကမချ။ လူတကာလည်း မျက်စိနောက်ရပါရဲ့။ အဲသလိုကြီး ချစ်မြတ်နိုး သံမှုန်ကြတာဟာ အိမ်ထောင်သက် ဆယ်နှစ်လောက်ရှိတဲ့အထိ။

သူများအိမ်ထောင်တွေ နှစ်နှစ် သုံးနှစ်ရှိလို့ ရိုးသလို အေးစက်သလို ဖြစ်စပြုချိန်မှာ သူတို့က သမီးရည်းစားတွေလို သည်းလို့ မှုန်လို့ကောင်းတုန်းပါ။ ပူဆွေးတုန်းပါ။ ငါးနှစ်ကကျော် လာချိန်မှာ မိသားစု လက်ငုပ်လက်ရင်း လုပ်ငန်းတွေ အားလုံး မင်းသီဟန် အုပ်ချုပ်ခဲ့ရပြီးတဲ့နောက်မှာ အလုပ်တအားများလာခဲ့ တာ။ အလုပ်များလာလေ မိသားစုခေါင်းချင်းဆိုင်ပြီး ကြည်နူးရ ချိန်တွေ နည်းလာလေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ ဆယ်နှစ်။ လူကြီးတစ်ပိုင်းဖြစ်က
ပို၍ ပို၍ တည်ကြည်ငြိမ်သက်လာတဲ့ ခင်ပွန်းသည်အပေါ် လှ
နှင်းကြီးမို့ လူကြီးတွေနှင့် ပေါင်းသင်းဆက်ဆံရများကာ လူ
ဆန်လာတယ်လို့ နားလည်ဖြေသိမ့်ကြည့်သော်လည်း ဟိုအရင်က
ပူနွေးတောက်ပတဲ့ အချစ်မျိုးတွေ သူ့ထံ လျော့နည်းသွားပြီလ
လို့ သက်နှင်းဖော် ဝမ်းနည်းဘဝင်မကျ ဖြစ်ခဲ့ရတာပင်။

ကိုယ့်ဘက်အဖို့တော့ အသက်လေးဆယ်ကျော်လ
လည်း ကိုယ့်ခင်ပွန်းသည်သာလျှင် ကိုယ့်အတွက် ကြည့်
အကောင်းဆုံး အမျိုးသား။ သပ်ရပ်စမတ်ကျပြီး အလုပ်လည်
တော်တဲ့ ကိုယ့်ယောကျ်ားကိုကိုယ် ဘယ်အချိန်ကြည့်ကြည့် အထ
တကြီး ရင်ခုန်ပီတိဖြစ်ကာ ကြည်နူးနေဆဲ ဖြစ်သော်လည်း သ
ဘက်ကကျတော့ ကိုယ်ဟာ သူ့မျက်စိထဲ အလှဆုံးမဖြစ်တော
သည်ကိုလည်းကောင်း၊ ကိုယ့်ကိုသာ အရိပ်တကြည့်ကြည့် ရင်ခု
ကြည်နူးနေသည် မဟုတ်တော့ပြီကိုလည်းကောင်း တဖြည်းဖြည
သိ,သိလာတာ။

အဲသလို သိလာလေ ယောကျ်ားအပေါ် အရင်
ထက်ကို သဝန်တိုလေ။ ကားမောင်းသွားရင်း ကိုယ်ဘေးမှာ
လျက်နှင့် လမ်းသွား လမ်းလာ မိန်းမငယ်ချောချောလှလှတို့
မြင်တဲ့အခါ ဘာရယ်မဟုတ် ဖျတ်ခနဲ လှမ်းငေးကြည့်လိုက်တ
တာကိုပင်လျှင် ရင်ထဲဆွေ့ဆွေ့ခုန်ချင်တာ။





တစ်နေရာရာသွားဖို့ ပြင်ဆင်ဝတ်စားတုန်း "ဟာ ...
ဒီအင်္ကျီ မင်းနဲ့ကြည့်လို့မကောင်းဘူး သက်၊ မင်းက အသက်ကြီး
လာပြီလေ၊ ကလက်တာပေါ့"ဆိုတာမျိုး ပြောလိုက်လျှင် ဝမ်းနည်း
တာရော မခံမရပ်နိုင်တာရော ရောနှောပွက်ပွက်ဆူ ဒေါသတွေ
မှုထူကာ ဖြေသိမ့်လို့ မရအောင်ပင်။

ဒါကြောင့်လည်း မင်းသီဟန်က ဆိုသည်။

"မင်းကကွာ၊ အရင်ကထက်ကို ပိုပိုသဝန်တိုလာသလိုပဲ"

ဟုတ်ပါသည်။ အရင်တုန်းက ကိုယ်ဟာ သူ့အတွက်
ပြိုင်ဘက်ကင်းမို့ နည်းနည်းပါးပါးပဲ တိုတာ။ ခုတော့ ကိုယ်က
ပြိုင်ဘက်ကင်း မဟုတ်တော့ဘဲ ရှိရှိသမျှ မိန်းမလှတို့နှင့် ပြိုင်ဘက်
တွေချည်း ဖြစ်လာရကာ ပြိုင်တိုင်းလည်း သူ့အမြင်၌ ကိုယ်ရှုံး
ပြီး နောက်နားကျကျလေးကိုသာ ရောက်နေရတာကိုး။

"ကဲ ... အဲဒီတော့ နင့်ကို ငါ ဘယ်လိုကူညီရမလဲ"

"ဟုတ်တယ် ရွှေဝါ၊ နင် ကူညီနိုင်တယ်၊ နင်ကယောကျ်ား
ရော သားနဲ့သမီးရော နိုင်ငံခြားရောက်နေပြီး အချိန်တိုင်း
က ကိုယ်ပိုင်အချိန်ဖြစ်နေတဲ့ မိန်းမတစ်ယောက် ဖြစ်နေတာ၊
ကိုမင်းသီဟန်ရဲ့ ရုံးအဆောက်အအုံနားမှာတင် ရုပ်ပါးမားကက်
တစ်ခုကလည်း ရှိနေတာဆိုတော့ နင် မကြာ မကြာဆို
သလို အဲဒီနား လှည့်ပတ်ပြီး လိုအပ်ရင် သူ့ဆီကိုပါဝင်
ပြီး အခြေအနေကို နည်းနည်းချက်ကင်လုပ်လှုပ်ပေးစမ်း
ပါ ရွှေဝါ၊ ငါလည်း အချိန်ရရင် ရသလို လုပ်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



အခုဟာက သူ စမောလ်ထားနေတာ မဟုတ်တာ တောင်မှ ငါ့သမီး အရွယ်လောက် မိန်းကလေးက ငါ့ ထောက်ကျားကို မြှုဆွယ်နေတာ၊ သစ်ငုတ်များတောင် ကြာ ကြာနဲ့ရင် ကျွတ်ပါသွားသေးတာပဲ ရွှေဝါ၊ ဒီကောင်မလေး ရန်က ကူညီကာကွယ်ပေးစမ်းပါ ရွှေဝါရယ်”

“အေးလေ ... ငါလည်း နည်းနည်းပါးပါး စုံစမ်းစုနည်း နာကြည့်ပါဦးမယ် သက်ရယ်၊ နင်လည်း သိပ်စိတ်ဓာတ် ကျမနေပါနဲ့”

“နင် ငါ့သားကိုတော့ ကြုံကြိုက်လို့တောင် ဘာမှမပြောမိ ပါစေနဲ့နော် ရွှေဝါ”

“စိတ်ချပါဟယ်”

❖ ◎ ❖





၇

ရွှေဝါကား ရပ်ခဲ့စဥ်တုန်းက ရုံးရှေ့ပေါ်ကင်တန်းမှာ ဦးမင်းသီဟန်ကားကို မြင်ခဲ့သည်။ ဒီတော့ ရုံးမှာရှိနေတယ်ပေါ့။ ရှုပါမားကက်ထဲ နည်းနည်းပါးပါး ဝယ်ခြမ်းပြီးတော့ ရှုပါမားကက် ရဲ့ပထမထပ်က စားသောက်ဆိုင်လေးမှာ အပြင်ဘက် မြင်နေရတဲ့ မှန်ချပ်ကြီးအနားကပ်၍ နေရာယူထားလိုက်ပါသည်။

ကော်ဖီနှင့် ပုစွန်ကော်ပြန့်ကြော်တစ်ပွဲ မှာကာ စားနေရင်းက လှမ်းမြင်နေရတဲ့ သူတို့ရုံးရှေ့ပေါ်ကင်ဆီ ကြည့် နေလိုက်သည်။ ထူးခြားတဲ့ လှုပ်ရှားမှုများ ရှိမလားလို့ပေါ့။ ပြန် ခါနီးကျရင်တော့ ရုံးပေါ်ကို တက်နှုတ်ဆက်လိုက်ဦးမည်။ ဈေး လာဝယ်ရင်း လမ်းကြုံလို့ဝင်လာတယ်ပေါ့။ ဒေါ်ရွှေဝါက ဦးမင်း သီဟန်နှင့် ဟိုးတုန်းကတည်းကပင် ခင်မင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသီဟာန်နှင့် သက်နှင်းဇော် စ,ကြိုက်ကြကတည်းက သူလည်း တတွဲတွဲ အတူရောပါနေခဲ့တာပဲ။ သက်နှင်းဇော်နှင့် ရွှေဝါတို့နှစ်ယောက်က တက္ကသိုလ်တစ်လျှောက် တွဲခဲ့ကြတာဖြစ်ရာ သူတို့နှစ်ယောက် ခိုးပြေးတော့ပင် ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီချိန်းချက်ပို့ဆောင်ပေးရပါသေးရဲ့။ အတော့်ကို အသည်းပိုပို ချစ်ကြတဲ့ စုံတွဲဆိုတာ ပြောစမှတ်ရှိခဲ့သည်။

ခုတော့ သူတို့နှစ်ယောက်ကို ကြည့်လိုက်ရင် အသည်းပိုမှုဆိုတာဟာ မိန်းမဖြစ်တဲ့ သက်နှင်းဇော်ထံမှာသာ ကျန်နေပြီး ဦးမင်းသီဟာန်ထံမှာတော့ ခပ်အေးအေး အရိပ်အယောင်မျိုးသာ။ ဒါဟာ ယောကျ်ားတိုင်းပဲ ထင်ပါရဲ့။ ရွှေဝါသည် စင်ကာပူမှာ အလုပ်ထွက်လုပ်နေတဲ့ ခင်ပွန်းကို ကျေးဇူးတင်မိသည်။

မဖောက်ပြန်လို့ သစ္စာရှိလို့ ကိုယ့်ကို သိပ်ချစ်နေသေးလို့ မဟုတ်။ ဖောက်ပြန်သလား မပြန်သလား၊ သစ္စာရှိသလား မရှိသလား၊ ကိုယ့်ကို ချစ်နေသေးလား၊ တခြားကို စိတ်ကစားနေသလား အတိအကျ ကိုယ်မသိရလို့ဖြစ်သည်။ အကောင်းကိုမသိရသလို အဆိုးကိုလည်း မသိရ၍ ကျေးဇူးတင်ရတာဖြစ်သည်။ သူ့ဟာသူ မိန်းမတစ်ယောက်ချိန်းပြီး နိုက်ကလပ် သွားနေလည်း ကိုယ်သိရတာ မဟုတ်တဲ့အတွက် အတော်ကို အပူငြိမ်းလှသည်။

ခုတော့ ပထမ သားကို၊ နောက်ထပ် သမီးငယ်ကို တစ်ယောက်ပြီးတစ်ယောက်လွတ်ကာ ကျောင်းတက်စေသဖြင့်





ဟိုအရင်က တစ်ယောက်တည်း အခန်းငှားနေတဲ့ယောကျ်ားဟာ သားတွေ သမီးတွေနှင့် အတူနေနေရပြီ။ သိပ်ကြီးတော့ စည်းလွတ်ဝါးလွတ် လုပ်နေလို့ မရနိုင်တဲ့အတွက် ရွှေဝါ သိပ်မပူပေ။

"အန်တီ ... ဒီနား ခဏထိုင်လို့ ရမလားဟင်၊ လူရှိသေးလားဟင်"

ဒေါ်ရွှေဝါက ချိုသာတဲ့ အသံကလေးလာရာဆီ မော့ကြည့်လိုက်ပါသည်။ လှပဆန်းပြားတဲ့ စတက်ပ်ဆံပင်ဆန်းနှင့် ဒူးလောက် စကတ်ဖြူကားကားလေး ဝတ်ထားတဲ့ ချစ်စဖွယ် မိန်းကလေးငယ်လေးကို တွေ့လိုက်ရပါသည်။ အင်္ကျီကလည်း အပေါ်ကတစ်ထပ် အောက်ကတစ်ထပ် ရှပ်ယှက်ခတ်။ စလွယ်သိုင်းအိတ်လေးတစ်လုံးနှင့် ဝတ်ထားတဲ့ ဖိနပ်လေးကလည်း ခြေမကွင်း ခြေဖမိုးကွင်း မျှင်မျှင်လေး နှစ်ကွင်းသာပါတဲ့ လှပကြော့ရှင်းသော ဖိနပ်လေးမို့ ခြေချောင်းလုလုကလေးတွေနှင့် အရောင်ကျားကျားဆိုးထားတဲ့ ခြေသဲရှည်လေးတွေ အသားပေပေါ်လွင်နေသည်။

အင်း ... ချစ်စရာလေးတွေ။ ကိုယ်တွေငယ်ငယ်က ဒီလိုအဝတ်အစားမျိုးတွေလည်း မပေါ်ခဲ့။ ဘယ်ပဲသွားသွား ထဘီရှည်ကြီးတွေ ဖိုသီဖတ်သီနှင့်ပဲ။ နောက်တစ်ခါ ထဘီတိုတို ခြေသလုံးပေါ်ပေါ်တွေနှင့်။ ဘာမှမဆန်းကြယ်တဲ့ အင်္ကျီနှင့် ထဘီတိုပဲ ရှည်လိုက် တိုလိုက် ဖက်ရှင်လုပ်နေရတာ။ ခုခေတ်များတော့



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ လှကြတာလည်းမပြောနဲ့။ လှအောင်ပြုပြင်ဆင်ယင်စရာ အဆန်းတကြယ်တွေကလည်း အများသား။

"အန်တီ"

"ဩော် ... အင်း ... အင်း၊ လူမရှိပါဘူး"

ဖြေရင်းကပင် ဒေါ်ရွှေဝါက ဘေးတစ်ဖက်ကိုလှည့်ကာ ဝေ့ဝဲကြည့်မိသည်။ စားပွဲအလွတ်တွေ နှစ်ခု သုံးခု ရှိနေရက်နှင့် ဒီမှာ ကိုယ်ထိုင်နေတဲ့ စားပွဲကိုမှပဲ လူရှိသေးလားလို့ လာမေးစုခွဲနေတာ ဘာသဘောလဲ။ ဒေါ်ရွှေဝါ့ အကြည့်ကို ကောင်မလေးက ချက်ဆိုနားခွက်က မီးတောက်ဟန်နှင့် ...

"ဟိုလေ ... စိတ်မရှိပါနဲ့နော် အန်တီ၊ ဟိုဘက်စားပွဲတွေ အားပေမယ့် မြက အပြင်ကို မြင်ချင်လို့ပါ"

"ဩော်"

"ချိန်းထားတာလေးရှိလို့ မြ အပြင်ကို လှမ်းမြင်နေရအောင်လို့"

"ဩော် ... ရပါတယ်၊ အန်တီလည်း တစ်ယောက်တည်းပါ"

ဖြေလိုက်ပြီးလျှင်တော့ ရွှေဝါက ကောင်မလေးကို စိတ်ဝင်တစား ရှိသော်လည်း သိပ်အကဲခတ်မနေချင်၍ နံဘေးမှာ ချထားတဲ့ ဂျာနယ်တစ်စောင်ကို ကောက်ဖွင့်ဖတ်နေလိုက်ပါသည်။ ကောင်မလေးက ဒူးချိတ် ကျကျနနထိုင်ကာ ခုံကို အပြင်ဘက်





မျက်နှာစာမှန်ချပ်ကြီးဘက်ပင် နည်းနည်းဆွဲလှည့်ထားလိုက်ပါသေးသည်။ အနားရောက်လာတဲ့ စားပွဲထိုးလေးကို ...

"ကော်ဖီးဖလုတ်ထဲ တစ်ခွက်၊ မြန်မြန်လေး"

ထို့နောက် ကောင်မလေးက အိတ်ထဲက ဖုန်းဖြူဖြူဖွားဖွားကလေးကို ထုတ်ယူလိုက်ကာ ဂဏန်းတချို့ကို နှိပ်နေပါသည်။ အဲဒီအချိန်မှာပဲ ဆိုင်ထဲက တီဗီတွေမှာ ခုနက စလောင်းက အတင်းချယ်နယ်လ်တစ်ခု ပြနေရာကနေ အမ်မ်တီဗီအခွေတစ်ခွေ ထည့်လိုက်၍ သီချင်းသံ မြူးကြွကြွတစ်ပုဒ်က ဗြန်းခနဲလင်းမွှင်းကြီး ပြုတ်ကျသလို အလန့်တကြား ထွက်ပေါ်လာသည်။

"အမယ်လေး ... နည်းနည်းတိုးစမ်းပါဟဲ့"

စားပွဲထိုးကောင်လေးတစ်ယောက်ကို ကောင်မလေးက လှမ်းအော်လိုက်တာဖြစ်သည်။ ဒေါ်ရွှေဝါ သဘောကျသွားရသည်။ ရွယ်တူယောကျ်ားလေးတွေကိုလည်း တစ်စက်မှ မရှိန်းမှု။ သီချင်းသံက ခုနကထက်တော့ နည်းနည်းတိုးသွားပါသည်။

"ဟယ်လို"

ကောင်မလေးက နားတစ်ဖက်ကိုပိတ်ကာ အသံတိုးညှာင်ကလေးနှင့် ပြောနေတာ။

"ဟယ်လို ... ဦးလား"

ဒေါ်ရွှေဝါသည် ကောင်မလေး ဖုန်းဆက်နေတဲ့အသံကို သေချာမကြားရပေ။ သို့ပေမယ့် သူ့ရဲ့ဖတ်တော်လမ်းလေးဆီကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေတာ ဖြစ်မယ်ဆိုတာကိုတော့ မှန်းဆလို့ရသည်။ မျက်နှာလေးက ညှတုတု အီတီတီလေး ဖြစ်နေသည်။ သေချာမကြားရတဲ့စကားသံဟာလည်း အဲသလိုပဲ ညုအီချွဲပျစ် ဖြစ်နေမှာပင်။

ရှေ့ကအန်တီ ကိုယ့်ပုံစံကို မသိမသာ အကဲခတ်နေတာ သိပေမယ့် မြစ္စက်ညိုက သိပ်ပြီးဂရုမစိုက်မိပါ။ သူ့ဟာသူ ကြည့်ကြည့် သိသိ၊ ကြားချင်တာကြားကြား။ နောင်လည်း ပြန်တွေ့ကြမယ့်သူတွေမှ မဟုတ်တာ။

"ဦး ... မြပါ"

"သြော်၊ အေး ...၊ ဦး အလုပ်ရှုပ်နေတယ်ကွာနော်။ နောက်မှ ပြန်ဆက်လိုက်တော့ ... ဟုတ်လား"

"အာ ... အာ ... နေပါဦး၊ နောက်မှပြန်မဆက်နိုင်ဘူး တစ်နေ့ကလည်း ဒီလိုပဲ ဦး လူလည်ကျသွားတယ်လေ အဟုတ်အလုပ်ရှုပ်နေတယ်ထင်လို့ မြက ဖုန်းချပေးလိုက်တာ၊ ခဏကြာမှပြန်ဆက်တော့ ဦးက ဖုန်းပိတ်ထားလိုက်ပြီ"

ဒါတောင် မြက လွယ်လွယ်နှင့် လျှော့သေးတာမဟုတ်။ သူ့ကုမ္ပဏီရုံးခန်းဖုန်း နှစ်လုံးစလုံးကို ကောက်ဆက်ပါသေးသည်။ မြထံမှာ စဆီကတစ်ဆင့် ရထားတဲ့ ဦးရဲ့ဗစ်ဇတင်ကတ်ရှိတယ်လေ။ အဲဒီကကြည့်ပြီး ရုံးခန်းဖုန်းတွေကို ဆက်လိုက်ပေမယ့် နှစ်လုံးစလုံးက အသံနှစ်သံက "ဆရာ မရှိပါဘူး" ချည်း ဖြေသည်။





"သြော် ... အဲဒါက အစည်းအဝေး"

"ဦး"

မြစ္စက်ညိုက ဦးမင်းသီဟန် စကားကိုဖြတ်ကာ ဆတ်ဆတ်လေး ခေါ်လိုက်ပါသည်။

"ဦးနဲ့ မြ အခုတွေ့ချင်တယ်"

"အာ ... ဘယ်ဖြစ်မလဲ"

"ဘာလို့မဖြစ်တာလဲ၊ ဦးကို မြ မတွေ့ရတာကြာပြီ"

"တွေ့စရာမှ အကြောင်းမရှိဘဲ၊ ဘာကိစ္စမှ မရှိတဲ့ဟာ"

"ဦးကို တွေ့ချင်တယ်၊ ဦး ရုံးဆင်းတဲ့ အချိန်တွေတိုင်း မြ အဲဒီနားတစ်ဝိုက်မှာ ရှိပါတယ်၊ ရုံးဆင်းခါနီးရင် ဦး မိန်းမက ဘာဖြစ်လို့ ရောက်ရောက်လာရတာလဲ"

"သူ ဒီနားကို ကိစ္စနဲ့လာရင်း ဝင်လာတာပေါ့"

"မဖြစ်နိုင်ပါဘူး၊ ရောက်လာရင် ကားပေါ်ကဆင်းပြီး ကားဘေးရပ်ပြီး ဟိုကြည့် ဒီကြည့်နဲ့၊ ဘာလဲ ... သူက မြကို သိနေသလား၊ ဦးက မြအကြောင်း ပြောပြထားတာလား"

"ပြောပြထားတယ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ မင်းရေးလိုက်တဲ့စာတို့ ဘာတို့ သူတွေ့တာပဲဟာ၊ သိတာပေါ့"

"ဦးကလည်း ဘာဖြစ်လို့ ပြရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ပြလည်းမပြဘူး၊ ဖွက်လည်း မဖွက်ဘူး၊ ဒီလိုပဲ ရုံး... စားပွဲပေါ်တင်ထားတာ သူတွေ့သွားတာပဲ၊ ကဲ ... သ... ဒါပဲ မဟုတ်လား”

“ဟင့်အင်း”

မြရဲ့ရှိုက်သံခပ်စွက်စွက် ငိုသံပါ “ဟင့်အင်း”... ကြောင့် ရှေ့က အန်တီကြီးကလည်း ဂျာနယ်ပေါ်က မျက်... ကျော်ကာ ကြည့်လာသလို တစ်ဖက်က ဦးမင်းသီဟန်ကလည်... သနားသွားပြန်သလို သက်ပြင်းရှိုက်ရင်း ...

“ကဲ ... ပြော ပြော၊ ပြောစရာရှိတာပြော”

“ဦးနဲ့ တွေ့ချင်တာ”

“ဦး မအားသေးပါဘူး မြရယ်”

ခုချိန်မှာ ဦးမင်းသီဟန်သည် အစိက ဇနီး... ပြဿနာမတက်လိုပါ။ ဒီလိုကိစ္စမျိုးဆိုတာ အပျော်အတွက် ... လုပ်ကြတာမျိုး။ မပျော်ရမှတော့ ဘာအကျိုးရှိမှာမို့ လုပ်နေ... လိုသလဲ။ အတွေ့အကြုံလည်းမရှိ ပီလည်းမပီရိတဲ့သူဟာ ဘာမှ... မယ်တောင် မကြံသေး၊ ဘာမှမဖြစ်သေးခင်ကပင် မိန်းမက ... သွားတဲ့အဖြစ်နှင့် ကြုံနေသည်။

ဘာမှတောင် မမှားရ မယွင်းရသေး။ မိန်းမက... ကာ ရုံးကို ဖုန်းဆက်ချက်ကင်လုပ်။ စိတ်ကူးပေါက်ရင် ပေါ...





...လို ညနေရုံးဆင်းချိန်ရောက်ချလာ။ ပိတ်ရက်မှာ မျက်စိအောက် ... အပျောက်မခံ။ ခါတိုင်း အတူထွက်စားဖြစ်နေကျ မိတ်ဆွေ ...ကိုတောင် ဒီရက်တွေအတွင်း စားသောက်ဆိုင်တွေ ဘီယာ ...ဆိုင်တွေဆီ မလိုက်နိုင်သေးဘူး ပြောထားရသည်။

ဦးမင်းသီဟန် သွားရင် သူပါလိုက်မည်လို့ ဒေါ်သက်... ...ဇော်က လေသံပစ်သည်။ ကိုယ်က မခေါ်ရင်တောင် နောက်... ...နေ သူက ဖွတ်ပါလာရင် ဘာမှမတတ်နိုင်။ ပိုပြီးစိတ်အနှောင့် ...ယှက် ဖြစ်စရာဖြစ်မည်။ ဒီတော့ ကိုယ့်ဟာကိုယ် ခြေချုပ်ချ ...ထားလိုက်သည်။

“မြ ရုံးထဲဝင်လာခဲ့ရမလားဟင်”

“အာ ... ဘယ်ဖြစ်မလဲ၊ ဝင်မလာနဲ့၊ ဘာလဲ ... ညည်းက အခု ဘယ်ရောက်နေလို့လဲ၊ ဒီနားမှာလား”

“မြ ဘေးက စူပါမားကက်မှာ ရှိနေတယ်”

“အာ ... မလာနဲ့၊ မလာနဲ့၊ ဒီမှာက အားလုံးက အလုပ် လုပ်နေကြတာလေ မြ၊ အလုပ်ကိစ္စမဟုတ်ဘဲ အလကားလာ နေတာမျိုးဆိုရင် သူများမျက်စိနောက်တာပေါ့၊ ဘယ်ကောင်း မလဲ”

“ဒီကုမ္ပဏီက ဦးကုမ္ပဏီပဲ၊ ဦးအကြီးဆုံးပဲဟာ၊ ဘာကြောက် စရာရှိလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တာတော့ ဘယ်ဟုတ်မလဲ၊ အများအမြင် မ[...] တယ်တာကို ပြောတာလေ၊ ကိုယ်လုပ်ချင်တိုင်း ဖွတ်လ[...] လို့ ဘယ်ရမလဲ"

"ဒါဖြင့် ဦးထွက်ခဲ့"

"ခက်ပါလား မြရယ်၊ ဦး မအားသေးဘူး၊ အလုပ်[...] ရှုပ်နေတယ်လေ၊ ပြောပြီးပြီ မဟုတ်လား"

"ဦးမအားရင် အလုပ်သာ အေးအေးဆေးဆေး ထိုင်[...] နေပါ၊ မြက ဦးရုံးခန်းထဲ ဝင်လာပြီး ဦးကို ခဏထိုင်ကြ[...] နေရုံပါပဲ၊ မြ ခဏပဲနေမှာပါ ဦးရယ်"

ဆွေးလျှတဲ့ မြစွက်ညို့ လေသံကြောင့် ဦးမင်းသီဟ[...] မှာ ပြတ်ပြတ်လည်း မဟောက်ရက်၊ ကိုယ်ကိုတွန့်လိမ်ကာ အက[...] ရိုက် အခက်တွေ့နေပါသည်။ ရုံးထဲဝင်လာဖို့ကတော့ ဘယ်နည်[...] နှင့်မှမဖြစ်။ ခုချိန်မှာ သက်နှင်းဖော်ဟာ ရုံးက Staff တစ်ယော[...] နှစ်ယောက်လောက်ကို စည်းရုံးရေးဆင်းပြီးသား ဖြစ်နေမှာ [...] ချာသည်။ ရုံးက ထူးခြားမှုတို့ကို သူ့ထံ သတင်းရောက်စေ[...] ဖြစ်မှာ သေချာသည်။ သက်နှင်းဖော်က အဲသလိုလုပ်မည့် မိန်း[...] မျိုးဖြစ်သည်။

မြစွက်ညို့ ဆိုတဲ့ ဟာမလေးကိုလည်း စိတ်မချ[...] ဘာကိုမှ ဂရုစိုက်ပုံမရတဲ့ မိန်းကလေး။ ဖွတ်တစွတ်ဆန်လှသည်[...]





[...]ကော်အတွင်းမှာ သူ့ဆီကို ဖုန်းစည်းကြီး ပို့လိုက်တာကတစ်ခါ။ [...]လယ်မှာ ကတ်ကြေးကိုက်ပါဆယ်ဘူးနှင့် ကော်ဖီပါဆယ်ဘူး [...]လိုက်တာက တစ်ခါ။

"ဦး လာမှာလား၊ မြ လာရမှာလား"

ဘုရား ... ဘုရား။

ဦး လာမှာလား။ မြ လာရမှာလားတဲ့။ အပြော [...]ဆိုက။ ဒေါ်ရွှေဝါသည် ရုတ်တရက် သီချင်းအဆုံး တိတ်သွား [...]ချိန်မှာမှ ပီပီသသ သဲသဲကွဲကွဲ ကြားလိုက်ရတဲ့စကားကြောင့် [...]ထန့်ဖျား ဖျားရသည်။ မလွယ်ပါလား ... ကောင်မလေးတွေ။ အဲသလို ကောင်မလေးတွေနှင့် သူတို့လို အမျိုးသမီးကြီးတွေ [...]ယှဉ်ပြိုင်နေကြရတာဆိုတော့ ကိုယ်တွေပဲ ခြေပြတ်ကာ ကျန်ရစ် ကြရတော့တာပေါ့။

"အိုကေ ... အိုကေ၊ ဦး ခဏထွက်လာခဲ့မယ်၊ ဆယ်မိနစ် ပဲ အချိန်ရမယ်နော်"

"ရပါတယ်၊ ဦး အချိန်ပေးသလောက်ပေါ့၊ ဦးအတွက် ခြေအိတ်တစ်စုံ ဝယ်ထားတယ်၊ အဲဒါကိုယူပြီး မြကို သွားပွတ်တံလေးတစ်ချောင်း ပြန်ဝယ်ပေးရမယ်၊ မိုးလင်း လင်းချင်း သွားတိုက်ရင်း ဦးကိုသတိရနေအောင်"

"ကဲ ... လာပြီ၊ လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြက ရှင်မြူးအားရစွာ လက်ဖျောက်တစ်ချက်တီး
လိုက်ရင်း ဖုန်းဖြူလေးကို ခလုတ်တချို့ တဖျပ်ဖျပ်နှိပ်ကာ ...

"ဟော့ ... စုရေ၊ ရယ်ဒီနော်"

မြက ဒီစိမ်ကိန်းအတွက် ဖုန်းအသုံးလိုနိုင်တာကြောင့်
ဟဲန်ဖုန်းတစ်လုံးကို တစ်လလေးသောင်းနှင့် နှစ်လငှားရမ်းထားခဲ့
သည်။ လှုပ်ရှားမှုတွေရှိတဲ့အခါ ဖုန်းကို စုကိုပေးကိုင်ထားသည်။

"အင်း ... ရယ်ဒီပဲ၊ လာပြီလား"

"အေး ... ဒါပဲ"

ဖုန်းလေးကို ဖျတ်ခနဲ ခေါက်ပိတ်လိုက်တဲ့ ကောင်
မလေးက ရှေ့ကကော်ဖီဖလုတ်ကို ပိုက်နှင့် ဖရှူး ဖရှူးမြည်အောင်
ခပ်ကြမ်းကြမ်း စုပ်သောက်ပစ်လိုက်ရင်း မျက်လုံးလေးတွေကို
မှေးစင်း၍ မှန်ချပ်ကြီးကိုဖောက်ကာ အပြင်ကိုကြည့်နေသည်။
ချိန်းထားတဲ့ သူ့ရဲ့ ဦးတော့ လာတော့မည်ဆိုတာ ဒေါ်ရွှေဝါက
ရိပ်မိလိုက်ကာ ကြားထဲက မဆီမဆိုင် ဒေါ်တွေပွလာပါသည်။

ယောက်ျားတွေများ ဖုန်းကလေးဆက်ကာ ကြုံလိုက်
တာနှင့် နွားပြာကြီးတွေ အောက်သွားမရှိသလို သွားဖြိုကြီးတွေနှင့်
အပြေးလာကြတော့တာပဲ။ ဒေါ်ရွှေဝါက ရှေ့မှာဂျာနယ်ကိုကွယ်
ပြီး မျက်စိက မှန်ချပ်ဘက်ရွေကာ လမ်းမကြီးပေါ်ကို လှမ်းကြည့်
လိုက်ပါသည်။

ဘုရားရေ ...။





ဖျတ်ခနဲ တုန်သွားလုနီးပါး စိတ်လှုပ်ရှားလိုက်ပြီး
ဒေါ်ရွှေဝါက မျက်ခုံးကိုပင့် မျက်လုံးကိုပြူးပြီး ကြက်သေ သေသလို
ဆက်စိုက်ကြည့်နေမိသည်။ ဘေးကအဆောက်အအုံကြီးရဲ့ လှေ
ကားထစ်ရှည်များမှ ဆင်းချလာတဲ့ ဦးမင်းသီဟန်ကို အငေးကြီး
ငေးကြည့်နေမိပြီးမှ ဂျာနယ်ကို ရှေ့မှာကွယ်ထားရာက ဖြတ်ချ
ကာ ရှေ့ကကောင်မလေးကို လှမ်းကြည့်လိုက်မိပါသည်။

"ရွှတ် ... ရွှတ်"

ရှေ့က ကောင်မလေးက စားပွဲထိုးကိုလှမ်းခေါ်ပြီး
သူ့လက်ထဲက ပိုက်ဆံထောင့်ခုနှစ်ရာကိုပြကာ ဖန်ခွက်နှင့်ဖိထား
လိုက်သည်။ ချက်ချင်းပဲ ထရပ်လိုက်ပြီး လှမ်းကြည့်နေမိတဲ့
ဒေါ်ရွှေဝါကို အပြုံးကလေးနှင့် ခါးလေးတစ်ချက်ညွှတ်ကာ နှုတ်
ဆက်ပြီး တဖျပ်ဖျပ် သွက်လက်စွာ ထွက်ခွာသွားပါသည်။

ဟယ် ...။ သွားပြီ။

သူ ချိန်းလိုက်တဲ့ ဦးဆီကို သူသွားပြီပေါ့။ တိုက်
ဆိုင်တာလား၊ တခြားစီလား။ ရင်တွေတုန်လာတဲ့ ဒေါ်ရွှေဝါသည်
အတိဝင်လာသလို လှုပ်ရှားက အသံကျယ်ကြီးနှင့် ...

"ဟော့ ... ဘယ်လောက်ကျလဲ"

စားပွဲထိုးတစ်ယောက်က ကပ်လာသည်။

"မြန်မြန် ... မြန်မြန်"

"အန်တီ ကော်ဖီနဲ့ ပူစွန်ကော်ပြန့်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်၊ မြန်မြန်ပြော"

"နှစ်ထောင့်ငါးရာပါ အန်တီ"

"ရော့"

ခပ်သွက်သွက်ထုတ်ကာ စားပွဲပေါ်ချရစ်ပြီး ဒေါ်ရွှေ က အရွယ်နှင့်မလိုက် အပြေးအလွှား ဆိုင်ထဲက ပြေးထွက်ခဲ့သည် အပေါ်ထပ်မှာလား အောက်ထပ်မှာလား။ အပေါ်ထပ်ကို တစ်ဝ ပတ်မိအောင် လျှောက်ရှာနေတုန်း လွတ်သွားမှာလည်း စိုးရသည်

မှန်းဆတာ မှန်မှန်မှားမှား ဖြစ်ချင်ရာဖြစ် အော ထပ်ကို အရင်လိုက်မည်။ သူတို့ အပေါ်မှာပတ်နေလည်း အော ထပ်ကိုတော့ ပြန်ဆင်းလာရမှာပဲ။ ပြီးတော့ သွားပွတ်တံဝယ်မိ မည်ဆိုတဲ့ မိန်းကလေးရဲ့စကားကြောင့် အောက်မှာပဲ ဝယ်လို့ တာလေ။ အပေါ်မှာ သွားပွတ်တံဆိုင်မှမရှိပဲ။

ဒေါ်ရွှေဝါသည် မျက်လုံးတွေကို ကျီးကန်းတောင် မှောက် ခေါင်းကိုလည်း ချာလပတ်လည်အောင် ပတ်ချာလည် ကြည့်ရင်း အပေါ်ထပ်လှေကားမှ အပြေးအလွှားဆင်းလာသည် ဘယ်မလဲ ... ဘယ်မလဲ ဦးမင်းသီဟန်။ အပြင်မှာလည်း လူ က အရှုပ်သား။ သူတို့ရာသီအရ ဈေးရောင်းပွဲတော် ကာလတ လည်း ဖြစ်နေ၍ အပြင်ကွက်လပ်တွေ စင်္ကြံတွေမှာပင် လူ ရှုပ်ကျပ်ညပ်နေသည်။





အောက်က စူပါမားကက်ထဲမှာကတော့ ပြောမနေနဲ့တော့။ အလကား တွေဝေနေသလို ကြိတ်ကြိတ်တိုး ဝယ်နေကြသည်။ လူတွေကြားမှာ ခြေဖျားထောက်ကာ မော့တော့မော့တော့ လုပ်ရင်း ကိုယ်ပါ စူပါမားကက်ထဲ ပြန်ဝင်လာတော့ ခနကဝယ်လာပြီးသား လက်ထဲကအိတ်တွေကို ဂိတ်ပေါက်ဝက လုံခြုံရေးက ပြန်စစ်တာတွေ အိတ်ပိတ်တာတွေ လုပ်နေသေး၍ စောင့်နေရပြန်သေးသည်။

"မြန်မြန်လေး ... မြန်မြန်လေး"

ဒေါ်ရွှေဝါက မြင်လည်းမမြင်သေးဘဲနှင့် အထဲမှာရှိမယ်ပဲ အပိုင်တွက်နေကာ အလောသုံးဆယ် ဖြစ်နေပါသည်။ အထဲရောက်တော့ သွားပွတ်တံသွားတိုက်ဆေးရှိတဲ့ အတန်းဘက်ပြေးတာပင်။ လူတွေကို တိုးကာ ခွေ့ကာ ရှာပေမယ့်လည်း ဦးမင်းသီဟန်ကိုမတွေ့။

ဟိုလူ့ကိုကျော် ဒီလူ့ကိုတိုး။ လူအများစုရဲ့ "အို" "ဟဲ့"ဆိုတဲ့ အသံတွေကို ဆောရီးတစ်ရာရှစ်ခေါက် ရေရွတ်တောင်းခံပြီးတဲ့အထိ သင်းတို့ကို အစအနမျှ ထပ်မမြင်ရဘဲရှိလျှင် အပေါ်ထပ်မှာများလားလို့ တစ်ခါ စိတ်များရပြန်သည်။

ဒါနဲ့ပဲ ဘာပစ္စည်းမှ မယူဘဲ ထွက်ပေါက်မှ ကျပ်ကျပ်တောက်တောက် တိုးဖေ့ထွက်လာပြီးသော် လူတွေ ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



လည်း အဲကွန်းဧရိယာမှာ ချွေးတွေတောင် စိမ့်ပျံ့လို့။ ကဲ ... ဘယ်လိုမှ မမှားမလွဲနိုင်တဲ့ ထွက်ပေါက်ဝကကို ထိုင်စောင့်မယ်ရယ်လို့ ထွက်ပေါက်ရှိရာဆီ လှမ်းလာသော ဒေါ်ရွှေဝါသည် ထွက်ပေါက်ဝမှာ မျက်နှာချင်းဆိုင် ရပ်နေကြတဲ့ သူတို့နှစ်ယောက်ကို ဘွားခနဲ လှမ်းမြင်လိုက်ရပါသည်။

ကောင်မလေးက မော့မော့လေးနဲ့ ပြုံးအီအီလေး။ မင်းသီဟန်က ခါးနှစ်ဖက် ဟန်ပါပါထောက်လိုက် ဆံပင်ကို နောက်ဘက်လှန်သပ်ကာ ပခုံးတွန့်လိုက်၊ နဂိုထက် နှုတ်ခမ်းမျိုးအောင် ပြုံးလျက် ဟန်များနေသည်။ တွေ့ကြသေးတာပေါ့။ ဒေါ်ရွှေဝါက ကမူးရှူးထိုး ရှေ့ကိုအတိုး ရှေ့မှာ လက်ချင်းတွဲ၍ လာနေသော စုံတွဲတစ်တွဲကို အလယ်တည့်တည့်က ဖြတ်ဝင်မိကာ ဝုန်းခနဲတိုက်မိပြီး လူက ယိုင်ထိုးလို့တောင် သွားရသည်။

"ဘောကို ... ဘောကို"

ချွေးသည်အော်သလို အော်မိတဲ့ ဒေါ်ရွှေဝါ့ကို လူငယ်စုံတွဲက ဘယ်လိုမိန်းမကြီးလဲဆိုတဲ့ အကြည့်နှင့်ကြည့်ကာ ရှောင်ဖယ်ဖို့ ကြိုးစားပါသည်။ သူတို့က ဘေးရွှေ့ရှောင်ဖယ်မှာ။ လက်တွဲကို လုံးဝဖြုတ်မပေး။ ဒေါ်ရွှေဝါက ခွတ်တိုးဖြတ်သွားဖို့ ကြိုးစားတာ။ ဟိုနှစ်ယောက်ကလည်း သစ္စာဆိုထားသလား ထင်ရအောင် လက်တွဲကို လုံးဝမဖြုတ်ဖယ်ပါ။





"အာ ... အန်တီ၊ ဟိုဘက်က ရှောင်လိုက်ပါ"

နောက်ဆုံးတော့ ရွှေဝါသည် လုံးဝလက်တွဲဖြုတ်မပေးတဲ့ ထိုစုံတွဲရဲ့ မြဲမြဲခိုင်မာတဲ့ သစ္စာတရားကိုသာ အထပ်ထပ်အခါခါ အံသံတိတ်ကျိန်ဆဲရင်း ဘေးကိုပဲ ကွေ့ဖယ်လိုက်ရပါတော့သည်။ ဘေးဖယ်ပြီး ရှေ့ကိုနှစ်လှမ်းလောက်ပဲ တိုးရသေးချိန်မှာ သွားပြီး မျက်နှာချင်းဆိုင်တိုးနေတာကတော့ ခုနကောင်မလေးနှင့် နောက်ထပ် ကောင်မလေးတစ်ယောက်။

သူ့နာမည် ထည့်ပြောတာက ... ဘာ ! ။ မြဆိုလား။ ထို"မြ"က ဒေါ်ရွှေဝါ့ကို မှတ်မိသလို အပြုံးကလေး ဖော့ဖော့သီသီနှင့် ခေါင်းညိတ်နှုတ်ဆက်ပါသည်။ အံ့အားတသင့်ကြီး မှတ်တတ်ရပ် ငေးကြည့်နေမိတဲ့ ဒေါ်ရွှေဝါဟာ ထွက်ပေါက်ဝမှာ နောက်ကျောပြင်သာ မြင်ရတော့ကာ ထွက်ခွာသွားပြီဖြစ်တဲ့ ဦးမင်းသီဟန်ကို ရိပ်ခနဲသာသာမျှသာ မြင်လိုက်ရပါသည်။

ကလေးလို အပြစ်ကင်းစင်တဲ့ အပြုံးလေးနှင့် သူ့ကိုတောင် နှုတ်ဆက်သွားသေးတဲ့ မြက သူငယ်ချင်းမ,လေးကို ခုံးဖက်ကာ တခစ်ခစ် တဟားဟားနှင့် ဒေါ်ရွှေဝါ့ကို ဖြတ်ကျော်သွားခဲ့သည်။ ဒေါ်ရွှေဝါက အပေါက်ဝနားမှာ ရပ်နေရာက အတွင်းဘက်ထဲလှည့်ပြီး အဲဒီ မိန်းကလေးကို လိုက်ကြည့်နေမိရင်း ...

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေဝါ အလန့်တကြား အာမေဋိတ်သံ ပြုမိရလောက်အောင် တိုက်တိုက်ဆိုင်ဆိုင်ပင် စကြိုရဲ့ထောင့်တစ်နေရာမှာ ရပ်နေတဲ့ မင်းသီဟန် သက်နှင်းဇော်တို့ရဲ့ သားလေး ဖိုးသဲကို လှမ်းမြင်လိုက်ရပါသည်။ ဘုရား ... ဘုရား။ တော်ပါသေးရဲ့။ ကိုသဲလေးတစ်ယောက် မြင်တော့မမြင်လိုက်လောက်ဘူးထင်ပါရဲ့။ ဘုရားမ,ပေလို့ သူ့အဖေနဲ့ သူ့အရွယ်ကောင်မလေး ပွေးပွေးတွဲတွဲ ရှိစဉ်မှာ မမြင်လိုက်ရှာဘူး ထင်ပါရဲ့။

❖ ❂ ❖





## ၈

စုနှင့် မြသည် တစ်ယောက်လက် တစ်ယောက်ချိတ်ကာ အိုးရှင်းထဲ လျှောက်နေရာမှ ဖိနပ်ဆိုင်ရှေ့မှာ မြက တစ်ချက်ရပ်ကာ ခပ်မြင့်မြင့် ကြိုးသိုင်းဖိနပ်လေးတစ်ရန်ကို ကြည့်ရင်း ...

"ဟဲ့ ... စု၊ ဟိုဖိနပ်လေး လှလိုက်တာ၊ ဝယ်ပါလားဟယ်"

"အာ ... !Heat Wave ကြီး၊ လေးသောင်းလောက်ပေးရမယ်"

"နင်နဲ့လှမှာဟဲ့၊ ငါဝယ်ပေးမယ်လေ"

"အာ ... မယူဘူး၊ လာ ... လာ ... ဗိုက်သွားဖြည့်မယ်၊ လာ"

"ရှေ့လ နင့်မွေးနေ့ရှိတယ်လေ၊ မွေးနေ့လက်ဆောင်အဖြစ် ကြိုယူလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဈေးကြီးတာကြီး မယူချင်ပါဘူးဟာ၊ အခုနင် ဝယ်ပေးတဲ့ ဒီခရမ်းရောင်အင်္ကျီလေး ငါ အရမ်းကြိုက်တာ၊ အဲဒါကို နောက်လ မွေးနေ့လက်ဆောင်လို့ ထားလိုက်တော့"

"အို ... ဒါက နင်နဲ့လိုက်လို့ သက်သက်ဝယ်ပေးတာပဲ ဟာ"

"မြ ... နင်ဟာလေ၊ အမေက ရှေ့ကရှာနိုင်တော့ နောက်ကနေ သုံးသလား မမေးနဲ့၊ နမြောစရာကောင်းတယ်၊ နင် ကျောင်းလည်းပြီးနေပြီ၊ ဘာအလုပ်လုပ်မှာလဲ၊ အလကား နေရင်း တစ်နေ့ တစ်နေ့ အပြင်ထွက်လည်နေတာပဲ၊ ငါ နဲ့ချည်းထွက်တော့ နင်ချည်းပဲ ပိုက်ဆံထုတ်ရတော့ အရမ်း ပိုက်ဆံကုန်တယ်"

"နင်နဲ့လည်း တွေ့ချင်တာကိုးဟဲ့"

စုနှင့် မြ မုန့်ဆိုင်တွေဆီ လျှောက်လာကာ ကွမ်း စားစရာတွေ ဝယ်လိုက်ကြပါသည်။ စုသည် သူ့အပေါ်ကောင်းလှ တဲ့ မြကို ငယ်ကတည်းက ချစ်ခင်လှတဲ့သူ ဖြစ်လေရာ ခုလည်း ပဲ ခေါင်းထဲ ဦးကျော်မင်း အကြောင်း ပြန်စဉ်းစားမိကာ ဒေါသ တပွပွဖြစ်လာသည်။

"အဲဒီလူကြီးတော့ ငါ သတ်စားပစ်ချင်တယ်"

"ဟဲ့ ... နင် ဘာတွေပြောနေတာလဲ"

"ဦးကျော်မင်းပေါ့"





"သတ်စားချင်တယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"သူ့ကြည့်ရတာ ခါးမယ့်ပုံကြီးပါဟာ"

"ဟုတ်ပ"

နှစ်ယောက်သား ဒင်မ်ဆမ်းမ်ဆိုင်က ပေါင်းအိုးဆယ် အိုးယူကာ စားပွဲတစ်ခုဆီ လာထိုင်လိုက်ကြပါသည်။

"သူလည်း နင်နဲ့ ငါ့လိုပဲ၊ သူ့သူငယ်ချင်း ဦးမင်းသီဟန်ကြီး သူချစ်လို့ပေါ့ဟယ်၊ ထားလိုက်ပါဟာ"

"ဘာပဲဖြစ်ဖြစ်လေ၊ ငါ့ဆီမှာ ငါ့သူငယ်ချင်းကို အပုပ်ချ ပြီး ပြောစရာလား"

"အပုပ်ချချပါဟာ၊ ငါ အရေးမစိုက်ပါဘူး"

"သူက နင့်ကို အဆိုးကြီးကို ထင်ထားတာ၊ နင့်ကိုဆရာမ ကြီးဂိုက် ဖမ်းထားလို့ အတော်လည်မှာလို့ သူကထင်တာ"

"အဟားဟား"

မြကတော့ ကိုယ်မဲဟုတ်၍ မနာဘဲ မမှုဘဲ ရယ်ချင် စရာလည်း ကောင်းနေသည်။ ဦးကျော်မင်းက စုကို သူငယ်ချင်း ဖြစ်တဲ့ မြရွက်ညိုကို ကြည့်ထိန်းဖို့ သတိပေးတာဖြစ်သည်။ သူ့ သူငယ်ချင်းကို ပြဿနာလိုက်မရှာစေနဲ့ ရယ်လို့ ခပ်တင်းတင်း အမိန့်ပေးတာမျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကို ဆိုးဆိုးဝါးဝါးပဲ သူကတွက်ထားတာဟဲ့၊ ဥပမာ နင် ဟဲန်းဒ်ဖုန်းကိုင်တာကိုလည်း သူက နင့်စပွန်စာ တစ်ယောက်ယောက်က ပေးကိုင်ထားတာ ဖြစ်မယ်ပေါ့၊ အဲဒီတော့ ငါက ဒေါသဖြစ်တာပေါ့၊ မြက ဘာစပွန်စာမှလဲ မရှိဘူး၊ သူ့ဟာသူ ရိုးရိုးလေးနေတာလို့၊ သူ့အမေက ညောင်ပင်လေးဈေးက ဒိုင်ဆိုင်၊ သူ့ငွေသမီးလို့ ခံငြင်းရတာပေါ့"

"ထင်ချင်သလို ထင်ပစေပေါ့ဟယ်၊ အာညောင်းလိုက်တာ နင်ကလည်း"

"ဟဲ့ ... ထင်ချင်သလို ထင်လို့ရမလား၊ မဟုတ်ဘဲနဲ့ နာမည်ပျက် သိက္ခာကျတာပေါ့၊ အဲဒါ နင် ငါ့သူငယ်ချင်း ဖြစ်နေလို့လည်း အထင်သေးခံရတာပါဟယ်၊ ငါ စိတ်မကောင်းဘူး မြရယ်"

"နင်ကလည်း ဘာမှမဆိုင်တာ"

"ဘာပဲဖြစ်ဖြစ် ငါက သူ့ဆီက လိုချင်မျက်စိတွေ တအားရှိခဲ့တယ် မဟုတ်လား၊ ရှင်းရှင်းပြောရရင် ချူစားနေတာလေ"

"အဲဒါကြောင့် နင့်ကို ပြောတာပေါ့၊ ဆိုင်မှာ သူ့ဆီက ပန်းကုံးများများရအောင် ဆုငွေများများရအောင် သူ့ကို





တရင်းတနှီး ပေါင်းတာ ချွဲတာ ထားလိုက်၊ ဆိုင်ရဲ့အလုပ်ချိန်ပြင်ပမှာတော့ သူ့ကို ဟိုပူဆာ ဒီပူဆာ မလုပ်ပါနဲ့လို့၊ အယူရှိရင် အပေးဆိုတာ ပြန်ရှိရတာပဲ စုရယ်"

"ငါကဟာ ... ငါ့ကို ဆုများများချအောင် ဈေးကြီးကြီး ပန်းကုံးစွပ်အောင် သူ့ကို ဦး ... ဦးနဲ့ ရောတယ်၊ ပေါင်းတယ်၊ ခင်မင်ရင်းနှီးသလို ဖြစ်သွားတော့လည်း သူက ဟိုသွားရအောင် ဒီသွားရအောင်၊ ဟိုဟာသွားစားရအောင်၊ ဒီကိုသွားလည်ရအောင်လုပ်တော့ ဒီရင်းနှီးထားတာလေး အမျှင်တန်းနေအောင် အလိုက်အထိုက် ရောရောနှောနှောပဲ နေမိတယ်၊ သူ့ဟာသူ ဝယ်ခြမ်းပေးတာတွေ၊ မုန့်ဖိုးပေးတာတွေ ယူတယ်၊ ဒီသဘောပါပဲဟာ၊ ဝန်ခံရရင် အဲဒီကရတာတွေကိုလည်း မက်မိတယ်လေ မြရယ်၊ ဒီတော့ အထင်သေးခံရတာပေါ့ဟာ၊ သူ့ဆီက ချူစားနေတဲ့ မိန်းကလေးရဲ့ သူငယ်ချင်းဆိုတော့ နင်ပါရောပြီး အထင်သေးခံရတာ ငါ လုံးဝစိတ်မကောင်းဘူး ...

သူက နင့်မျက်နှာထား မျက်နှာလေးကိုကြည့်ပြီး ငါ့ထက်တောင် ဝါရင့်သမ္မာရင့် ထင်နေတာ၊ ငါဘယ်လိုပြောပြော မယုံဘူး၊ ဓာတ်လမ်းတွေဆင် ပြောနေတယ်ပဲ ထင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာပြောလို့လဲ"

"သူက နင် ဦးမင်းသီဟန်ကို ကပ်နေတာ ပြောတော့ ငါ ကလည်း နင်ပြောခိုင်းထားတဲ့အတိုင်းပဲ သေသွားတဲ့ ရည်း စားဟောင်းနဲ့တူလို့ဆိုတာ ပြောပြတာပေါ့၊ ဒါကို သူက မယုံတာ၊ ဦးမင်းသီဟန်ကို ကပ်ဖို့ဆင်ထားတဲ့ လုပ်ဇာတ် ပေါ့ဟာ"

"ဟား ဟား ... ဟုတ်တာပဲဟာ"

"နင်က သူ့သူငယ်ချင်းကို သားကောင်လို့သဘောထားနေ တယ်ပေါ့၊ သူ့သူငယ်ချင်းက ရိုးရိုးအေးအေးနဲ့ အိုးနှ တတ်တဲ့သူတဲ့၊ လူကောင်းသူကောင်းတဲ့၊ ဒုက္ခသွားမပေးနဲ့ တဲ့၊ ဇာတ်လမ်းတွေဖြစ် ပြဿနာတွေတက်ဆိုရင်တော့ မလွယ်ဘူးမှတ် ... တဲ့"

"အောင်မာ ... အဲဒီလို ခြိမ်းခြောက်တာကို မုန်းတာ၊ သူ့ သူငယ်ချင်းအတွက် စိုးရိမ်တာကို ဘယ်လိုမှ မနေပါဘူး မိတ်ဆွေကောင်းမို့ စိုးရိမ်ပူပန်ပေးတာပဲဟာ၊ ခြိမ်းလား ခြောက်လား လုပ်တာကို မုန်းတာ"

"ငါလည်း မုန်းတယ်၊ ငါကလည်း ငါ့သူငယ်ချင်းက ဒီလိုအစားထဲက မဟုတ်ဘူးဆိုပြီး စကားတွေ များကြရတာ ပေါ့ဟယ်၊ သူကလည်း ငါပြောတာ လက်မခံဘဲ လျောင်





ရယ်နေတယ်၊ နင်ဟာ ဦးမင်းသီဟန်ရဲ့ ကြွယ်ဝချမ်းသာ မှုကိုမက်ပြီး အချဉ်ဖမ်းဖို့ နှူးဖို့ ချူဖို့ ကပ်နေတာလို့ပဲ စွပ်စွဲနေတာပဲ"

"ထားလိုက်စမ်းပါ စုရာ၊ ဒီလူကြီးက အရေးမကြီးပါဘူး၊ အခု ဦးမင်းသီဟန်က နည်းနည်းစိတ်ယိုင်တိုင်ထိုင် ဖြစ် နေပြီ၊ ငါ တချို့အသံတွေ ဖမ်းထားတယ်၊ ပြီးတော့ ဟိုး တစ်ရက်က ရုပ်ရှင်ကားထဲမှာ နင် ဗီဒီယိုကင်မရာနဲ့ ရိုက်ထားတဲ့ဟာလည်း စီဒီခုတ်ပြီး သိမ်းထားတယ်"

"ဟဲ့ ... အဲဒီထဲမှာလေ နင် သွားပွတ်တဲ ရွှေနေတုန်း ငါက ဒီဘက်က ချောင်းရိုက်ထားတော့ အမှတ်တမဲ့ဆို ရင် နင့်ပါးက သူ့လက်မောင်းမှာ အပ်ထားသလိုပဲ၊ ခေါင်းငဲ့လိုက်တော့ ပိုတူတယ်၊ တကယ်တော့ အပြင်မှာ မကပ်ဘဲနဲ့နော်၊ ပုံတွေအားလုံး ကောင်းတယ်၊ နင်လည်း သိပ်မှင်သေတာပဲ၊ ဦးမင်းသီဟန်ကလည်း ပြုံးတုံ့ကြီးနဲ့ ကျေနပ်ပီတိဖြစ်နေတဲ့ရုပ်ကြီး သိသာလို့"

မြက ကျေကျေနပ်နပ် ပြုံးနေပါသည်။

"မြ"

"အင်း"

"နင့်ရဲ့ ဒီကိစ္စတွေ မိုးခ မသိဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိပါ့မလဲ စုရယ်"

"နင့်ကို မိုးခက ချစ်တယ် ပြောတာတော့ ငါသိတယ်လေ နင်က တစ်လနေရင် အဖြေပေးမယ်လို့ ပြောထားတယ်ဆို"

"အင်း၊ နင့်ကို ဘယ်သူပြောပြတာလဲ"

"ဇော်ဗလ"

"ဩော် ... ဇော်ဗလကို မိုးခက ပြောထားတာပေါ့"

"အေးဟဲ့ ... ဇော်ဗလက ပြောတယ်၊ မိုးခက နင့်ကို အရမ်းချစ်တာတဲ့၊ သဲသဲမဲမဲ ရူးရူးနှမ်းနှမ်း ချစ်တာတဲ့ မိုးခဟာ အသက်နှစ်ဆယ်ကျော်တဲ့ထိ ဘာဓာတ်လမ်းလေး တစ်ပုဒ်မှ မရှိခဲ့တဲ့ အင်မတန် ရိုးသားဖြူစင်တဲ့ ကောင် လေးတဲ့၊ နင်ကသာ ဆော့ကစားသွားရင် အလူးအလဲ ရင်ကွဲပြီး ကျန်ခဲ့ရမယ့်သူတဲ့"

"ငါက ဘာဖြစ်လို့ ဆော့ကစားရမှာလဲ"

"အေးလေ၊ ဇော်ဗလကလည်း အစိုးရိမ်ပိုနေတယ်၊ ငါ့ဆီ အစ်တဲ့သဘောဟဲ့၊ ငါကလည်းဟယ်၊ ငါ့သူငယ်ချင်းလည်း ရိုးရိုးသားသား ဖြူဖြူစင်စင်လေးပဲလို့၊ နင့် မိုးခလိုပဲ အသက်နှစ်ဆယ်ကျော်ထိ ဘာဓာတ်လမ်းမှ မရှိခဲ့တဲ့ ရင်မခုန်ဖူးတဲ့ ကောင်မလေးပဲလို့၊ နင့်သူငယ်ချင်းကို သူ့ဘ လည်း ချစ်လိုက်တာ တုန်နေတာပဲလို့"





"ဟယ် ... စု၊ နင် ပြောလိုက်လား"

"မပြောပါဘူး၊ အဲလို ပြန်ပြောပစ်လိုက်ချင်လိုက်တာလို့ နင့်ကို ပြောပြတာပါ၊ ငါက ကြိုပြောပါ့မလား၊ ဒါပေမဲ့ မြလည်း တစ်ခါမှ ရင်မခုန်ဖူးပါဘူး ဆိုတာတော့ ပြောလိုက်တယ်ဟယ်၊ ဇော်ဗလက နင့်ကို နင့်ပုံစံက သွေးအေးအေး ရင့်ကျက်ကျက် ပုံစံမျိုးတဲ့၊ ရည်းစားများ ရှိဖူးလားမသိဘူးတဲ့၊ ပြောတာကိုး"

"ဟား ဟား ... သွေးအေးအေး ရင့်ကျက်ကျက်၊ ငါက ဆရာမကြီး ဒီနိုင်းပေါ့ဟဲ့နော်"

"အင်းလေ ... ဦးကျော်မင်းလည်း ဒီတိုင်းထင်တာပဲ၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ နင့်မျက်နှာပေါ်မှာ လုပ်စရာရှိလုပ်မယ်၊ မိုက်စရာရှိမိုက်မယ်၊ သတ္တိရှိတယ်၊ ဘယ်သူ့မှသိပ်ဂရုမစိုက်ဘူး၊ ဘာကိုမှလဲ မကြောက်ဘူး ဆိုတဲ့ အရိပ်အယောင်တွေက အလိုလိုပေါ်နေလို့ဟဲ့"

"မိုးခကို ငါ ခေါင်းညိတ်လက်ခံပြီ ဆိုရင်တော့ ဦးမင်းသိဟန်ကိစ္စကို ပြောပြထားရလိမ့်မယ်ထင်တယ် စု၊ ဒါမှမဟုတ် အဖြေမပေးခင်ကတည်းကပဲ ကြိုပြီး အသိပေးလိုက်ရင် ကောင်းမလား"

"သေချာတာကတော့ ဘယ်ယောကျ်ားလေးကမှ သူ့ချစ်သူ ကောင်မလေးကို တခြားတစ်ယောက်ယောက်ကိုကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်နဲ့ကိုယ့်ချဉ်းကပ်နေ ရောနေ ဓာတ်လမ်း သွားဆင်နေတာအပေါ် နားလည်မှုပေးမှာ မဟုတ်ဘူး ကြိုက်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ ဒါကိုတော့ မိုးခ ငါ့ကို ပိတ်ပင်လို့ မရဘူးဟာ ကန့်ကွက်လို့ မဖြစ်ဘူး၊ ငါက ဦးမင်းသီဟန်ကို ခွင့် လွှတ်နိုင်ဘူး၊ ငါ လုပ်ချင်တာ ပြန်မလုပ်ရရင် ကျေ မကျေဘူး"

စုကမြရဲ့ အခဲမကျေ မျက်နှာလေးကို ငေးကြည့် မိပါသည်။

"တီ တီ ... တီ တီ"

"ဟယ် ... မိုးခဟဲ့"

မြက ဖုန်းကိုကြည့်ကာ ရွှင်ရွှင်မြူးမြူးလေး ပြော ရင်း ဖုန်းလေးကို ဖွင့်လိုက်သည်။

"မိုးခ"

"မြ ... ဘယ်မှာလဲ"

"မြနဲ့ စု Ocean မှာ"

"မြနဲ့ စကားပြောချင်တယ်"

"မိုးခ ဘယ်မှာလဲ"

"ငါက လမ်းပေါ်မှာ၊ မြနဲ့ နှစ်ယောက်တည်း စကားပြော ချင်တယ်၊ အင်းယားလမ်း စိမ်းလန်းစိုပြည်ကို လာနိုင်





လား၊ ဒါမှမဟုတ် မြနဲ့ စုကို လာခေါ်ရမလား၊ ဟိုကျရင်တော့ မြနဲ့ နှစ်ယောက်တည်း စကားပြောချင်တာ၊ စုကို ဇော်ဗလနဲ့ဖြစ်ဖြစ် ပြန်ပို့ခိုင်းမယ်"

မြက ပြုံးလိုက်ရင်း ...

"မြအိမ်က ကားပါတယ်၊ စိမ်းလန်းကို မြတို့ဘာသာလာခဲ့မယ်လေ၊ ဟိုကိုရောက်ရင် စုကိုလည်း မြဒရိုင်ဘာနဲ့ပဲ အိမ်ပြန်ပို့ပေးလိုက်လို့ ရပါတယ်၊ ပြီးမှ ဒရိုင်ဘာကို မြကို ပြန်ကြိုခိုင်းလိုက်မှာပေါ့"

"ဒါဆိုရင် စိမ်းလန်းစိုပြည်ကပဲ စောင့်နေလိုက်မယ်"

"အင်း"

မြက ဖုန်းကိုပိတ်ရင်း ...

"မိုးခက နှစ်ယောက်တည်း စကားပြောမယ်တဲ့"

"အဲဒီတော့ ဟောဒီ အပိုတစ်ယောက်က ဘယ်နားနေရမလဲ"

"နင် ပြန်ချင်ရင် ငါ့ဒရိုင်ဘာဦးလေးကြီးနဲ့ ပြန်ပို့လိုက်မယ်လေ"

"နင်ထုတ်တယ်ပေါ့လေ"

"နို့မို့ရင် နင် တစ်ယောက်တည်း ပျင်းပျင်းရိရိကြီး စောင့်နေရမှာပေါ့၊ ဇော်ဗလ အားရင်တော်သေးတယ်၊ အဖော်ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ငါ ပြန်ပဲပြန်လိုက်ပါမယ်၊ အဲဒီ မိုးခဟာ ကဲကို ကဲတယ်၊ နှစ်ယောက်တည်းပဲများ ပြောချင်ရသေး တယ်"

"အဟင်းဟင်း"

"အေးတိအေးစက်ကောင်လေး တဖြည်းဖြည်းနဲ့တော့ မှနေ လာပြီဟဲ့။ အချစ်နဲ့ တွေ့လာပြီးတော့ မိုးဟပ်ခံရသလို အရည်ပျော်လာတာပဲ ထင်တယ်၊ နှစ်ယောက်တည်း စကား ပြောချင်ရတာနဲ့၊ ကောင်လေး စကားတတ်လာပြီ"

စု စကားကြောင့် မြ မျက်နှာလေးက မိုးခ အပေါ် ချစ်စနိုးနှင့် ကြည်နူးမြူးဖျတဲ့ အပြုံးရိပ်လေး သမ်းလာသည်။

"ဟဲ့ ... မြန်မြန်စားဟဲ့"

"ဟုတ်ကဲ့ပါရှင်"

"ကြည့်ရတာ ဖွတ်တရွတ်ပဲ ချက်ချင်း အဖြေတောင်းမှာ လား မသိဘူး၊ ငါက လကုန်မှ အဖြေပေးမယ် ပြောထား ရက်နဲ့"

အပြစ်တင်သလိုလေး ပြောနေပေမယ့် မြစုကြည့်ရဲ့ မျက်နှာလေးက ကြည်လင်ဝင်းပနေလျက်ပင်။ နှစ်ယောက်သား စိမ်းလန်းစိုပြည်ကို ရောက်ခဲ့ကြလျှင် ကားပါကင်နေရာမှာ ဖော်ဗလ ရဲ့ကားနှင့်အတူ သူတို့နှစ်ယောက်ကို တွေ့ရသည်။ အဖြူနှင့် အပြာစင်း စပို့ရှပ်လက်တိုလေးနှင့် တအားပွအိနေတဲ့ ဂျင်းအရောင်





မှိုင်းကို ဝတ်ထားတဲ့ မိုးခဟာ သန့်ပြန့်တဲ့ရုပ်ကလေးနှင့် မြရဲ့ မျက်စိထဲတော့ မိုးကျနတ်သားကလေးပါ။

ဖော်ဗလက မိုးခကို ပြန်ကြိုပေးဖို့ အချိန်ချိန်းချက် ကာ ထားခဲ့သည်။ စုကိုလည်း မြရဲ့ကားနှင့် အိမ်ပြန်လွှတ်လိုက် ပါသည်။ မြနှင့် မိုးခ နှစ်ဦးတည်းသာ စိမ်းလန်းစိုပြည်ထဲက နေ ရိပ်နေတဲ့ ရေစပ်ခုံတန်းကလေးတစ်ခုမှာ အတူထိုင်ဖြစ်သည်။

"မိုးခ ဘာပြောစရာရှိလို့လဲဟင်"

မိုးခက မြဘက်လှည့်၍ ခုံတန်းနောက်မှီပေါ် လက် တင်ဆန့်တန်းကာ မြကို စိုက်ငေးပြီး ကြည့်နေပါသည်။

"မိုးခ"

"မြ ... နင့်ကို ငါ သိပ်ချစ်တယ်ဆိုတာ နင် ယုံရဲ့လား"

"ဩော် ... ဘာများလဲလို့ မိုးခရယ်၊ ငါ နင့်ကိုယုံပါတယ်"

"နင် ငါ့ကို အခု အဖြေပေးမလား"

မိုးခ ပုံစံက အလေးအနက်ဖြစ်သည်။ မြက မျက်ခုံး လေးတွန့်ရင်း ...

"ဘာဖြစ်လို့လဲဟင် မိုးခ၊ ဘာလို့ အရေးတကြီးဖြစ်တာ လဲ"

"ငါ အခု သိချင်လို့"

မြက မိုးခကို ပြုံးတုံ့တုံ့လေး စိုက်ကြည့်နေမိပါ သည်။ မိုးခကို ပေးဖို့အဖြေက မြမှာ အသင့်ရှိပြီးသားပဲ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာပဲ ဖြေဖြစ် ဖြေဖြစ် ဒီအဖြေတစ်မျိုးတည်းကိုပဲ ပေးမှာပဲ လေ။

"အင်း ... ဒါဖြင့်လည်း ငါ ဖြေမယ်လေ"

မြက ခေါင်းလေး အသာငုံ့ကာ မျက်လွှာချလိုက်ရင်း ...

"ခုချက်ချင်း အဖြေပေးဆိုတော့လည်း အလွယ်ကလေးပေးလိုက်တာပဲလို့ နင် ပေါ့ပေါ့ကလေး မတွက်စေချင်ဘူးနော် မိုးခ၊ အခု နင့်ကို ငါ အဖြေပေးမယ်ဆိုတာက နင့်အတွက် အဖြေကို ငါ စဉ်းစားပြီးသား ဖြစ်နေတဲ့အပြင် မေမေ့ကိုတောင်မှ ငါက ဖွင့်ပြောပြပြီး ခွင့်တောင်းပြီးဖြစ်နေလို့၊ နင် သိလား"

မြက ခေါင်းလေးကို ချစ်စဖွယ်စောင်းကာ မိုးခကို ပြုံးစူစူကလေးကြည့်ရင်း ...

"ငါတို့ သင်တန်းဆင်းလက်မှတ် ယူကြတဲ့နေ့က တွဲရိုက်ထားတဲ့ ဂရု(ပ်)ပုံထဲက နင့်ပုံကိုတောင် မေမေ့ကိုပြပြီးပြီ မေမေ ... လို့၊ ဟောဒီကောင်ကလေးက မြကို ချစ်ရေးဆိုထားတယ်လို့၊ မြကို ရည်းစားစကားပြောတဲ့သူတွေ ရှိခဲ့ပေမယ့် တယ်သူ့ကိုမှ ဒြ စိတ်မဝင်စားခဲ့ပေမယ့် အဲဒီကောင်လေးကိုတော့ မြ ချစ်တယ် မေမေလို့၊ မြ ခေါင်းညိတ်လက်ခံလိုက်မယ်နော် ... လို့"





မြရဲ့တိုးဖျဖျ အသံကလေးက စိတ်လှုပ်ရှားမှုအဟုန်နှင့် တုန်ခတ်နေသည်။ မိုးခက မြရဲ့လက်ဖဝါးလေးတစ်ဖက်ကို သူ့ရဲ့လက်ဖဝါးပြန့်ပြန့်နှစ်ဖက်နှင့် အုပ်ကိုင်ထွေးဆုပ်ထားလိုက်ပါသည်။

"မေမေကတောင် ကောင်လေးရဲ့မိဘတွေက ဘယ်သူလဲ၊ ဆွေမျိုးအသိုင်းအဝိုင်းတွေကကောလို့ မေးသေးတယ်၊ မြ အာမှမသိသေးဘူးလို့၊ မိုးခက အခု ဒီမှာ IELTS အမှတ်ယူပြီးရင် ဩစတြေးလျမှာ ကျောင်းသွားတက်ဦးမှာဆိုတာလောက်ပဲ မြ သိတယ်လို့၊ ပြီးတော့ သူက ရိုးသားအေးချမ်းတယ်လို့ မေမေ့ကို ပြောပြထားတယ်"

"မြ ... မြမေမေကကော သဘောတူတယ်တဲ့လားဟင်"

"မေမေက သဘောတူပါတယ်၊ မေမေက အရမ်းရိုးအေးပါတယ် မိုးခ၊ ခုချိန်မှာ ဝင်ငွေကောင်းတဲ့ဆိုင်ကို ဦးဆောင်ရောင်းချနေပေမယ့် မေမေက အသိုင်းအဝိုင်းလည်း မတောင့်တင်းပါဘူး၊ ပညာအရည်အချင်းလည်း နည်းခဲ့ပါတယ်၊ မြတို့ ဆွေထဲမျိုးထဲမှာ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီးတွေ၊ ဗိုလ်မှူးကြီး၊ အရာရှိကြီးတွေ၊ သိပ်ချမ်းသာတဲ့သူဌေးကြီးတွေ၊ ကျော်ကြားတဲ့သူတွေလည်း မရှိပါဘူး ...

သာမန် လှုံတန်းစားအဆင့်ကနေပဲ ထီပေါက်လို့ ဆိုင်တစ်ဆိုင် ဖွင့်နိုင်ရာက အောင်မြင်ပြည့်စုံလာတာလောက်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ မေမေက မြအတွက် အရမ်းလောဘတကြီး မမျှော်
လင့်ရှာပါဘူး မိုးခ၊ အမေမရှိတဲ့ မြဘဝမှာ သူတစ်ပါးအိမ်
ခဲ အပြောဆိုခံ မဖြစ်ရရင် ပြီးရော ဆိုတာလောက်နဲ့
မေမေက ရောင့်ရဲနှစ်သိမ့်တတ်သူပါ ...

မြ ချစ်တယ်ဆိုတဲ့ ကောင်ကလေးဟာ နိုင်ငံခြား
စာသွားသင်ဦးမယ်ဆိုတာကတော့ မေမေ့အတွက် ကြီးကျ
ခမ်းနားနေလှပါပြီ၊ တခြားလည်း မေမေ့အဖို့ ဘာမှ
မလိုအပ်ပါဘူး၊ မြစိတ်ချမ်းသာရင် မြပျော်နေရင် မေမေ
ကျေနပ်နေမယ့် အမေမျိုးပါ"

'မြရွက်ညို့ရဲ့ စကားလုံးလေးတွေသည် မိုးခ နား
သို့ ချိုစွာ အေးစွာ သာယာစွာ စီးဝင်နေပါသည်။ မြနှင့်စသိ
တည်းက ကြားဖူးခဲ့သမျှ မြရဲ့စကားတွေထဲမှာ ဒီနေ့ကြား
ဒီစကားလေးတွေဟာ အရိုးသား အဖြူစင်ဆုံးပင်။ ထက်မြက်
နပ်ပုံရတဲ့ မြရဲ့အဆင်းသဏ္ဌာန်ကိုကြည့်ပြီး မြကို အဲသလော
ရိုးရိုးကလေး နှိမ်နှိမ်ချချ ပြောဆိုတတ်ပည်လို့ပင် မိုးခက
မထားခဲ့ပါ။

"မြ"

"ဟင်"

"နင်နဲ့ ငါနဲ့ ချစ်သူတွေ ဖြစ်ပြီနော်"

"အင်း"





"နင့်ကို ငါ အရမ်းချစ်တယ်လို့လည်း နင်ယုံတယ်နော်"

"အင်း"

"ဒါဆိုရင် နင့်ကို ငါ မေးစရာရှိတယ်"

"ဘာလဲဟင်၊ ပြောလေ မိုးခ"

"နင် အမှန်အတိုင်း ဖြေနိုင်မလား"

မြက မိုးခကို အကဲခတ်သလို တစ်ချက်ကြည့်ရင်း ...

"မြ အမှန်တိုင်း ဖြေပါ့မယ်"

"ဟိုတစ်နေ့က '......'စူပါမားကက်ထဲမှာ နင်နဲ့တွဲသွား
တဲ့လူကြီးက နင်နဲ့ ဘယ်လိုပတ်သက်နေလဲ"

မြ မျက်နှာလေး ကွက်ခနဲ ပျက်သွားရကာ မျက်
လေးကလည်း မိုးခကို ရင်ဆိုင်မကြည့်နိုင်တော့ဘဲ ဖျတ်ခနဲ
ယ်သွားပါသည်။ ဒါကို မိုးခ သိနေသည်ဆိုတဲ့ အသိက
ကို ရှက်စိတ်မွန်စေသည်။ ဒါပေမဲ့ ဒီအမှုကြီးကို အရင်မဖော်
ဘဲ အဖြေအရင်တောင်းပြီးမှ ဖွင့်မေးလာတာဟာ ဒီကိစ္စကြီး
ပေါ် သူ့ချစ်ခြင်းမေတ္တာက မတည်မှီပဲ သီးသန့်စစ်မှန် ခိုင်မာ
ယ်ဆိုတာ သိသာစေတဲ့ သဘောပေါ့။

မြသည် ဝမ်းနည်းသလို ခံစားရကာ ခေါင်းလေးငုံ့
ကျ် ...

"ဘာမှပတ်သက်စရာ အကြောင်းမရှိတဲ့ လူကြီးတစ်ယောက်
ပါ မိုးခရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နားလည်အောင် ပြောပြပါ မြ"

မိုးခသည် ခုထိ မျက်စိထဲက မထွက်သေးတဲ့ မြင်ကွင်းကို ပြန်ပြီးအမှတ်ရလာပါသည်။ သားအဖအရွယ်ပေမယ့် အေးမြင်မြင်ကရာလူတွေအားလုံးက လုံးဝသားအဖမဟုတ်ဘူးဆိုတာ အလိုအလျောက် ရိပ်မိနိုင်လောက်အောင် သူတို့ဟန်ပန်တွေက မရိုးသား မဖြူစင်ကြပါ။

ရှက်ကိုးရှက်ကန်းတွေလိုလို ရှိုးတိုးရှန့်တန့်တွေလိုလို တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ကြည့်ကြတဲ့ မသန့်ရှင်းတဲ့ မျက်ဝန်းများ။ မြရဲ့ ချွဲချွဲနွဲ့နွဲ့ ဟန်ပန်။ အမျိုးသားကြီးရဲ့ ပြုံးတုံ့တုံ့ ကျဉ်းကျပ်ကျပ်ဟန်ပန်။ အဝေးက ရပ်ကြည့်ရင်းမြင်နေခဲ့ရတဲ့ မိုးခ ရင်ထဲ မိုးကြိုးတွေပစ်နေသလို ထူပူနာကျင်နေခဲ့တာ။

နဂိုစီဇအေးစက်တဲ့သူမို့ အသံတိတ် ငြိမ်သက်နေမောနေခဲ့ပေမယ့် မျက်စိရှေ့ တွေ့ကရာကို ဆွဲလွှဲပေါက်ခွဲပစ်ချင်လောက်တဲ့ထိ စိတ်ရိုင်းဒေါသတွေ ဆူဝေနေခဲ့သည်။ တုန်ယင်အေးစက်ကာ ဒူးတွေညွတ်ခွေချင်ခဲ့ရသည်။ အဲဒီမြင်ကွင်းကို မျက်စိထဲကပျောက်အောင် ဘယ်လိုမှ ကြိုးစားမရဘဲ အခုထိ ညအိပ်ရာဝင်တိုင်း နာကျင်တဲ့ဝေဒနာနဲ့ လူးလွန့်မိုးလင်းခဲ့ရတာ ဘယ်နရက်များတောင် ရှိခဲ့ပြီလဲ။

"အဲဒီလူကြီးနာမည်က ဦးမင်းသီဟန်တဲ့"





မိုးခက မြ လက်လေးတွေကို ဆုပ်ညှစ်ကာ ...

"မြနဲ့ ဘယ်လိုသိတာလဲ"

"မြ သူ့ကို ငယ်ငယ်ကလေးတည်းက သိခဲ့တာ"

"ငယ်ငယ်ကလေးတည်းက !! "

"ဟုတ်တယ်"

"ဘယ်လို သိတာလဲ"

"သူက မြအဖေရဲ့ အလုပ်ရှင်"

မိုးခရဲ့ မျက်လုံးများက စိတ်ဝင်တစား အရောင်တောက်နေပါသည်။

"သူရယ် နင်ရယ် နင်ငယ်ငယ်ကလေးကတည်းက သိခဲ့ကြတာ ! ဟုတ်လား"

"သူရယ် ငါရယ် သိတာမဟုတ်ဘူး မိုးခ၊ ငါကပဲ သိတာ၊ ငါကသာ သူ့ကို ငယ်ငယ်ကတည်းက သိတာ၊ သူက ငါ့ကိုမသိပါဘူး"

"အခုက ဘယ်လိုပတ်သက်တာလဲ"

"အခုကတော့ ဒီလူကြီးနဲ့ ငါ စာရင်းရှင်းစရာရှိတယ်"

"ဘာစာရင်းရှင်းစရာလဲ၊ ဘယ်လိုရှင်းရမှာလဲ၊ ငါ့ကိုရှင်းရှင်း ပြောပြပါ မြ၊ ဘာမှချန်မထားပါနဲ့"

"ငါ သူ့ကို စိတ်ဒုက္ခပေးဖို့ ရည်ရွယ်ချက်နဲ့ ပတ်သက်နေတာ မိုးခ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဒုက္ခ ! "

"ဟုတ်တယ်"

"ဒါပေမဲ့ သူနဲ့ နင်နဲ့ ဆက်ဆံမှုက စိတ်ဒုက္ခရောက်ရ လောက်တဲ့ပုံစံမျိုး လုံးဝမဟုတ်ပါလား၊ နင်တို့ရဲ့ မျက်နှာ ထားတွေ ဆက်ဆံပုံတွေ၊ အဲဒါတွေက နင်ပြောတဲ့စကား နဲ့ လုံးလုံးဆန့်ကျင်နေတယ်"

"ငါ အခုမှ သူ့ဆီက ရင်းနှီးမှု ရယူနေတုန်းပါ၊ စိတ်ဒုက္ခ က အခုမှ မပေးရသေးတာ၊ သူကလည်း တစ်နေ့သော အခါ သူဟာ ငါ့ကြောင့် အကြီးအကျယ် စိတ်ဒုက္ခရောက် ရလိမ့်မယ်ဆိုတာ မသိသေးလို့ပါ"

မိုးခက မြကို ငေးစိုက်ကြည့်နေပါသည်။

"နင် ဘာမှစိတ်မပူပါနဲ့ မိုးခ၊ ငါ့အပေါ်လည်း အထင် အမြင် လုံးဝမလွဲနဲ့၊ သူက ငါ့အမေနဲ့မှ သက်တူရွယ်တူပဲ အဖေအရွယ်ပဲ၊ အဲဒီနေ့က နင့်အမြင်မှာ ငါ ဘယ်လိုပုံ ပေါက်နေခဲ့မယ်ဆိုတာ ငါ နားလည်တယ်၊ ဒါပေမဲ့ နင် ယုံပါ မိုးခ၊ ငါက အကျင့်စာရိတ္တကောင်းတဲ့ မိကောင်းဖခင် သမီးတစ်ယောက်ပါ၊ ဒီလူကြီးက သားနဲ့ မယားနဲ့ အိမ် ထောင်သည်ကြီးပါ၊ ငါ ဒီလူကြီးကို ငါတို့မိသားစုအတွက် သမိုင်းပေးတာဝန်တစ်ခုလို ဒုက္ခပေးဖို့ကလွဲလို့ ဘာမှရည် ရွယ်ချက် မရှိဘူး ...



ဒီကြားထဲမှာ ငါ့ကို အခု နင်မြင်သွားသလိုပဲ တွေ့ သွားမြင်သွားကြမယ့် သူတွေရဲ့စိတ်ထဲမှာ ငါ့အပေါ် တစ် မျိုးတစ်မည် ထင်ကောင်း ထင်နိုင်တယ်ဆိုတာ ငါသိပါ တယ် မိုးခ၊ ထင်ချင် ထင်ကြပါစေတော့၊ ငါလုပ်မယ့်ကိစ္စ ကိုတော့ ငါ လုပ်ကိုဆက်လုပ်ရမှာပဲ"

"သူကို ဘယ်လောက်ထိ ဒုက္ခပေးချင်တာလဲ မြ"

"ဖြစ်နိုင်ရင် သူတို့မိသားစု ပြိုကွဲသွားရအောင်အထိ"

ငြိမ်ကျသွားတဲ့ မိုးခကို မြက တောင်းပန်တိုးလျှိုးတဲ့ မျက်လုံးလေးများနှင့် ...

"မိုးခ ... နင့် ငါ့ကို သိပ်ရက်စက်လွန်းတဲ့ မိန်းမရိုင်းတစ် ယောက်လို့ ယူဆနေပြီလား"

မိုးခ အသံက တိမ်ဝင်နေကာ ...

"အကျိုးတစ်ခုမှာ အကြောင်းဆိုတာ ရှိတာပဲ၊ ငါ နားလည် ပါတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ဒီလောက်တောင် အငြိုး အာဃာတတွေ ပြင်းထန်ရသလဲ ဆိုတာတော့ နားမလည် နိုင်ဘူး၊ အဲဒီအကြောင်းရင်းတွေကိုရော နင် ပြောပြနိုင်မ လား"

"ငါ မပြောချင်သေးဘူး... ငါ မပြောချင်ပေမယ့် နင်က ငါ့ချစ်သူတစ်ယောက် ဖြစ် သွားပြီဆိုတော့ ငါ ပြောပြပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



မြရဲ့စိမ်းတောက်သော မျက်ဝန်းလေးများတွင် ကြည်လင်ပါးလွှာတဲ့ မျက်ရည်တစ်ထပ် ရစ်သီဝေလာကာ ...

"ဒီလူကြီးက ငါတို့မိသားစုကို ပြိုကွဲသွားအောင် လုပ်ခဲ့လို့"

"ဟင်"

"ငါတို့မိသားစု ပြိုကွဲခဲ့ရသလို သူ့မိသားစုလည်း ပြန်ပြိုကွဲရမှ ငါ ကျေနပ်နိုင်မှာ။ ငါတို့ ငိုခဲ့ရသလို သူ့မိန်းမတို့ သူ့သားသမီးတို့လည်း ငိုရမယ်၊ ငါတို့ ရင်နာရသလို ငါတို့ခံစားရသလို ပြန်ခံစားရမယ်၊ အဲဒါ ရက်စက်တာ ယုတ်မာတာ မဟုတ်ဘူး၊ တရားမျှတတာ၊ သူ ခံထိုက်တယ်"

"သူက မြတို့ကို လုပ်ခဲ့တာဆိုရင် သူပဲ ပြန်ခံရသင့်တာ မဟုတ်လား၊ သူ့မိန်းမနဲ့ သားသမီးက ဘာဖြစ်လို့ အပြစ်မရှိဘဲ အဆစ်ခံရမှာလဲ မြ"

"ငါတို့တုန်းကလည်း မိသားစုလိုက် ခံရတာပဲလေ၊ ငါ့အဖေ ဦးအောင်ကြည် အရှက်တကွဲ သေရပြီး ဦးအောင်ကြည် မိန်းမနဲ့သမီးမှာ မျက်ရည်ပေါက်ကြီးငယ် ကျပြီး အတိဒုက္ခရောက်ခဲ့ရတာ၊ အခုလည်း ဦးမင်းသီဟန် အရှက်တကွဲ ဖြစ်ရမယ်၊ သူ့မိန်းမနဲ့ သူ့သားသမီး မျက်ရည်ပေါက်ပေါက်ကျပြီး ခံစားရမယ်"





ဝင်းတောက်လာတဲ့ မြရဲ့မျက်ဝန်းစိမ်းများကိုကြည့်ကာ မိုးခက မြလက်ဖဝါးလေးကို ဆုပ်ညှစ်လျက် ...

"တကယ်လို့ အခု မြက ကလဲ့စားချေဖို့ အကြံနဲ့ချဉ်းကပ်နေတာကို ရိပ်မိသွားလို့ပဲဖြစ်စေ မြ အကြံအစည်မအောင်မြင်ရင်ကော"

"အဟင်းဟင်း ... နောက်တစ်ကြိမ်ပေါ့ မိုးခရဲ့၊ အချိန်တွေ အများကြီးရှိပါသေးတယ်၊ မြအသက်လည်း ငယ်ငယ်လေး ရှိပါသေးတယ်၊ သူလည်း သေဖို့အဝေးကြီး လိုပါသေးတယ်၊ တွေ့ကြဦးမှာပေါ့၊ တစ်ကွေ့မဟုတ် တစ်ကွေ့ပေါ့၊ မြက တော့ ဒီတစ်ခါ မအောင်မြင်လည်း အလျှော့မပေးဘူး၊ နောက်တစ်ကြိမ် ... နောက်တစ်ကြိမ်ပေါ့"

မိုးခက မြရဲ့လက်ဖဝါးလေးကိုယူကာ သူ့ပါးမှာ အပ်ထားမိသည်။

❖ ⭘ ❖



www.burmeseclassic.com

www.burmeseclassic.com



# ၉

"ပြော ... အဲဒါဘာလဲ ပြော၊ ဘာလဲ"

ခွမ်းခနဲ တစ်စုံတစ်ရာကို ပေါက်ခွဲလိုက်တဲ့အသံ မြည်ဟည်းကျယ်လောင်စွာ ပေါ်လာသည်။ အိမ်ပြန်အရော အိပ်ခန်းထဲ ဝင်ဝင်ချင်း အိတ်မှမချရသေး အဝတ်မှမလဲရသေး ဆီးအော်ရန်လိုခံလိုက်ရတဲ့ ဦးမင်းသီဟန်က ထောင်းခနဲ ဒေါသ ထွက်သွားကာ ...

"ဘာလဲ ...၊ ဘာဖြစ်တာလဲ"

"ဒါဘာလဲ"

ဒေါ်သက်နှင်းဇော်က စားပွဲပေါ်ထင်ထားတဲ့ စီဒီ ပေါ် ဖြန်းခနဲ လက်ဝါးနှင့်ရိုက်ပုတ်ပြလိုက်လျှင် ...

"ဘာလဲ၊ ငါဘယ်သိမှာလဲ၊ မင်း ဘာတွေဖြစ်နေတာ မင်း ပြောပေါ့၊ အဲဒါ ဘာလဲ"



"အဲဒါ စီဒီခွေ၊ ရှင့်ရဲ့နှန့်ကြောကို မှတ်တမ်းတင်ထားတဲ့ စီဒီခွေလေ ကြောင်သူတော်ကြီးရဲ့"

"ဘာ ငါ့စီဒီခွေလဲ၊ မင်း ပေါက်ကရတွေ လာပြောမနေနဲ့။ ငါ့မှာ ဘာအခွေမှ ရောက်လာစရာ အကြောင်းမရှိဘူး၊ ဒီလို စုတ်စုတ်ပဲ့ပဲ့ အလုပ်တွေလုပ်တဲ့ကောင်စား မဟုတ်ဘူး"

"အေး ... ခုဟာက မစုတ်ပဲ့ခင် အခြေအနေ။ သိချင်ဖွင့်ကြည့်လိုက်"

"မသိချင်ဘူး၊ သိစရာလည်း မလိုဘူး၊ ငါ့မှာ ဘာအဖြစ်အပျက်မှ မရှိဘူး"

"ရှင် ဒီလို မျက်စိမှိတ် မငြင်းပါနဲ့ ဦးမင်းသီဟန်၊ ရှင့်ဟာမ မြနဲ့ ရှင်နဲ့ ပုံတွေကို ရှင်ကြည့်လိုက်စမ်းပါ"

"ဘာ ... မြနဲ့"

"ဟုတ်ပါ့ရှင်၊ ဘူးကွယ်မနေပါနဲ့တော့၊ ရှင်တို့ချိန်းတွေ့ကြတာကို ရိုက်ထားတာပါ"

"ဟော့ ... ငါ သူနဲ့လုံးဝချိန်းမတွေ့ဘူး"

"ဒါဖြင့် အဲဒီထဲက ပြီတီတီ စပ်ဖြဲဖြဲက ဘယ်က နွားပြာကြီးလဲ၊ ကြည့်လိုက်စမ်းပါ ဦးမင်းသီဟန်"

"တောက် ... မင်း စကားတွေ တော်တော်ရိုင်းပါလား သက်နှင်းဇော်၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ အလုပ်ကနေ တပင်တပန်း ပြန်လာတဲ့ ယောကျ်ားကို အခန်းထဲကနေ

www.burmeseclassic.com

www.burmeseclassic.com



ဆီးပြီး ဘီလူးထွက်ထွက်တာ မလွန်လွန်းဘူးလား၊ ပြော
စရာရှိရင်လည်း အေးအေးဆေးဆေး ပြောပါလား"

"ဘီလူးထွက် ! ဟုတ်လား၊ ကျွန်မက ဘီလူးမပေါ့ ဟုတ်
လား၊ ခုတော့ ဘီလူးမပေါ့၊ ရှင့်မျက်စိထဲမှာ ရှင် ကျွန်မ
ကို ဒီလိုပြောရက်တယ်ပေါ့နော်"

ဒေါ်သက်နှင်းဖော်သည် ပါးပြင်ပေါ် မျက်ရည်ဖြိုင်
ဖြိုင် စီးကျလာကာ ကြေကြေကွဲကွဲ ဆို့ဆို့နင်နင် ပြောလိုက်
သည်။ သူ့ယောက်ျားမျက်စိထဲ သူ့ကို ဘီလူးမလောက်
အမြင်ဆိုးနေပြီဆိုတဲ့ အသိက နာကြည်းမှုကို ဟုန်းဟုန်းတောက်
စေသည်။ အင်းပေါ့။ သင်းက သမီးအရွယ် အသက်နှစ်ဆယ်
တွဲခုတ်နေမှတော့ သူ့ထက် တစ်နှစ်ကျော်ပဲငယ်တဲ့ မတိမ်းမယိမ်း
ဟောဒီက မိန်းမက မယ်ကုဝဏ်လောက် ရှုတ်တွရပြီပေါ့။

"ပြောမှာပေါ့ကွ၊ ကိုယ့်ယောက်ျား ပင်ပန်းလာလို့ ပင်ပန်း
လာမှန်းမသိ"

"ရှင်က ပင်ပန်းလာတာ ဆိုတော့ ကျွန်မကရော တစ်နေ
ကုန် အားအားရားရား အပန်းဖြေနေရတာမို့လို့လား၊ ရှင်
ပင်ပန်းတာက အလုပ်လုပ်ရလို့လား၊ အကြီးနဲ့အငယ်ကြား
ဗျာများရလို့လား"

"ဟာ ... တောက်၊ မင်း ... မင်းလွန်နေပြီနော် သက်နှင်း
ဖော်၊ ငါက ဘာလုပ်နေလို့လဲ၊ ဘာဖြစ်နေသေးလို့လဲ"





"ဘာလုပ်နေလဲ ဘာဖြစ်နေလဲ၊ အဲဒီအခွေ ဖွင့်ကြည့်လေ၊
သူ့ကိုယ်သူ လုံလုံပြီထင်ပြီး မှန်လာဥက လုပ်ချင်သေး
တယ်"

"ဒါ ဘာအခွေလဲ"

"ပြောပြီးပြီလေ၊ ရှင့်အူခွေ၊ ရှင် ကွယ်ရာမှာ ကမြင်းတဲ့
အခွေ"

အလွန်အကျွံ ရိုင်းပျနေတော့တဲ့ မိန်းမကို ဦးမင်းသီ
ဟန်က စိတ်ပျက် လက်ပျက်ကြီး ကြည့်နေရင်း ...

"မင်းဆီကို ဘယ်ကရောက်လာတာလဲ"

"ချောပို့နဲ့လာတာ"

"ဘာ"

"ဟုတ်တယ်၊ နေ့လယ်ကလာတာ၊ ရှင့်နာမည် တပ်ထား
ပေမယ့် ဟိုတစ်ခါ ရုံးကိုလာတဲ့ စာအိတ်ကို တွေ့ပြီးသား
လက်ရေးသိပြီးသားမို့လို့ အပေါ်က ဦးမင်းသီဟန် နာမည်နဲ့
အောက်က ပေးပို့သူ မြရွက်ညို့ ဆိုတာနဲ့ကို ဗြိခနဲ ဆုတ်
ဖြဲဖွင့်ဖောက်လိုက်တာ၊ ဟင် ! ရှင့်စာကို ဖောက်တယ်၊
မယဥ်ကျေးဘူး၊ စွက်ဖက်တယ်၊ စွပ်စွဲဦးမလား၊ ပြောချင်
တာပြော။ ရှင့်မိန်းမမို့ ရှင့်ကို မယုံကြည်လို့ မသင်္ကာလို့
ဖောက်တယ် ဘာလုပ်ချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ဘူး၊ တောက် ... အဲဒီဟာမလေးက တစ်မျိုး"

"ရှင် သင်မပေးထားဘူးလား၊ သူများမသိအောင် လုံအောင်ဖုံးဖိပြီး ဖွက်ထားရမယ်ဆိုတာလေ၊ လျှို့ဝှက်ထားရမယ်ဆိုတာလေ"

"လျှို့ဝှက်ထားစရာ ကိစ္စမျိုးလည်း ငါတို့ကြားမှာမရှိဘူး"

"ပေါ်တင်ပဲ ဆက်သွယ်နေတယ်ပေါ့"

"မင်း ဘယ်လိုဖြစ်နေတာလဲ သက်နှင်းဇော်၊ ဘာမှမဆက်သွယ်ပါဘူးဆို၊ ဒီဟာမလေး ဖုန်းဆက်ရင် ချပစ်တယ်ဒါပဲ"

"ဪ ... ဖုန်းဆက်ရင် ချပစ်တယ်၊ အင်း ... အင်း ... ယုံတယ်၊ လူချင်းပဲ တွေ့ဖို့ကြိုးစားတယ်ပေါ့"

"အဓိပ္ပာယ်မရှိတာတွေ လျှောက်မပြောနဲ့"

"ရှင် အရှုးစကား ပြောနေမယ့်အစား အခွေကိုဖွင့်ပြီး အဲဒီ အဓိပ္ပာယ်မရှိတာတွေကိုပဲ ကြည့်လိုက်စမ်းပါ ဦးမင်းသီဟန်၊ ကြည့်ပြီးမှ ပြောပါ"

ဦးမင်းသီဟန်က ဒေါ်သက်နှင်းဇော်ကို ခါးထောက်ကာ စူးစူးရဲရဲကြည့်ရင်း စိတ်ထဲကတော့ မြရွက်ညို့ကို ကျိန်ဆဲနေမိပါသည်။ ပို့ချင်ရင်လည်း ဟိုတစ်ခါလိုပဲ ရုံးကိုပို့တာမဟုတ်ဘူး။ လျှာရှည်ပြီး ဘာကိစ္စ အိမ်ကိုပို့ရတာလဲ။ ပို့စရာရော ဘာ



အခွေတွေရှိလို့ လှမ်းပို့နေရတာလဲ။ အိမ်လိပ်စာနဲ့ပို့တော့ မိန်းမကတွေ့ရောပေါ့။ ဒီလောက်တောင် မစဉ်းစားမိဘူးလား။ အတော်ရှင်းတဲ့ဟာမလေး။ အသုံးကိုမကျဘူး။

"ကြည့်လေ ... ဖွင့်လေ၊ ဘာလဲ ... ရှင် ဖွင့်တောင်မကြည့်ရဲဘူးပေါ့၊ ဟုတ်လား ဦးမင်းသီဟန်"

"ဘာမှဖွင့်မကြည့်ရဲစရာ မရှိဘူး၊ အခြေအမြစ် မရှိတာတွေမို့လို့ ဖွင့်မကြည့်တာ"

"အခြေရှိလား အမြစ်ရှိလား ဆိုတာ ရှင် အခုဖွင့် အခုပေါ်မှာပဲလေ ဦးမင်းသီဟန်၊ မလုပ်ရင် မပေါ်ဘူး၊ မဟုတ်ရင် မကျော်ဘူး၊ ရှင် ပုပ်နေလို့ပေါ်လာတာ၊ ဘာမှကြောက်မနေနဲ့၊ ရှင် မဖွင့်ရဲရင် ကျွန်မ ဖွင့်ပေးပါ့မယ် ယောက်ျားရယ်"

"မဟုတ်က ဟုတ်ကတွေခွင်ပြီး ချောက်ချထားတာဆိုရင်တော့ ငါက ရဲကိုတောင် တိုင်ပစ်မှာ၊ ငါ့မှာဘာပြစ်မှုမှမရှိဘူး၊ ကဲ ... ဖွင့်စမ်းပါ"

ဦးမင်းသီဟန်က ခုခေတ် ပြင်ပလောကမှာ ပြဿနာဖြစ်နေတတ်တဲ့ တရားမဝင် မဟုတ်တရုတ်အခွေတွေမျိုးကိုပဲ သွားထင်မြင်မိလိုက်တာပင်။ သူ့မှာ ဒီလိုအခွေမျိုး ထွက်စရာအကြောင်းမှမရှိတာ။ တကယ်လို့သာ လုပ်ကြံဖန်တီးထား

www.burmeseclassic.com



တဲ့ မဟုတ်တရုတ်ခွေ ဖြစ်နေလို့ကတော့ ဟိုကောင်မလေးကိုလည်း မညှာမတာနိုင်။ အသံရေဖျက်မှုနှင့် တကယ်ကို ရဲလက်အပ်ပစ်မှာလို့ စိတ်က ကျိတ်ကြုံးဝါးထားလိုက်ပါသည်။

"ရှင် ဖွင့်ဆိုလို့ ဖွင့်ပြီနော်၊ ကြည့်လိုက်ပါ"

ခေါ်သက်နှင်းဇော်က ရီမုတ်နှင့် အသံကိုပါ ကျယ်ပစ်လိုက်တဲ့အခါ ဘာပုံမှ ပေါ်မလာခင် ဘက်ဂရောင်းဒ်အနက် ပလိန်းကြီးပေါ်မှာ တစ်စီစီရယ်သံက အရင်ဆုံး ပေါ်လာပါသည်။

"ဦး ... ..."

ရှိုက်ပျစ်နေတဲ့ သံရှည်ဆွဲ ခေါ်သံက ကပ်ပါလာကာ

"ဦး နားထောင်ကြည့်နော် ... အဟိ ... အဟိ"

ဦးမင်းသီဟန်သည် မျက်မှောင်ကြီးကုတ်ကာ အီထ ရှိုက်ပျစ်လှတဲ့ ကြာသံပါပါ အသံမျိုးကြောင့် နားရွက်ဖျားတွေ မျက်နှာပြင်ပါ နီမြန်းလာပါသည်။

"ဦးနဲ့ တွေ့ချင်တာ"

"ဦး မအားသေးပါဘူး မြရယ်"

"မြ ရုံးထဲဝင်လာခဲ့မရလားဟင်"

"အာ ... ဘယ်ဖြစ်မလဲ၊ ဝင်မလာနဲ့၊ ဘာလဲ ! ညည်း အခု ဘယ်ရောက်နေလို့လဲ၊ ဒီနားမှာလား"

"... ... ..."





"... ... ..."

"... ... ..."

"... ... ..."

"... ... ..."

"ဦး လာမှာလား မြ လာရမှာလား"

"အိုကေ ... အိုကေ ... ဦး ခဏထွက်လာခဲ့မယ်၊ ဆယ်မိနစ်ပဲ အချိန်ရမယ်နော်"

"ရပါတယ်၊ ဦး အချိန်ပေးသလောက်ပေါ့၊ ဦးအတွက် ခြေအိတ်တစ်စုံ ဝယ်ထားတယ်၊ အဲဒါကိုယူပြီး မြကို သွားပွတ်တံလေးတစ်ချောင်း ပြန်ဝယ်ပေးရမယ်၊ မိုးလင်းလင်းချင်း သွားတိုက်ရင်း ဦးကို သတိရနေအောင်"

"ကဲ ... လာပြီ ... လာပြီ"

ဦးမင်းသီဟန် မျက်နှာဟာ နီရဲပြီး လက်သည်းခွံလောက် ချွေးသီးချွေးပေါက်ကြီးတွေ နဖူးပြင်မှ ပါးပြင်ပေါ် စီးသွယ်ကျလာသည်။

"အဟိ ... ဦး၊ ကြားလား၊ ဦးအသံလေးကို မြက အမှတ်တရ ဖမ်းထားတာ၊ ဦးအသံလေးက ဖုန်းထဲမှာ အရမ်းချိုတယ်၊ ဟိုလေ ... ရဲအောင် အသံမျိုးလေးနဲ့ တူတယ်၊ ရဲအောင် အသံကလေ ရှပြီးချိုတာ၊ ဦးအသံလေးကတော့ ပိုကောင်းသေးတာ၊ မြက ဒီအခွေလေးကို ရစ်ရစ်ပြီး ည အိပ်ရာဝင်ခါနီးကျ နားထောင်ရတာ ဦးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသီဟန်က ဒေါ်သက်နှင်းဇော်ထံ ဖျတ်ခနဲလှည့်ကြည့်လိုက်ပါသည်။ အိပ်ခန်းထဲက ဆိုဖာဆက်တီတစ်လုံးပေါ် ဒူးချိတ်၍ မတ်မတ်လက်ပိုက်ထိုင်ကာ သူ့ဘက်ကို စူးစူးရဲရဲ ဝင်းဝင်းတောက် ကြည့်နေတဲ့ ဒေါ်သက်နှင်းဇော်ရဲ့ပါးပြင်ပေါ်သို့ မျက်ရည်တွေက အသွယ်သွယ် စီးကာကျနေရှာပါသည်။

"သက် ... ကိုယ်ပြောဦးမယ်"

"မပြောပါနဲ့၊ ဆက်ကြည့်ပါဦး"

ဦးမင်းသီဟန်က ချွေးတွေကို ရုပ်အင်္ကျီလက်မောင်းနှင့်ပင် နဖူးနှင့် မျက်နှာပြင်သို့ ပွတ်သုတ်လိုက်ကာ တဒိန်းဒိန်းခုန်တဲ့ရင်နှင့် တီဗီစကရင်ကို ကြည့်နေမိသည်။ ရှုပါမားကက်ရဲ့ဝင်ပေါက်မကြီးမှ ဝင်လာတဲ့ ဦးမင်းသီဟန်ထံ ရယ်ရယ်မောမော ခုန်ခုန်ပေါက်ပေါက် ပြေးဝင်လာတဲ့မြ။ မြရဲ့ချစ်စဖွယ်ခုန်ပေါက်ဟန်လေးကိုပင် တစ်ချက်မှာ အနှေးလေးရိုက်ပြလိုက်သေးသည်။

သူ့ထံ မြ ကပ်လာသည်နှင့် ကင်မရာရှုထောင့်ဘေးက ရိုက်နေတာ မဟုတ်တော့ဘဲ သူ့နောက်ကျောဘက်သို့ ရောက်သွား၍ မြဟာ ရင်ခွင်ထဲပဲ တန်းခုန်ပစ်ဝင်လိုက်သလိုလို မြကို ဆီးကြိုနေတဲ့ သူ့မျက်နှာပြင်က ပြုံးပြုံးကြီး။

"ဒါ ... ဒါ ... တမင် ... တမင် ရိုက်ယူထားတာ သက်"

"တမင်ပဲရိုက်ရိုက်လေ၊ ရှင် ရောက်မလာဘဲ ဘယ်လိုရိုက်မှာလဲ"





ဒေါ်သက်နှင်းဇော် အသံက တုန်ခိုက်နေသည်။

သူတို့နှစ်ယောက် သွားရာနောက်ကို ကင်မရာက လိုက်ရိုက်နေသည်။ ရှုပါမားကက်ထဲ ဝင်ပေါက်ဝမှာ တစ်ချက်ပြတ်သွားပြီး ပြန်ပေါ်လာတော့ ကုန်ပစ္စည်းအတန်းတွေရဲ့ကြားမှာ သူနှင့်မြက ပြုံးပြုံးရယ်ရယ် လျှောက်နေပါသည်။ ပေါ့ပါးမြူးသွက်နေတဲ့ မြရဲ့အမြူးရှိန်ဟပ်ကာ သူကလည်း မြူးနေသည်မှာ ရှက်ဖို့ကောင်းလှပါရဲ့။

တချို့ပစ္စည်းတွေကို မြက သူ့ကိုယူပြလိုက် ရယ်လိုက်။ ပန်းအတုတစ်ပွင့် ဆွဲယူကာ သူ့ဦးခေါင်းနားကပ်၍ ပန်ဆင်မလို လုပ်လိုက်၍ ဦးမင်းသီဟန်က ရယ်မောခေါင်းတိမ်းရှောင်လိုက်။ ဘီယာသံဘူးကိုယူပြီး ဦးမင်းသီဟန် ပါးစပ်နား တေ့မော့မလိုလုပ်၍ သူက လှမ်းယူကာ စင်မှာပြန်ထားရင်း ရယ်လိုက်။ ဒါတွေဟာ အဲဒီတုန်းက တကယ်ပြုမူ လှုပ်ရှားနေတုန်းကတော့ ဒီလောက်ထိအောင် ကလိုးကလက် ရှက်စဖွယ်ဖြစ်နေတယ်ရယ်လို့ ဦးမင်းသီဟန် လုံးဝသတိမပြုမိ မထင်မိခဲ့ပါ။

သွားပွတ်တံရွေးတော့လည်း အလကားနေရင်း မျော်မြူးနေတဲ့ မြဟာ ကင်မရာရဲ့ရှုထောင့်ကြောင့် သူ့ပခုံးကို နဖူးနှင့် ပြေးပြေးတိုက်နေသလို ထင်ယောင်ထင်မှား ဖြစ်နေရစေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သိပ်ပျော်နေတာ၊ သိပ်ကိုပျော်နေတာနော် ဦးမင်းသီဟန်၊ ကျွန်မနားမှာ ရှင် ဒီလောက် ကြည်လင်နေပျိုအောင် ရယ်မနေနိုင်တာ ဘယ်လောက်ကြာပြီပဲ၊ ရှင့်ကို ဒီလိုရယ်နေတာမျိုး ကျွန်မ မတွေ့ဖူးတာ ဘယ်လောက်ကြာပြီလဲ ဟင်၊ ခုတော့ ပျော်နေလိုက်တာ၊ ရယ်နေလိုက်တာ၊ ကျွန်မ ရင်တွေနာတယ်၊ အရမ်းစိတ်ထိခိုက်တယ် သိရဲ့လား"

"သက် ... သက်၊ ကိုယ် ပြောတာ မင်း နားထောင်ဦး"

"ရှင် ဘာပြောချင်လို့လဲ၊ အခြေအမြစ်မရှိဘူးဆို၊ မဟုတ်က ဟုတ်ကတွေဆင်ပြီး ချောက်ချထားရင် ရဲတိုင်မယ်ဆိုကဲ ... ရှင် အခုပြော၊ ရဲတိုင်မလား၊ ဒီထဲကလူက ရှင် မဟုတ်ဘူး၊ လူစားထိုးရိုက်ထားတာ ဆိုရင် ကျွန်မတို့ ရဲ သွားတိုင်ကြရအောင်လေ ... ဟင် ! "

"သက် ... ဒါ ကိုယ် ဟုတ်တော့ ဟုတ်ပေမယ့်"

"ဟုတ်ပေမယ့် ဆိုတာ မရှိဘူး၊ ရှင်မရှက်ဘူးလား ဦးမင်းသီဟန်၊ ကိုယ့်သားနဲ့မှ ရွယ်တူပဲရှိမယ့် ကောင်မလေးနဲ့ သွားတဖြဲဖြဲ တဟဲဟဲ ဖြစ်နေတာ ရှင် မရှက်တော့ဘူးလား"

"ဒါ တမင်တကာ လိုက်ရိုက်ထားတာ ဆိုတာ မင်းလည်း မြင်သားပဲ သက်၊ နောက်တစ်ယောက်ကကို ရိုက်နေတာ တမင် ချောက်ချဖို့ ရိုက်ယူတာလေကွာ"





"သူ ဘယ်လောက်ရိုက်ရိုက် ရှင် ဒီပုံစံမနေရင် ဘာကိုရိုက်လို့ရမှာလဲ၊ ရှင်ကိုက ဖြစ်နေတာ၊ မျောပါနေတာ၊ စီးဝင်နေတာ၊ မြူးထူးနေလိုက်တာ အရွယ်နဲ့မလိုက်၊ ဘာလဲ ... ရှင်က မတော်တလျော်ပုံတွေ ထွက်လာမှ ရှင့်ကိုယ်ရှင် အပြစ်ရှိမယ် ထင်တာလား၊ ဒီလောက်က အပြစ်မရှိဘူးပေါ့ ... ဟုတ်လား"

"မဟုတ်သေးပါဘူး သက်၊ ဒါ ကိုယ်စိတ်ပါလို့လည်း မဟုတ်ဘူး"

"ဘာပြောတယ်၊ ဒါ စိတ်မပါဘူးလား၊ ဒါလား စိတ်မပါတာ၊ ဒီထက်သာ စိတ်ပါရရင် ရှင့်ထ,ကနေဖို့ပဲ ရှိတော့တယ်"

"မင်းလည်း စကားသံတွေ ကြားသားပဲ မိန်းမရာ၊ သူ ခေါ်တော့ ကိုယ် ငြင်းနေတာပဲ"

"နောက်ဆုံးတော့ ဘယ်လောက်ငြင်းငြင်း ပါသွားတယ်လေ"

"ဒါကတော့ သူက ရုံးထဲဝင်လာမယ် ခြိမ်းခြောက်တော့ ရုံးထဲက ဝန်ထမ်းတွေ မြင်ကုန် သိကုန်ရင် သိက္ခာကျသွားမလား ..."

"ရှင်မပါရင် ရှင် ဘာမှသိက္ခာကျစရာ အကြောင်းမရှိဘူး၊ ရှင် မောင်းထုတ်လိုက်ပါလား၊ ဘာဖြစ်လို့ ငုံ့ညှာနေတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရှင် တကယ်စိတ်မပါရင် ရှက်အောင်ပြောလွှတ်လိုက်
လား၊ ရှင်တို့ ယောက်ျားကောင်းကြီးတွေက မိန်းမတွေ
ရဲ့ရှက်စက်စက် ပြောရမှာ သနားတယ်၊ အားနာတယ်
မဟုတ်လား၊ အကြင်နာတရားကြီးမားတဲ့ လူကြီးလူကောင်း
ကြီးတွေ ဖြစ်ချင်ရင်းကနေပဲ ရှင်တို့ကောက်ကောက်ပါကုန်
တာ"

"ပြောပစ်ဖို့က ကိုယ့်သမီးအရွယ်လောက် ..."

"သြော် ... သမီးအရွယ်မှန်း သိလား။ ရှင် သိတယ်ပေါ့"

"ငါ ဒီလောက်ဖြစ်လာမယ်လည်း မထင်ပါဘူး သက်ရာ
ငါ့စိတ်ထဲမှာ ဘာမှမရှိပါဘူးကွာ"

"မယုံဘူး၊ မညာနဲ့"

သက်နှင်းဖော်က အာခေါင်ခြစ်၍ ကျုံးအော်လိုက်
သည်။

"ယုံစရာလား၊ စိတ်ထဲ ဘာမှမရှိတာ ဒီရုပ်လား၊ တောက်
ရှင်လို လူအိုကလေးအဖေကို ဒီဟာမလေး ကပ်တယ်
ကတည်းက ရှင့်ကို လုပ်စားမယ်ဆိုတာလေးတောင် မဆင်
ခြင်နိုင်ရလောက်အောင် မွန်ပြီးကန်းနေသလား ဦးမင်း
ဟန် ... ဟင် ! ရှင် ပါစရာလား"

"မပါပါဘူး သက်ရာ၊ ဒါ ဘာမှမဟုတ်ဘူးကွာ"

"ဘာလို့ ဘာမှမဟုတ်ရမှာလဲ"





"ဒီကောင်မလေးကလည်း ချူစားမယ့်ဟာ မဟုတ်ဘူး၊
ဟဲန်းဒ်ဖုန်းနဲ့ စိန်တွေနဲ့၊ တစ်ကိုယ်လုံးလည်း အကောင်း
စားတွေချည်း၊ သူ့စကားထဲမှာလည်း ကားတစ်စီးနဲ့ ဒရိုင်
ဘာနဲ့ သွားလာနေတာ ပါနေတာ၊ ငါ့ကို ချူစားမယ်ဆို
ငါ မသိဘဲ နေမလား"

"ဘာ ...၊ ရှင် ဘာကိစ္စ ဒီဟာမဘက်က ကာကွယ်တာ
လဲ၊ ရှင် ဆိုလိုတာက ဒီအမျိုးကောင်း သူဌေးသမီးလေးက
ရှင့်ဆီက ငွေမမက်ဘူး၊ ရှင့်ကိုပဲ မက်တာပေါ့ ဟုတ်လား၊
ရှင့်ကို မေတ္တာစစ်နဲ့ လိုက်ချစ်နေတာပေါ့ ... ဟုတ်လား၊
ကြည့်စမ်း သူက ဟိုဘက်က ကာကွယ်ပံ့ပိုးပြောလိုက်သေး
တယ်"

"မဟုတ်ပါဘူးကွာ၊ ကျွတ် ... အမှန်ကိုပဲ ပြောနေတာ"

"ရှင့်ကို ချစ်လို့ပေါ့"

"ကျွတ်"

"ဒီအဆီရစ်နေတဲ့ ကုပ်ပိုးကို ဒီဗိုက်ခေါက်ကို ချစ်လို့ပေါ့
ဟုတ်လား၊ ဒီလူအိုကြီးကို ကလေးအဖေကြီးကို"

"သက် ... မင်းတော်တော့ကွာ၊ ငါလည်း ဘာမှမဖြစ်သေး
ဘူး၊ ဇွတ်တရွတ် လာလုပ်ရင် ပိုရှက်ရမှာစိုးလို့ ထွက်တွေ့
လိုက်တာပဲ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားတွေ့တာ ဒီလောက် မြူးထူးကလက်နေစရာလား ခပ်တည်တည်တွေ့ပြီး ဒီလို မနှောင့်ယှက်ဖို့ တားလို့ ဘူးလား၊ ရှင်ကိုက မတားချင်တာ၊ ရှင့်ကို နှစ်ဆယ်ကျော် သက်လေးက လိုက်ရစ်နေတာကို ရှင်သာယာပြီး အရူးမြ ထနေတာ၊ အလကားလူ၊ အရှက်ကို မရှိဘူး"

"သက် ... မင်း တော်တော့ကွာ"

"ကဲ ... ရှင် ဒီကိစ္စ ဘယ်လိုရှင်းမှာလဲ"

"ဒီတိုင်းထားလိုက်ရုံပေါ့၊ ဘာရှင်းစရာလိုလဲ"

"ဒီဟာမက ဒီအခွေကိုပွားပြီး လျှောက်ဖြန့်နေရင်ကော"

"ဟာ ... ကျွတ်၊ ဘာကိစ္စ ဖြန့်ရမှာလဲ"

"ဘယ်သိမလဲ၊ သူ့ဆီမှာလည်း ရှိနေမှာပဲ၊ ဘယ်သူတွေ လျှောက်ပြမလဲ ဘယ်သိပါမလဲ"

"အမိပ္ပာယ်မှ မရှိတာ၊ ဘယ်သူ့မှလဲ ပြစရာအကြောင်းမရှိ ဘူး"

"ရှင်က ရှင့်ကို ခုလိုနိုးကြောင်ခိုးဝှက် ရိုက်ထားတဲ့ သူ့ ခွင့်လွှတ်တယ်ပေါ့"

"ဘာတတ်နိုင်တော့မှာလဲ၊ ဖြစ်ပြီးတာ ပြီးသွားပြီ"

"ရှင် ဘာမှ အရေးမယူဘူးပေါ့၊ ဟုတ်လား"

"သံသရာရှည်တယ်လေကွာ၊ မင်းကတစ်မျိုး၊ ဒီမှာစိတ် ရတဲ့ကြားထဲ"





"စိတ်တိုရမှာက ရှင်လား ကျွန်မလား၊ ရှင့်အပြစ်နဲ့ရှင် ကျဉ်းထဲကျပ်ထဲ ကျနေတာ ဘယ်သူ့မှ လှည့်မဲမနေနဲ့"

"ဒါဖြင့်လည်း ပြီးရောကွာ"

"ဘာပြီးတာလဲ၊ ခုထိ ဖြစ်ခဲ့သမျှ ရှင် မှန်တာ မှကြောင်တာ တွေကို ကျွန်မက မေ့ပစ်လိုက်ရမယ့် သဘောလား"

"တောက် ... မမေ့တော့ မင်းက ဘာလုပ်ချင်သေးလို့လဲ"

"ဒါလုပ်ချင်တယ်လေ ... ဒါလုပ်ချင်တယ်"

ဒေါ်သက်နှင်းဖော်သည် ဘေးမှာရှိရှိသမျှ စားပွဲပေါ် တင်ခုံပေါ် အနားအနီးက လက်နှင့်ကောက်ကိုင်ဆုပ်လို့ ရသမျှ နှင့် ဦးမင်းသီဟန်ကို ပစ်ပေါက်လေရာ၊ နံရံကို ထိမှန်ကွဲကြေ တွေ၊ ကြမ်းပေါ်ကျကွဲသံတွေ၊ ဦးမင်းသီဟန်ရဲ့ အော်ဟစ်သံ ရဲပွက်သလို ဆူညံပွက်လောရိုက်နေပါတော့သည်။

"ဖေဖေ ... ဒုန်း ဒုန်း၊ မေမေ ..."

အပြင်ဘက်က တံခါးခေါက်သံနှင့်အတူ သားဖြစ်သူရဲ့ အော်သံကြောင့် ဒေါ်သက်နှင်းဖော်က သောင်းကျန်းပစ်ပေါက် ရာမှရပ်ကာ ဝမ်းပန်းတနည်း ကြေကြေကွဲကွဲ ငိုရှိုက်ချလိုက် သည်။

"ဖေဖေ ... တံခါးဖွင့်ပါဦး"

ဦးမင်းသီဟန်က တောက်တစ်ချက် ခေါက်ကာ အခန်းတံခါးကို သွားဖွင့်လိုက်ပါသည်။ မျက်နှာညိုညိုနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သား ... ဘာမှမဟုတ်ဘူး သား၊ ဘာမဟုတ်တာကို
အမေ ပူညံ ပူညံ လုပ်နေတာ"

"ဘာ ... ဘာမဟုတ်တာလဲ"

"ဟော့ ... တော်စမ်းကွာ၊ တောက် ... ခုလိုဖြစ်တာလ
ငါ ဒီလောက်ထိ ဖြစ်မလာလောက်ဘူးထင်လို့ ခပ်ပေါ့
သဘောထားလိုက်လို့ ဖြစ်ခဲ့တာ၊ ဒါ ငါဖောက်ပြန်
လည်း မဟုတ်ဘူး၊ ရှေ့ကို ဘာမှဆက်မဖြစ်ရင် မပြီး
လား၊ ပြီးခဲ့တာကိုကျတော့ ငါက ဘာပြန်လုပ်ပေးလို့
လဲ၊ မင်းဟာမင်း ဒါကိုမှ ကြိတ်ခဲမနိုင် ဖြစ်နေရင်လ
လဲသေလိုက်ဖို့ပဲ ရှိတော့တယ်၊ ဒီထက်လည်းပိုပြီး ငါ
မှ မဖြေရှင်းပေးတတ်ဘူး၊ တောက် ...

လောကကြီးမှာ ဖောက်ပြန်နေတဲ့ ယောကျ်ား
အများကြီး၊ ငါ ဘာမှမဖောက်ပြန်သေးဘူး၊ ဒီအားနာပ
လိုက်လျောလိုက်မိတဲ့ အဖြစ်ကို မင်း ခွင့်မလွှတ်လ
ငါ ဘာမှမတတ်နိုင်ဘူး၊ မင်း ဒါလေးကိုလည်း အပြစ်
တတ်ရင် ကောင်းကောင်းနေခဲ့တာတွေကိုလည်း အမှတ်
တတ်ဦးကွ၊ မင်းတို့ မိန်းမတွေ ကောင်းတာကို
အသိအမှတ်ကို မပြုဘူး၊ မကောင်းတာကိုသာ ကက်
လန်တတ်တာ၊ မင်းလုပ်မှ ဟိုးဟိုးကျော် ပိုရှက်ဖို့ကော
တာ"





ဦးမင်းသီဟန်က သားဖြစ်သူကို လှမ်းကြည့်ရင်း ...

"သား ... မင်း ဘာမှစိတ်ညစ်မနေနဲ့၊ ဘာမှမဟုတ်ဘူး၊ ပြီးပြီ၊ ငါက ပြီးသွားပြီ၊ မင်းအမေက မပြီးရင်တော့ ငါ လည်းမတတ်နိုင်ဘူး"

"မေမေ"

"သား ... ကိုသဲ"

ဒေါ်သက်နှင်းဖော်က မတုန်မလှုပ် နေတတ်တဲ့ သားဖြစ်ပင်လျှင် ဝင်ပါလာတဲ့ အဖြစ်ကို ပိုဝမ်းနည်းပြီး ရှိက်ငို နေပါသည်။

"သားပါ သိသွားပြီ၊ ရှင် မရှက်ဘူးလား"

"သားသိသွားတာ မင်းကြောင့်ပဲ၊ မင်း အော်ကြီးဟစ်ကျယ် လုပ်လို့"

"မေမေ ... အဲဒီကိစ္စကို သား သိပါတယ်"

"ဘာ"

အမေရော အမေပါ သားဖြစ်သူကို အံ့အားတသင့် ကြည့်ကြပါသည်။

"အဲဒီနေ့က အဲဒီစူပါမားကက်ထဲမှာ သားရှိနေပါတယ်၊ သားလည်း မြင်ခဲ့တယ်၊ တကယ်တော့ ... တကယ်တော့ အဲဒီကိစ္စမှာ ဖေဖေ့မှာ အပြစ်မရှိဘူးလို့ သား ထင်တယ်၊ မေမေ၊ ဒီကောင်မလေးက တမင်တကာ အကြံအစည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုနဲ့ လိုက်ပြီးရောနေတာမျိုးပါ၊ သားက မြင်ခဲ့
သူပါ၊ မေမေ သားကိုယုံပါ"

ခပ်တိုးတိုး ပြောရင်း မိုးခေက နာနာကျင်ကျင်ခေါ်
ငိုက်စိုက်ချထားလိုက်ပါသည်။

❖ ○ ❖





၁၀

"မှတ်ပုံတင်စာမို့လို့ လက်မှတ်ထိုးယူပါခင်ဗျာ"

စာပို့သမားပေးလိုက်တဲ့ စာအိတ်ကို ဆိုင်အကူကောင်
လေးက လှမ်းယူ၍ကြည့်ကာ ...

"အစ်မ ... အစ်မရဲ့စာ"

"ငါ့စာ ! "

"ဟုတ်ကဲ့"

"ငါ့ဆီ ဘယ်သူ့ဆီက စာလာတာတုံး"

"မသိဘူး အစ်မ၊ ဒီစာရွက်မှာ လက်မှတ်ထိုးရမယ်တဲ့
အစ်မ"

ဒေါ်ညိုညိုက စာအိတ်ကိုတစ်လှည့် လက်မှတ်ထိုး
ရမယ့် စာရွက်ကြီးကိုတစ်လှည့် နှစ်ပြန် သုံးပြန်ကြည့်ပြီးမှ စာ
ရွက်ပေါ် လက်မှတ်ထိုးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြားသားမိုးကြိုး၊ ငါ့ဆီ ဘယ်သူက စာရေးရတာတုံး ငါ့ဆီ စာရေးစရာလူမှ မရှိပဲနဲ့"

"အစ်မရဲ့မောင်ရော"

ဆိုင်မှာ နှစ်ရှည်စွဲမြဲ လုပ်လာတဲ့ အကူလင်မယား လေးဟာ ဆွေလိုမျိုးလို ဖြစ်နေပြီမို့ ဒေါ်ညိုညို့မောင်ကိုလည်း သိကြပါသည်။

"ဒီကောင်လား၊ ငါ့ စာရေးမှာဟယ်၊ စာနဲ့ပေနဲ့ အထိအတွေ့ နည်းတဲ့ဘဝမှာ ငါ့ထက် ဆယ်ဆဆိုးသေးတဲ့ဟာ၊ ငါက စာရင်းလေး အင်းလေး ရေးခြစ်ဖြစ်သေးတယ်၊ သူကတော့ စာတောင် ရေးတတ်သေးရဲ့လား မသိပါဘူး"

ဒေါ်ညိုညို့မောင်ဟာ တောမှာနေ တောစာလောက်ပဲ တတ်ကာ ငါးတန်းလောက်တော့ အောင်ခဲ့ဖူးပေမယ့် ခုတော့ စာရေးစာဖတ်နှင့်ဝေးကာ ရေးတတ် ဖတ်တတ်သေးရဲ့လားတောင် မသိပါ။ သူ့အတွက်က ပိုက်ဆံတောင်းတတ်ဖို့ကပဲ ပိုအရေးကြီး တာလေ။

"စာအိတ်နောက်ဘက်မှာ ရေးထားတယ် အစ်မရဲ့၊ မိတ်ဆွေကောင်း တဲ့"

"မိတ်ဆွေကောင်း !! "

"ဟုတ်ကဲ့"

"မိတ်ဆွေကောင်းဆိုတာ ဘယ်သူလဲ"





"မသိဘူးလေ အစ်မရဲ့၊ စဉ်းစားမနေပါနဲ့ အစ်မရယ်၊ အချိန်ကုန်တယ်၊ ဖောက်သာဖတ်လိုက်"

ဒေါ်ညိုညိုသည် ရွှေလက်ကောက်တွေ များစွာဆင့် ကာ ဝတ်ထားတဲ့ လက်နှစ်ဖက်နှင့် စာအိတ်ကိုယူ၍ ဖင်ပြန်ခေါင်း ပြန်ကြည့်ကာ စာအိတ်ကို ဖောက်လိုက်ပါသည်။ အထဲကထွက် လာတဲ့စာရွက်ဖြူလေးကိုဖြန့်ကာ ဖတ်သည်တွင် ...

"မိတ်ဆွေကောင်းတစ်ဦးအနေဖြင့် သိသင့်သိထိုက်သည် ထင်၍ စာရေးအကြောင်းကြားရပါသည် ခင်ဗျား။ ဒေါ်ညိုညို ၏ သမီးဖြစ်သူ မြရွက်ညို့သည် ဖခင်အရွယ်ရှိသည့် လူကြီး တစ်ဦးထံ ချဉ်းကပ်၍ ပတ်ဝန်းကျင်အမြင် မတင့်တယ်စရာ လုပ်ရပ်များကို လုပ်နေပါသည်။ ထိုသူသည် ဇနီးမယားနှင့် မြရွက်ညို့နှင့်ရွယ်တူ သားတစ်ယောက် ရှိနေသော လူအို တစ်ယောက် ဖြစ်ပါသည်။

တရားဝင်ကာမပိုင်ဇနီးမယားရှိသော ယောကျ်ားတစ် ဦးအား မရိုးဖြောင့်သော ဆက်သွယ်နည်းမျိုးဖြင့် ဆက် သွယ်နေသော သမီးပျိုကို ဤအတိုင်း လွှတ်မထားသင့်ပါ။ စီးပွားရေးဘက်သာ အာရုံစိုက် လုံးပန်းနေပြီး သမီးပျိုကို လွှတ်လွှတ်လပ်လပ် လွှတ်မထားသင့်ပါ။ အသိဉာဏ် မကြွယ်ဝသေးသည့် အရွယ်ဖြစ်၍ ခြေလှမ်းမှားတတ်ပါ သည်။ အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားတတ်ခြင်းမရှိ သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အမျှားမြင်ကွင်းတွင်ပါ သွားလာနေဝါသည်။ လူ အထင်မြင်သေးစရာ ဖြစ်မည်စိုး၍ စေတနာနှင့် သတိပေး ရေးသားလိုက်ပါသည်။ ကိုယ်တိုင်စုံစမ်းကြည့်၍ သမီးဖြစ် သူကို တားမြစ်ဆုံးမရန် လိုအပ်နေပါသည်။

အကျိုးကို လိုလားသူတစ်ဦး"

"ဟင်"

ဒေါ်ညိုညိုသည် မမျှော်လင့်ဘဲ ဖတ်လိုက်ရတဲ့စာ ကြောင့် ချက်ချင်းလက်ငင်း နှလုံးရောဂါများ ရသွားသလားဟု ကိုယ့်ကိုယ်ကိုယ် ထင်မိအောင် ရင်ထဲ ဒိန်းဒိန်းဒိုင်းဒိုင်းမြည်ကာ ခုန်လှုပ်သွားပါသည်။

ဘုရား ... ဘုရား ...။ သမီး ... သမီး မြရွက်ညိုနှင့် ပတ်သက်ပြီး ရေးလိုက်တဲ့ ပစ်စာပါလား။ စာက ကွန်ပျူတာ ရိုက်နှိပ်ထားတဲ့စာ ဖြစ်သည်။ မြ ဘယ့်နယ်ဖြစ်ပါလိမ့်။ သမီး ဖြစ်သူ မြကို ဒေါ်ညိုညိုက ပညာတတ်သည်၊ အသိဉာဏ်ရှိသည် ထက်မြက်သည်ဟု ကိုယ့်ကိုယ်ကိုယ်ထက် အထင်ကြီးပါသည်။

ကိုယ်က ခုနစ်တန်း ရှစ်တန်းပဲ တတ်တာလေ။ သမီးက ငယ်ငယ်ရွယ်ရွယ်လေးနှင့် ဘွဲ့ရပြီးပြီ။ ကွန်ပျူတာတို့ ဘာတို့လည်း တတ်ကျွမ်းသေးသည်။ လောကကြီးကိုလည်း ကိုယ့် ထက် အမြင်ကျယ်ကျယ် ကြည့်တတ်ပါသည်။ မအေဖြစ်သူက





တော့ ဆိုင်တစ်ဆိုင် ပိုင်သွားလို့သာ ဈေးကိုကျွမ်းကျွမ်းကျင်ကျင် ရောင်းတတ်သွားတာရှိပြီး ဒီဈေးရောင်းတာတစ်ခုကလွဲလျှင်လည်း ဘာမှအကြားအမြင် ဗဟုသုတ မကြွယ်ဝပါ။

ကိုယ်မသိတာရှိရင် သမီးမြထံ မေးရသည်။ မြရှင်းပြ၍ နားလည်ရသည်။ သမီးထံက မကြားဖူးတာတွေ ကြားရသည်။ ဘာအကြောင်းအရာကိုပဲဖြစ်ဖြစ် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းသွားအောင် သမီးက သူ့ကို ပြောဆိုရှင်းပြတတ်ပါသည်။ ဒီလိုတော်တဲ့သမီး အသေအထင်ကြီးတဲ့ သမီးသည် ဘုရား ... ဘုရား ... တရားဝင် ကာမပိုင်ခင်ပွန်းမယားရှိသော ယောကျ်ားတစ်ဦး နဲ့တဲ့ ...။

မြရွက်ညိုနှင့် ရွယ်တူသားတဲ့။ သားမယားရှိတဲ့ အဖေအရွယ်ကြီးပေါ့။ ပစ်စာက ကိုယ်တိုင်စုံစမ်းကြည့်၍ တားမြစ်ဆုံးမခိုင်းထားသည်။ ကိုယ်တိုင် စုံစမ်းကြည့်ခိုင်းထားသည်ဆိုတော့ ဟုတ်မှန်နေလို့များလား။ မျက်စိမှိတ်ပြီး ရမ်းသမ်းမယုံခိုင်းထားပဲ စုံစမ်းခိုင်းသည် ဆိုတာကိုက တကယ်ဟုတ်နိုင်ဖို့ များနေတာပဲ။

"အစ်မ ... ဘာတဲ့လဲ၊ ဘယ်သူလဲ"

ခင်မင်နေတဲ့ အလုပ်သမား လင်မယားက ဒေါ်ညိုညို့ မျက်နှာကို အကဲခတ်ကာ မေးကြပါသည်။ ဒေါ်ညိုညိုက မျက်နှာ ကိုပြင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အလကားပါဟယ်၊ ပစ်စာကြီးတစ်စောင်၊ အလကားဟာပါ"

"ဩော် ... ဟိုဝေ ဒီဝေ ဝေခိုင်းတာမျိုးလား"

"ဩော် ... အေးပေါ့ဟဲ့။ အဲဒါတွေပဲ။ စိတ်ရှုပ်ဖို့တောင်ကောင်းတယ်"

ဒေါ်ညိုညိုက စာရွက်ကို စာအိတ်ထဲ ပြန်ထည့်၊ စာအိတ်ကို သူ့ပိုက်ဆံအိတ်ထဲ လှမ်းထည့်လိုက်ပါသည်။ ရင်ထဲမှာတော့ လုံးလုံးမကောင်းတော့ပါ။ စီးပွားပဲ ကျုံးရှန်းရှာနေမိတာများပြီလား။ စီးပွားကျုံးရှာနေတာဟာလည်း ဖခင်မဲ့တဲ့ ဒီသမီးလေး ကောင်းစားဖို့ပဲလေ။

ကိုယ့်ဘဝမှာ တခြားစိတ်ဝင်စားစရာလည်း ဘာမှမရှိ။ စီးပွားရှာဖို့ ဈေးရောင်းဖို့ တစ်ခုပဲ လုပ်စရာရှိတဲ့ဟာ။ ရိုးတုံးသူမို့ ငွေတွေ တဖွေးဖွေး ရှာနိုင်သည့်တိုင်အောင် ရွှေလက်ကောက်အထူကြီးတွေ တစ်ဖက်တစ်ထွာဝတ်၊ စိန်တုံးပြူးပြူးတွေဝယ်ဝတ်၊ ဈေးရောင်း ဈေးပြန် ကီမိုနီတွေ မားကြီးပါတိတ်တွေဝတ်တာမျိုးကလွဲရင် ငွေကို တခြားနည်းနှင့်လည်း မသုံးတတ်တော့။ ကားဆိုလည်း လုပ်ငန်းသုံး ပစ်ကပ်တစ်စီးနှင့် ကိုယ်တိုင်ရော မြရော သုံးဖို့ ဆလွန်းတစ်စီးပြီးရင် တခြားကားတွေ ဘာမော်ဒယ်သစ်ပေါ်သလဲမသိ ဗဟုသုတမရှိ။





အိမ်ဆိုရင်လည်း မြအဖေ ဆုံးစဉ်က ငှားနေခဲ့ကြတဲ့ အိမ်တစ်ခြမ်းလေးကတစ်ဆင့် ရိုးရိုးကန့်ထရိုက်တိုက်ခန်း။ အဲဒီတိုက်ခန်းကတစ်ဆင့် အခုတော့ မြို့ထဲက ကွန်ဒိုမီနီယမ်တစ်ခန်း။ ငွေတွေ ပိုလာလည်းပဲ အဲဒီထက်ပိုကာ ခြံကြီးနဲ့ နေလိုက်မယ် တိုက်ကြီးနဲ့ နေလိုက်မယ်ရယ်လို့ အမြင်မကျယ်မိ။

ဒီအပြင် ဒေါ်ညိုညိုတွင် အပေါင်းအသင်း အသိုင်းအဝိုင်းလည်း မရှိ။ ကိုယ့်မှာ ငွေမရှိစဉ်တုန်းက အပေါင်းအသင်းတွေ တချို့သာ ခုထိဆက်ရှိနေပြီး အသိုင်းအဝိုင်းသစ် ကျယ်ပြန့်သိကျွမ်းမလာ။ ကိုယ်တိုင်က ငွေကိုသုံးနိုင်နေပြီဖြစ်သော်လည်း လူဝင်မဆန့်၍ လူကုံထံအသိုင်းအဝိုင်းထဲ မရောက်နိုင်ခဲ့ပါ။ အပေါင်းအသင်းမိတ်ဆွေ နည်းပါး၍ ရှိသလောက်ထဲမှာလည်း မြင့်မြင့်မားမားထဲက မပါ။

ကိုယ့်ကိုက လူရှိန်တာ။ ပွဲကောင်းလမ်းကောင်းတွေလည်း မသွားရ။ လူကြားထဲလည်း မရောက်။ ဘာသတင်းမှလဲမသိ။ နားမပွင့် မျက်စိမပွင့်။ ဈေးနဲ့အိမ် အိမ်နဲ့ဈေး။ ဒါသည်ပဲ ဒေါ်ညိုညို ကျင်လည်ရာကမ္ဘာ ဖြစ်ခဲ့သည်။ ခုတော့ အလန့်တကြားတုန်လှုပ်မိပြီ။ ကိုယ့်မမြင်ကွယ်ရာမှာ သမီးဖြစ်သူဟာ ဘာတွေများ လုပ်နေပါလိမ့်။ တစ်သက်လုံး လိမ္မာရှာတယ်ချည်းထင်ခဲ့သော သမီးဟာ လိမ်ကောလိမ္မာနေရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညို ရင်တွေကတုန်ကယင် ဖြစ်လာပါသည်။ မြစ္ဆက်ညိုဟာ ဒီလိုဖြစ်စရာလား။ ဖြစ်ကောဖြစ်နိုင်ရဲ့လား။ ဒေါ်ညိုညိုက စိတ်မြန်မြန်ပင် ဟဲန်းဒ်ဖုန်းယူ၍ ဆိုင်ခုံပေါ်မှဆင်းကာ ...

"ဟဲ့ ... မြင့်လွင်နဲ့ မေချို၊ ငါ အိမ်သာခဏသွားဦးမယ် ကြားလား"

"ဟုတ်ကဲ့ အစ်မ"

"ကြွေးပေးတဲ့လူလာရင် ယောဒီမှာ ဘောက်ချာစာအုပ်နော်"

"ဟုတ်ကဲ့"

ဒေါ်ညိုညိုက တပည့်လင်မယား မြင်ကွင်းမှ ရှောင်ထွက်လာခဲ့ပြီးသော် ဖုန်းလိုင်းကြည်လင်အောင် ဈေးရုံထဲကပါ ထွက်ခဲ့ပြီး အပြင်ရောက်မှ သမီးဖြစ်သူမြရဲ့လက်ကိုင်ဖုန်းနံပါတ်ကို နှိပ်လိုက်ပါသည်။

"ဟဲလို ... မေ့ ပြော"

"သမီးလား"

"သမီးပေါ့ မေရဲ့၊ သမီးဆီ ခေါ်ပြီးတော့များ"

"ဟဲ့ကောင်မလေး၊ ညည်းအခု ဘယ်မှာလဲ၊ ဘယ်တွေ လျှောက်သွားနေလဲ"

"မြ ဒီနေ့ အောက်ဒိုးမရှိဘူး မေမေ၊ အင်ဒိုးပဲ ... ဟဲဟဲ အိမ်မှာပဲ ရှိပါတယ်၊ မေမေ ဘာလုပ်မလို့လဲ"

"ငါ ဘာမှမလုပ်ပါဘူး"





"ဟင် ... ဒါဖြင့် ဘာဖြစ်လို့ ဆက်တာလဲ"

"သမီး ဒီနေ့ ဘယ်သွားသလဲ၊ အခု ဘယ်ကိုရောက်နေသလဲ၊ ဒါတွေ သိချင်လို့ ဆက်လိုက်တာ"

"ဟင် ... ရုတ်တရက် နေရင်း ထိုင်ရင်း မေက ဒါတွေ ဘာဖြစ်လို့ သိချင်လာရတာလဲ"

"ဟိုလေ ... ဟိုနှင်း ... ညည်းကို စိတ်ပူလို့ပါ မြရယ်"

"ဘာကိုစိတ်ပူတာလဲ မေရဲ့"

"ဩော် ... သမီး လူကောင်း သူကောင်းတွေနဲ့မှ ပေါင်းရဲ့လား၊ လိမ္မာရဲ့လား၊ ဘာများမဟုတ်တရုတ်တွေလုပ်မလဲလို့ အမေ စိတ်ပူလာလို့ပါ မြရယ်"

"အံ့သြစရာကြီး မေမေရယ်၊ ကဲ ... ပြောပါဦး မေမေ့အနီး ပတ်ဝန်းကျင်က ဘယ်သူဘယ်ဝါ့သမီး ဘယ်ကောင်မလေး ယောကျ်ားနောက် လိုက်ပြေးလဲ၊ ဒါမှမဟုတ် အရှက်တကွဲ အကျိုးနည်း ဘာတွေဖြစ်သလဲ၊ ဒါမှမဟုတ် မေမေ့ကို ဘယ်သူက ဘာတွေလာပြောလဲ၊ ငါ့အမေ အစိုးရိမ်ကြီး အောင်"

"ဘာရယ် မဟုတ်ပါဘူး သမီးရယ်၊ ဒီလိုပဲ ဟိုတွေး ဒီတွေးနဲ့ ငါ့သမီးကို သတိရလာတာပါ၊ သမီး အခုတကယ် အိမ်မှာနော်"

"အိမ်မှာပေါ့ မေမေရဲ့၊ တကယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အစန်းကို ဖုန်းပေးလိုက်စမ်း"

"ဟင် ... မေမေကလည်း၊ လူကို မယုံသက်ာနဲ့"

"မဟုတ်ပါဘူးအေ၊ အစန်းကို မှာစရာရှိလို့ပါ၊ တစ်လက်စတည်း"

"ဒါဖြင့် ကိုင်ထားနော် မေ"

အဲဒီနောက်တော့ ဖုန်းထဲမှာ မြရဲ့နောက်လှည့်အော်လိုက်သံ ထွက်ပေါ်လာပါသည်။

"မမစန်းရေ ... မမစန်း၊ မေမေနဲ့ ဖုန်းလာပြော"

ခဏကြာတော့ အိမ်ကအလုပ်သမား မိန်းကလေးအစန်းက ဖုန်းလာကိုင်ပါသည်။

"ဟယ်လို ... အစ်မလား"

"အေး"

"အစ်မ ... ဘာလဲ"

"အိမ်ကို ဖုန်းတွေ ဘာတွေ လာသေးလား"

"မလာဘူး အစ်မ၊ အခု အစ်မဆီက လာတာပဲရှိတယ်"

"မြက မနက်က ငါထွက်သွားကတည်းက အိမ်မှာရှိနေတာလား"

"ဟုတ်ကဲ့ ... ရှိနေတယ်"

"ဘယ်မှ မသွားဘူးပေါ့"

"မသွားပါဘူး အစ်မ"



"သူ့ဆီရော ဖုန်းတွေလာလား"

"အဲ ... အဲဒါတော့ မြရဲ့ဖုန်းအသေးလေးထဲ လာရင်တော့ ကျွန်မ မသိဘူး၊ အိမ်ဖုန်းကိုတော့ မလာပါဘူး အစ်မ"

"အေး ... အေး"

ဒေါ်ညိုညိုသည် သမီး မြရွက်ညိုအိမ်မှာ တကယ်ပဲရှိနေကာ အေးအေးဆေးဆေးပဲမို့ ဘာဆက်ပြောရမည်တောင် မသိ။ စာကလည်း အမည်မဖော်ဘဲ ပစ်စာသဘောရေးတဲ့ဟာ။ တကယ်ကော ဟုတ်ပါ့မလား။ မဟုတ်ရင်ကော စာရေးသူက ဘာအကျိုးရှိမှာမို့ ဒေါ်ညိုညိုထံ ခုလိုစာပို့ရတာလဲ။ မြကို သပုပ်သလွှင့် နာမည်ဖျက်ချင်လို့ဆိုရင်လည်း သတင်းကို အပြင်ကိုပဲ လွှင့်မှာပေါ့။ အခုက ဒေါ်ညိုညိုကို သိစေချင်တာ။

တကယ်မဟုတ်ဘဲနဲ့တော့ ဒေါ်ညိုညို သိအောင်လုပ်ရဲ့ အကြောင်းရင်း မရှိပါ။

"အစ်မ ... အစ်မ"

"ဟင် ... အေး ... အေး"

"အစ်မ ဖုန်းများ ချသွားပြီလားလို့ ခေါ်ကြည့်တာ"

"မချသေးပါဘူးဟယ်၊ အေးလေ ... ဒါဆိုရင်လည်း ပြီးတာပဲ၊ ဒီမှာ အစန်း၊ မြ အပြင်ထွက်တယ်ဆိုရင်တော့ ငါ့ဖုန်းကို လှမ်းဆက်လိုက် သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ဒါပဲ ... ဒါပဲ"

ဒေါ်ညိုညိုက ဖုန်းကိုနှိပ်ကာ မဲ့ကာငြိမ်နေပြီးနောက် နောက်ထပ်နံပါတ်တစ်ခုကို နှိပ်လိုက်ပါသည်။ "ဟယ်လို"ဟုဆိုလျှင် ...

"ဟိုဘက်တိုက်က မစုဝတီကို ခေါ်ပေးပါနော်"

အတော်ကြာအောင် စောင့်လိုက်ရပြီးနောက် ...

"ဟယ်လို"

"မိစုလား"

"ရှင် ...၊ ဟင် ... အန်တီညိုလား"

"အေး ... ဟုတ်တယ် သမီး"

"အန်တီညို ဘာကိစ္စရှိလို့လဲ၊ ရင်ထိတ်လိုက်တာ ဖုန်းမဆက်စဖူး"

"မဆက်စဖူး ဆက်ရတာပဲ၊ ညည်းအိမ်မှာရှိနေလို့ တော်သေးတာပေါ့"

"မနက် နေ့လယ်တွေဆိုရင် သမီးအိမ်မှာ အမြဲရှိပါတယ်၊ မရှိတဲ့ နေ့ဆိုရင် အဲဒါ မြနဲ့အတူတူပဲ၊ မြနဲ့မဲ့ သမီးက အပြင်ထွက်တာ၊ မြ အိမ်မှာရှိရင် သမီးလည်း အိမ်မှာရှိတာပဲ အန်တီညိုရဲ့"





"မိစု ... သမီးကို အန်တီညို မေးစရာရှိတယ်"

"မေးလေ အန်တီညို"

"မြ အကြောင်းလေ၊ မြ ဘာတွေလုပ်နေလဲ"

"မြ ! ... မြ ဘာတွေလုပ်လို့လဲ အန်တီညိုကလည်း"

"မြ ဘယ်သူနဲ့ တွဲနေလို့လဲ၊ ငါ့ကို မှန်မှန်ပြောစမ်းပါ၊ ညည်း အကုန်လုံးသိမှာပါ မိစုရယ်၊ မြက ညည်းကို အားလုံးတိုင်ပင်ဖွင့်ပြောမှာ သေချာတယ်"

စုဝတီက ငြိမ်နေပါသည်။

"ကဲပါ ... ပြောစမ်းပါ၊ မြ ဘယ်သူနဲ့ တွဲနေလဲ"

"ဟို ... ဟို ... မြက အန်တီ့ကိုလည်း ဖွင့်ပြောထားတယ်ဆို"

"ဘာလဲ"

"ဟိုဒင်းလေ ... မိုးခလေ"

"ဩော် ... မိုးခလား၊ ဒီကောင်လေးကို သူ အဖြေပေးဖို့ စဉ်းစားတယ်လို့တော့ အန်တီ့ကို ဖွင့်ပြောဖူးပါတယ်"

"အင်းလေ ... အဲဒါပဲလေ အန်တီ၊ မြ ချစ်သူက မိုးခပဲ"

"ချစ်သူဖြစ်သွားပြီလား"

"သမီး ထင်တာတော့ ဖြစ်သွားပြီ၊ သူက နောက်တစ်ပတ်လောက် အန်တီနဲ့တွေ့ဖို့ အိမ်အလည်ခေါ်လာမယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ နောက်အပတ်ထဲ အန်တီတို့ ဈေးပိတ်ရက်ရှိတယ်ဆို"

"အစ်း ... အိမ်ခေါ်လာမယ်တဲ့လား"

"ဟုတ်ကဲ့ အန်တီ"

"ဒါဖြင့် ဒီကောင်လေးနဲ့ပဲ သူ တွဲနေတာပေါ့"

"တွဲတယ်ဆိုတာတောင် မကြာမကြာကြီး ချိန်းတွေ့သွားလာမနေပါဘူး၊ အန်တီရဲ့၊ အန်တီညိုကလည်း မြကိုပဲမေးကြည့်ပါလား၊ မြက အန်တီ့ကို ပြောမပြဘဲ မနေပါဘူး"

"ဒီမှာ မိစု၊ ငါသိချင်တာ ဒီကောင်လေးနဲ့ မပတ်သက်ဘူး၊ ငါ တစ်နေရာက သတင်းတစ်ခု ကြားတယ်၊ မြဟာ အိမ်ထောင်သည် သားနဲ့ မယားနဲ့ အဖေအရွယ် လူအိုတစ်ယောက်နဲ့ ဖြစ်နေတယ်ဆို"

"ဟင်"

စုက လန့်သွားပေါသည်။ ချက်ချင်းပဲ ဦးမင်းသီဟန်ကိုလည်း တန်းမြင်ဇနန့်မှန်းမိသည်။

"အန်တီကို ဘယ်သူပြောလဲ"

"ဘယ်သူပြောလဲက အရေးမကြီးပါဘူး မိစု၊ ဟုတ်မဟုတ်သာ ငါ့ကိုပြောပါ၊ ညည်းသူငယ်ချင်းမြက မိုးခ အကြောင်းငါ့ကို နှစ်ကြိမ် သုံးကြိမ် ပြောပြဖူးပေမယ့် ဒီအကြောင်းတော့ တစ်ခါမှ မပြောဖူးပါလား"





"မပြောဆို ဟုတ်မှ မဟုတ်တာ၊ ကြံကြီးစည်ရဲ့ အန်တီရယ်၊ အဓိပ္ပာယ်မရှိတာ၊ မြက မိုးခလည်းရှိရက်နဲ့ မလွှတ်မလပ်ကြီးနဲ့ ဖြစ်စရာလား"

ဒေါ်ညိုညိုသည် သက်ပြင်းတစ်ချက်နှင့် ငေးတွေးသွားခဲ့ရပါသည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

သူ ဗီဒီယိုအခွေကို အိမ်ပို့လိုက်သည့်ကိစ္စနှင့် ပတ်သက်ပြီး ဦးမင်းသီဟန် ထံမှ ဖုန်းဆက်ဖြေရှင်းချက်တောင်းတာမျိုး မလာတဲ့အတွက် မြရွှက်ညို့က ပိုပြီးတောင် သတိထားအကြံထုတ်နေပါသည်။ သူ့မိန်းမ ပေါက်ကိုပေါက်ကွဲမှာလေ။ အဲသလို ပေါက်ကွဲအောင် အိမ်လိပ်စာနဲ့ပို့ရကောင်းလားလို့ ဦးမင်းသီဟန် မြအပေါ် ဒေါသဖြစ်နိုင်မှာဟာ တွက်မလွဲပါ။

မြ ထင်တာက ဒေါသတကြီး ဖုန်းဆက်အော်ဟောက်လိမ့်မယ်လို့ပင်။ မြထံကို ဦးမင်းသီဟန်က လုံးဝဖုန်းမဆက်ပေမယ့် မြ ဖုန်းနံပါတ်ဟာ သူ့ဖုန်းထဲမှာ အကြိမ်ကြိမ်ထင်ဟပ်နေခဲ့တာပဲ။ သူ ပြန်နှိပ်ပြီး ဆက်လိုက်ရုံ အလွယ်လေးပင်။ ဘာကြောင့် မဆက်တာလဲဆိုတော့ သူ သတိထားနေလို့။





မြထံ သူ့ဘက်က ဖုန်းခေါ်ထားတယ်ဆိုတာမဖြစ်အောင် မြထံမှာ ဦးမင်းသီဟန်ထံက အဝင်ဖုန်းစာရင်း ပေါ်မနေအောင် သူကစ,မခေါ်တာပဲ ဖြစ်ရာရှိတာပေါ့။ အဲဒီကိစ္စပြီးမှ ထူးခြားတာတစ်ခုက မြ အသက်ကြီးကြီး အိမ်ထောင်သည်လူကြီးတစ်ယောက်နှင့် တွဲနေတယ်လို့ မေမေ သတင်းရသွားခြင်းပင်။

မေမေ ဖုန်းဆက်မေးတာကို စုက မြကိုမပြောဘဲနေပါ့မလား။ စုထံက မေမေ ဖုန်းချသွားသည်နှင့် စုက မြကိုတန်းခေါ်ပြီး သတင်းပေးတော့တာပင်။ ဘယ်သူကများ မေမေ့ကို သတင်းပေးပါလိမ့် စဉ်းစားမရ။ ဦးမင်းသီဟန်နှင့် သူ့မိန်းမတို့ကတော့ မေမေ့ထံ သတင်းပေးသူ ဘယ်လိုမှမဖြစ်နိုင်။ သူတို့ မေမေ့ကို သိလည်းမသိကြပါ။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တာပါ။

ဒါဖြင့် စုရော။

စုလည်း လုံးဝမဟုတ်တာ သေချာသည်။ စုကိုတောင် မေမေက လှမ်းမေးရသေးတာပဲ။ မြက ရက်အနည်းငယ်မျှ ငြိမ်သက်နေလိုက်ပြီး နောက်ဆုံးတော့ ဦးမင်းသီဟန်ထံသို့ ဖုန်းခေါ်လိုက်ပါတော့သည်။

တစ်ဖက်ကို ခေါ်နေသံ အကြိမ်ပေါင်းများစွာ မြည်နေပြီးမှ ဖုန်းကို တစ်ဖက်မှ ဖွင့်လိုက်ကာ ...

"ပြော"

လေသံက ခပ်မာမာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦး ... မြပါ"

"အေး ... ဘာလဲပြော"

"ဦး ဘာဖြစ်လို့လဲဟင်၊ ရုံးမှာ အလုပ်များလို့ စိတ်တို တာလား"

"ရုံးမှာ စိတ်တိုစရာ ဘာအကြောင်းမှ မရှိပါဘူး၊ ကဲ မင်း ဘာကိစ္စလဲ"

မြက အံ့သြဝမ်းနည်းသွားသယောင် အသံခဏတိတ် နေပြီးမှ ...

"ဦး"

"........."

"ဦး ဘာဖြစ်လို့ စိတ်တွေ တအားဆိုးနေတာလဲဟင်"

"မင်း ဘာဖြစ်လို့ အိမ်ကို အခွေပို့လိုက်တာလဲ မြရှက် အဲဒါ စည်းကျော်တာ စည်းဖောက်တာပဲ၊ အခြေအနေတိုင်း မှာ စည်းတစ်ခုရှိတယ်၊ ကိုယ့်စည်းနောက်မှာ ကိုယ်နေ တယ်၊ မင်း ခုလိုလုပ်တာ ဘာသဘောလဲ"

"မြ ... မြ ... အိမ်ကိုပို့မိတာ ဘာဖြစ်လို့လဲ ဦး၊ မြ ဦး ရယ်မောရမလားလို့ ပျော်ရအောင် လုပ်တာပါ"

"ဘာကိုပျော်ရမှာလဲ၊ မင်း ဒီကိစ္စကို ငါ့မိန်းမ သိ လုပ်တာ ဘာသဘောလဲ၊ အိမ်ကို ဘာဖြစ်လို့ ပို့လိုက် ပြောစမ်းပါ"





"အိမ်ကိုပို့လိုက်တာက ဟိုတစ်ခါ ဦးရုံးကို မြပို့လိုက်တဲ့ စာကို ဦးမိန်းမ တွေ့သွားတယ်ဆို၊ မြက အိမ်ကိုပို့ရင်များ နည်းနည်း ပိုလုံခြုံမလားလို့ အိမ်လိပ်စာနဲ့ ပြောင်းပို့မိတာ ပါ"

"မင်း ရူးနေလား၊ အိမ်လိပ်စာနဲ့ပို့တာ ပိုလုံခြုံပါလား၊ မင်းမှာ ဦးနှောက်ရော ရှိရဲ့လား"

"ဦးနာမည်နဲ့ဆိုရင် ဦးမိန်းမက မဖောက်ဘူး ထင်လို့ပါ၊ ပြီးတော့ သူက တစ်နေကုန် အိမ်ထဲမှာမရှိဘဲ ခြံထဲက သူ့ ရဲ့အထည်ချုပ်တဲ့ ဟိုဘက် အဆောက်အအုံလေးမှာပဲ တစ်နေကုန်နေတယ်လို့ မြ ကြားဖူးထားလို့ပါ"

"သူက ဒီနိုင်နာမှန်း မင်း သိတယ်ပေါ့"

"ဟုတ်ကဲ့ပါ ဦး"

"မင်း ငါတို့မိသားစုအကြောင်း တခြား ဘာတွေသိသေးလဲ"

"တခြားမသိတော့ပါဘူး၊ ဦးရဲ့အမျိုးသမီး ဒေါ်သက်နှင်း ဖော်က ဒီနိုင်နာဆိုတာတောင် ဟိုတလောလေးကမှ သိတာ ပါ၊ ဦးရယ် ... မြကို စိတ်မဆိုးပါနဲ့၊ ခုလို ဖြစ်သွားမယ် မှန်းသိရင် မြ အိမ်ကို ပို့ပါ့မလား၊ မြက ပိုတောင်မသိစေ ချင်ရမှာပါ ဦးရယ်။ ဦး ... ဦးဆီ အခု မြ ခဏလာခဲ့မယ် မြ ဦးကို ရှင်းပြချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မလာနဲ့ ... မလာနဲ့၊ သာလို့ မဖြစ်ဘူး"

"ဒါဆိုရင် ဦး တစ်နေရာရာကို ခဏထွက်လာခဲ့မလားဟင်"

"မလာဘူး"

"ဦးရုံး အနီးအနားကိုလာရင် ဒီတစ်ခါ တစ်ခုခုထပ်ပြဿနာ ဖြစ်မှာစိုးလို့ အပြင်ကိုပဲ လာခဲ့ပါနော် ဦး၊ မြကို ဦးတွေ့ရင် အရမ်းအံ့အားသင့်သွားမယ်"

"ဘာလို့ ကျုပ်က အံ့အားသင့်ရမှာလဲ"

"မြကိုမြင်ရင် မြဘာဖြစ်နေတယ်ဆိုတာ သိမှာပေါ့"

"မင်းက ဘာဖြစ်နေလို့လဲ"

"ဦး မြင်ရင် သိမှာပေါ့ ဦးရယ်"

"မင်း ငါ့ကို ဗီဒီယိုရိုက်ထားတာ အသံဖမ်းထားတာတွေလည်း ငါ လုံးဝမကြိုက်ဘူး၊ အဲဒါကကော ဘာအတွက် မင်းက ..."

"ဒါတွေအကုန် မြ ရှင်းပြပါ့မယ်၊ ဦး ခဏလာခဲ့နော် ခဏလေးပါ ဦးရယ်"

"မလာနိုင်ဘူး၊ မင်းက ဗီဒီယိုခိုးရိုက်လိုရိုက်"

"မြ လုပ်တာ မဟုတ်ဘူး ဦး၊ ဦးသာ ခဏလာခဲ့ပါ၊ ဒီတစ်ခါ ထပ်မဖြစ်စေရပါဘူး ဦးရယ်၊ အဲဒီနေ့က ကိစ္စလည်း ရှင်းပြပါ့မယ်"





ဦးမင်းသီဟန်သည် ဇနီးသည် ဒေါ်သက်နှင်းဇော်ကို ဘာအကြောင်းကိစ္စနှင့်မှ မြရွက်ညိုနှင့် 'ထပ်မတွေ့တော့ဘူး'ဟု ကတိပေးထားရပြီး ဖြစ်ပါသည်။ ကိုယ်တိုင်လည်း ရှုပ်ရှုပ်ယှက်ယှက်ကို ကြောက်ကာ ကတိပေးထားလိုက်တဲ့တိုင် သူ့မိန်းမကိုလည်း အသည်းပိုလွှန်းတယ်၊ အကဲပါလွန်းတယ်ဟု အခဲမကျေလှတာလည်း အမှန်ပင်။

တစ်ခါမှ မဖောက်ပြန်ဖူးပဲ သစ္စာရှိနေတဲ့ ယောကျ်ားကို ရထားလို့ ကဲကဲတက်တာ။ သူ့ပတ်ဝန်းကျင်က မိတ်ဆွေတွေထဲမှာ အစစအရာရာ ခပ်ကင်းကင်း ဆိုတာ ရှားကရှားနဲ့။ သူ ကောင်းကောင်းနေခဲ့တာက ဘာမှမပေါ်လွင်ပဲ အခု(အလေးအနက်လည်း မဟုတ်တဲ့) ပေါ့ပေါ့ပါးပါး အပျော်လှုပ်ရှားမှုလေးတစ်ခုကိုတော့ နင်ပဲစဆပေါက်ကွဲ ရန်လုပ်တယ်ရယ်လို့ မခံချိမခံသာ ဖြစ်နေပါသည်။

ကိုယ့်အပြစ်ကျ ကိုယ်မမြင်ဘူးပဲပြောပြော ဘယ်လိုပဲ ပြောပြော ဦးမင်းသီဟန်သည် (ဒီကောင်မလေး မြကို ရှုပ်ရှုပ်ယှက်ယှက် အခွင့်ကောင်းယူဖို့လည်း ခုချိန်ထိ မကြံရွယ်ခဲ့တာ အမှန်ဖြစ်၍) ချဉ်းကပ်လာတဲ့ မိန်းကလေးတစ်ယောက်ကို အပျော်အပြက် ရယ်ကာမောကာ ပေါ့လားပါးလား လုပ်ခါမှလောက်နှင့် မတန်တရာ ပြဿနာတက်လိုက်ရတယ်လို့လည်း တနုံ့နုံ့ မကျေနပ်နေတာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က အော်ဟစ်ရန်ဖြစ်လိုက်ကြပြီး သာ[cut] ပါလာကာ သူတို့သားအမိကို နောက် ဒီကောင်မလေးနှင့် ထ[cut] မတွေ့တော့ပါဘူး မပတ်သက်တော့ပါဘူးလို့ကတိပေးလိုက်[cut] တိုင် နောက်ရက်တွေမှာ ဒေါ်သက်နှင်းဇော်နှင့် တစ်ယောက်[cut] တစ်ယောက် မခေါ်မပြော ခပ်တန်းတန်း ဖြစ်နေကြပါသည်[cut] သူကလည်း ကိုယ့်ကို ငြိုငြင် ကိုယ်ကလည်း သူ့ကိုငြိုငြင်။

ဒီလောက်တ ဘာဖြစ်သွားမှာမို့လို့လဲ ဆိုတဲ့ ဆ[cut] ကျင်ဘက် အတွေးတွေနှင့် မကျေနပ်နေတဲ့ ဦးမင်းသီဟန်[cut] တစ်ဖက်က ငိုသံပါနှင့် တောင်းပန်နေတာက တစ်အချက်[cut] မိန်းမ သိသွားလို့ လုံးလုံးမလှုပ်ရဲတော့ဘူးလို့ အယူဆခံရ[cut] သိမ်ငယ်တယ် ရှက်ဖို့ကောင်းတယ် ထင်တာက နှစ်အချက်[cut] မြင်ရင် သိရမှာပေါ့ ဆိုတာကို စိတ်ဝင်စားတာက သုံးအချက်[cut] ဘယ်သူ ဗီဒီယိုရိုက်တာလဲတို့ ဘာတို့ အစအဆုံး သိချင်သေး[cut] ဖုန်းနဲ့အကြာကြီး မပြောချင်ဘဲ ယုံသင့်မယုံသင့် မျက်နှာကို ဆ[cut] ရှာကြည့် ပြောချင်တာက လေးအချက်။ ကောင်းတယ် မကောင်း[cut] ဘူး၊ လုပ်သင့်တယ် မလုပ်သင့်ဘူးတို့ကို မိန်းမက ဆုံးဖြတ်ပေး[cut] တာကို မလိုလားပဲ၊ ကိုယ်က ဆုံးဖြတ်သူ ဖြစ်ချင်တဲ့အတွ[cut] မိန်းမက "မလုပ်ရဘူး"လို့ အော်ကြီးဟစ်ကျယ် အမိန့်ချ[cut] ထားတာကို လုံးဝမနှစ်သက်ပြီး အလိုလို ဆန့်ကျင်ချင်တာ[cut] ငါးအချက်။



............။ စသဖြင့် ... စသဖြင့်သော အချက် [cut]ခါင်းပြောက်မြားစွာတို့အားဖြင့် ...

"ကဲ ... ဘယ်ကိုလာရမယ်၊ ပြောပါဦး"

"အင်းယားကန်စောင်း၊ ဒါမှမဟုတ် စိမ်းလန်းကို လာခဲ့ပါလား ဦး"

ဦးမင်းသီဟန်က "ဟွန်း၊ ကလေးတွေ ချိန်းတွေ့တဲ့ [cut]ရာတွေ"ဟု နှာခေါင်းရှုံ့လိုက်မိသော်လည်း ...

"ကောင်းပြီ၊ ဦးကလည်း ပြောစရာရှိလို့ ထွက်လာမယ်၊ မင်း တစ်ယောက်တည်း လာနော်၊ နောက်လိုက် နောက်ပါတွေ မပါစေနဲ့၊ နောက်နာရီဝက် ကျော်ကျော်မှာရောက်မယ်၊ အင်းယားကန် ကားပါကင်မှာ ဆုံမယ်"

"ဟုတ်ကဲ့၊ အား ... ဝမ်းသာလိုက်တာ"

တကယ် ဝမ်းသာလှပုံရတဲ့ အသံမြူးမြူးကြောင့် [cut]င်းသီဟန်မှာ အံ့အားတသင်နှင့် ကောင်မလေးကို ကရုဏာ[cut]က်မိပြန်တော့သည်။ ကိုယ့်ကိုယ်ကိုယ် လည်လည်ဝယ်ဝယ် [cut]ပါးနပ်နပ် ရှိလှတယ် ထင်ကြတဲ့ ယောကျာ်းတို့ထုံးစံ ကောင်[cut]လေးရဲ့ သံယောဇဉ်တွေ ကိုယ်ကသာ သိမ်ကျုံးရထားကာ [cut]ောင်မလေး ခမျာတော့ ကိုယ့်လို စိတ်ခိုင်တဲ့ အသည်းမာတဲ့ [cut]ာ်အမြော်အမြင်ရှိတဲ့ လူတစ်ယောက်ထံက သူ ထင်သလို [cut]ယောဇဉ်တွေ ပြန်မရနိုင်ပေဘူးလို့ တသသ ကြင်နာမဆုံးဖြစ်[cut]ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြကိုလည်း မျက်စိမှိတ် မယုံလောက်ဘူးလို့ (ပါးပါး နပ်နပ်)ဆုံးဖြတ်မိကာ သူပြောတဲ့နေရာကို အခုလက်ခံလိုက်ပေမယ့် ဟိုကျရင် ချောင်ကွယ်မှာ ရှိချင်ရှိနေမယ့် သူ့အပေါင်းပါတို့က ရောင်လွှဲနိုင်ဖို့ ကားပေါ်ခေါ်တင်ပြီး ကိုယ့်အစီအစဉ်နဲ့ကိုယ် တခြား နေရာကို ခေါ်သွားမယ်လို့ စဉ်းစားပြီး ဖြစ်လေသည်။ ဒါဆို သူတို့ ခွင်တွေ ခွက်တွေ ဆင်ထားလည်းပဲ လွဲပေါ့။

မင်းတို့ဉာဏ် တစ်ထွာတစ်မိုက်လောက်ကို ငါက ရှောင်ရှားကာကွယ်နိုင်တယ် ဆိုတာကိုလည်း ခပ်အေးအေးပြလိုက် ဦးမင်းသီဟန်သည် မြတို့လို ဘာမဟုတ် ညာမဟုတ် အရေးမပါ အဆင့်မရှိ ပါမွှားကလေးတွေမှာ ကြီးမားတဲ့စွမ်းဆောင်နိုင်စွမ်းတွေ ဘက်ဂရောင်းဒ်တွေ မရှိနိုင်ပါဘူးလို့ တစ်ထစ်ချတွက်ဆထားတာ ပင်။

တကယ်တမ်းတွင် "ငွေ"ကလည်း အရာတော်တော် များများကို ဖန်တီးနိုင်သေးတာဖြစ်ရာ မြက ချက်ချင်းပဲ ခုနက ဖုန်းဆက်လျက် ...

"စု ... နင်နဲ့ခင်တဲ့ တက္ကစီသမားတစ်ယောက်ကို အခုက စပြီး နာရီနဲ့ငှားလိုက်စမ်းပါ၊ ဘယ်လောက်ပေးရပေးရပေါ့ အင်းယားကန်စောင်းကိုလာခဲ့၊ ငါက သွားနေပြီ၊ နင်က ငါ serenity ရှေ့က အရင်စောင့်မယ်၊ ဗီဒီယိုကင်မရာလေး





မယ်၊ ဖုန်း ပေးမယ်၊ ပိုက်ဆံပေးမယ်၊ ပြီးရင် နင့်တက္ကစီ က အင်းယားဝင်းထဲ အရင်ဝင်ရပ်နင်၊ သိပ်ကြီးရုပ်ဖျက်တာ မျိုး မျက်မှန်တွေ ဘာတွေ တပ်လာတာမျိုး မလုပ်နဲ့ ...

အဲဒီပုံမျိုးဆို ပိုသတိထားကြည့်ခံရမယ်၊ ရုပ်အကျီ အကွက် ရိုးရိုးလေးနဲ့ ကက်ပ်ဦးထုပ်လေးပဲ ဆောင်းလာ၊ ငါက အိမ်က ဦးလေးကြီးကိုပဲ မောင်းပိုခိုင်းမှာ၊ ငါ့ကား ဝင်လာရင် ကြည့်နေ၊ ငါ ထင်တာတော့ ဦးမင်းသီဟန်က ငါ့ကို တခြားတစ်နေရာရာ ရွှေ့သွားလိမ့်မယ်၊ ငါချိန်းတဲ့ နေရာဆိုရင် ငါ့ဘော်ဒါတွေရှိမှာ သူ စိုးရိမ်နေမှာ၊ ငါပါ သွားရင် ကားနဲ့ခွာလိုက်ခဲ့၊ မျက်ခြည်ပြတ်ရင် ဖုန်းဆက် ...

တစ်နေရာရာမှာရပ်ပြီဆိုရင် နင်လည်း အနီးတစ် ဝိုက်မှာ ကြည့်ကျက်နေပြီး ဗီဒီယိုရိုက်နိုင်ရင်လည်း ရိုက်ပေါ့ ဟာ၊ မရိုက်နိုင်လောက်ရင်တော့ နေပါစေတော့၊ နင့်ကို တော့ ဦးမင်းသီဟန် မတွေ့စေနဲ့၊ နောက်ဆုံးတစ်နေ့ နောက်ကားပါတယ်လို့ ရိပ်မိပုံပေါ်ရင်တော့ မောင်းထွက် ပြေးပေတော့၊ ငါလည်း ဗီဒီယိုရိုက်လို့ရမယ့် နေရာမျိုးဖြစ် အောင် ဖန်တီးကြည့်မယ်၊ မရရင်တော့ ထားလိုက်တော့ ပေါ့၊ ရှင်းတယ်နော် စု"

"ရှင်းတယ်၊ ငါ အခု ထွက်ပြီ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ စုရေ"

ကိုယ့်အချိန်းအချက်အတိုင်း Serenity ရှေ့ကစုကို စောင့်တော့ ကြည့်မြင်တိုင်မြို့နယ်ထဲမှာနေတဲ့ စုက ချက်ချင်းပဲ ရောက်လာပါသည်။ ပေးစရာရှိတာပေးပြီး စုရဲ့ကား အင်းလျား ကန်ပေါင်ဆီ အရင်ထွက်သွားနှင့်သည်။ ဆယ်မိနစ်လောက်နေမှ မြက လိုက်လာခဲ့ပါသည်။ မြတို့ရဲ့ဒရိုင်ဘာ ဦးလေးကြီးကား မြကိုလည်း အတော်ချစ်ခင်ကာ မြ ငယ်ငယ်ကတည်းက မြရဲ့ နောက်တီးနောက်တောက် အပျော်အပြက် လုပ်ချင်ရာလုပ်သမျှတို့ ဘာမျှမစပ်မစု မြ ခိုင်းတဲ့အတိုင်းလုပ်တတ်သူပင်။

ဦးလေးကြီး ဟိုနားကစောင့် ဆိုရင် ဟိုနားကစောင့် သည်။ ဒီနားမှာရပ်ထား ဆိုရင် ရပ်ထားသည်။ မိနစ်အတိအကျလာ ဆိုလည်း မှာတဲ့အချိန်မှ အတိအကျလာသည်။

ခုလည်း မြက မြကိုချပြီးတာနှင့် ပြန်ဖို့မှာထားလေ ရာ မြ ကန်ပေါင်ဝင်းထဲ ဆင်းလိုက်သည်နှင့် သူ့ကားကို မောင်း ထွက်သွားတော့ပြီ။

မြက ဟိုကြည့်ဒီကြည့် ရှာကြည့်လိုက်တော့ ဦးမင်းသီ ဟန်ရဲ့ကားကြီးကို တန်းတွေ့တာပင်။ တမင်တကာ သူ ရောက်ပြီး လောက်မှလာတာ။ မြနှင့် ဘယ်သူမှ ပါမလာတာမြင်စေချင်လို့ပေါ့ မြက မျက်လုံးထောင့်ကမြင်နေရတဲ့ စုရဲ့ တက္ကစီကားဖြူဖြူလေး ဆီ လုံးဝမကြည့်ဘဲ ဂျင်းဘောင်းဘီအားအိတ်တစ်ဖက်ထဲ လက်





အားလေးတစ်ဖက်ထိုးနှိုက်ကာ ဦးမင်းသီဟန်ရှိရာ ထော့နဲ့ထော့နဲ့ လျှောက်လာခဲ့ပါသည်။

မြရဲ့ဘယ်ဘက်တံတောင်ဆစ်မှာတော့ ပတ်တီးဖြူဖြူ ဖွေးဖွေးအောက်က ဂွမ်းတွေခံကာ လက်မောင်းတစ်ဖက်မှ လက်ဖျံ တစ်ဝက်အထိ တံတောင်ဆစ်ရဲ့အပေါ်အောက်လုံအောင် ပတ်တီး တွေစည်းထားပါသည်။ ပတ်တီးအောက်ကဂွမ်းတွေကို အိမ်မှာရှိတဲ့ ဘာရှောက်ခါးလိမ်းဆေးရည်တွေ ဆွတ်ကာ ညှစ်ပစ်ပြီးမှ ပတ်တီး အပေါ်က အုပ်ပတ်လိုက်တာဖြစ်၍ ဆေးနံ့တွေအပြင် ဆေးရည်အညို ရောင်တွေကလည်း ပတ်တီးအပေါ်အထိ စွန်းပေနေသည်။ အသား တွေလည်း ဆေးကြောင့် ပွလောင်နေပါသည်။ အဲဒီဘယ်လက်ကို ဖြူရောင်သိုင်းကြိုးထဲထည့်ကွေးကာ သိုင်းထားပါသည်။

မြ လာနေတာကို ကားပေါ်က မျက်နှာထွန့်ကာ ငေးကြည့်နေတဲ့ ဦးမင်းသီဟန်က ကားနားအထိ မြ ရောက်မလာ ခင် ကားပေါ်က ဆင်းလိုက်သည်။ ဒဏ်ရာအနာတရနဲ့ ထော့နဲ့နဲ့ လမ်းလာနေတဲ့ မိန်းကလေးတစ်ယောက်ကို ကားပေါ်က မြိန့်မြိန့် ကြီး စောင့်ကြည့်နေရတာကို အားနာသလိုရှိ၍ပင်။

"ဒါက ဘယ်လိုဖြစ်လာတာလဲ"

"အဲဒါကြောင့် မြကိုမြင်ရင် ဦး အံ့သြသွားမယ်လို့ပြောတာ ပေါ့၊ မြ လုံးဝ-မလှုပ်နိုင်တာ တစ်ပတ်လောက်ရှိပြီ၊ လမ်း ပြန်လျှောက်နိုင်တာ နှစ်ရက်ပဲ ရှိသေးတာ ဦးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့မဲ့မဲ့ မျက်နှာလေးကို ဦးမင်းသီဟာန်က စေ့စေ့ ကြည့်ရင်း ...

"အဲဒါများ ချိန်းနေသေးတယ်"

"ဦးကို မတွေ့ရတာကြာပြီကိုး၊ ဒီရက်တွေအတွင်း မေမေ လည်း ဘေးမှာပြုစုနေတော့ ဦးဆီ ဖုန်းလည်းမဆက်ဖြစ်တာ ပါ"

ဒေါသက်နှင်းဇော် မြင်အောင် မသမာတဲ့ရည်ရွယ် ချက်နှင့် စီဒီခွေပို့ပြီး သူ့အပြစ်နဲ့သူ ရှောင်နေပြီထင်တဲ့ မြ အဲသလိုမဟုတ်ဘဲ ဒဏ်ရာရပြီး ဖုန်းမဆက်နိုင်တာဆို၍ ဦးမင်းသီ ဟာန် တွေဝေသွားရသည်။ တမင်တကာ ပြဿနာဖြစ်အောင် လုပ်တာမဟုတ်ဘဲ တကယ်ပဲ အကြံတုံးဉာဏ်တုံးနဲ့ အိမ်လိပ်စာ ပို့တာပဲလား။

"ဒါတွေက ဘာဖြစ်တာဘုံး မြရယ်"

မသက်မသာ ညည်းညူသံဆန်တဲ့ ဦးမင်းသီဟာန် အသံမှာ ကရုဏာတရားတွေပါလာသည်။ မြသည် သူ ထင်ထား သလောက် မမောက်မာဘဲ စိတ်ထားနူးညံ့တဲ့ ဦးမင်းသီဟာန် ထူးဆန်းမိပါသည်။ မြ မှတ်မိသလောက်က သဟောက်သ ရင့်သီးခက်ထန်လှတဲ့လူကြီးလေ။

"ပြောလေ ချော်လဲတာလား"





"ကားတိုက်တာ"

"ဘာ ..."

ဦးမင်းသီဟာန်က အလန့်တကြားဖြစ်သွားပြီး ...

"မြ ... ညည်း ငါ့ကို လာနောက်နေတာလား"

"ဘာဖြစ်လို့နောက်ရမှာလဲ ဦးကလည်း ဒုက္ခပါပဲ၊ ဒီလောက် နာနေတဲ့ဟာ၊ ဒီမှာဖြင့် ဦးမျက်နှာကို တွေ့ချင်လို့မနည်း လာရတာ"

"ကားက ဘယ်လိုတိုက်တာလဲ"

"ဒီလိုပဲ လမ်းကူးတာကို တိုက်သွားတာပေါ့၊ အရှိန်က သိပ်မပြင်းလို့ပေါ့၊ ပြင်းရင် မြ သေပြီ၊ ခြေထောက်ကြီးက ဖြစ်စက ယောလောက်ကြီး ရောင်နေတာ၊ လက်ကတော့ တရုတ်ဆေးစည်းထားတာ"

"တရုတ်ဆေး စည်းရုံနဲ့ ရလို့လား"

"ရတယ်တဲ့ ဦး၊ အရိုးမကျိုးဘူးတဲ့၊ အပြင်လည်းထွက်လို့ မရ၊ ဖုန်းဆက်ဖို့လည်း မေမေက မလစ်နဲ့၊ ကြိတ်မှိတ်ပြီး နေနေရတာ၊ ဖုန်းလည်းပြန်ဆက်ရော ဦးက ဆီးပြီးဟောက် တော့တာပဲ၊ ဦးက မြအပေါ် သိပ်စိမ်းရက်တာပဲနော်၊ မြ မှာ ဘုမသိဘမသိနဲ့ လေသံမာကြီးနဲ့ ဟောက်ခံရတယ်၊ အရမ်းဝမ်းနည်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကားတိုက်ခံထားရတယ်ဆိုတဲ့ မိန်းကလေးတစ်ယောက်အပေါ် တော်ရုံတန်ရုံလောက်ကတော့ ခွင့်လွှတ်ချင်ချင်ဖြစ်သွားခဲ့ကာ တွေ့တွေ့ချင်း (လုပ်ကြံမှုတွေက အလွှတ်ရှောင်ဖို့ ရည်ရွယ်ချက်နှင့်) ကားပေါ်တင်ခေါ်သွားမည်လို့ ကြံစည်ခဲ့တဲ့ ဦးမင်းသီဟန်ဟာ မြရဲ့မစွမ်းမသန်ဟန်ပန်ကြောင့် ဒါကိုလည်း မေ့မေ့လျော့လျော့နှင့် ကားနားခဏတဖြုတ်ရပ်ကာ ရကားပြောင်းသေးတဲ့ အတွက် အဲဒီပုံရိပ်တွေဟာ မလှမ်းမကမ်း တက္ကစီပေါ်က စုလက်ထဲက ကင်မရာထဲ တကပ်ပြီးတကပ် ပါကုန်တော့တာပေါ့

"ကဲ ... ကားပေါ်တက်"

"ဟုတ်"

ကားပေါ်တွင် ဦးမင်းသီဟန်က စက်နှိုးလျှင် –

"ဦးက ဘယ်သွားမလို့လဲဟင်"

"တစ်နေရာရာပေါ့၊ တော်ကြာ မင်းရဲ့ကင်မရာမင်းတွေ ချောင်းရိုက်မှာ ကြောက်ရသေးတယ်လေ"

"အဲဒါလည်း သူငယ်ချင်းတွေပါ ဦးရယ်၊ မြက ခုတလော သူတို့ကို မျက်ခြည်ဖြတ်လွန်းလို့ နောက်က ချောင်းလိုက်ချောင်းရိုက်ကြတာ၊ အဲဒီနေ့က ဦး ပြန်သွားမှ သူတို့ ဝါးခနဲ ထွက်လာကြတာလေ၊ ဦးမပြောနဲ့ မြတောင် ထောစိတ်တိုသေးတယ်၊ နောက်တော့လည်းလေ မြက ဦးနဲ့





ပုံတွေအမှတ်တရ ဖမ်းမိနေတော့ ပျော်တောင်ပျော်သွားတာ ဦးရဲ့"

"ခုကော ပါသေးလား"

"ဘယ်ပါမလဲ၊ မြ သူတို့ကိုပါ အဆက်ဖြတ်ထားတာလေ၊ မြ အပြင်ပြန်ထွက်တာတောင် သူတို့ သိမယ်မထင်ပါဘူး"

"ခုနကားက ဘယ်ကလဲ"

"အဲဒါ မြတို့ကားလေ၊ ဒရိုင်ဘာဦးလေးကြီးနဲ့လာတာ"

ဦးမင်းသီဟန်က မယုံ့တယုံ ငဲ့ကြည့်လာသည်။ ဒီကောင်မလေးဟာ ဖုန်းနဲ့ ကားနဲ့ ဝတ်ကောင်းစားကောင်းနဲ့ စိန်နဲ့ ရွှေနဲ့။ သူ့ကိုချူစားမယ့်သူ မဖြစ်နိုင်ပါဘူးထင်ပါရဲ့။ သက်နှင်းဇော်ကလည်း ချူဖို့မဟုတ်ရင် ဒီပုံစံအိုကြီးအိုမကို ချစ်လို့ ဖြစ်နိုင်ပါ့မလားလို့ နိမ်ဖိကာပြောသည်။ ကိုကျော်မင်းကလည်း ကောင်မလေးရဲ့ အဆောင်အယောင်တွေဟာ စပွန်ဆာတစ်ယောက်ယောက်က ပံ့ပိုးထားတာတွေ ဖြစ်နိုင်မှာပေါ့လို့ဆိုသည်။

"မြက ဒရိုင်ဘာနဲ့ ကားနဲ့ ဟန်းဒ်ဖုန်းနဲ့ တကယ့်သူဌေးသမီးပေါ့"

"သူဌေးသမီးလို့တော့ မပြောချင်ပါဘူး၊ ဟိုးအရင်က မြတို့က မပြည့်စုံပါဘူး၊ ဖေဖေ မရှိတော့ ပိုတောင်ဆင်းရဲကြရောက်သေးတာပါ၊ နောက်မှ ထီပေါက်ပြီးချမ်းသာလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ထိပေါက်ပြီး !! တယ်ကံကောင်းပါလား"

"ဘာလဲ မယုံလို့လား၊ ထိပေါက်တော့ မေမေက ညောင်ပင်လေးဈေးမှာ ဆိုင်ခန်းဝယ်ပြီး ဈေးရောင်းတာ၊ အဲဒီကနေ ပြည့်စုံတိုးပွားလာတာ"

"ဩော် ... ဩော် ..."

"ဦး ယုံချင်ယုံ မယုံချင်နေ၊ မြမှာ မြကို သိပ်ချစ်ပြီး ပညာလည်းတော်၊ နိုင်ငံခြားကို ကျောင်းသွားတက်တော့မယ့် ကောင်လေးတစ်ယောက်ရှိတယ်"

ဦးမင်းသီဟန်က ပြောပုံကိုပြုံးမိကာ ...

"မင်းက စွံလှချည်လား မြရဲ့၊ ငယ်ငယ်လေးတုန်းကလည်း သဘော်သားရည်းစားနဲ့၊ ခုလည်း နိုင်ငံခြားမှာကျောင်းတက်မယ့် ကောင်လေးနဲ့"

"မြ အစုတ်အပေ မဟုတ်ဘူးဆိုတာ ဦး သဘောပေါက်အောင်ပါ၊ မြက ဦးကို မတွေ့ရမနေနိုင်လို့သာ လာလာတွေ့နေရတာ၊ ဦး မြကို အထင်မသေးနဲ့"

"ဟုတ်ကဲ့ဗျာ၊ အထင်မသေးပါဘူး"

"မြ အပျက်အစီးလည်း မဟုတ်ဘူး၊ မြရဲ့ ရည်ရွယ်ချက်ဟာ ဦးနားမှာ ရှိနေချင်တာပဲ"

ဒါမှ ဒီသက်သေအထောက်အထားတွေကို ဦး မိန်းမ ဆီပို့လို့ရမှာပေါ့လို့ စိတ်ထဲကပဲ နောက်ဆက်တွဲ ပြောရသည်။





"ဟုတ်ကဲ့ပါဗျာ၊ သဘောပေါက်ပါတယ်"

"မြက အခွေပို့လိုက်တာ၊ ပြန်ကြည့်ပြီး ဦးလည်း ပျော်ရမလားလို့ ပို့လိုက်တာပါ၊ ဦးမှာ အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ ဒီလောက်တော့ Privacy ရှိမယ်ထင်လို့ပေါ့၊ ခုဟာက ဦးမိန်းမက သိပ်မစွံပါဘူး၊ ယောကျ်ားနာမည်နဲ့ လာတဲ့ စာအိတ်ကိုဖောက်ကြည့်တယ်ရယ်လို့၊ ဦး ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ၊ မြက စိတ်ထဲရှိတာပြောတတ်တယ်၊ ဦးမိန်းမက လုံးဝ etiquette မသိပါလား ...

မြ ပြောမယ်နော်၊ ကြည့်ရတာတော့ လင်ယောကျ်ားကို လွှမ်းမိုးချင်ပုံကအပြည့်ပဲ၊ သူ မသိဘဲ ဘာကိုမှ မလုပ်ရမယ့်သဘောပေါ့၊ ဘယ့်နှယ် ရုံးစားပွဲပေါ်ကစာကိုဆိုလည်း သူ ဖတ်လိုက်ရတာပဲ၊ အိမ်လိပ်စာနဲ့စာအိတ်ဆိုလည်း သူ ဖောက်လိုက်ရတာပဲ ...

ဘယ်လိုလဲ အဲဒီနေ့က ဦးကို အတော်သောင်းကျန်းသလား"

မြရဲ့ သွေးထိုးစကားတွေကြောင့် ဦးမင်းသီဟန်မှာ ရှက်တက်တက်တောင် ဖြစ်လာပါသည်။ မိန်းမကလွှမ်းမိုးတာခံရတယ်ရယ်လို့ ဘယ်ယောကျ်ားကမှ အထင်မခံချင်ပါ။ လွှမ်းမိုးခံနေရရင်တောင် ဖုံးဖုံးဖိဖိနှင့် ကိုယ်ပဲပိုင်သလိုလို နိုင်သလိုလိုနေခဲ့သူချည်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"သူက သဝန်တိုတယ်ကွ"

"သဝန်တိုရအောင် မြကဦးရည်းစားမို့လား၊ ဦးကကော မြကဦးကို လိုက်ကြိုက်နေတယ်လို့ မိန်းမကို ကြွားထားလို့လား"

"အာ ... မဟုတ်တာ၊ ဘာမှ မပြောမိပါဘူး၊ သူ့ဟာသူဖြစ်နေတာပါ"

"မလွန်လွန်းဘူးလား ဦး၊ မြက ဦးနားနေပြီး ဦးကိုကြည့်နေမြင်နေချင်တယ်လို့ပဲပြောမိတာပါနော်၊ မြတော့ထင်တယ် ဒီတစ်ကြိမ် ဦးနဲ့မြကို ဗီဒီယိုလိုက်ရိုက်မှာကတော့ ဦးမိန်းမပဲ၊ ဦးကသာ မြကို ဘယ်သူမှ ခေါ်မလာနဲ့ပြောနေ ဦးရော နောက်ကြောင်း လမ်းကြောင်းရှင်းရဲ့လား"

"ရှင်းပါတယ်"

"သေချာလို့လား၊ မြတော့ တက္ကစီအနီရောင်တစ်စီးကို ပေါ်လာလိုက် ပျောက်သွားလိုက် တွေ့နေတယ်နော်၊ ဒီတစ်ခါ သူ လိုက်ရိုက်ပြီး မြကို အရှက်ကွဲဖို့ လုပ်ချင်လုပ်မှာ"

"သက်နှင်းဇော်က ဒီလိုတော့ မလုပ်လောက်ပါဘူး မြရယ်"

"ဦး ယုံရင်ပြီးတာပါပဲ၊ မြကတော့ မေမေ့ဆီ ပို့ဖို့တို့ ဦးကိုမယုံလို့တို့ နောက်ယောင်ခံရိုက်နေမှာကြောက်တာပါ"





အခု ဦး ဘယ်ကိုမောင်းနေတာလဲ၊ မြကို ဘယ်ခေါ်သွားနေတာလဲ"

"အမယ်လေးဗျာ၊ ဘယ်မှခေါ်မသွားရပါဘူး၊ ကားခဏရပ်ပြီး စကားပြောဆိုလို့ရရင် တော်ပါပြီ၊ ဟိုလူတွေ့ ဒီလူတွေ့ ဖြစ်မှာစိုးလို့ပါ၊ ကန်တော်ကြီးဝင်းထဲ ချိုးဝင်လိုက်မယ်၊ မှိုင်းအုံ့နေတော့ လူရှင်းမှာပဲ"

မြက ဘေးမှန်မှတစ်ဆင့် နောက်ကိုကြည့်ကာ စုရဲ့ ကားကို ရှာရှာနေမိသည်။ စု ငှားလာတဲ့တက္ကစီက အဖြူဖြစ်၍ ကားဖြူတွေက လောကမှာများလေရာ စု ပါလာ မပါလာ မြမှာ မရေရာ။

"တီ တီ ... တီ တီ"

မြက ကမန်းကတန်း ဖုန်းကိုထုတ်၍ကြည့်လိုက်ပါသည်။

စုပဲ။ ဦးမင်းသီဟန်ကလည်း ငဲ့ကြည့်လာသည်။

"ဘယ်လို ... မေမေလား"

"အေး မြ၊ နင် ခု ဘယ်မှာလဲ၊ နင်တို့ကား ပျောက်နေပြီ၊ ဒီလူကြီးက ကားမောင်းမြန်လိုက်တာ"

"ဟုတ်ကဲ့ မေမေ၊ မြ ဟို ကန်တော်ကြီးကို လာနေတာ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကန်တော်ကြီးလား၊ ဘယ်ဘက်အပေါက်လဲ"

"ဟုတ်ကဲ့ စုန့်သွားတာပါ မေမေရဲ့၊ ကရဝိတ်ဘက်ပါ၊ မုန့်ဝင်စားချင်လို့ပါ၊ မရောက်တာကြာလို့ပါ"

"အေး ... ပြီးရော၊ ငါ မတွေ့ရင် ထပ်ဆက်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ မေမေ ဆက်ရင် ထပ်ဆက်လေ၊ မကြာပါဘူး ခဏပဲနေမှာပါ၊ ဒါပဲနော် မေမေ"

ဦးမင်းသီဟန်က မြကိုကြည့်ရင်း ...

"မင်းဒရိုင်ဘာကြီးကတော့ မင်းအမေကို ပြန်မတိုင်ဘူးလား"

"ဦးလေးကြီးက မြရဲ့လူ သက်သက်ပဲ"

"ဗိုင်တယ်ပေါ့၊ ဟုတ်လား"

မြက ခေါင်းညိတ်လိုက်ပါသည်။ ဦးမင်းသီဟန်ထံ ကားကို ကန်တော်ကြီးထဲဝင်ရင်း ...

"တကယ်တော့ သမီးနဲ့ ဦး ခုလိုထွက်လာတာ ကောင်းတော့မကောင်းဘူး၊ ဒါပေမဲ့ ဦးကလည်း သမီးကို ပြော ချင်တာတွေ ရှိသေးတယ် မြ၊ စေတနာနဲ့ ပြောမှာ၊ မြ ခုလို ဦးကိုလာပတ်သက်တဲ့ အပြုအမူမျိုးဟာ မိန်းမပျို လေး တစ်ယောက်အတွက် ရဲတင်းလွန်းရာကျပြီး ဦးနေရာကလ ဟာ မရှိသားဘူး အခွင့်အရေးယူတတ်မယ်ဆိုရင် မြ





နစ်နာစရာတွေ အများကြီး ဖြစ်လာနိုင်တယ်ဆိုတာ မြကို ဆုံးမချင်တယ်"

မြက ဦးမင်းသီဟန်ကို မျက်ခုံးလေးပင့်ပြီး ငေးကြည့် နေလိုက်ပါသည်။

◆ ○ ◆



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"အဲဒါ ဘာသဘောလဲ မိုးခ"

နားမလည်နိုင်သလို တုန်တုန်ယင်ယင်လေး ဖြေ လိုက်သော မြရဲ့အသံက မိုးခ နားထဲ သံရည်ပူလောင်းခံရသလို ဖြစ်စေသည်။ နားထဲကတစ်ဆင့် ရင်ထဲကိုပါ ပူပြင်းကျွမ်းလောင် စေတာ။ ခေါင်းကြီးငုံ့ပြီး ငြိမ်သက်နေတဲ့ မိုးခကို မြက တအံ့ တသြလေး စိုက်ကြည့်နေမိပါသည်။

နေရာက မြတို့ရဲ့ကွန်ပျူတာသင်တန်း မျက်စောင်း ထိုးက လက်ဖက်ရည်ဆိုင်ကလေးမှာ။ မြနှင့် စုက ဒီနေ့ ဒီ လာကာ အားတဲ့အခန်းက ကွန်ပျူတာတွေမှာ တစ်နာရီခွဲလောက် လာထိုင်သည်။ နာရီနှင့် ပိုက်ဆံပေးကျင့်ရတာမို့ ဆရာမတွေ မှာတော့ လာကျင့်တယ်ပေါ့။ တကယ်တော့ ကိုယ်ဆော့ချင်တာ လာကလိဆော့နေကြတာမျှသာဖြစ်သည်။





အမှန်ကတော့ ဒီလောက်ကြီး လာချင်လှလို့မဟုတ်။ ဒီနေ့ မိုးခကို အိမ်ခေါ်ဖို့ ချိန်းထားသည်။ မိုးခ တစ်ယောက်တည်း အိမ်ပေါ်ကို ကြောင်တက်တက်ကြီး တက်လာရမှာကို မိုးခက နည်းနည်းရှိုးတိုးရှန့်တန့် ဖြစ်ပုံရတယ်ဟု မြ ဘာသာယူဆကာ မိုးခ မျက်နှာပူ သက်သာဖို့ ဒီမှာအရင်ချိန်းတာဖြစ်သည်။

မြတို့က ဒီမှာ ကွန်ပျူတာလာကျင့်မည်။ ဒီကအပြန် မိုးခကိုပါခေါ်ကာ အိမ်ကို စု အပါအဝင် သုံးယောက်အတူ သွားကြမည်။ ဒီလိုဆိုတော့ မိုးခ အဖို့လည်း မေမေ့ကို ပထမအကြိမ် လာအတွေ့မှာ မျက်နှာပူရ သက်သာတာပေါ့လို့ သူ့အတွက်သက်သက် မြက စီစဉ်ပေးတာပင်။ ဦးလေးကြီးကဲ မနက်က ပို့ပြီးပြန်ပြီ။ မိုးခ ရောက်လာလျှင် သုံးယောက်အတူကားငှားကာ အိမ်ကိုသွားဖို့ စီစဉ်ထားသည်။

မြတို့ သင်တန်းက ဆင်းလာတဲ့အထိ မိုးခက မရောက်သေး။ လက်ဖက်ရည်ဆိုင်လေးမှာ မြတို့ စောင့်နေရသည်။ အတော်ကြာတော့ မိုးခက ဇော်ဗလ ကားနှင့် ရောက်လာကာ ဇော်ဗလကားကတော့ ပြန်ထွက်သွားပါသည်။ မိုးခကို ချရစ်ခဲ့သည်။ လက်ဖက်ရည်ဆိုင်မှာ မြနှင့် စုကို မြင်တော့ လက်ဖက် ရည်ဆိုင်ဆီ လျှောက်လာတဲ့ မိုးခ ပုံစံကိုက လေးလံထိုင်းမှိုင်းနေ တာ။



www.burmeseclassic.com

www.burmeseclassic.com



"နင် မိုးခလည်း ဆေးများငြိနေလားတောင် မသိဘူး ရုပ်က အမြဲ မှိုင်တွေတွေ"

စုကတောင် မှတ်ချက်ချသည်။

"ငါတို့ စမြင်ဖူးတုန်းက သူက ဒီထက်သွက်လက်တက်ကြွပါတယ်"

"အေးလေ ... အဲဒါကြောင့် ခုမှငြိသွားလားမှ မသိတာ သူ့ပုံကြည့်ပါလား"

"ပြောချင်စရာပဲ၊ ငေးမှိုင်ရီဝေနေတာပဲ၊ စိတ်နဲ့လူ မကပ်ဘူး"

"အဲဒါ ပြောတာပေါ့"

မိုးခ ဝင်လာတာနှင့် မြက ဆိုင်မှာထိုင်စောင့်ရင်း ကောင်းရဲ့ မှာထားတဲ့ နက်စ်ကော်ဖီကို ကောက်မော့ကာ —

"သွားကြစို့ မိုးခ"လို့ လောပါသော်လည်း မိုးခ ဝင်ထိုင်လိုက်ကာ သူ့အတွက် ကော်ဖီမှာနေတဲ့အတွက် စောင့်ပြန်ပါသည်။

"နင် ဘာဖြစ်လို့ နောက်ကျတာလဲဟင် မိုးခ"

"အင်း၊ ငါ လာတောင် မလာဖြစ်တော့ဘူးလားလို့"

"နင် နေမကောင်းလို့လား မိုးခ"

"နေကောင်းပါတယ်"





"နေကောင်းရင် သိပ်အိုးလေးဆွဲမနေနဲ့တော့ဟဲ့၊ နောက်တောင်ကျနေပြီ၊ မေမေက မျှော်နေတော့မှာ၊ ငါကဆယ့်တစ် ထွက်လာမယ်၊ အိမ်ကို ဆယ့်တစ်ခွဲဆိုရင် ရောက်ပြီလို့ ပြောထားတာ၊ ခုပဲ ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်"

"ခဏလေး မြ၊ ငါ ပြောစရာရှိသေးတယ်"

"ပြောလေ မိုးခ၊ ဘာလဲ"

"ငါ ဒီနေ့ နင်တို့အိမ်ကို လိုက်ဖြစ်ဦးမှာ မဟုတ်ဘူး မြ"

"ဘာဖြစ်လို့လဲ ! "

မြက အံ့အံ့ဩဩလေး မေးသည်။ မြ စိတ်ထဲ သူ့ကိစ္စရှိလို့ မအားလို့ စသဖြင့် အကြောင်းပြချက် တစ်ခုခုပေးတော့မည် ထင်ခဲ့သော်သော်လည်း အတန်ကြာ ငိုင်နေတဲ့ မိုးခရဲ့နှုတ်က ကြားရတဲ့စကားကြောင့် အကြီးအကျယ် တုန်လှုပ်သွားခဲ့ရတာပင်။

"ငါ နင့်အမေနဲ့တွေ့ဖို့ အဆင်သင့် မဖြစ်သေးဘူး မြ"

မိုးခ အသံက ခပ်တိုးတိုး။ မိုးခသည် သူတစ်ယောက်တည်းသာ သိနေတဲ့ နာကျင်ကြေကွဲခြင်းနှင့် ရင်ဘတ်တစ်ခုလုံး ကြေမွနေသလိုပင်။ မြကိုလည်း သူ ဘာမှပြောမထွက်ပါ။ မြကတော့ မမျှော်လင့်ထားတဲ့ တုံ့ပြန်ပုံကြောင့် အံ့အားတသင့်နှင့် —

"အဲဒါ ဘာသဘောလဲ မိုးခ"



www.burmeseclassic.com

www.burmeseclassic.com



အသဲလေးပင် ဆတ်သွားရပါသည်။

"ဟုတ်တယ် မြ၊ နင့်အမေကို ငါ လာမတွေ့ချင်သေးဘူး၊ လူကြီးမိဘကို လိုက်တွေ့တယ် ဆိုတာက ပေါ့တီးပေါ့ဆ လုပ်လို့ရတဲ့ အလုပ်မျိုး မဟုတ်ဘူးလေ"

"ဟင်"

သမီး မြရွက်ညို့ရဲ့ချစ်သူကောင်လေး အိမ်ပါလာရင် မြအမေက မမေးမြန်းတော့ဘူးတဲ့လား။ သားအဖေက ဘယ်သူတုန်း၊ အမေက ဘယ်သူတုန်း၊ အဖေက ဘာလုပ်လဲ၊ အမေက ဘာလုပ်လဲတွေ။ မြရှေ့မှာ သူ့အဖေဟာ ဦးမင်းသီဟန်ပါလို့ သူ ပြောထွက်နိုင်ပါ့မလား။ ပြဿနာတွေတက်ကုန်မည်။ ဒါတွေကို ဘယ်လိုရင်ဆိုင်ဖြေရှင်းမည် သူ မစဉ်းစားနိုင်သေး၍ မျက်နှာစုံညီတွေ့ မဖြစ်သေးတာက ကောင်းသည်မဟုတ်လား။

ဒါကိုရည်ရွယ်၍ မိဘနဲ့လိုက်တွေ့ဖို့ သူ အဆင်သင့်မဖြစ်သေးဘူးလို့ အဖြေပေးတာ။ ဤစကားအသုံးအနှုန်းက မြ မိန်းကလေးသိက္ခာကို ထိပါးစေမယ်လို့ သူ နားမလည်ပါ။

မြကတော့ အံ့သြကြောင်တက်၍ စကားတွေ ဆွံ့အကုန်ပြီ။

"ငါတို့ ဒီထက်အချိန်ယူရဦးမယ်"

"သြော် ... ဒီလိုလား"



ဆိုလိုတာက မိဘဆီ တင်ပြတဲ့ ဝင်တွေ့တဲ့ အဆင့်ဆိုတာက အတည်ဖြစ်ပြီပေါ့။ အဲသလိုလား။ ခုတော့ သူက အတည်မဟုတ်သေးတဲ့ သဘောလား။ ခပ်ပေါ့ပေါ့ ရည်းစားကောက်ထားလိုက်ပြီး ပျင်းလာတဲ့အခါ ပြတ်မှာမျိုးဆိုရင် မိဘထံအထိ ဘာလို့ခေါ်ပြနေရဦးမှာလဲဆိုတဲ့ အဓိပ္ပာယ်လား။

"ဒါဖြင့် နင့်မိဘတွေနဲ့တွေ့ဖို့ ငါ့ဘက်က အဆင်သင့်ဖြစ်ပါတယ် ဆိုရင်တောင်မှ နင်က ငါ့ကိုလည်း နင့်မိဘတွေဆီခေါ်သွားပြီး ပေးမတွေ့နိုင်သေးဘူးပေါ့"

ရှိုးစင်းတဲ့ မိုးခကတော့ ...

"ဟုတ်တယ် မြ၊ နင်က ငါ့မိဘနဲ့တွေ့ဖို့ အဆင်သင့်ပါဆိုရင်တောင်မှ ငါက တွေ့ပေးဖို့ အဆင်သင့်မရှိဘူး"

"ဒီတော့ ငါလည်း နင့်မိဘနဲ့တွေ့ဖို့ မလိုသေးဘူး၊ နင်လည်း ငါ့အမေကို လိုက်မတွေ့သေးဘူးပေါ့၊ ဟုတ်လား"

"အေးပေါ့ဟာ"

မြကို မိုးခက နူးနူးညံ့ညံ့ကြည့်၍ တိုးတိုးတိတ်တိတ်ထောက်ခံသည်။ ကိုယ့်မိဘကို မြင်ရင်လည်း နင် မူးမိုက်သွားမှာပေါ့ မြရယ်။

ဒီအဖြစ်ကို ဘယ်လိုရင်ဆိုင်ရမလဲ။ ဘာဖြစ်လို့ ငါ့အဖေနဲ့မှ နင်တို့မိသားစုက အတိတ်ဇာတ်လမ်း လာရှိနေရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ မှတ်မှတ်ရရ သတိပြုမိသည်မှာ ဖေဖေ့ကားပျက် လို့ မေမေ သွားကြိုပေးရတဲ့ရက်တွေမှာပဲလေ။ မိုးခက ကားမောင်း သင်ထားပေမယ့် ကား ကိုယ်တိုင်မောင်းယူတတ်တာ ရှားရှားပါ။ အမြဲတွဲနေတဲ့ ဒေါ်ဗလက အမြဲကားယူနေတာမို့ နှစ်ယောက် အတွက် အတူသွားပြန်ဖို့ ကားနှစ်စီး မလိုအပ်တာလည်းတစ် ကြောင်း။ ဖေဖေကတော့ ကားတစ်စီး သတ်သတ်ဖြစ်ပေမယ့် မိုးခ ကားယူသွားရင် တစ်စီးကို အတူသုံးကြတဲ့ မေမေ့မှာ နေ့လယ်နေ့ခင်း သွားစရာ ပေါ်လာရင် ကားမရှိမှာ စိုးတာတစ် ကြောင်း။ ကားမောင်း ခပ်ပျင်းပျင်းမို့ကတစ်ကြောင်း။

ဖေဖေ့ကားဝပ်ရှော့ထိုးတုန်း မေမေ ကြိုပေးတဲ့ရက် ကတော့ ရုံးဆင်းချိန်မတိုင်ခင် ညနေစောင်းဆင်းတဲ့ မိုးခရဲ့ English သင်တန်းကိုပါ မေမေက ဝင်ကြိုသွားတာမို့ ဖေဖေ့ရုံးရှေ့ ကို နှစ်ရက်ပါသွားပြီး နှစ်ရက်လုံး ရုံးရှေ့လေ့ကားထစ်ကြီးများမှာ မြကို လှမ်းမြင်ခဲ့တာ။ ပထမတစ်ရက်ကတော့ မြ ဘာလုပ်တယ် သတိမပြုမိ။ ရှိနေတာကိုသာ မြင်နေသော်လည်း မေမေပါနေတော့ မိုးခက ရက်တက်တက်မို့ သွားလည်းနှုတ်မဆက်ခဲ့ပါ။

နောက်တစ်ရက်ကျတော့ ဖေဖေ့ကို သူက ထပြီး စကားတစ်ခုခု ပြောလိုက်၍ မေမေတောင် ဘာတွေမှန်းသေ အံ့သြရေရွတ်နေသေးသည်။ အိမ်မိပီဖိုး နားမှာတပ်ထားပြီး မကြာ





တစ်ချက် ကြားတစ်ချက် မိုးခက ကိုယ်လည်း ကိုယ့်စိတ်ဝင်စား မှုနှင့်ကိုယ်။ ကားပေါ်ရောက်တော့ မေမေမေးတော့ ဖေဖေက ကွန်ပျူတာသင်တန်း မေးမြန်းစုံစမ်းတာဆိုတော့မှ "ဗြော် ... ဒါကိုး"လို့ ဘဝင်ကျသွားခဲ့ရသော်လည်း ...။

နောက်တော့ ဟိုတွေ ဒီတွေ တမင် မြနောက်က လိုက်နှင့် တဖြည်းဖြည်း သိမြင်လာခဲ့ပြီးတဲ့နောက် မြကို ဖွင့်မေး အပြီး မြကလည်း ပွင့်ပွင့်လင်းလင်း ပြောပြအပြီးမှာတော့ မိုးခ ဘာဆက်လုပ်လို့ လုပ်ရမယ် မသိအောင် ခေါင်းတွေ ရင်တွေ ရှုပ်ခဲ့ရတာပါ။

"ဟဲ့ ... မြ၊ ငါ ဦးမင်းသီဟာန်သားပဲ"

ဒီလိုပြောရမလား။ အတော်မှန်းတီး ငြိုးမှတ်ထားပုံ ရတဲ့ မြက သူ့ကိုပါ ရန်သူတော်ရဲ့သားဆိုပြီး စိမ်းကားသွားမှာ ကိုလည်း မိုးခ မစံစားနိုင်ပါတည်း။ မြဟာ ဖေဖေ့ကို ဓာတ်လမ်း ရှာမလို့ မဟုတ်ဘဲ ဖေဖေနှင့် မေမေ့ကြားမှာ ပြဿနာတွေ ကြီး သွားအောင် နောက်ဆုံး မိသားစုပြိုကွဲအောင် အထိတောင် ညှိရွယ်ထားတာ။

"ဒီမိန်းကလေးဟာ ဖေဖေ့ကို ဒီအကြံနဲ့ ချဉ်းကပ် တာပါ မေမေ"လို့ ရှင်းပြပြီး မိသားစုကြားမှာ ပြဿနာမဖြစ် အောင် ဘာကွယ်မလားဆိုတဲ့ နည်းလမ်းရှိပေမယ့် အကြံအစည်



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကြိမ် မအောင်မြင်ရင် နောက်တစ်ကြိမ် မပြိုကွဲ ပြိုကွဲ အထိ အကြိမ်ကြိမ် ထပ်ကြိုးစားနေဦးမှာဆိုတဲ့ မြရဲ့ဆုံးဖြတ်ချက် ကို သိရတော့ ဒီတစ်ကြိမ်နဲ့တင် ခပ်မြန်မြန် မြ ကျေနပ်သွားရင် ပြီးရောလို့ တွေးမိပြန်သည်။ ဒီတစ်ကြိမ်က သူသိခွင့်ရနေ အတွက် မေမေ့ကိုလည်း ထိန်းနိုင်မည်လေ။

နောက်တစ်ကြိမ်ဆိုရင် သူက မြန်မာပြည်မှာ ရှိ မှရှိမှာ။ သူ ကျောင်းတက်ဖို့ကိစ္စ ဆောင်ရွက်နေတာက နီးစပ် ရှိနေပြီ။ ခုတစ်ကြိမ် သူလုပ်ချင်တာ မလုပ်လိုက်ရလျှင် နောက်တစ်ကြိမ် တစ်မျိုးကြိုးစားတဲ့အခါ ဘယ်ပုံဘယ်နည်း ဆောင်ရွက်မှာကို သူလည်းသိခွင့်ရမှာ မဟုတ်တော့။

အင်း ... ပြီးတော့။ မြရွက်ညိုဆိုတဲ့ မိန်းကလေး မေမေဟာ ခုဆိုရင် ဗီဒီယိုထဲမှာ မြင်ဖူးသွားပြီ။ ဒါကို သူ့ချစ် သူရည်းစားလေးအဖြစ်နဲ့ အိမ်ကို ဘယ်လိုလုပ်ပြီးတော့ ခေါ်သွားနိုင် မိတ်ဆက်နိုင်မှာတဲ့လဲ။ ဒီအတွေးတွေဟာ မိုး နှလုံးသားကို နောက်ကျိညစ်နွမ်းနေစေကာ အအိပ်ပျက် အ ပျက်။ အတွေးတွေနှင့် နပန်းလုံးကာ လူက ပေတေတေ တေတော။

"အဲဒါ ... နင် ဘာကိုဆိုလိုတာလဲ၊ ဘာသဘော နင်က ငါ့ကို နင့်မိဘနဲ့ ပေးတွေ့ဖို့ မရည်ရွယ်ထား





သဘောလား၊ မိဘတွေအထိ ပတ်သက်စရာ မလိုဘူးဆိုတဲ့ ခဏတဖြုတ် သဘောလား၊ မိဘတွေကို အသိမခံဘူး ဆိုတော့ ငါ့ကို ရည်းစားဖြစ်ရုံပဲ၊ လက်မထပ်ဘူး ဆိုတဲ့ သဘောပေါ့ ဟုတ်လား၊ လက်ထပ်ဖို့ ရည်ရွယ်ရင် မိဘ ဆိုတာ ပါလာရမှာပဲလေ၊ အပျော်သဘောပေါ့ ဟုတ်လား မိုးခ"

"အဲသလို မဟုတ်ပါဘူး မြ"

"ဒါဖြင့် ဘာလဲ၊ နင့်မိဘက ငါနဲ့သဘောမတူနိုင်ဘူးဆို လို့လား"

"အဲသလိုလည်း မဟုတ်ပါဘူး"

"နင် အာလေးလျှာလေးနဲ့ ဖြေမနေနဲ့၊ နင် ဘာဖြစ်နေတာ လဲ၊ ဘာဖြစ်နေတာလဲ၊ ငါ စိတ်မရှည်လိုက်တာ၊ ကိုင် ဆောင့်ပစ်လိုက်မိတော့မယ်၊ ဘာမှပွင့်ပွင့်လင်းလင်း မရှိ ဘူး၊ ဟိုလိုလို ဒီလိုလိုနဲ့၊ အဖြေတောင်းတုန်းက ချွဲပဲ ဖုတ်ပူမီးတိုက်။ နင့်ကို အဖြေပေးပြီးတာနဲ့ ငါကတော့ မေမေ့ကိုဖွင့်ပြောလိုက်ပြီးပြီ၊ နင်ကတော့ နင့်အိမ်ကိုမပြော သေးဘူးပေါ့"

"ဟုတ်တယ်မြ"

မြရဲ့ရင်မှာ နာကျင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပြောရဲလို့ပေါ့နော်၊ ငါက နင့်ချစ်သူအဖြစ် မိဘဆီမိတ်ဆက်ခံဖို့လောက်အထိ အဆင့်မရှိလို့ပေါ့၊ နင့်ရည်းစားအဖြစ် ငါ့ကို လက်ဆွဲခေါ်သွားဖို့ ငါက ဂုဏ်မရှိလို့ပေါ့ ဟုတ်လား ! ဟုတ်လား"

မြရဲ့ပေါက်ကွဲတဲ့အသံကြောင့် စုက မြရဲ့ပေါင်ကို ပုတ်ကာ သတိပေးရပါသည်။ စု မျက်နှာလေးကလည်း စိတ်မကောင်းစွာ ပျက်နေပါသည်။

"ဘာလို့ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောရတာလဲ မြရယ်"

"ဒါဖြင့် အဓိပ္ပာယ်ရှိတာကို နင် ပြော၊ ငါ နားလည်အောင်ပြော"

မိုးခက ခေါင်းငိုက်စိုက်ချကာ အသံထွက်မလာ။ မြက လည်လာတဲ့ မျက်ရည်ကို မျက်တောင်ပုတ်ခတ်သိမ်းရင်း_

"နင် တော်တော်ရက်စက်တာပဲ မိုးခ၊ ငါ့အမေဟာလေ မိုးလင်းကတည်းက မီးဖိုထဲဝင်ပြီး ဟင်းကို ဆယ်မျိုးလောက်ပြည့်အောင် မမောနိုင် မပန်းနိုင် ဝင်ချက်နေတာ နင်လာမယ်ဆိုလို့ဟဲ့၊ သူ့သမီးရဲ့ချစ်သူ လာမယ်ဆိုလို့ နင်သိရဲ့လား။ ငါ့အမေဟာ သူကိုယ်တိုင်လည်း ငွေကိုပေါပေါများများ ရှာနိုင်ပေမယ့် သူ့ကိုယ်သူ တောသူမ စာလေးပညာ





လေး နည်းနည်းပါးပါးပဲ တတ်တာဆိုပြီး နှိမ်ချတဲ့စိတ်ရှိတော့ နိုင်ငံခြားမှာ ကျောင်းသွားတက်တော့မှာဆိုတဲ့ သူ့သမီးချစ်သူဆိုတဲ့ မမြင်ဖူးတဲ့သူအပေါ် အထင်တွေကြီးပြီး ကိုယ့်ဘက်က လိုအပ်ချက်မရှိရအောင် ထောင့်စေ့အောင် ပြင်ဆင်ခင်းကျင်းနေလိုက်တာ ဖတ်ဖတ်ကိုမောလို့ ...

ခုနတုန်းကမှ ငါ ဖုန်းဆက်ပြီး မေမေ ခဏနားပါဦး၊ ရေလေး မိုးလေး ချိုးပါဦး တားယူခဲ့ရတာ။ နင်များ ရေချိုးခန်းလေး အိမ်သာလေး ဝင်မလားလို့ အိမ်သာက အစ ဝင်တိုက်နေတာ၊ လုပ်မယ့်သူရှိရက်သားနဲ့ မပြောင်လက်မှာစိုးလို့ စိတ်တိုင်းမကျလို့ နင့်အတွက် တခမ်းတနားအဆင်သင့်ပြင်ဆင်ပြီး စောင့်မျှော်နေတာဟဲ့၊ နင် သိရဲ့လား"

"မြ"

မိုးခက နားထင်နှစ်ဖက်ကို လက်ညှိုး လက်မနှင့်ညှပ်ကာ နာနာကျင်ကျင် ဝမ်းပန်းတနည်း ခေါင်းယမ်းရင်း ...

"ငါ အရမ်းတောင်းပန်ပါတယ် မြ၊ ငါ့ဘာသဘောနဲ့မှ ..."

"တော်ပါတော့ မိုးခရာ၊ နင် မလာချင်ဘူး၊ ငါ့အမေကိုတွေ့ဖို့ ရည်ရွယ်ချက်ကို မရှိဘူးဆိုလည်း အပြစ်မပြောပါဘူး၊ ဟိုးတစ်ပတ်-ငါစ,ပြောကတည်းက ငြင်းလိုက်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငါ ဘယ်စီစဉ်မလဲ၊ ငါ့ရင်ထဲ ခံစားရရင်တောင်မှ ဒီလောက်ပေါက်ကွဲမှာ မဟုတ်ဘူး၊ ကျိတ်မြိုထားမှာပါ၊ ပြော် ... သူ ငါ့အမေကို လိုက်တွေ့ဖို့ ဆန္ဒမရှိပါလား ဆိုတဲ့ အသိနဲ့ပဲ ကျိတ်ပြီးဝမ်းနည်းခံစားနေမှာပါ၊ ခုတော့ နင် လက်ခံလို့ ငါ အိမ်မှာပြန်စီစဉ်လို့ ငါ့အမေခမျာ လုပ်နေလိုက်ရတာ သေတော့မယ်"

"မြ ... မြ၊ ဆောရီးပါဟာ၊ ငါ တောင်းပန်ပါတယ်"

"ဆောရီး ... ဟုတ်လား၊ အဟားဟား"

ခေါင်းကလေးမော့ပြီး မခံချိ မခံသာ ဟန်ပန်နှင့် ရယ်ပစ်လိုက်တဲ့ မြရဲ့ပုံစံလေးကို မိုးခက စိတ်ဆင်းရဲစွာ စိုက်ကြည့်နေပါသည်။ သူ့ခေါင်းထဲမှာ ဘယ်အရာကို ဘယ်နေရာကစ အစဆွဲထုတ်ဖြေရှင်းလို့ ရနိုင်မလဲကို စဉ်းစားမရနိုင်တော့ပေ။ အိမ်မှာ ဒီရက်အတွင်း ဆက်ဖြစ်နေတဲ့ ပြဿနာတွေထဲမှာ သူ မျက်နှာငယ်နှင့် အရှုပ်ကြီးပြတ် ဖြစ်နေမိသည်။

သူ့အိပ်မက်ကလေးဟာ မက်ခဲ့တုန်းကနဲ့ မတူ၊ ဆား ပယောဂတွေနှင့် တစိမ့်စိမ့် တဖြည်းဖြည်း အရုပ်ဆိုး အကျည်းတန် လာတာကို ဝမ်းနည်းယူကျုံးမရ ဖြစ်နေပါသည်။ အေးတိအေးစက် လေး တစ်ကိုယ်တည်း ကျိတ်ခံစားတတ်တဲ့ဉာဉ်မျိုး ရှိခဲ့တဲ့ မိုးခ ဟာ ဘယ်သူ့ကိုမှ ဘာမှ ဖွင့်မပြောဘဲ တစ်ယောက်တည်းသာ





အသည်းတွေ နာနေခဲ့ပါသည်။ မြရဲ့အမေထံကိုတော့ ပစ်စာသဘော ဆန်ဆန် စာတစ်စောင် ပို့ပေးမိပါရဲ့၊ ဒါပေမဲ့ ဘာမှလဲ မထူးခြား လာ။

သူ့ကို လူပျော့လူညံ့ပဲ ဆိုချင်ဆို ဤအဖြစ်အပျက် ကို သူ မဖြေရှင်းတတ်ပါ။ သူ့အချစ်ရေးမှာ ဒီအဖြစ်မျိုးက လာ ပြီး ခလုတ်တိုက် ခုံနေမယ်လို့လည်း ဘယ်တုန်းကမှ မထင်ခဲ့။ သူ့ရဲ့ပထမဆုံး ချစ်ဦးသူကလေးမို့ သူ အသည်းတွေနင့်အောင် ချစ်နေရတဲ့ မြဘက်ကလိုက်ပြီး မိဘဘက်ကို ဘာမှအသိမပေး ဖုံးဖိထားရမှာကလည်း မကောင်းပါ။

အိမ်မှာ ဖေဖေနှင့် မေမေ ရန်ဖြစ်သံတွေ လျှံနေညံနေ တဲ့ အချိန်တွေမှာ အဲဒီကောင်မလေးဟာ ဖေဖေ့အပေါ် အငြိုးအတေး အာဃာတတစ်ခုနဲ့ မိသားစု ပြိုပျက်အောင် တမင်ဉာဏ်များနေ တာပါ ဆိုတဲ့ စကားတစ်ခွန်းတည်းနဲ့ အသံတွေ တိတ်သွားနိုင် ပေမယ့်လည်း မြကို သူ သနားပြန်သည်။ သူ့တုန်းက ခံစားခဲ့ ရတာ မသေးလို့သာ ခုလောက်ထိ မကျေမချမ်းနိုင် ဖြစ်နေတာ။ ခုလည်းပဲ သူ ဘာမှလုပ်လို့မှရဘဲ ဒီဘက်က တစ်မိသားစုလုံး ဘဲ ခပ်အေးအေးနဲ့ ကွယ်ရာမှာ ဟားနေသလိုလည်း မဖြစ်ချင်။

မြ ဖေဖေ့ကို တမင်တကာ အငြိုးတကြီးနဲ့ လိုက်ကင် နေတာပါ ဆိုတာကို မြဟာ ဘယ်သူမှ မသိအောင် လျှို့ဝှက်ထား



www.burmeseclassic.com

www.burmeseclassic.com



ချင်မှာသာ။ မိုးခကိုသာ သူ့ချစ်သူရယ်လို့ သတ်မှတ်ပြီး သူ့အက်ကာကိုစွတွေ ဖွင့်ပြောအသိပေးထားပါတယ်ဆိုတဲ့ သဘောနဲ့ သူ့အပေါ်လည်း အထင်လွဲစရာမရှိအောင် ရှင်းပြထားတာသာ။ သူ တစ်ခုခုလုပ်လိုက်လို့ အဲဒီအပြုအမူဟာ တစ်ဖက်ဖက်က ရပ်တည်ရာ ကျသွားမှာကို မိုးခ မဖြစ်စေလို။

မြ ခမျာ သူ့အပေါ် တကယ့်အချစ်စိတ် တစ်ခုတည်းသန့်သန့်နဲ့ ချစ်ခဲ့တဲ့ဘဝမှာ သူ့အဖေအမေကိုလည်း ဘယ်သူဘယ်ဝါရယ်လို့ ရေရေရာရာ မသိရခင်ဘဲ အဖြေပေးခဲ့တာ။ ယုတ်စွအဆုံး နေရာတိုင်းမှာ ကိုယ့်ကိုယ်ကိုယ် "မိုးခ"လို့ပဲ အသိပေးစာရင်းပေးတတ်တဲ့ မိုးခဟာ နာမည်ရင်း "မိုးခသီဟန်"ဆိုတာတောင် မြ ခမျာ မသိရှာပါ။

မိုးခရဲ့မှတ်ပုံတင်အမည်ဟာ မိုးခသီဟန်။ ဒီနာမည်ကို သူက ဆန်းကြယ်လှပပြီး ကျားကျားလျားလျား မဆန်ဘူးလို့ယူဆ၍ နေရာတိုင်းမှာ မိုးခလို့ပဲ မိတ်ဆက်ခဲ့တာ။ ကွန်ပျူတာသင်တန်းအပ်တုန်းကလည်း မိုးခလို့ပဲ စာရင်းသွင်းခဲ့တာ။ Passport လုပ်တဲ့နေရာလောက်မှာသာ မှတ်ပုံတင်အတိုင်း မိုးခသီဟန်လို့ သုံးစွဲဖြစ်ခဲ့တာပင်။

"ဒါနဲ့ မသိလို့ ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါဦး မိုးခ။ မေးရတာ ငါ့အတွက် တော်တော်အောက်တယ်လို့တော့





ထင်ပေမယ့် ငါက ဘွင်းဘွင်းပဲ ကြိုက်လို့ပါ၊ နင်က ငါ့ကို လက်ထပ်မှာလား"

မြကို မျက်လုံးရွဲ့နှင့် ငေးစိုက်ကြည့်ကာ မဖြေနိုင်ဘဲ မျက်နှာပျက်နေတဲ့ မိုးခထံမှ တိတ်ဆိတ်မှု တစ်စတစ်စ ရှည်ကြာလာလျှင် မြသည် ဝမ်းနည်းဒေါသတွေ လှိုက်ဆူကာ မျက်ရည်တွေ လည်လာပြီး ...

"နင် အမှန်အတိုင်း မပြောရဲဘူးလား၊ နင် ယောကျ်ားမပီသဘူးလား""

"အမှန်အတိုင်း ပြောရင် နင် စိတ်ဆိုးမှာ မြ"

"ဘာ ...၊ မရဘူး၊ နင် အ,နေတာကို ပိုစိတ်ဆိုးတယ်ဟဲ့၊ နင့်အဖြေကို ငါ သိချင်တယ်၊ ဖြေပါ"

"အမှန်တိုင်း ပြောရရင် ... ပြောရရင် ... ငါ ... ငါကိုယ်တိုင် ဘာဆက်လုပ်ရမယ်၊ ဘာတွေဖြစ်လာမယ်ကို မသိနိုင်တော့ဘူး၊ ဘာမှ မသေချာဘူးလို့ပဲ ဖြေရမှာပဲ မြရယ်"

"ဘာ ... မသေချာဦး၊ မသေချာဦး"

မြသည် ရုတ်တရက် ဒေါသပေါက်ကွဲပြီး ဘေးမှာထိုင်နေတဲ့ မိုးခရဲ့ ပခုံးတွေ လက်မောင်းတွေကို လက်သီးဆုပ်နှင့် တအုန်းအုန်း ထုနက်သည်။ စက "ဟဲ့ ... မြ ... မြ"နှင့် မြလက်တွေကို ဆွဲကာ လွဲကာ ချုပ်ရ ဖမ်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိ တိ တိ ... တိ တိ"

အရေးထဲ ဖုန်းကမြည်လာ၍ မြက ဒေါသတကြီး ဖုန်းကိုဖွင့်ကာ အကျယ်ကြီးပဲ "ဟယ်လို"ထူးပစ်လိုက်ပါသည်။ တစ်ဖက်ကို နားထောင်နေရာမှ မြ မျက်နှာက ပိုပိုပြီး နီရဲလာပြီးနောက် ...

"ရပါတယ်၊ ကျွန်မလည်း စကားပြောချင်တယ်၊ မရှောင်ပါဘူး အန်တီ၊ မြ ဆိုတာ ရှောင်ပုန်းရှိုးထုံးစံရှိတဲ့သူမျိုး မဟုတ်ဘူး၊ မြ စောင့်နေမှာပါ"

မြက သူ့ရှိနေတဲ့လိပ်စာကို နှစ်ထပ် ရေရွတ်ပြကာ ဖုန်းကို ပိတ်ခေါက်လိုက်ရင်း ...

"ကဲ ... မိုးခ၊ နင် ပြန်တော့"

❖ ● ❖





## ၁၃

မြသည် တစ်ရှူးလေးနှင့် မျက်ရည်တို့ကို သုတ်နေပါသည်။ ရင်ထဲမှာ နာကျင်နေသည်မှာ အခံရဆိုးလှသည်။ ချစ်သူက လက်ထပ်ဖို့ မသေချာသေးဘူးလို့ အပြောခံရတာလောက် နာကျင်ပြီး အခံရခက်စရာကောင်းတာ ရှိသေးလား။ ဒေါသတွေလည်းထွက်ကာ ဝမ်းလည်းနည်းသည်။

မိုးခ ထထွက်သွားကတည်းက တရှိုက်ရှိုက်ငိုနေခဲ့တာ။

"မြ"

"... ... ..."

"ဟဲ့ ... မြ၊ တိတ်ပါတော့ဟာ၊ နင်ကလည်း၊ လက်ဖက်ရည်ဆိုင်ကြီးမှာ"

"ဘာဖြစ်လဲဟယ်၊ ငါ့မျက်ရည်နဲ့ ငါ ငိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ တစ်မျိုးထင်နေဦးမယ်ဟာ"

"ထင်ထင်"

"မိုးခက ထထွက်သွားတော့ တော်ကြာ ဘေးလူတွေက ရည်းစားကဖြတ်ပြီး ထွက်သွားလို့ ငိုကျန်ခဲ့ရတယ် ထင်နေဦးမယ်"

"ထင်ပစေ၊ ဖြတ်သွားတာထက်တောင် ပိုဆိုးသေးတယ်၊ ခုလည်း ငါ့ကို လက်မထပ်နိုင်ဘူး ပြောသွားတာပဲဟာ"

"ဟဲ့ ... လက်မထပ်နိုင်ဘူး ပြောတာမှ မဟုတ်တာ မြရယ်၊ မသေချာသေးဘူးလို့ပဲ မိုးခက ပြောတာပါ"

"ဘာထူးလဲဟဲ့၊ လက်ထပ်ဖို့ မသေချာဘူး ဆိုတာဟာ လက်မထပ်နိုင်တာကိုပဲ မရင့်သီးအောင် ယဉ်ယဉ်ကျေးကျေး ပြောသွားတာ"

"ဒီလိုလည်း မဟုတ်ဘူးဟဲ့၊ သူ့ရုပ်ကိုလည်း နင် အမြင်ပဲ ဟယ်၊ မိုးခမှာလည်း တစ်ဖက်မှာ ဘာတွေ ရင်ဆိုင်နေရ တာ ရှိနေလဲမှ မသိတာ"

"ကိုယ့်မိဘကို ကိုယ်ရအောင် ရင်ဆိုင်ပေါ့ဟ"

"ဒီလိုပြောတာတော့ လွယ်တာပေါ့ဟယ်၊ ဒါပေမဲ့ လူတိုင်း ရဲ့မိဘတိုင်းက နင့်အမေလို ရိုးရိုးသားသား အေးအေးချမ်း ချမ်း စိတ်ထားကောင်းကောင်းလေးလည်း ဖြစ်ချင်မှဖြစ် မှာပေါ့"





"သင်းတို့က ငါနဲ့ သဘောမတူနိုင်တဲ့ သဘောပေါ့"

"ဘာပဲဖြစ်ဖြစ် မိုးခက နင့်ကို အလေးအနက် ချစ်ရှာပါ တယ်ဟာ၊ မိုးခ နင့်ကိုချစ်တဲ့ အချစ်အပေါ်တော့ သံသယ မဝင်ပါနဲ့၊ သူက အေးလွန်းတော့ စကားကို တန်ဆာဆင် မပြောတတ်တာလည်း ပါပါတယ်၊ အခုကြည့်ပါဦး၊ နင် က ပြန့်တော့ဆိုရင် ဘာမှပြန်မပြောဘဲ ခေါင်းငိုက်စိုက်နဲ့ ထပြန်သွားတာပဲ"

"အဲဒါကိုလည်း အသည်းယားတာပဲ"

"ဖြစ်ပြန်ပြီ၊ နင်ကလည်း"

"ဟုတ်တယ်လေ၊ ဖုန်း ဝင်လာတယ်၊ ငါ့စိတ်က ပေါက်ကွဲ လက်စနဲ့ ဖုန်းထဲကိုလည်း ငါ ဝူးဝူးဝါးဝါး ပြောထည့်တာ သူ ကြားတယ်၊ ငါ့စကားတွေက ရိုးရိုးစကားတွေမှမဟုတ် တာ၊ တစ်စုံတစ်ယောက်ကို တစ်စုံတစ်ရာကို ငါ ရင်ဆိုင် ရတော့မယ့် အရိပ်အမြွက်ပါနေတာ၊ တစ်ဖက်ကို ရန်လိုပြီး တုံ့ပြန်စကားပြောတာ ...

တစ်ယောက်ယောက် ငါ့ဆီလာမယ်ဆိုတာကိုလည်း စကားသံထဲက သူ ရိပ်မိနိုင်တာပဲ၊ နည်းနည်းပါးပါး စိတ် ဝင်စားဖော် မေးဖော် မြန်းဖော်တောင် မရဘူး၊ ဘာပြဿနာ ရှိလို့လဲ၊ ဘယ်သူလာတာလဲ၊ ဒီလောက်တော့ သူ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားရမယ် မဟုတ်လား၊ သူက ပုံမှန်ကို မဟုတ်ဘူး၊ မြို့စိမ်နဲ့၊ ထထွက်သွားတာကိုက စိတ်နဲ့ လူနဲ့ မကပ်ဘူး"

"အေးဟဲ့ ... သူ့မျက်နှာက ဒီနေ့ရောက်လာကတည်းက စပြီး ထ,ပြန်သွားတဲ့အထိ တစ်မျိုးပဲ။ သူလည်း တစ်ခုခုတော့ ဖြစ်နေတယ်"

မြက မျက်ရည်တွေကို တစ်ရှူးနှင့်သုတ်ပစ်ကာ မှာထားတဲ့ ရေသန့်ဘူးထဲကရေနှင့် မျက်နှာကို အနည်းငယ်သစ်ပစ်လိုက်ပါသည်။ မြရဲ့မျက်နှာဖူးဖူးနနလေးဟာ ဝင်းဝင်းရှင်းရှင်းကလေး ထင်းနေသည်။ ဘာမှမရှိတဲ့ မျက်နှာပြောင်တလင်းကလေးကပဲ လှနိုင်လွန်းတယ်ဟု ရက တွေးနေမိပါသည်။

"ငါ ငိုထားတာ သိသာလား"

"ဟင့်အင်း"

"မျက်လုံးတွေ နီမနေဘူးလား"

"မနီပါဘူး"

"တော်ကြာ သူ လာမှာမို့ စိတ်ညစ်ပြီး ငိုထားတယ် ထင်နေဦးမယ်"

"အဲဒီမိန်းမကြီးက ဘာလာလုပ်မှာတဲ့လဲ မြ"

"ငါလည်း မသိဘူးလေ"

"နင့်ကို ဘယ်လိုပြောတာလဲ"





"ငါနဲ့တွေ့ပြီး စာရင်းရှင်းစရာ ရှိတယ်တဲ့၊ စကားတွေပြီး ပြောမှဖြစ်မယ်တဲ့၊ တအုံ့နွေးနွေးနဲ့ မနေနိုင်ဘူးတဲ့၊ တကယ်လာတွေ့ရင် ရှောင်နေမှာလားတဲ့၊ သူနဲ့စကားပြောဖို့ရော သတ္တိရှိလားတဲ့ အဟင်း ဟင်း၊ အသံကြီးကလည်း အရမ်းဒေါသထွက်ပြီး ပေါက်ကွဲနေတဲ့ အသံဟ၊ ဦးမင်းသိဟန်နဲ့တောင် လောလောဆယ် ရန်ဖြစ်နေလား မသိဘူး၊ ဒါပေမဲ့ ဒီလူကြီးကတော့ ခုလောက်ဆို ရူးမှာပါ"

"နင့်ဖုန်းရော သူ ဘယ်ကသိမလဲ"

"ဦးမင်းသိဟန် ဖုန်းထဲမှာ တွေ့နိုင်တာပဲ ပြန်ဖွင့်ရှာရင်"

"ဦးမင်းသိဟန်ကလည်း နင့်ဆီက ဖုန်းလာပြီးရင် Delete လုပ်တာ မဟုတ်ဘူး"

"Delete မလုပ်မှ ကောင်းတာ၊ ငါ မကြာ မကြာ ခေါ်ထားတာတွေ့လေ ကောင်းလေပေါ့၊ ခဏ ခဏ စကားပြောဖြစ်တာသိတော့ ပိုတင်းမှာပေါ့။ သူ့ယောကျ်ားက သူ ယောက်ထုတ်ပစ်ပါတယ် ပြောရင်တောင်မှ ဒါ သူ့စကားပဲလေ။ ဟုတ်ချင်မှ ဟုတ်မှာလို့ပဲ သူ ယုံမှာ မဟုတ်ပါဘူး၊ ဒီလိုပြဿနာမျိုးကလည်း ကိုယ့်ယောကျ်ားအပေါ် သိပ်အယုံအကြည်ရှိလွန်းတဲ့ မိန်းမတွေကို လုပ်လို့မရဘူးလေ၊ သိပ်အယုံအကြည်မရှိတဲ့ သံသယဝင်လွယ်တဲ့ သဝန်တိုတဲ့ မိန်းမတွေကိုပဲ လုပ်ဖို့လွယ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ရင်တောင်တုန်လာပြီဟယ်"

"ဘာရင်တုန်စရာရှိလဲ စုရယ်၊ ခုလည်းပဲ ဒါ ဒုတိယစီးခွေကိစ္စ နေမှာပေါ့၊ အဲဒီအခွေကို ငါပို့ပြီး နောက်တစ်နေ့ ဦးမင်းသီဟန်က ဖုန်းဆက်မေးတယ်၊ မင်း စီဒီတစ်ချ ထပ်ပို့ပြန်ပြီ မဟုတ်လားတဲ့၊ ငါက ယုတ္တိရှိရှိငြင်းပြီး သူ တို့ချင်းကို ရန်တိုက်ပေးရတာပေါ့ဟယ်"

မြက ကန်တော်ကြီးသွားဖြစ်တဲ့ နေ့ကပင် စကား ခဲ့ပြီးသား မဟုတ်လား။ ဒီတစ်ကြိမ်တော့ ဒေါ်သက်နှင်းဇော် ဗီဒီယိုလိုက်ချောင်းရိုက်ဖို့ များတယ်လို့ အမှတ်တမဲ့ နားသွင်းထာ သည်လေ။ ပြီးတော့ နောက်က ကားအနီတစ်စင်း လိုက်နေလာ မသိဘူးလို့တောင် ကိုယ်ကစပြီး သတိပေးထားလိုက်သေးတယ်

"အဲဒီနေ့က အားလုံး ဦး မျက်စိမြင်ကွင်းထဲမှာ ရှင်းရှ လေးပဲ မဟုတ်လား၊ ဦးက မြကို့ သိပ်အထင်လွဲတာ ပြီးတော့ မြကို မယုံကြည်ဘူး၊ မြကိုယ်တိုင် ပို့လိုက်တာ က ဦးကို ပို့လိုက်ပါတယ်လို့ ပြောသားပဲ၊ အခုကိစ္စက ဦ သွားချင်တဲ့ဆီကို ဦးကခေါ်သွားတာ၊ မြက ဘယ်သူ ဗီဒီယို လိုက်ရိုက်ခိုင်းရမှာလဲ၊ မြ ဘော်ဒါတွေလည် အားအားယားယား ဒီလောက် အကြိမ်ကြိမ် လိုက်ရိုက် အောင် မအားဘူး၊ ပထမတစ်ခါ ရိုက်တာကိုက သူတို့ မြကို သူခိုးချောင်းဖမ်းသလိုလုပ်ပြီး စတာ၊ မြကအချ





မင်တွေးမိလို့ ကိုယ်လည်း ရယ်ရပျော်ရတာမျိုး ဦးလည်း ရယ်ရ ပျော်ရပါစေဆိုပြီး ပို့ပေးတာလေ၊ မပျော်ရဘဲ ရန် ဖြစ်ရမှတော့ ဘာလို့ပို့ပေးနေရမှာလဲ၊ ပြီးတော့ ဦးစဉ်းစား ကြည့်ပါလား၊ ဒီကိစ္စကို မြက ဦးမိန်းမကို သိစေချင်မလား၊ နှုတ်ပိတ်ထားချင်မလားဆိုတာ၊ ရှင်းရှင်းလေးပဲ"

"မင်းမပို့ရင် ဘယ်သူပို့မလဲ၊ ဘယ်သူက ဒါမျိုးရိုက်မှာလဲ"

"ဦးက မိန်းမကိုတော့ တစ်ဖက်သတ် ယုံကြည်လွန်းတယ်၊ ယုတ္တိရှိရှိ စဉ်းစားကြည့်ရင် ဒီကိစ္စတွေကိုသိချင်ပြီး လက် ဆုပ်လက်ကိုင် သက်သေလိုချင်ပေမယ့်သူဟာ လောက ကြီးမှာ ဦးမိန်းမကလွဲရင် ဘယ်သူရှိမှာလဲ၊ မြဘော်ဒါတွေ က တစ်ခါနောက်ပြီးရင် ပျင်းပြီ။ ထပ်ခါ ထပ်ခါ ဘာ လုပ်ဖို့လဲ၊ အချိန်ကုန် လူပင်ပန်းခံပြီးတော့"

"သက်နှင်းဇော်က သူ မလုပ်ဘူးလို့ ပြောတယ်"

"ဦးက ယုံတယ်ပေါ့နော်"

"မင်း စဉ်းစားကြည့်လေ၊ အိမ်မှာလည်း ဗီဒီယိုကင်မရာ မရှိဘူး၊ သူကကော ကင်မရာကြီးကိုင်ပြီး နောက်ကကား နဲ့လိုက်ချောင်းရိုက်မယ်တဲ့လား"

"ဒီမှာ ဦး၊ ဦးနောက်ရှိစမ်းပါနော်၊ မြကိုပဲ ချွတ်ဆိုပြီး အပြစ်ရှိသမျှ ပုံမချချင်စမ်းပါနဲ့၊ ဦးနောက်ရှိရှိတွေးဖို့ တောင်းပန်ပါတယ်၊ ဒေါ်သက်နှင်းဇော် လက်ထဲ ဒီအခွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်ရောက်ဖို့ အိမ်မှာ ကင်မရာရှိဖို့လည်း မလိုသလို သူကိုယ်တိုင် ကင်မရာကိုင်ရိုက်ဖို့လည်း မလိုအပ်ပါဘူး ဦး"

အဲဒီတော့ ဦးမင်းသီဟန်က တွေဝေစိတ်ရှုပ်သွားခဲ့ပါသည်။

"အခု ဘာလဲ၊ ဒီစီဒီက မြ လက်ရေးနဲ့ပဲ လိပ်စာတပ်ပြီး အမြန်ချောပို့နဲ့ ရောက်လာတယ်ပေါ့၊ မြ လက်ရေးကို တောင် တုရေးထားတယ်ပေါ့"

"မဟုတ်ဘူး၊ ခြံရှေ့ကပုံးမှာ လာထည့်သွားတာတဲ့"

"ဟား ဟား ဟား ...၊ ပုံးထဲထည့်သွားတာပေါ့နော်၊ ဟား ဟား၊ ဦးက သနားပါတယ်နော်၊ ဦးမိန်းမကို ဦး အတော်တန်ဖိုးထား ချစ်ရှာတာပါလား၊ ဒါတောင်မှ ဒီ မိန်းမက ဦးကို ထစ်ခနဲ ရန်လုပ်၊ ထစ်ခနဲ ပြဿနာလုပ်၊ ယောကျ်ားစားပွဲကို ဝင်မွှေ၊ ယောကျ်ားနာမည်နဲ့ စာအိတ် ကိုဖောက်၊ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်၊ ဘေးကမြင် ရတာ အသည်းယားတယ် ဦး ...

ဦးဘက်က တန်ဖိုးထားပေးသလောက်၊ သူ့ကို ပေးသလောက် သူလည်းပဲ ဦးကိုယုံရင် ဘာပြဿနာ တက်မနေဘူး၊ သူက အခု ဒီအခွေလည်း မြ ပို့လိုက်တာ လို့ပဲ ဦးကို ပြောတယ်ပေါ့နော်"





"မင်းကလွဲပြီး တခြားမရှိနိုင်ဘူးလို့ ထင်ရတာကိုး"

"သူက တော်တော်ပါးနပ်တာပဲနော်၊ ဦးလည်း အချဉ်တော့ ဟုတ်မှမဟုတ်တာ၊ ဦးအခွေကို သေချာပြန်စစ်ပြီး ဘာဖြစ် နိုင်မလဲ တွေးကြည့်ပါဦး၊ မြတော့ လုံးဝမဟုတ်ဘူး၊ ဦး ယုံရင်ယုံ၊ မယုံလည်း မတတ်နိုင်တော့ဘူး ဦး"

ဦးမင်းသီဟန်က တွေဝေပြီး ပြန်တော့တွေးသွားမှာ။ ပြန်ကြည့်လိုက်ရင်လည်း ဒီ...ခွေဟာ အရင်အခွေလို စကားပြော သံလေးတွေ နောက်ခံထည့်၊ ကွန်ပျူတာနဲ့ Edit ပြန်လုပ်ထား ပြီး Slowy motion လေးတွေတောင် ထည့်ပေးထားလိုက်သေး ဘာမျိုး မဟုတ်ဘဲ၊ ဘာနောက်ခံသံမှမပါ၊ လေသံတရှဲရှဲနှင့် ချော်သွားလိုက် စောင်းသွားလိုက်ဖြစ်သော ရိုက်ချက်ကြမ်းတွေကို ... ဘာမှမဖြတ်မတောက် မပြုမပြင် အကြမ်းထည်သက်သက် ...ပို့ထားတာ မြင်ရမှာပင်။ ဘာပဲဖြစ်ဖြစ် အဲဒါဟာ ကွဲပြားချက် ...။

စဉ်းစားစရာလေ။ စဉ်းစားစရာ ဖြစ်အောင်ပင် မြက ...ကြမ်းကြီးအတိုင်း ပို့လိုက်တာ။ စာတိုက်ကမထည့်၊ ချောနဲ့မပို့ ...ဦးမင်းသီဟန်ရဲ့ ဖစ်ဖစ်တင်းကတ်ထဲက အိမ်လိပ်စာကို ည ...ယံနာရီလောက်မှာ ရောက်အောင်သွားပြီး ခြံတံခါးက စာထည့် ...ထည့်ခဲ့တာ။ စုနဲ့ စုသီချင်းဆိုရာနောက် တစ်ခါတစ်ရံပိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားတတ်တဲ့ မြကို ဦးလေးကြီးနှင့်မို့ မေမေက အရင်လိုမဲ့ထင်ကာ လွှတ်ပါသည်။

ဒါတွေဟာ လက်သည်တရားခံ မြလို့မထင်ရအောင် သူ့မိန်းမ သူ့အပေါ် ညာနေတယ်၊ နောက်ယောင်ခံလိုက်နေတယ်လို့ ဦးမင်းသီဟန် ထင်နိုင်အောင် ကြိုတင်စီစဉ်မှုတွေပင်။ ခုတော့ ဦးမင်းသီဟန်လည်း အခွေကို တစ်ကြိမ် ပြန်စစ်ဆေးကာ သံသယတွေ ဝင်လာပြီး မိန်းမနှင့် ပြဿနာထပ်တက်ကြတယ်ထင်သည်။

"မြ"

"......"

"မြ ... လမ်းဟိုဘက်ကမ်းမှာ ရပ်လိုက်တဲ့ကားက ဆင်းလာတဲ့ အမျိုးသမီးနှစ်ယောက် ထင်တယ်"

မြက လမ်းတစ်ဖက်ကမ်းကို လှမ်းကြည့်လိုက်သည်။ ဒေါ်သက်နှင်းဇော် အဖော်ခေါ်လာပုံရပါသည်။

"စု ... နင် ဟိုဘက်ကို လမ်းကူးပြီး တက္ကစီတစ်စီးငှားပြီး ထိုင်စောင့်နေတော့၊ ငါလာရင် အဆင်သင့်ရှိအောင် ခုကတည်းက ငှားထားတော့"

စုက မြကို စိတ်မချ လက်မချကြည့်ကာ ...

"ဖြစ်ပါ့မလား မြ၊ ငါပါစောင့်ပေးမယ်လေ၊ ဟိုကလာတာက နှစ်ယောက်တောင်၊ နင်တစ်ယောက်တည်းနဲ့"





"ဖြစ်ပါတယ် စုရယ်၊ ကားသာ အဆင်သင့်ငှားထားပါ"

"မြ ... နင်လည်း စိတ်ထိန်း၊ ဟိုဘက်ကလည်း ဟန်ပုံမပေါ်ရင် ခပ်သုတ်သုတ်ပြေးနော်၊ သိပ်ကြီးလည်း ပြဿနာမဖြစ်စေနဲ့"

"အေးပါ ... စုရယ်"

စုက ဒေါ်သက်နှင်းဇော်တို့ လာနေတဲ့ဘက်ကို ကျောခိုင်း၍ သွက်သွက်လှမ်းပြေးသွားပါသည်။ စု ထွက်သွားပြီး ချက်ချင်းလောက်ပင် အမျိုးသမီးနှစ်ယောက် ဆိုင်ထဲရောက်လာသည်။ ဒီလက်ဖက်ရည်ဆိုင်က စားပွဲပုပုတွေမဟုတ်၊ စားပွဲကုလားထိုင် မှတ်မှတ်တွေဖြစ်သည်။ မြ ထိုင်နေတဲ့ စားပွဲမှာ ကုလားထိုင်လေးလုံး။

ဆိုင်ထဲဝင်လာတဲ့ ဒေါ်သက်နှင်းဇော်က နေကာမျက်မှန်ကို ဆွဲချွတ်လိုက်ကာ မြနှင့် မျက်နှာချင်းဆိုင်မှာ ခပ်ပိုင်ပိုင်ဝင်ထိုင်လိုက်ပါသည်။

သူ့သူငယ်ချင်းဖြစ်မည့် အဖော်အမျိုးသမီးက ရွှယ်တူ။ စူးတောက်ပြီး စားဝါးပစ်ချင်တဲ့ မျက်လုံးများနှင့် မြကို စိမ်းစိမ်းရှူးရှူး ကြည့်နေပါသည်။

"မြရွက်ညိုနော်"

ဒေါ်သက်နှင်းဇော်က အေးစက်တုန်ခိုက်နေတဲ့အသံနှင့် မေးသည်။ ကိုယ် ငိုထားမှန်း သိမှာစိုးလို့ မျက်နှာသစ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ မြသည် မျက်မှန်အောက်က ဒေါ်သက်နှင်းဇော် မျက်လုံး များ ကြိမ်ကြိမ်ဖန်ဖန် ပြန့်ငိုထားသလို မို့အစ်နေတာကို တွေ့ ပါသည်။ ဒီရုပ်ကြီးနှင့် တတ်နိုင်ရင် သူလည်း လာချင်မှာမဟုတ်၊ မအောင့်အည်းနိုင် အချိန်မဆွဲနိုင်လို့သာ ထွက်လာတာနေမှာ။

"ဟုတ်ကဲ့ အန်တီ၊ မြပါ"

မြက လမ်းတစ်ဖက်ကမ်းမှာ ရှ တက်ထိုင်လိုက်တဲ့ တက္ကစီကားကို လှမ်း၍ကြည့်လိုက်ရင်း မေမေ ဖုန်းဆက်လာ၍ နိုး၍ ဖုန်းကိုပါပိတ်ကာ ...

"အန်တီ ဘာပြောချင်တာလဲ၊ မြ သိပ်အချိန်မရဘူးရှင့် ပြောစရာရှိတာ မြန်မြန်လေးပြောပါ"

"မင်းကို အတိုအရှင်းဆုံးနဲ့ လိုရင်းပဲပြောမယ်၊ မင်း ငွေ ဘယ်လောက်ရရင် နောက်ဆုတ်မလဲ"

မြသည် မျှော်လင့်မထားသော မေးခွန်းဖြစ်၍ အံ့အား လည်းသင့် ရယ်လည်းရယ်ချင်ကာ ...

"အဟင်း ... အန်တီ မှားနေပြီ၊ မြက ငွေမလိုဘူးရှင့်၊ ဦး အတွက် ပန်းစည်းလေးတွေ ကတ်လေးတွေ လက်ဆောင် တွေ ပို့ပေးနေတာတောင်မှ တန့်ဖိုးက သိန်းနားကပ်နေ ပြီ အန်တီ၊ ဦး စားပွဲမှာထားဖို့ မြ ပို့တဲ့ ပန်းအိုးတစ်ခု ဟာ နှစ်သောင်းလောက်ကျတယ်၊ ငွေကြောင့်တော့ နောက်ဆုတ်ဖို့ မရှိဘူး"





"မြရွက်ညို ... ညည်း ရုပ်ရည်လေးနဲ့ အသက်လေးလည်း ငယ်ပါသေးတယ်၊ ညည်းမှာ ချစ်မယ့်ကြိုက်မယ့်သူလည်း ရှားပါးမယ် မထင်ပါဘူး"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ ဦးမင်းသီဟန်ကိုမှ တန်းတန်းစွဲ လိုက်နေရ တာလဲ၊ သူက ညည်းအတွက် အတော်ပဲ မက်မောစရာ ဖြစ်နေလား"

"အဲဒါက မြ အကြောင်းနဲ့ မြ၊ မြ အကုသိုလ်နဲ့ မြပါ"

"ညည်းအေ ... ရုပ်လေးနဲ့မှမလိုက်၊ ကိုယ့်အဖေအရွယ် သူများယောကျ်ားကို ချူစားတာများ အံ့ပါရဲ့"

မြက ဝင်ပြောလိုက်တဲ့ ဒေါ်ရွှေဝါ့ဘက်လှည့်၍ ...

"အန်တီ့ကို မြ မှတ်မိပါတယ်"

"ကျုပ်လည်း မှတ်မိပါတယ်၊ ကျုပ်မှာ မျက်စိနဲ့တပ်အပ် မြင်လိုက်ပေမယ့် သူငယ်ချင်းကို ပြောမထွက်လို့ ပြန်မပြော ပါဘူး၊ ခုနောက်ပိုင်းမှာ ပြဿနာဖြစ်လို့ သူပြန်ပြောပြမှ ငါ မြင်လိုက်ပါတယ်လို့ ပြောရတယ်၊ တစ်စားပွဲတည်း ထိုင်ခဲ့ရတာတောင် မယုံနိုင်အောင်ပဲ"

"အန်တီ မြင်ခဲ့တယ်ဆိုရင် ချူစားတယ်ဆိုတဲ့ စကားကို ရုပ်သိမ်းပေးပါ၊ မြက ဦးကို ပူဆာတဲ့ သွားပွတ်တံက



www.burmeseclassic.com

www.burmeseclassic.com



ထောင့်သုံးရာပဲ ပေးရတာပါ၊ မြ ဦးကိုဝယ်ပေးတဲ့ ခြေအိတ်က ရှစ်ထောင့်ငါးရာ ပေးရတာပါ”

“ဟွန့်”

ဒေါ်ရွှေဝါက မြကို မေးငေါ့ကာ မျက်စောင်းကြီးကြီး ရွယ်လိုက်ရင်း ...

“ညည်းမှာ သိပ်ရှားနေသလား၊ သမီးအရွယ်ကို ဖက်ပြောနေရတာ သိက္ခာကျလိုက်တာ သက်ရယ်၊ ကျွတ်”

ဒေါ်သက်နှင်းဇော်က သက်ပြင်းတစ်ချက်ချရင်း ...

“မြရွက်ညို ... အန်တီ့မှာ မင်းနဲ့ရွယ်တူ သားတစ်ယောက် ရှိပါတယ်”

“သားတစ်ယောက်ရှိတာ မြ သိပါတယ်”

“သား ဒီအရွယ်ကြီးရောက်မှ ကွဲကြ ကွာကြ အရှက်တကွဲ အကျိုးနည်းလည်း မဖြစ်ချင်တော့ဘူး၊ ညည်းမှာလည်း အဖေအမေဆိုတာ ရှိမှာပါပဲ၊ ညည်း ကိုယ်ချင်းစာပေးသင့်ပါတယ်၊ မိသားစု ပြိုကွဲရတာ သူ့သားက သူ့အဖေ အထင်သေးစိတ်နာပြီး ခွင့်လွှတ်ဖြေရှင်းမရတဲ့ ပြဿနာ တွေနဲ့ မိသားစုအတွင်း မီးလိုပူပြင်းနေရမှာ၊ ဒါတွေ မဖြစ်ချင်လွန်းလို့ ခုလို လာတွေ့တာပါ၊ ညည်း ဘယ် လောက်ထိ ရှေ့တိုးဖို့ ရည်ရွယ်ထားတာလဲ မြရွက်ညို”





“အမှန်အတိုင်း ပြောရရင် ဒီမိသားစု ပြိုကွဲသွားလေ မြက ကြိုက်လေပါပဲ”

“ဘာ”

ဒေါ်ရွှေဝါသည် ကြားက မခံနိုင် မရပ်နိုင် မကြားနိုင် ရင်ကို ဖြန်းခနဲနေအောင် ဖိရိုက်ပစ်လိုက်ပြီးလျှင် ...

“ညည်း ပက်စက်လှချည်လား၊ သူများ ပြန်ပြောတာဆိုရင် ယုံနိုင်စရာမရှိအောင်ပဲ၊ ပြောင်ကျလှချည်လား၊ ညည်း ... ညည်း ... ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးမှ ဟုတ်ရဲ့လား၊ သူတစ်ပါးအိမ်ရာကို မျက်နှာပြောင်ပြောင် သွေးအေးအေးနဲ့ ဖျက်ဆီးဖို့ ကြံစည်ဝံ့တာ”

မြက မဲ့မဲ့လေး ပြုံးလိုက်ကာ ...

“မိသားစု ပြိုကွဲရတယ်ဆိုတာ ဆန်းလှတယ် မဟုတ်ပါဘူး အန်တီ၊ မြလည်း မိသားစု ပြိုကွဲဖူးတာပါပဲ”

“ဒါနဲ့များတောင်အေ၊ နည်းနည်းပါးပါး ကိုယ်ချင်းစာနာစိတ်လေးများ ညည်းမှာ မရှိတော့ဘူးလား၊ ညည်း ပြိုကွဲရတုန်းက ဘယ်လိုခံစားရသလဲ ... ဟင်၊ သူများမှာရော ဘယ်လိုခံစားရမယ်ထင်လဲ”

“ကိုယ်တိုင် ခံစားကြည့်ပေါ့ရှင်”

“ဟင် ... ညည်း ... ညည်း ... ညည်း ... ဦးနှောက် ကောင်းရဲ့လား၊ ရူးများနေလား၊ ကျပ်ပြည့်ရဲ့လား ဆိုတ်ကို



www.burmeseclassic.com

www.burmeseclassic.com



များလား၊ ညည်းကိုကြည့်ရတာ မယားကြီးက လာအတွေ့ခံရတာတောင် နည်းနည်းလေးမှ ရှိုးတိုးရှန့်တန့်မရှိ၊ မျက်နှာလည်းမပူ၊ မျက်နှာပြောင်လွန်းအားကြီးတယ်"

ဒေါ်ရွှေဝါရဲ့ မခံရပ်နိုင် သည်းသည်းခိုက်ခိုက် ရန်တွေ့သံတို့ကို ဒေါ်သက်နှင်းဇော်က လက်ဖဝါးလေးတစ်ချက်ကာ၍ တားလိုက်ရင်း ...

"ဒီဒုတိယစီဒီချပ်ကိုရော ညည်းပဲ ပို့လိုက်တာ မဟုတ်လား"

မြကာ ပခုံးလေးတွန့်ရင်း ...

"အန်တီ့ဆီ အသံဖမ်းစက်လေး ဘာလေးများ ပါသလား"

ဒေါ်သက်နှင်းဇော်သည် သူ့လက်ထဲက လက်ဆွဲအိတ်ကို ဆတ်ခနဲ ဇစ်ဖွင့်ကာ စားပွဲပေါ် ဝရောခနဲ မှောက်သွန်ချလိုက်ပါသည်။ ပိုက်ဆံထုပ်တွေ သော့တွဲတွေ၊ မှတ်စုစာအုပ်ငယ်၊ ဖုန်း၊ နှုတ်ခမ်းနီဘူး စသဖြင့် တိုလီမိုလီတွေ ပြန့်ကျဲသွားတာကို တစ်ခုချင်း ပြန်ကောက်ထည့်ရင်း ...

"ဘာမှမပါဘူး"

"ဒီအန်တီရော"

ဒေါ်ရွှေဝါကလည်း ဒေါ်သက်နှင်းဇော် အတိုင်း သူ့အိတ်ကို မှောက်ချလိုက်ပါသည်။ ပြန့်ကျဲသမျှ ကောက်ပြန်ထည့်ရင်း ...





"အသံဖမ်းဖို့ ယူလာရင်လည်း ဂျိမ်းစ်ဘွန်းဒ်ကားထဲကလို ငါတို့ရဲ့ လက်ပတ်နာရီတို့ လော့ကက်တို့မှာ ပါရင်ပါ၊ မပါရင် အရေပြားခွဲပြီး မြှုပ်လာမှပဲရမှာ၊ ငါတို့ စီအိုင်အေ ကလည်း မဟုတ်ပါဘူး မြရွှက်ညို့ရယ်"

မြရွှက်ညို့က ပြုံးရင်း ...

"ဦးက အန်တီ လိုက်ချောင်းရိုက်တယ်ပဲ ထင်နေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ထင်နေတယ်၊ အမှန်က ညည်းပဲမဟုတ်လား"

"အန်တီလို့ ထင်အောင် ဦးကို မြက သွေးထိုးပေးထားတာပါ"

"ဘာ ... ညည်း ... ညည်း"

ဒေါ်သက်နှင်းဇော်မှာ စကားမဆက်နိုင်။ လည်ချောင်းမှာ ပူပြင်းမာကျောတဲ့ အလုံးကြီး ဆို့နင်သလို တအင်အင် အသက်ရှူကျပ်နေရှာပါသည်။ ဒေါ်သက်နှင်းဇော်သည် မခံမရပ်နိုင်ခြင်း ဒေါသတို့နှင့် မျက်ရည်ပူတွေ ပြည့်လျှံဝိုင်းတက်လာကာ ...

"ညည်း ဘာရည်ရွယ်ချက်နဲ့ ဒါတွေ လုပ်နေတာလဲ မြရွှက်ညို့၊ မင်းမှာ ရည်ရွယ်ချက် တစ်ခုခု ရှိလိမ့်မယ်ဆိုတာ သေချာနေပါတယ်၊ ဘာမှန်းသာမသိပေမယ့် မင်းမှာ ရည်ရွယ်ချက်တစ်ခုခု ရှိမှန်းတော့ ငါ သိနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အဲဒါ ဘာလဲ၊ အန်တီ ဖြည့်ဆည်းပေးပါမယ်၊ အဲဒီရည်ရွယ်ချက်သာ မရှိဘူးဆိုရင် မင်းအနေနဲ့ အန်တီသိအောင် လုပ်နေစရာ အကြောင်းမရှိပါဘူး၊ လျှို့တောင် လျှို့ဝှက်ထားရဦးမှာပါ၊ အခုဟာက မသိ့သိအောင် ပို့နေတာ၊ ဒါကို ဦးမင်းသီဟန်က မယုံဘူး၊ သူ့ကို အန်တီက နောက်ယောင်ခံလိုက်နေတယ်လို့ပဲ ယုံစွဲနေတယ်၊ မင်းရည်ရွယ်ချက်က ဘာလဲ၊ အန်တီ့ကို Target ထားတာလား၊ ငါ စိတ်ဆင်းရဲဖို့ ငါ့ကို တစ်ခုခု နှိပ်စက်ရဖို့လား"

"အဲဒါက အဓိက ရည်ရွယ်ချက် မဟုတ်ပါဘူး၊ မြ ရည်ရွယ်ပြီး လုပ်လိုက်တဲ့ထဲမှာ အဲဒီအချက်ကလည်း သူ့ဟာသူ ငြိပြီး ပါသွားတာပါ"

"ဒါဖြင့် ဘာလဲ၊ ဘာကိုရည်ရွယ်လုပ်နေတာလဲ"

မြသည် နာကျင်စုတ်ပြတ်သတ်နေတဲ့ ဒေါ်သက်နှင်းဇော် မျက်နှာကိုကြည့်၍ သက်ပြင်းလေးတစ်ချက်ရှိုက်ရင်း ...

"မြ ပြောရင် ရွဲ့ပြောတယ် မထင်ပါနဲ့နော်၊ တမင်ပေါ်ပြီး အရွဲ့တိုက်ဖြေမှာ မဟုတ်ဘူးနော်၊ မြ ရည်ရွယ်ချက်က ဦးမင်းသီဟန်နဲ့ အန်တီ တကွဲတပြားစီ ဖြစ်သွားကြဖို့ အဓိကပါ အန်တီ"



ဒေါ်သက်နှင်းဇော် မျက်နှာမှာ မည်းကာပျက်သွားပြီး ...

"ဘာ ...၊ ညည်း ရက်စက်လှချည်လား"

"လင်မယား ရှင်ကွဲကွဲပြီးတဲ့အခါ အန်တီရဲ့သားကတော့ အဖေဘက် ပါရင်ပါသွား၊ အမေဘက် ပါရင် ပါသွား၊ ဘာပဲဖြစ်ဖြစ် တကွဲတပြားပေါ့"

ဒေါ်သက်နှင်းဇော်သည် သည်းမခံနိုင်တော့ပဲ စားပွဲကို ဖြန်းခနဲ လက်ဝါးနှင့်ပုတ်ပစ်ကာ ...

"ငါ့သားကို ဘာဖြစ်လို့ ညည်း အကြံအစည်ထဲ ထည့်ပြောရတာလဲ၊ ငါ့သားနဲ့ ဘာဆိုင်သလဲ"

အန်တီ့သားက မြနေရာမှာပေါ့။ ဖေဖေ သေသွားတော့ မြတို့သားအမိ မျက်စိသူငယ်လေးနဲ့ ကျန်ရစ်ခဲ့တာပါ။ အခုတော့ မြက ဦးမင်းသီဟန်ကို သေစေလောက်တဲ့ထိတော့ မကြံစည်ရဲပါဘူး။ လူလည်းမသတ်ရဲပါဘူး။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကွဲပြတ်ကြရင် တော်ပြီပေါ့။

"အန်တီ့သားနဲ့ ဘာမှမဆိုင်တာ မှန်ပါတယ်၊ ဒါပေမဲ့ မြက ပြောပြတာပါ၊ အန်တီနဲ့ ဦးနဲ့ ကွဲမှတော့ သူက တစ်ဖက်ဖက်ကို လိုက်ရတော့မှာပဲ မဟုတ်ဘူးလား၊ အဲဒါကို ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့၊ ငါသားကို ညည်း ပါးစပ်ထဲ ထည့်ပြောစရာ အကြောင်းကိုမရှိဘူး၊ ငါနဲ့ ဦးမင်းသီဟန်ကွဲတော့ ညည်းက ဦးမင်းသီဟန်ကို ယူမှာလား"

မြဂ္ဂက နှုတ်ခမ်းလေး တင်းတင်းစေ့ ခေါင်းယမ်းရင်း ...

"မယူပါဘူး၊ ယူစရာလား အန်တီရယ်၊ မြမှာချစ်သူရှိပါတယ်"

ဒေါ်ရွှေဝါသည် ဘေးကနေ ဒီကောင်မလေးကိုပင် ရိုက်ချင်လောက်အောင် တဖွားဖွား အမြင်တွေကတ်ကာ ...

"ဒါဖြင့် ညည်း အလကားသက်သက်နဲ့ သာယာချမ်းမြေ့နေတဲ့ အိမ်ထောင်တစ်ခုကို စိတ်ယုတ်မာနဲ့ ဖြိုခွဲဖျက်ဆီးတာပေါ့၊ ကြောက်စရာ ကောင်းလှချည်လား၊ ဘဝကပါလာတဲ့ဝဋ်ကြွေးမို့ သူတစ်ပါးယောကျ်ားကိုမှ သွားသံယောဇဉ်ကြီးမိလို့ သူတစ်ပါးအိမ်ထောင်ကို ဖျက်ဆီးတယ်ဆိုတာကမှ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ရှိပါသေးတယ် ခုဟာက ညည်း ရူးများနေတာလား၊ သက်သက်မဲ့ ဖျက်ဆီးရုံ ဖျက်ဆီးပစ်မှာ၊ ညည်း ဘယ်လောက် အဝီစိငရဲ ချိုးကပ်လိုက်မလဲ ဆိုတာ တွေးမိရဲ့လား၊ ညည်းရဲ့ရုပ်ချော ညည်းရဲ့အသက်အရွယ်လေးနဲ့ ဒီလောက် ရက်စက်ယုတ်မာနိုင်စရာလား"





မျက်နှာတစ်ခြမ်းကို လက်ဝါးနှင့်အုပ်ပြီး အရှပ်ကြီး ပြတ် မှိုင်နေတဲ့ ဒေါ်သက်နှင်းဇော်သည် အသံမြည်လာတဲ့ သူ့ ပိုက်ဆံအိတ်ထဲကဖုန်းကို ဆွဲထုတ်ကာ ကြည့်လိုက်ပြီးမှ ကမန်းကတန်း ဖွင့်လိုက်ပါသည်။

"ဟဲလို"

"မေမေ"

"အင်း ... ပြော"

"မေမေ ဘယ်ရောက်နေလဲ"

"အန်တီရွှေဝါနဲ့ ဈေးဝယ်ထွက်နေတာပါ"

"မေမေ ဘယ်မှာရှိနေတယ်ဆိုတာ သား မြင်နေရတယ် မေမေ"

နာကျင်နေတဲ့ မိုးခရဲ့အသံကြောင့် ဒေါ်သက်နှင်းဇော် ရင်ထဲ ပူဆို့ပြီး ဝမ်းနည်းပက်လက် ဖြစ်သွားကာ မျက်လုံး အစုံကလည်း လမ်းမဘက် ဟိုဟိုဒီဒီ ကြည့်မိသည်။

"မင်း ဘယ်မှာလဲ"

"ဒီနားမှာပဲ သား ရှိနေတယ်၊ မေမေ ဘာဖြစ်လို့ သူ့ကို လာတွေ့ရတာလဲ၊ မေမေလည်း စိတ်ပင်ပန်းဆင်းရဲရတယ်၊ အကျိုးလည်း မရှိနိုင်ဘူး၊ ဘာဖြစ်လို့ တွေ့ဖို့ကြိုးစားရတာလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြန်တော့ သား၊ မေမေက စာရင်းရှင်းစရာ ရှိသေး တယ်၊ မင်း ရှိနေရင် မေမေ ဘယ်လိုလုပ် စိတ်ဖြောင့်နိုင် ပါမလဲ"

ဒေါ်သက်နှင်းဇော်က ဖုန်းနှင့်ပါးစပ်ကို လက်ဝါး အုပ်ပြီးကွယ်ကာ ခပ်အုပ်အုပ် ပြောနေခြင်း ဖြစ်ပါသည်။ မြက တစ်ချက်ငဲ့ကြည့်လိုက်ရင်း ...

"မြ ပြန်လိုက်ပါဦးမယ်"

"နေဦး"

ဒေါ်သက်နှင်းဇော်က ဖြတ်အော်လိုက်တာ ဖြစ် သည်။ ထ,ဟန်ပြင်တဲ့ မြက ကုလားထိုင်ပေါ် ပြန်ထိုင်ချလိုက် ရင်း ...

"စကားဆက်ပြောနေလို့ အကျိုးအကြောင်း ထူးစရာ မရှိဘဲ အန်တီ"

"နေဦး ... မပြန်နဲ့"

"မေမေ ... သူ့ကို ပြန်ခိုင်းလိုက်ပါ"

"မင်းနဲ့မဆိုင်ဘူး၊ မင်း ဝင်မပါနဲ့၊ မင် ပြန်တော့"

မြက ထပ်ကာထ,ရပ်လိုက်ရင်း ...

"အန်တီ ဖုန်းအေးအေးပြောပါ၊ မြလည်း အချိန်မရှိတော့ ဘူး၊ ပြန်ရတော့မယ်"





မြက ပိုက်ဆံတချို့ စားပွဲပေါ်ချရင်း စားပွဲမှလှည့် ထွက်လိုက်သည်။ ဒေါ်သက်နှင်းဇော်ကလည်း ကမန်းကတန်း လိုက်ထရင်း ...

"မြရွက်ညို နေဦး၊ ကဲ ... သား၊ ကိုသဲ ... မေမေ ဖုန်းချ လိုက်မယ်၊ မင်း ဝင်မနှောင့်ယှက်စမ်းနဲ့၊ ပြန်စမ်း"

ဒေါ်သက်နှင်းဇော်က ဆိုင်ရှေ့ထွက်ကာ ကားလမ်း မကို တဖျပ်ဖျပ်နှင့် အပြေးဖြတ်ကူးသွားတဲ့ မြရွက်ညိုနောက် အပြေးလိုက်ကာ ...

"မြရွက်ညို"

"မေမေ ... ရပ်လိုက်ပါ စိတ်ကိုလျှော့လိုက်ပါ၊ သား တောင်းပန်ပါတယ်၊ မေမေ့ကို ပြောပြစရာ ရှိသေးတယ်၊ သူ့ကို လွှတ်လိုက်စမ်းပါ"

"မလွှတ်နိုင်ဘူး၊ မင်းနဲ့ ဘာဆိုင်လဲ၊ မင်းဘာသာ ဘေး ဖယ်နေစမ်း"

"ဆိုင်တယ် မေမေ၊ မြက သားချစ်သူပါ"

ဒေါ်သက်နှင်းဇော်သည် လမ်းဖြတ်ကူးနေရာမှ ဘတ်တရက် ရပ်ပစ်လိုက်မိပြီး ...

"ဘာ ..."

"မြက သားချစ်သူပါ"



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါနေတဲ့ သားရဲ့အသံက နားထဲ သံပူရည်နှင့် လောင်းလိုက်သလိုနယ် ပူပြင်းခါးသီးလှလေသည်။ ဒေါ်သက်နှင်းဖော်သည် လမ်းတစ်ဖက်ကမ်းက မောင်းထွက်သွားတဲ့ တက္ကစီကို ကြက်သေငေးငေးရင်း လက်ထဲကဖုန်းကလေး လမ်းမပေါ်လွတ်ကျသွားပါသည်။

“သက် ... သက်”

❖ ◯ ❖



## ၁၄

“ဖေဖေ ... ဆေးရုံကြီး အရေးပေါ်ကို လိုက်ခဲ့ပါ”

မိုးခ အသံကြောင့် ဦးမင်းသီဟန်က စားပွဲမှ ဝုန်းခနဲထရပ်မိကာ ...

“သား ဘာဖြစ်လဲ”

“မေမေ ကားအက်ဆီဒဲန့်ဖြစ်လို့ ဖေဖေ”

“ဘာ ... ဘာ ...၊ မင်းအမေ ဘာဖြစ်သွားလဲ၊ ဘာကားနဲ့ တိုက်တာလဲ၊ ဘယ်သူမှားလဲ၊ ဟိုဘက်ကားရော”

“ဖေဖေ ကားချင်းတိုက်တာ မဟုတ်ဘူး၊ မေမေ့ကို လမ်းပေါ်မှာ ကားတစ်စီးက ဝင်တိုက်တာ”

“ဘာ”

ဦးမင်းသီဟန်သည် ပိုက်ဆံအိတ် ကားသော့ များကို ချင်းကောက်ကိုင်ကာ ရုံးခန်းထဲက ထွက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာဖြစ်သွားလဲ ကိုသဲ"

"သတိမရသေးဘူး ဖေဖေ"

သားလေးရဲ့အသံဟာလည်း နွမ်းကြေနေပါသည်။ ဆက်ပြောနေတာတွေကိုလည်း ကောင်းကောင်းမကြားတော့တဲ့ ဦးမင်းသီဟန်ဟာ မန်နေဂျာကို သူ ဆေးရုံသွားမှာ အကြမ်းဖျဉ်းသာမှာခဲ့နိုင်ပြီး အပြေးအလွှားပင် ကားဆီရောက်၊ ကားကို ဒလကြမ်းနှင့် ဆေးရုံကြီးအထိ မောင်းလာခဲ့သည်။ မနက်ကပဲ အိမ်ကမထွက်ခင် ပေါက်ကွဲအော်ဟစ်ကာ ရန်ဖြစ်ခဲ့ကြရပါသေးသည်။

ဦးမင်းသီဟန်က သူ့ကို သူ့မိန်းမက နောက်ကနေ ဗီဒီယိုလိုက်ချောင်းရိုက်တယ်ဆိုတဲ့ အဖြစ်ကို အတော်မခံရပ်နိုင်တာဖြစ်သည်။ သက်နှင်းဇော်ကလည်း စိတ်ဆိုးနာကျည်းနေသူမို့ စကားလုံး ရိုင်းရိုင်းကြမ်းကြမ်းတွေနှင့် သူ့ကိုပုတ်ခတ်သည်။ သူကလည်း ...

"ဟေ့ ... ယောကျ်ားတစ်ယောက် အပြင်မှာ ဖောက်ပြန်သွားတယ်ဆိုတာ မင်းတို့လိုပါးစပ်နဲ့ မိန်းမတွေကြောင့်ကွ ဘာမဟုတ်ဘဲနဲ့ မင်း အဲသလောက် ပြောနေရင် မကြာခင် ဟုတ်သွားလိမ့်မယ် နားလည်လား၊ မဟုတ်ဘဲလည်းအပြော ခံနေရမှတော့ ဘာထူးလဲ၊ ဟုတ်လည်း ဒီလောက်ပဲပြဿနာ တက်ရတာ မဟုတ်လည်း ဒီလောက်ပဲ ပြဿနာတက် တာ၊ ဟုတ်လိုက်ရုံပေါ့"





တမင်တကာ အနိုင်ယူ ပိတ်ပြောပစ်ခဲ့တာပါ။ တကယ်တော့ ဘာမှမဟုတ်လှသေးပဲနဲ့တောင် ဒီလောက်စိတ်ဆင်းရဲရတဲ့ ကိစ္စမျိုးကို တကယ့်ကို မဖြစ်ချင်တော့တာပါ။ လောကကြီးမှာ စမောလ်ထားနေကြတဲ့ ယောကျ်ားတွေများ အိမ်ကမိန်းမကို မီးသေလှလို့လား၊ မိန်းမ မသိအောင်ပဲ ဖုံးဖိနိုင်လို့လား၊ ဒီဆူညံပေါက်ကွဲ ရုပ်ဝတ္ထုတွေကို မတုန်မလှုပ် ခံနိုင်ရည်ရှိလို့လားလို့ အံ့သြတကြီး သြချမိသည်။

ပြောရရင်တော့ ယောကျ်ားပီပီ မထင်မှတ်ဘဲ မမျှော်လင့်ဘဲ ကိုယ့်ကို အမှတ်မထင်လာပြီး ပွတ်သက်ငြိတွယ်တဲ့ မိန်းမငယ်ကလေး တစ်ယောက်အပေါ် ရုတ်တရက် စိတ်တွေလှုပ်ရှားမူးထွေသွားတာမျိုးသာ။ ဒါထက်လည်း ရှေ့တိုးဖို့ ရှုးမိုက်ဖို့ တစ်စက်ကလေးမှကို ကြိုတင်ရည်ရွယ်ထားတာလည်း မရှိပါ။ ဟီးလားဟားလား နည်းနည်းပြန်ရောမိတာကတော့ အတွေ့အကြုံလည်း မရှိသေးတဲ့ အစိမ်းအရိုင်းမို့ပါ။

သက်နှင်းဇော့် စွပ်စွဲသလိုပဲ အားနာပါးနာနှင့် အင်မတန် ကြင်နာတတ်တဲ့သူကြီးလို ပုံဖမ်းလိုက်မိတာလည်းပါရဲ့။

"ရှင်တို့ယောကျ်ားတွေဟာ အိမ်ကမယားအပေါ်ကလွဲရင် အပြင်က ဘယ်မိန်းမအပေါ်မဆို သဘောကောင်း စိတ်ရှည်တယ်" ဆိုတဲ့ သက်နှင်းဇော် စကားကလည်း ရာနှုန်းပြည့် မဟုတ်စေတောင်



www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဆယ်ရာနှုန်းလောက်တော့ မှန်ကောင်းမှန်နိုင်သည်။ သက် ... သက်။ ဘာများဖြစ်သွားပါလိမ့်။ ဘုရားသိကြားမ,လို့ ဘာမှမဖြစ်ပါစေနဲ့။ မက်မက်မောမောချစ်ပြီး ခက်ခက်ခဲခဲ ပေါင်းယူထားရတာပါ။ နှစ်ပေါင်းများစွာ ချစ်ပြီးမှ မရမက လက်ထပ်ယူထားတဲ့ ဇနီးမိန်းမနဲ့ ရတတ်ရက် ခဏတဖြုတ်အတွင်း ဘွားခနဲပေါ်လာတဲ့ မိန်းကလေးအဲပေါ် ရင်မှာလေးနက်ပုံချင်းကတော့ ဘယ်လိုလုပ်ပြီး တူညီနိုင်ပါ့မလဲ။

ဒါကို မင်းတို့မိန်းမတွေ နားမလည်လေခြင်း။ မတော်တဆ သတင်းသန့်သန့်လေး ကြားတာနှင့် ဝူးဝါးဝုန်းဒိုင်းနှင့် ဒိန်းဒလိန်းနတ်ဖမ်းတော့တာဟာ စိတ်မပျက် ပျက်အောင် တစ်ဖက်မယိုင် ယိုင်အောင် တွန်းထုတ် နှင်ထုတ်နေတာနှင့် တူတူပဲဆိုတာ သဘောမပေါက်ကြလေရော့သလား။

ဆေးရုံကြီး အရေးပေါ်ခန်းရဲ့ အပြင်ဘက်မှာ သက်ရဲ့သူငယ်ချင်း ရွှေဝါနှင့် သားကို တွေ့ရပါသည်။ ကြေကွဲနာကျင်စုတ်ပြတ်သတ်နေတဲ့ သားရဲ့မျက်နှာကိုမြင်လျှင် သူ့မှာအလန့်တကြား ဖြစ်ရသည်။

"သား ... ကိုသဲ၊ သိပ်စိုးရိမ်ရလား"

"အသက်အန္တရာယ်တော့ လုံးဝစိုးရိမ်စရာ မရှိပါဘူးလို့ ပြောတယ် ဖေဖေ၊ ခြေထောက်တော့ ထိထားတယ်"





"သား ... သား ပြန်နားရင်နား၊ သားမျက်နှာက တအားစိတ်ဖိစီးနေသလိုပဲ၊ ဖေဖေ ဆက်စောင့်မယ်၊ စိတ်ချလက်ချပြန်ပြီးခဏနားလိုက်ပါလား သား"

"မပြန်ပါဘူး ဖေဖေ"

"မင်းအမေ ဘယ်မှာ ဘယ်လိုတိုက်တာလဲ"

မိုးခ မဖြေရသေးခင် ဒေါ်ရွှေဝါက ဝင်ကာ ...

"မြို့ထဲမှာလေ (... ...)လမ်းမှာ၊ ဟိုမိန်းကလေးကို သူသွားတွေ့တာ"

"ဘယ်မိန်းကလေးလဲ"

"မြရွက်ညို့"

"ကျွတ်"

"အဲဒီကအပြန်ပဲ၊ အဲဒီမိန်းကလေး လုပ်လိုက်လို့ သက်ကို ကားနဲ့တိုက်မိတာပဲ"

"ဘာ"

ဒေါ်ရွှေဝါက မုန်းမုန်းနှင့် လုံးချပြီး ပြောလေရာ ဦးမင်းသီဟန် မျက်နှာက ခက်ထန်သွားပြီး ...

"သူက သက်ကို ဘာလုပ်လိုက်တာလဲ၊ ဘယ်လိုလုပ်လို့ ကားနဲ့တိုက်မိသွားရတာလဲ"

"အဲဒီလိုကြီး မဟုတ်ပါဘူး ဖေဖေ၊ အန်တီရွှေဝါက ဒေါသကြောင့် ပြောတာပါ၊ မေမေ့ဘာသာ လမ်းဖြတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သားကြောင့်ပါ ဖေဖေ၊ မေမေ့ဆီ သားဖုန်းဆက်ပြီး ပြောလိုက်တဲ့ စကားတစ်ခွန်းကြောင့် မေမေက လမ်းလယ်ကောင်ကြီးမှာ ရပ်ပစ်လိုက်တာပါ၊ ဝင်လာတဲ့ကားကို မေမေက မရှောင်တော့ ကားကလည်း မေမေ့ကို မရှောင်နိုင်လိုက်တော့တာ"

"မင်းက ဘာသွားပြောလို့လဲ"

"ဖေဖေ"

"ပြောလေ၊ မင်းစကားက ဘာမို့လဲ"

"သား ... သားက မြနဲ့မေမေ ချိန်းတွေ့ကြတဲ့နားမှာပဲ ရှိနေတာပါ"

"မြ ! ဟုတ်လား၊ မင်းခေါ်ပုံက တရင်းတနှီးပါလား၊ မင်းက အစကတည်းက သူ့ကို သိထားတာလား"

"ဟုတ်ပါတယ် ဖေဖေ"

ဦးမင်းသီဟန်က ပျက်ယွင်းနေတဲ့ မိုးခ မျက်နှာကို အံ့အားတသင့် ကြည့်နေရင်း ...

"ဘယ်လိုသိကြသလဲ၊ ဖေဖေ့ကို ပြောပြစမ်း သား၊ အခုကကော မင်းက တိုက်ဆိုင်ပြီး အဲဒီနား ရောက်နေတာ ဟုတ်ရဲ့လား"

"မြနဲ့ သားက အရင်ချိန်းထားတာပါ"

"ဘာ"





"မေမေက လှမ်းချိန်းလိုက်တော့မှ မြက သားကို ပြန်ခိုင်းလိုက်တာ၊ သားက မေမေလာတော့မှာကိုသိလို့ အဲဒီနားပဲ စောင့်နေတာပါ"

"ဘာ ... မြက မင်းတို့ကို သားအမိမှန်း သိလား"

"မသိပါဘူး၊ သားကို ဖေဖေ့သားမှန်းလည်း မြ မသိဘူး၊ ဖေဖေ့ကိုလည်း မိုးခရဲ့အဖေလို့ မြ မသိဘူး"

ဒေါ်ရွှေဝါပါ အံ့အားတသင့်နှင့် မိုးခ စကားကို ငေးစိုက်နားစွင့်နေသည်။

"စကားပြောနေကြတာ ကြာလာတော့ မေမေ စိတ်ပင်ပန်းမှာစိုးလို့ စိတ်ဆင်းရဲနေမှာစိုးလို့ သားက မေမေ့ဆီဖုန်းလှမ်းဆက်ပြီး ပြန်ဖို့ပြောတာပါ၊ မေမေကလည်း သားကို ပြန်ခိုင်းတယ်၊ အဲဒီတုန်းမှာ မြကလည်း ထ,ပြန်တော့ မေမေက မြနောက်ကို လိုက်တာ၊ သားက လွှတ်ပေးလိုက်တော့ဖို့ ဖုန်းထဲကပြောတော့ မေမေက မင်းနဲ့ဘာဆိုင်လဲ ဆိုတာနဲ့ ... သားနဲ့ ... သားနဲ့ ..."

"မင်းနဲ့ ... ! "

မိုးခက ခေါင်းငိုက်စိုက်ချလိုက်ရင်း ...

"မြက သားချစ်သူပါ ဖေဖေ"

"ဘာ ..."

"ဟယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းသီဟန်သည် ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘဲ ဆက်ရပ်မနေနိုင်၍ အနားက သစ်သားခုံတန်းလျားရှည်ပေါ် ထိုင်ချလိုက်ရပါသည်။

"ဘာကွ ...၊ မြကု ..."

"......"

"ဒါဖြင့် ဒီကိစ္စတွေက ဘယ်လိုဖြစ်လာတာပေါ့လဲ၊ ကျွတ်၊ တောက်၊ ဘာတွေလဲကွာ၊ မင်းတို့ဟာက"

"သားလည်း နောက်မှသိလာတာပါ၊ မြကု ဖေဖေ့ကို အကြံအစည်နဲ့ ချဉ်းကပ်နေတာပါ"

"ဘာအကြံအစည်လဲ"

"ဖေဖေ့ကို သူ ကလဲ့စားချေချင်တယ်"

"ငါက သူ့ကို ဘာလုပ်မိလို့လဲ၊ ဘာကို သူက အငြိုးထားလို့လဲ၊ ဩော် ... ဒါတွေက တမင် သူဆင်ခဲ့တဲ့ ဇာတ်ကွက်တွေချည်းပေါ့၊ တောက် ...၊ ငါက ဘာလုပ်မိလို့တဲ့လဲ၊ မင်းသိရင် ပြောစမ်းပါဦး"

"သူ့အဖေဟာ ဖေဖေကြောင့် အရှက်တကွဲ အကျိုးနည်းသေခဲ့ရတယ်တဲ့"

"ဘာ"

ဦးမင်းသီဟန်က ကြားရတဲ့နားကိုပင် မယုံနိုင်အံ့အားတသင့် ရှုံ့မဲ့အော်ဟစ်ကာ ဦးနှောက်တွေ ပူရှိပ်ကုန်ပါသည်။





"သူ့အဖေ ... ! သူ့အဖေက ဘယ်သူလဲ"

"သူ့အဖေက ဦးအောင်ကြည်တဲ့ ဖေဖေ"

"ဦးအောင်ကြည် !! "

"သူ့အမေက ဒေါ်ညိုညို"

ဦးမင်းသီဟန်သည် သားဖြစ်သူကို လှမ်းကြည့်ကာ စိတ်ပျက်လက်ပျက်နှင့် ခေါင်းကို တယမ်းယမ်း ခါနေမိခဲ့သည်။

❖ ◎ ❖



www.burmeseclassic.com

www.burmeseclassic.com



၁၅

ဒေါ်ညိုလိုက ဖုန်းမြည်သံကြောင့် ငွေရေတွက်နေရာမှ ခဏရပ်ကာ ဖုန်းဖွင့်ပြီး ...

"ဟယ်လို"

"မညိုလား"

"ရှင် ... ဘယ်သူပါလိမ့်"

"မညို မဟုတ်လား၊ ကျွန်တော် မင်းသီဟန်ပါ"

"ဟင် ... ကိုမင်းသီဟန်၊ နေကောင်းရဲ့လား။ မျောက်နေတာ ကြာပါပေါ့လား၊ မသက်ကော၊ အစ်ကိုကြီး အားလုံး နေကောင်းကြရဲ့လား"

ဟက်ဟက်ပက်ပက် တလှိုက်တလှဲ ဝမ်းသာသွား အသံကို ကြားရမှပင် ဦးမင်းသီဟန်က စိတ်အေးသွား သက်ပြ





ကျသွားရပါသည်။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ဘယ်လိုလုပ်ပြီး သူ့သမီးက အငြိုးအတေးနဲ့ ဖြစ်နေတာပါလိမ့်။

"အားလုံးနေကောင်းတယ်၊ ခင်ဗျားဖုန်းကို ခင်ဗျားသမီးရဲ့ သူငယ်ချင်း စုဝတီဆီက တောင်းရတယ်ဗျ၊ ခင်ဗျားတို့ အရင်တိုက်ခန်း လှမ်းမေးတော့လည်း ကွန်ဒိုတစ်ခုကို ပြောင်းသွားတယ် ပြောတယ်၊ ညောင်ပင်လေးဈေးမှာရှိ မှန်း သိပေမယ့် အတိအကျလည်း မသိတော့ စုဝတီဆီကပဲ မေးရတော့တာ"

"သမီးကို မေးရင် ရတာပဲ၊ သမီးနဲ့တော့ မသိဘူးလား"

"ခင်ဗျားသမီးက မေးရင်ဖြေမှာမဟုတ်လို့၊ သူနဲ့ပတ်သက်ပြီး ကျွန်တော် မညိုနဲ့ စကားပြောစရာရှိတယ်၊ ခုချက်ချင်းပဲ စကားပြောချင်တယ်၊ မညို ဈေးမှာဆိုရင် ဆိုင်ခဏပိတ်ပြီ အိမ်ပြန်လို့ရမလား"

"ချက်ချင်းလား၊ အိမ်ပြန်လို့ရပါတယ်၊ လူယုံလင်မယား လေး ရှိပါတယ်၊ ဆိုင်ပိတ်ဖို့ မလိုပါဘူး ကိုမင်းသီဟန်၊ အရေးသိပ်ကြီးလို့လား"

"အရေးကြီးတယ်၊ ခင်ဗျားသမီး အခု အိမ်မှာရှိလား"

"ဟုတ် ... ဟုတ်၊ ရှိတယ်မြ ဘာတွေများ လုပ်ထားလဲ ကိုမင်းသီဟန်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စပဲ ပြောမှာလေ၊ ခင်ဗျား အိမ်ကိုပြန်ပါ မညို၊ ခင်ဗျားသမီးကို ကိစ္စရှိလို့ ပြန်လာတယ်ပဲပြော၊ ကျွန်တော် လာမှာမို့ဆိုတာ မပြောနဲ့ ပြောရင် လစ်ထွက်သွားလိမ့်မယ်၊ သူ့ပါဘောမှာထားပြီး မေးရမြန်းရမှာ"

"ကိုမင်းသီဟန် ... မြ ... မြ အပြစ်တစ်ခုခုများ လုပ်ထားတာလား"

"စိတ်မပူပါနဲ့ မညို၊ ကျွန်တော် ပြောသလိုသာ လုပ်ပေးပါ၊ သူ့ကို ခင်ဗျားရှေ့မှာ စကားနည်းနည်း ပြောပြရုံအပြင် ဘာမှအပြစ်ယူဖို့ မဟုတ်ပါဘူး၊ ကဲ ... ခင်ဗျားလိပ်စာပြော"

ဒေါ်ညိုညိုက လိပ်စာပြော ဖုန်းချလိုက်ပြီးလျှင် လှူယုံလင်မယားလေးကိုမှာ ကားငှားအိမ်ပြန်လာခဲ့ပါသည်။ အိမ်အောက်ပေါက်ကင်မှာ ကားရှိနေ၍ မြလည်း အိမ်မှာရှိတာ သေချာရသည်။

ဒေါ်ညိုညို အိမ်ပြန်ရောက်လာတော့ မြက အံ့အားသင့်နေသည်။

"မေမေ ဘာလို့ ပြန်လာတာလဲ၊ ဘာမေ့ကျန်လို့လဲ"

"ဧည့်သည်လာမှာမို့ပါ"

"ဘယ်ကဧည့်သည်လဲဟင်"





"ဟိုတုန်းက အသိတစ်ယောက်ပါ"

မြသည် ကိုယ့်ဝေဒနာ ကိုယ့်ခံစားချက်နှင့်ကိုယ် မှိုင်ခွေခွေ ရှိနေပါသည်။ မေမေ့ဧည့်သည်ဆိုတာလည်း စိတ်မဝင်စားတော့။ မနေ့က မြင်ရတဲ့ မိုးခရဲ့ ကျဉ်းကျပ်စိတ်ဆင်းရဲတဲ့ မျက်နှာကို မြင်ယောင်နေသည်။ အိပ်ရာထဲမှာပဲခွေရင်း မနေ့က ဖြစ်ရပ်တွေကို စီကာစဉ်ကာ ပြန်မြင်ယောင် စဉ်းစားနေဆဲ အိမ်ရှေ့တံခါးဆီက ဘဲလ်သံ တံခါးဖွင့်သံတို့ကြောင့် ဧည့်သည်လာပြီဆိုတာ သိရသည်။ ခဏကြာလျှင် ...

"ဒေါက် ... ဒေါက်၊ မြ ... အစ်မက ထွက်ခဲ့ပါတဲ့"

အာ ... မေမေကလည်း။ ကိုယ့်ရောဂါနဲ့ကိုယ် ခွေနေချင်တာကို ခေါ်ပြန်ပြီ။ သို့ပေမဲ့ မေမေ့မိတ်ဆွေဟောင်းဆိုတာ မို့ လာလေ့မရှိ၍ ရှားရှားပါးပါး မေမေ ထွက်စေချင်တာလေးကို ထွက်ပေးရမှာပင်။ အိပ်ခန်းထဲက ထွက်လာတဲ့ အိမ်နေချည်သားအင်္ကျီဘောင်းဘီပွ ဝမ်းဆက်လေးနှင့် ကလေးပုံပင် မပျက်သေးပျက်... မြကို ဦးမင်းသီဟန်က စိတ်ရှုပ်ရှုပ် လှမ်းကြည့်နေလိုက်သည်။

သူ့ကိုမြင်တာနှင့် "ဟင်"ခနဲ လန့်ဖျပ်ခြေလှမ်းတုံ့သွားသော မြ မျက်နှာက ပျက်ထွက်ကာ လှည့်ဝင်ဖို့ကြိုးသည်။

"မြ ... လာထိုင်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုညို့ အသံက ခပ်တင်းတင်း။ မြကို ဆူခဲ့လှ တဲ့ မေမေ၊ လေသံမာအောင် ဒီလူကြီး ဘာတွေ သွေးထိုးလိုက် ပြီလဲ။ ဘာကြောင့် ရင်မဆိုင်ရဲရမှာလဲ။ လုပ် ... 'လုပ်တယ်ပေါ့။ ဘာဖြစ်လဲ။ မြက ကိုယ့်ဘာသာ တွေးလိုက်ပြီး ဧည့်ခန်းထဲ ပြန် လှည့်လျှောက်လာသည်။

"ထိုင်စမ်း မြ၊ ကိုမင်းသီဟန်က ညည်းနဲ့စကားပြောချင် လို့"

"မေမေ ဒီလူကြီးဟာ ဖေဖေ့ကိုသတ်တဲ့လူကြီး၊ စိတ်ဆင်းရဲ ပြီး အရက်တကျွဲ ထောင်ထဲမှာ သေအောင်လုပ်တဲ့သူကြီး မေမေက ဘာဖြစ်လို့ သူ့ကို ကောင်းကောင်းလက် စကားပြောနေရတာလဲ"

"မြ ... သမီး ဘာတွေပြောနေတာလဲ"

"ဒါ အမှန်တွေပဲဟာ၊ ဖေဖေ့ကို ရဲတွေနဲ့ အိမ်မှာလာဖမ်း ချုပ်ခေါ်တဲ့နေ့က လက်ညှိုးနဲ့ ခေါက်ခေါက်ထိုးပြီး ခင်ဗျား အလွဲသုံးထားတဲ့ငွေတွေ ခင်ဗျား ဘယ်လိုရှင်းမလဲတဲ့ ခင်ဗျား ကိုယ်ကျင့်တရားကို ယုံစားမိတာ မှားတာပဲတဲ့ အို ... မြ စကားလုံးတွေပါ မှတ်မိတယ်၊ ဖေဖေက ခေါင်း ငိုက်စိုက်ငုံ့ချပြီး မျက်ရည်အလည်သားနဲ့ ငြိမ်နေတာ မြ မျက်စိထဲက ခုတောင်မထွက်သေးဘူး၊ ဖေဖေ လိုက်သွား





ခါနီး အကျီလဲရင်း မြကိုပွေ့ဖက်ပြီး ဖေဖေက ဖေဖေမဟုတ် တာ ဘာမှမလုပ်ခဲ့ဘူး သမီးတဲ့၊ ငါ့သမီး ဝမ်းမနည်းနဲ့တဲ့၊ မြကို ပြောသွားတယ်"

မြသည် ကျဆင်းလာတဲ့ မျက်ရည်တို့ကို လက်ခုံနှစ် ဖက်နှင့် ကလေးလိုပွတ်ရင်း ...

"ဖေဖေက အရမ်းရိုးသားတာ၊ ဖေဖေက သူများငွေခိုးသုံး လိုက်မယ့်သူမျိုး မဟုတ်ဘူး၊ မြ ယုံတယ်၊ အဲဒီအချိန်မှာ ဖေဖေ သိပ်နေမကောင်းဘူး ဆိုတာလည်း လူကြီးတွေ စကားထဲက မြ သိတယ် သိရဲ့လား၊ ခုလို ထောင်မကျ ရင် ဖေဖေ ရှက်မသွားရင် ဖေဖေ ခုလို မြန်မြန်မသေဘူး"

"မြ ... သမီးလေး၊ ဘုရား ... ဘုရား၊ သမီးမှာ အာဃာတ တွေနဲ့ပါလား၊ မေမေတောင် သမီးဒီလောက်မှတ်ထား ငြိုးထားတာ မသိခဲ့ပါဟေား သမီးရယ်၊ မေမေ့ကိုလည်း ဘာမှမပြောခဲ့ပါလား"

မြသည် ဝမ်းပန်းတနည်း ရှိုက်ကာ ရှိုက်ကာ ...

"ဖေဖေ့ကို စုစုပေါင်း တစ်ခါတည်းပဲ မြ ထောင်ဝင်စာ သွားတွေ့ခဲ့ရတုန်းက ဖေဖေက မြကိုမှာတယ်၊ မေမေက ရိုးအေးတယ်၊ မေမေ့ကို ငါ့သမီးလေး စောင့်ရှောက်နော်တဲ့၊ မြ အဲဒီကတည်းက ဒီလူကြီးကို လက်စားချေဖို့ဟာ မေမေ့



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မဟုတ်ဘူး၊ မြတာဝန်လို့ စွဲနေအောင် မှတ်ထားတာ သိရဲ့လား"

လူကြီးနှစ်ယောက်သည် မြကို စိတ်မကောင်းသလို စိုက်ကြည့်နေပါသည်။ ဒေါ်ညိုညိုပါ မျက်ရည်လည်ကျလာကာ ...

"သူက ဖအေ့သမီး၊ သူ့အဖေနဲ့ သူက တပူးတွဲတွဲ၊ အစွဲအလမ်းလည်း ကြီးတယ်၊ အစ်ကိုဆုံးပြီးတဲ့နောက် သူ စိတ်ထိခိုက်ပြီး မကျန်းမာလိုက်တာ နှစ်နဲ့ချီတယ်၊ စကားတောင် မနည်းပြန်ပြောအောင် ကြိုးစားနှစ်သိမ့်ခဲ့ရတာ၊ ဒီအရွယ်အထိ အမှတ်အတောနဲ့ ကြီးပြင်းလာမှန်းတောင် မသိပါဘူး"

"မညို သူ့ကို နောက်ပိုင်းဖြစ်ရပ်တွေ သေချာနားလည်အောင် ပြောမပြဘူးလား"

"သူ့အဖေနဲ့ပတ်သက်တာ ကြားရင် သောင်းကျန်းရင် သောင်းကျန်း၊ မသောင်းကျန်းရင် နေမကောင်းဖြစ်တတ်တဲ့အထိဆိုတော့ ကောင်းတာရော ဆိုးတာရော ဘာမှစကား မစပ်ရဲဘဲ ပစ်ထားခဲ့တာ ခုထိပါပဲ"

ဦးမင်းသီဟန်က သက်ပြင်းချရင်း ခုထိမတ်တတ် ရှိဆဲ မြကို ...

"မြ ... သမီး ထိုင်ပါဦး၊ ဦး စကားပြောပါရစေ"





"မပြောနဲ့၊ ဦး အခုပြန်သွားပါ"

"ဟဲ့ ... မြ"

"မပြောလို့ မရဘူး သမီး၊ သမီးမသိသေးတာတွေ အများကြီးပဲ ရှိနေတယ်၊ မြက သတ္တိရှိတဲ့လူပဲ၊ အမှန်ကိုနားထောင်ရဲရမယ်လေ၊ မြအဖေကို ဦး ရက်ရက်စက်စက် လုပ်ခဲ့တာ မဟုတ်ဘူး ဆိုတာလည်း မြ သိဖို့လိုတယ်၊ အဲဒါအပြင် မြ သိဖို့လိုတဲ့ အရေးကြီးကိစ္စတစ်ခု ရှိသေးတယ်"

မြက ဦးမင်းသီဟန်ကို စောင်ပေပေ ကြည့်နေပါသည်။

"မြ ... မိုးခဟာ ဦးရဲ့သား၊ ဦးက မိုးခအဖေပါ"

"ဟင်"

မြသည် ခွေယိုင်မတတ် ဒူးညွတ်သွားပြီး အနီးဆုံး ဆိုဖာလက်ရန်းပေါ် ထိုင်ချလိုက်ပါသည်။ နားတွေအူကာ ပီပီသသ ကြားခဲ့ရတဲ့ စကားကိုပင် မပီမသ နားကြားလွဲတာလိုလို ဇဝေဇဝါ မွှန်ထူသွားလျက် ...

"မိုးခ ..."

"မိုးခသီဟန်တဲ့၊ ဦးနဲ့ အန်တီသက်ရဲ့ တစ်ဦးတည်းသော သား၊ မိုးခက သမီးချစ်သူဆိုတာ မနေ့ကမှ ဦးသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မို ... မိုးခရေ ... ဒါတွေသိလားဟင်"

"သိတယ်၊ မိုးခကို သမီးပဲ ဖွင့်ပြောခဲ့တာလေ မြ၊ မိုးခက လည်း အတိတ်ဇာတ်လမ်းတွေ ဘာမှမသိ၊ တစ်ခုခုလုပ်ရမှ ကျေနပ်မယ့် သမီးကိုလည်း သူ့အဖေမို့ မလုပ်ပါနဲ့လို့ မတားမြစ်ရက်၊ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ ဒါကြောင့် မနေ့က သမီးအမေကို လိုက်တွေ့ဖို့ကိုပါ ငြင်းခဲ့တယ်လို့ ပြောတယ်၊ သူ့မိဘဆီလည်း မခေါ်နိုင်၊ မြအမေဆီလည်း မလိုက်နိုင်တဲ့အကြောင်းကို သမီး အခု ရှင်းပြီပေါ့"

မြက မျက်နှာကို လက်ဝါးလေးနှစ်ဖက်အုပ်၍ ငိုနေပါသည်။

ဒေါ်ညိုညိုက ဘာမှနားမလည်နိုင်ကာ ...

"မြ ဘာတွေလုပ်ထားလို့လဲဟင်"

"ကျွန်တော့်ကိုရော သက်နှင်းဖော်ကိုပါ စိတ်အနှောင့် အယှက်ဖြစ်စရာတွေ တရိရိလိုက်လုပ်နေတာမျိုးပါ၊ ကျွန်တော် ခွင့်လွှတ်ပါတယ် မညို၊ သက်ကတော့ ..."

မြက စိတ်ထဲက ကျိတ်မဲ့လိုက်ပါသည်။ ခွင့်မလွှတ်ပည့်နေပါ။ ကိစ္စမရှိပါဘူး။

ကိုယ် မုန်းတီးတဲ့ရန်သူရဲ့သားကိုလည်း မြတို့က မေ့ပစ်မှာပါ။





"သက်ကတော့ မနေ့က မြနဲ့ချိန်းစကားပြောကြပြီး မြ ထပြန်တော့ မြရဲ့နောက်ကအလိုက် ကားတိုက်ခံရပြီး ခု ဆေးရုံမှာ"

"ဟင်"

"ဟယ် ... ဖြစ်မှဖြစ်ရလေ"

မြသည် အံ့အားတသင့်ကြီးနှင့် အတော်စိတ်ဆင်း သွားရကာ ...

"အန်တီ ... အန်တီ ... ဘာဖြစ်သွားသေးလဲဟင်"

"ခြေထောက် ထိတယ်၊ နောက်စေ့နားလည်း နည်းနည်း ကွဲတယ်၊ ကျန်တာတွေက ပွန်းပဲ့တယ်ပေါ့"

"မြ စိတ်မကောင်းပါဘူး ဦး၊ ဒါပေမဲ့ အန်တီက မြကို ချိန်းပြီး လာတွေ့တာပါ၊ မြဘက်က အန်တီ့ကို အဲသလို သွားရင်ဆိုင်ဖို့ အစီအစဉ် မရှိပါဘူး၊ အဝေးကနေပဲ စိတ် အနှောင့်အယှက်ပေးဖို့ စဉ်းစားတာပါ၊ ဒါပေမဲ့ မနေ့က အန်တီက ဘာဖြစ်ချင်တာလဲမေးတော့ မြက မိသားစုကိုပြို ကွဲသွားစေချင်တာလို့ ဖြေခဲ့တယ်၊ ဒါ မြရင်ထဲမှာရှိတာ အမှန်ပဲ၊ မြတို့မိသားစု ဖေဖေ့ကို သေကွဲခွဲခဲ့ရတာ ဆုံးရှုံး ပြိုကွဲခဲ့ရတာကို မြ ဖြေလို့မရဘူး"

မြက တရှိုက်ရှိုက် ငိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦး ရှင်းပြမယ် မြ၊ မြအဖေက မန်နေဂျာပါ၊ သစ္စာရှိမှန်းလည်း ဦး သိထားပါတယ်၊ ဒါပေမဲ့ ငွေတွေကွာတယ်၊ ငွေရှင်းရမယ့်နေရာတွေက ကြွေးတောင်းစာတွေ ဝင်လာတယ်၊ စာရင်းမှာက ရှင်းပြီးသား၊ အဲသလို ငွေတွေကွာတဲ့ ပြဿနာက ပမာဏများလာတော့ ဦးက ကိုအောင်ကြည်ကို စစ်မေးတယ်၊ သူက သူ ဖြေရှင်းပါ့မယ်ပြောလို့ ဦး ဘာမှ အရေးမယူဘဲ လနဲ့ချီ စောင့်ခဲ့ပါတယ် ...

နောက်တော့ ရုံးမလာတော့ဘဲ အလုပ်မဆင်းဘဲ ရှောင်နေတယ်၊ ဦး နို့တစ်စ်ပို့တယ်၊ သတင်းစာက ကြော်ငြာပြီး ငွေလာရှင်းဖို့ ခေါ်တယ်၊ လုံးဝမလာဘူး၊ အကြိမ်ကြိမ် သတိပေးပြီးတဲ့နောက်မှ ဥပဒေအရ အရေးယူမယ်ဆိုတာကိုတောင် ရက်ရွှေ့ပြီး နှစ်ကြိမ် နောက်ဆုတ်ခဲ့ပါတယ်၊ ဦး ကိုအောင်ကြည့်ကို ခင်လည်းခင် ချစ်လည်းချစ်ပါတယ် မြ၊ ဦးထက်ကို ဦးရဲ့အစ်ကို ဦးမင်းသီဟက ကိုအောင်ကြည်နဲ့ ပိုချစ်ကြခင်ကြတာ ...

ဘယ်လိုမှ ခေါ်မရပဲ လာမဖြေရှင်းပဲ အကြာကြီး ရှောင်ပုန်းနေပြီးမှ ဦး သတိပေးချက်အတိုင်း ဦး ရဲနဲ့ ခေါ်ယူသွားတာပဲ၊ ဦး သူ့ကိုဖြစ်နိုင်ရင် အပြစ်မယူချင် ဘူး၊ မညို အသိပါ၊ ဖွင့်ပြောပါ၊ လောင်းကစားလာ

ဘယ်မှာသုံးထားလဲ၊ ဖြည်းဖြည်းပြန်ထည့်မည်ဆိုလည်း ညှိပါဆိုတာ မညှိပါ ငိုင်းနားချတာပဲ၊ ဘူးချည်းခံတာ၊ လျော်နိုင်တဲ့ပမာဏလည်း မရှိတော့ဘူးလို့ ငြင်းတာနဲ့ မတတ်မသာ အရေးယူခဲ့ရတယ် ...

တရားခံက ဦးရဲ့အစ်ကို မင်းသီဟပဲ၊ လူဆိုးလူရှုပ်ကြီး၊ ဒါပေမဲ့ အဲဒီအချိန်က အစ်ကို ဒီလောက်ဆိုးမှန်း အလွဲသုံးမှန်း ဦးလည်း သေချာမသိဘူး၊ အစ်ကိုက ဦး မသိအောင် ဖုံးထားတာ၊ ဦး သိရင် သူ့ကိုလုပ်ငန်းထဲက ပ,ထုတ်လိုက်ရင် သူ ငွေလိုသလောက် မကိုင်မထုတ်ရမှာ မှာစိုးလို့၊ ကိုအောင်ကြည်ကို သူက ခေါင်းတပ်တယ်၊ ဟို လူကလည်း ဦးမင်းသီဟကို သိပ်ချစ်ခင်တော့ မငြင်းဘူး၊ အဲဒီမှာ မှားကုန်တာပဲ၊ ကိုအောင်ကြည်ကသာ ဖွင့်ပြောလိုက်ရင် ဦး ဒီအမှုကို ပိတ်ရမှာပဲလေ ...

ဒါပေမဲ့ သူက ဖွင့်မပြောဘူး၊ အစ်ကိုမင်းသီဟ စကားကို သိပ်နားထောင်တယ်၊ သူ ထောင်ကျပြီး လပိုင်းလောက်ရှိမှ ဒါတွေကို ဦး သိခွင့်ရတယ်၊ ဒါလည်း သူ ပြောလို့တော့ မဟုတ်ဘူး၊ အစ်ကိုမင်းသီဟက ငွေတွေ ထပ်သုံး ထပ်သုံးနေလို့ ရိပ်မိပြီး သိလာတာ၊ ကိုအောင်ကြည် က ညီအစ်ကိုကြားထဲ ခေါင်းဝင်ခံလိုက်မှန်း သိတော့ သူ့







www.burmeseclassic.com

www.burmeseclassic.com



ကို ဦး သွားတောင်းပန်ပါတယ်၊ မှားယွင်းမှုအဖြစ် ပြန်ကြိုးစားထုတ်ယူဖို့တောင် ကြိုးစားတယ်၊ အစ်ကို မင်းသီဟနဲ့လည်း ပြဿနာတွေတက်ပြီး တရားတဘောင်တွေအထိ ဖြစ်ကြတော့မလို့ပဲ သမီး ...

ဒါပေမဲ့ ကိုအောင်ကြည်က အဲဒီအချိန်မှာ အသည်းကင်ဆာ ကျွမ်းနေပြီဖြစ်နေတယ်၊ သူ့မှာ ရောဂါရှိတာ မညိုတောင် အဲဒီကျမှ သိရတယ်၊ လူတစ်ဖက်သားကို ဒုက္ခမပေးချင်တဲ့ လူစားပါ သမီး၊ ကိုအောင်ကြည့်ကို ဦး အင်မတန် လေးစားတာပါ၊ ထောင်ထဲမှာ သူ လပိုင်းလေးပဲ နေရတာပါ၊ ကိုအောင်ကြည် ဆုံးသွားတော့ ပထမတော့ မညိုကို လစဉ်စားစရိတ် ဦး ထောက်ပံ့ခဲ့ပါတယ်၊ ဒါပေမဲ့ ဒါဟာရေရှည်အရာမရောက်ဘူးဆိုတာ နားလည်လို့ မညိုကို ဆိုင်ဖွင့်နိုင်အောင် အရင်းအနှီး လုပ်နိုင်အောင် ဦး ငွေထုတ်ပေးခဲ့တယ်၊ တိုက်ခန်းတစ်ခန်း အပိုင်ဝယ်ပေးခဲ့တယ်"

"ဟင် ... အဲဒါ ဟုတ်လား မေမေ"

"ဟုတ်တယ်လေ၊ အိမ်ငှားနေရာက ရုတ်တရက် တိုက်ခန်းပိုင် ဆိုင်ပိုင် ဝယ်နိုင်ဖို့ မေမေက ဘယ်ကပိုက်ဆံရမှာမို့လဲ သမီး"

"ဟင် ... မေမေ ပြောတော့ မေမေ ထိပေါက်တယ်ဆို"





"ညည်းအဖေ ပြဿနာဖြစ်တော့ ညည်းက ရှစ်နှစ်ကျော်ရှိယ်၊ အိမ်တွေ ဘာတွေဝယ်တော့ ကိုးနှစ်လား ရှိသေးတာ၊ ဒီအဖြစ်အပျက် အကျိုးအကြောင်းတွေကို မေမေက အသေးစိတ်ရှင်းပြမနေတော့ဘူးပေါ့၊ သမီး ကိုယ်တိုင်လည်း အဲဒီတုန်းက ကျန်းမာရေးချို့ယွင်းနေတာ၊ မေမေ့သမီးလေး ရူးသွားမလားတောင် ထင်တာ၊ ထိပေါက်သလို မမျှော်လင့်ပဲ ကူညီစောင့်ရှောက်သူ ရှိလာလို့ ထိပေါက်တယ်ပဲ အလွယ်ပြောခဲ့တာလေ၊ ရပ်ကွက်ထဲလည်း ဒီလိုပဲ ပြောရတာပဲဟာ၊ ဘယ်လိုလုပ်ပြီး လုံးစေ့ပတ်စေ့ ရှင်းပြနေမလဲ၊ အားလုံးကို ထိပေါက်လို့ ... လို့ပဲ သတင်းလွှင့်လိုက်တော့တာပေါ့၊ ဒီကိစ္စတွေကို နောင်လည်း သမီးနဲ့ လုံးဝစကားပြန်မစပ်ဖြစ်တော့တာ"

မြသည် ခြေပစ်လက်ပစ် ဖြစ်သွားကာ ဦးမင်းသီဟန်ကို မျက်ရည်တွေတွေကြားကပဲ တစ်ချက်လှမ်းကြည့်သည်။ မြမှာတော့ "ဦးမင်းသီဟန် (......)ကုမ္ပဏီ"ဆိုတဲ့ နာမည်ကို နောက်ပ် ဆယ်နှစ်ကျော် ကြာတဲ့ထိ ရင်ထဲ အသည်းထဲ စွဲမှတ်နေအောင် နာနာကျိတ်ရေရွတ်နေခဲ့တာ။

"ကိုမင်းသီဟန်က သူ့ဘက်က အမှားအတွက် ဝတ္တရားကျေခဲ့ပါတယ် သမီး၊ သူ့ဘက်က အမှားဆိုတာမှလည်း



www.burmeseclassic.com

www.burmeseclassic.com



ညည်းအဖေအပေါ် အတော်ငဲ့ညှာ အချိန်ဆွဲပါသေးတယ်၊ ညည်းအဖေ ကိုယ်၌က သူချစ်တဲ့ ကိုမင်းသီဟဘက်က ခေါင်းခံ ကာကွယ်ပေးချင်တာကိုး၊ သူတို့ချင်းက ငယ်သူငယ်ချင်း၊ ညီအစ်ကိုလို ချစ်ကြတာ၊ အစ်ကိုကြီး အခုကော ဆိုးတုန်းပဲလား ကိုမင်းသီဟန်"

"ဆိုးမြဲ ပေမြဲ မူးရူးဆဲပါဗျာ၊ ခုတော့ သူက ကျွန်တော် မသိအောင်လည်း မဖုံးဖိဘူး၊ အလုပ်ထဲလည်း ဝင်မလုပ်တော့ဘူး၊ ငွေလိုသလောက် လာတောင်းပြီး ထင်သလိုနေတာပဲ"

"ဦး ..."

မြရဲ့ငိုသံပါကြီးကြောင့် ဦးမင်းသီဟန်က မြကိုလှည့်ကြည့်သည်။ မြသည် လက်အုပ်လေးချီလျက် မျက်ရည်လည်လျက်နှင့် ဆိုဖာပေါ်မှ လျှောဆင်းလိုက်ကာ ကြမ်းပေါ် ဒူးတုပ်လိုက်ပါသည်။

"မြ မှားသွားပါပြီ"

ဦးမင်းသီဟန်သည်လည်း အီလည်လည် အနေခက်ကြီးနှင့် မျက်နှာလွှဲကာ ...

"အေးပါ၊ ကိစ္စမရှိပါဘူးလေ၊ ကလေးဆိုတော့ မှားတာပေါ့"





"ဦးကို မြ ရှိခိုးတောင်းပန်ပါတယ်၊ မရှိမသေ မလေးမစား မြ စော်ကားမိတာ မိုက်မှားမိတာတွေ ခွင့်လွှတ်ပါနော်"

"အေး ... ခွင့်လွှတ်တယ် ခွင့်လွှတ်တယ်"

မြက ဦးသုံးကြိမ်ချရင်း ...

"အန်တီ့ကိုလည်း မြ လာကန်တော့ပါရစေ၊ အန်တီကျေနပ်တဲ့ထိ မြ ရှိခိုးကန်တော့ပါ့မယ်၊ မြကိုလည်း အပြစ်ပေးချင်ရင် ပေးပါလို့ ဦးပြောပေးပါ"

"အေးပါ"

မြရဲ့ ငိုသံတစ်ဝက် မျက်ရည်လည်ရွဲ မျက်နှာကြောင့် ဦးမင်းသီဟန်ပင် စိတ်မကောင်း ဖြစ်လာပါသည်။

"ဒါပေမဲ့ ဒီလို ရှိခိုးတောင်းပန်မှာဟာ မိုးခနဲ့ မဆိုင်ပါဘူး၊ မိုးခကြောင့် လုံးဝမဟုတ်ဘူးလို့ အန်တီ့ကို ပြောပေးပါနော်၊ မြ ကိုယ်တိုင်လည်း လာပြောပါ့မယ်၊ မြ အများကြီး စော်ကားမိပါတယ်၊ မြ ပါးကို အန်တီ ရိုက်ချင်ရင်တောင် မြ ခံပါ့မယ်"

"အို ... သက်နှင်းဖော်က အဲသလို မကြမ်းတမ်းပါဘူး၊ နဂို အေးဆေးနူးညံ့ပြီးသားပါ မြရယ်"

"မိုးခကိုတော့ မြ မေ့လိုက်တော့မယ် ဦး၊ မြ ... မိုးခနဲ့ မပတ်သက်တော့ပါဘူး၊ မိုးခရဲ့ မိဘတွေကို စော်ကားမိပြီးမှ မိုးခ ချစ်သူအဖြစ် မြ ဆက်မနေထိုက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါတွေတော့ ညည်းတို့ လူငယ်ချင်း ကလေးချင်း ဆွေးနွေးကြ၊ ဦးတို့ ဘာမှဝင်မစွက်လိုဘူး"

မြသည် ချစ်သူရဲ့အဖေ မတော်ရတော့မယ့်ယောက္ခမလောင်းရဲ့ မျက်နှာကို ရဲရဲမကြည့်ဝံ့ကာ တသိမ့်သိမ့်သာ ငိုကြွေးမဆုံး ရှိတော့သည်တည်း။

❖ ⭘ ❖





## ၁၆

မိုးခရေ ...

အန်တီက ငါ ကန်တော့တာကို လက်ခံပြီး ဘယ်လိုပဲ ခွင့်လွှတ်ပါတယ် ပြောပြော လူကြီးတွေကို မလေးမစား လုပ်ချင်တုန်းကတော့လည်း ထင်သလို ရမ်းကားခဲ့ပြီးမှ နောက်မှ မှားပါတယ်ဝန်ချပြီး သူတို့သားကို မျက်နှာပြောင်ပြောင်နဲ့ပဲ လက်တွဲပြန်တယ်ဆိုတာမျိုး မြ မလုပ်ဝံ့တော့အောင် မျက်နှာပူမိလို့ပါ။

နင်မသွားခင်တုန်းကတော့ အလိုက်အထိုက်နေလိုက်ပြီးတော့မှ အဝေးကြီး ရောက်နေတာကို အခွင့်ကောင်းယူတယ် ထင်လည်းထင်၊ မြ ရက်စက်တယ်လို့ပဲ ယူဆလည်း ယူဆ။ နူးညံ့အေးချမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းရှိလှတဲ့ မိုးခ၊ မြခံစားချက်အပေါ် နားလည်ပေးနိုင်လိမ့်မယ်လို့ မြ ယုံပါတယ်။

မြကိုယ်မြ ခွင့်မလွှတ်လို့ပါ ...

မြကို မေ့လိုက်ပါကွယ်။

(မြ)

❖ ○ ❖

လမင်းမိုမို



www.burmeseclassic.com